# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝင်္ဂ (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက် | ၂၀၂၀ ပြည့်နှစ်၊ မေ ၁၈ ရက်၊ တနင်္လာနေ့ | အတွဲ (၅၉)၊ အမှတ် (၂၂၈)


# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများတင်ဆောင်လာသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထူးလေယာဉ်ရောက်ရှိ




ရန်ကုန် မေ ၁၇

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများ တင်ဆောင်လာသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထူးလေယာဉ်သည် ယနေ့ နံနက် ၁၀ နာရီတွင် ဒုတိယအကြိမ်မြောက်ခရီးစဉ်အဖြစ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆိုက်ရောက်လာသည်။ **(အပေါ်ပုံ)**

ယနေ့ ခရီးစဉ်နှင့် ပတ်သက်၍ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ ဒုတိယဌာနေကိုယ်စားလှယ် Mr. Walid Ibrahim က

*စာမျက်နှာ ၄ ကော်လံ ၁* ❖

မြန်မာအမျိုးသမီးများ စွမ်းဆောင်ရည် တိုးတက်မြင့်မားကြစေသား

စာ » ၆

ပိုးသတ်ဆေးဖျန်းခြင်းကြောင့် ကျန်းမာရေး ထိခိုက်နိုင်သည့် အန္တရာယ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး သတိပေး

စာ » ၁၂

အီတလီနိုင်ငံ၌ လာမည့် သီတင်းပတ်အတွင်း စားသောက်ဆိုင်များ ပြန်လည်ဖွင့်ခွင့်ပေးမည်

စာ » ၁၃

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ အချပ်ပိုလေးမျက်နှာ ပါရှိ

ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အချပ်ပိုလေးမျက်နှာ ပါရှိပါသည်။

# မွန်ပြည်နယ်အစိုးရအဖွဲ့မှ သထုံမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာအား စားသောက်ကုန်များ ထောက်ပံ့

သထုံ မေ ၁၇

သထုံမြို့နယ်အတွင်း စားသောက်ရိက္ခာ အခက်အခဲဖြစ်နေသည့် တိုင်းရင်းသားကျေးရွာသုံးရွာကို မွန်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြည်နယ်ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နန်းစံဝင့်ခိုင်နှင့် တာဝန်ရှိသူများက အခြေခံစားသောက်ကုန် ဆန်၊ ဆီ၊ ပဲတို့ကို အခမဲ့သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ (ယာပုံ)



ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကာလ၌ အလုပ်အကိုင်များ ရပ်နားထားရပြီး စားသောက်ရိက္ခာ အခက်အခဲဖြစ်နေကြသည်ကို သိရှိရသောကြောင့် နယ်မြေတာဝန်ခံ ပြည်နယ်ဝန်ကြီးအနေဖြင့် ပြည်နယ်အစိုးရထံ တင်ပြတောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ပြောသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❍


KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ဝေးဝေးသွားပါ ကိုရိုနာ

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မေလ ၁၇ ရက်နေ့အထိ ကိုဗစ်-၁၉ ပိုးတွေ့လူနာစုစုပေါင်း ၁၈၄ ဦး ရှိလာပြီဖြစ်သည်။ ယင်းအနက် ရန်ကုန်တိုင်းဒေသကြီးမှ ပိုးတွေ့လူနာ ၁၄၈ ဦးဖြစ်ရာ ကျန် ၃၆ ဦး သည်သာ ပဲခူး၊ စစ်ကိုင်း၊ ချင်း၊ ရှမ်း၊ မန္တလေး၊ နေပြည်တော်၊ မွန်၊ မကွေး၊ ကချင် စသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာ စတင်တွေ့ရှိခဲ့သည့် မတ်လ ၂၃ ရက်နေ့မှစ၍ လက်ရှိအချိန်ကာလအထိ နှစ်လနီးပါးခန့် ကြာမြင့်လာခဲ့ပြီးသည့်နောက်တွင် အသွားအလာကန့်သတ်စောင့်ကြည့်မှုများနှင့်အတူ ရောဂါကာကွယ်တားဆီးရေး အတွေ့အကြုံများနှင့် အသိပညာဗဟုသုတများကိုလည်း မြန်မာပြည်သူတို့ တွေ့ကြုံသိရှိကြရပြီးဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံး ကိုဗစ်-၁၉ ပိုးတွေ့လူနာများ၏ ၈၀ ရာခိုင်နှုန်းရှိနေသော ရန်ကုန်မြို့မှာ မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သလို လူဦးရေ အထူထပ်အသိပ်သည်းဆုံးသော ဒေသလည်းဖြစ်သည်။ စက်မှုဇုန်အများဆုံးတည်ရှိပြီး စက်မှုလက်မှု လုပ်သားအများအပြားလည်း မှီတင်းနေထိုင်ကြသည်။ ရောဂါပိုးတွေ့လူနာများအများစုမှာ ပြည်ပမှ ဝင်ရောက်လာသူများ၊ ၎င်းတို့နှင့် ထိတွေ့ဆက်စပ်ခဲ့သူ ကွင်းဆက်လူနာများဖြစ်သည်။ ကိုဗစ် - ၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်တားဆီးထိန်းချုပ်နိုင်ရေးအတွက် အသွားအလာကန့်သတ်မှုများ ပြုလုပ်ခြင်းက လွန်စွာထိရောက်မှုရှိသော်လည်း ကန့်သတ်မှုကာလ ကြာမြင့်လာသည်နှင့်အမျှ နိုင်ငံ၏ စီးပွားရေးကဏ္ဍများ နှေးကွေးတုံ့ဆိုင်း ကျဆင်းလာမည်ဖြစ်သလို ပြည်သူများအတွင်း အခြေခံလူတန်းစားများမှစ၍ စားဝတ်နေရေးထိခိုက်မှုများ တစ်စ တစ်စ ပိုမိုကြုံတွေ့လာကြရမည်ဖြစ်သည်။ ထို့ကြောင့် အသွားအလာ ကန့်သတ်တားဆီးမှုများ လျှော့ချပေးပြီး တစ်ဖက်တွင်မူ လူတစ်ဦးချင်းစီ လိုက်နာကြရမည့် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးအစီအစဉ်များကို လူတိုင်းမဖြစ်မနေ လိုက်ပါဆောင်ရွက်ကြရန် တင်းတင်းကျပ်ကျပ်ကြပ်မတ်ရန် လိုအပ်လာသည်။ မြန်မာနိုင်ငံထက် စောစွာ ကိုဗစ် - ၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ခံစားခဲ့ကြရသည့် အခြားနိုင်ငံများ၏ အတွေ့အကြုံများကို လေ့လာသုံးသပ်ကြည့်ပါကလည်း တစ်ဦးချင်း လိုက်နာဆောင်ရွက်မှု အားကောင်းသည့် နိုင်ငံများက ရောဂါကို ထိန်းချုပ်နိုင်ကြပြီး အကန့်အသတ် အတားအဆီးများကို မိမိတို့အား ချုပ်ချယ်သည်ဟု ယူဆကာ တစ်ဦးချင်းလွတ်လပ်စွာ နေထိုင်မှုကို အသားပေးကြသည့်နိုင်ငံများမှာမူ မည်မျှပင် ခေတ်မီတိုးတက်ချမ်းသာသည့် နိုင်ငံဖြစ်ပါစေ ကိုဗစ်-၁၉ ကပ်ရောဂါက ချမ်းသာခွင့်မပေးဘဲ ကူးစက်နှုန်းနှင့် သေနှုန်းမြင့်မားများပြားသည့် သာဓကများ ရှိနေပြီဖြစ်သည်။

လက်ကို မကြာမကြာဆေး၊ တစ်ဦးနှင့်တစ်ဦး ခပ်ဝေးဝေးခွာ၊ ပြင်ပသွားလာပါက ပါးစပ်နှာခေါင်းစည်း လုံအောင်တပ်ဟူသော ကိုဗစ်-၁၉ ကာကွယ်ရေး လူတိုင်းကျင့်သုံးရမည့် အခြေခံအချက် (၃)ရပ်ကို မမေ့မလျော့ မပေါ့ဆဘဲ အသိတရားရှိရှိဖြင့် လူတိုင်းက ကျင့်သုံးကြရမည်ဖြစ်သည်။ အရေးကြီးသော နေရာများဖြစ်သည့် အများပြည်သူသွားလာရေး မော်တော်ယာဉ်၊ ကူးတို့ရေယာဉ်၊ ရထားများ၊ အများပြည်သူဝင်ထွက်သွားလာကြသည့် ရှော့ပင်းမောလ်များ၊ အစားအစာရောင်းချသည့် ဆိုင်များတွင် ထိတွေ့မှု၊ ကိုင်တွယ်မှုများကို အနည်းဆုံးဖြစ်အောင် လျှော့ချခြင်း၊ ရောဂါပိုးမွှားနှိမ်နင်းရေး အစီအမံများကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးခြင်းများ လိုအပ်သလို လိုက်နာခြင်းမရှိသူများအား အရေးယူမှုများ ထိထိရောက်ရောက် ပြုလုပ်ဖို့လည်း လိုအပ်သည်။

ကိုရိုနာဗိုင်းရပ်စ်သည် မျက်နှာမလိုက်။ လူမျိုး၊ ဘာသာ၊ ဆင်းရဲ၊ ချမ်းသာ၊ အသက်အရွယ်ကြီးငယ်မရွေး၊ ရာထူးဂုဏ်သိမ် အရှိန်အဝါ အနိမ့်အမြင့်မရွေး ကူးစက်ခွင့်ပေးသူကို မည်သူမဆို ကူးစက်ကာ ရောဂါဝေဒနာကို ခံစားစေသည်။ ကူးစက်ခွင့်မပေးသူကိုမူ သူက မကူးစက်။ ကိုဗစ် - ၁၉ ရောဂါ မကူးစက်စေသည့် အခြေခံအချက်လေးများမှာ ကလေးကစ၍ မည်သူမဆို အလွယ်တကူ ကျင့်သုံးနိုင်ကြသည့်အလျောက် ကမ္ဘာမြေပေါ်မှ ပျောက်ကွယ်မသွားနိုင်သေးသည့် ကိုရိုနာဗိုင်းရပ်စ်တို့ ရှိနေသေးသရွေ့ ကူးစက်ခွင့်မပေးဘဲ ကျင့်သုံးနိုင်ကြပါစေကြောင်း။ ။

# ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ ရဲမှုထမ်းဟောင်းများအား ဆန်၊ ဆီ၊ ဆား၊ ပဲ ရိက္ခာ လေးမယ် ထောက်ပံ့ပေးအပ်

ရန်ကုန် မေ ၁၇

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး သွားလာမှု ကန့်သတ်ချက်များ ရှိလာသဖြင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းရှိ ရဲမှုထမ်းဟောင်းများ စားသောက်ရေး အခက်အခဲမရှိစေရန်အတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ ရိက္ခာလေးမယ် ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ အနော်ရထာခန်းမ၌ ပြုလုပ်သည်။




ရှေးဦးစွာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် သက်ပုံ က ရဲမှုထမ်းဟောင်းများသို့ ဆန်၊ ဆီ၊ ဆား၊ ပဲ ရိက္ခာလေးမယ် ထောက်ပံ့ပေးအပ်ရခြင်းအား ရှင်းလင်းပြောကြားပြီး ရဲမှုထမ်းဟောင်း ၂၃၀ အတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ ရိက္ခာအမယ်လေးမျိုး ထောက်ပံ့ပေးအပ်ရာ ရဲမှုထမ်းဟောင်းတစ်ဦးက လက်ခံရယူသည်။

ထို့နောက် ရဲမှုထမ်းဟောင်းများကိုယ်စား ရဲအရာခံ သန်းထွန်း (အငြိမ်းစား)က ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့ပြုလုပ်ခဲ့သည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်က ရဲမှုထမ်းဟောင်းများသို့ ရိက္ခာလေးမယ် ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနား၌ ရဲမှုထမ်းဟောင်းတစ်ဦးလျှင် ၁၆ ရက်စာ စားသုံးနိုင်ရန်အတွက် ဆန် ၂၆ ပေါင်၊ ဆီ ၃၂ ကျပ်သား၊ ဆား ၂၈ ကျပ်သား၊ ပဲ ၄၈ ကျပ်သား အမယ် လေးမျိုးအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# NCA လက်မှတ်ရေးထိုးထားသော (NMSP) (မွန်)အဖွဲ့သို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ လှူဒါန်း

နေပြည်တော် မေ ၁၇

ကိုဗစ်-၁၉ ရောဂါကြုံတင် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် တပ်မတော်က လှူဒါန်းသည့် အထောက်အကူပြုပစ္စည်းများကို အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုမောင်နှင့် အဖွဲ့ဝင်များက မေ ၁၆ ရက် မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ ဒေါနရိပ်သာ၌ NCA လက်မှတ်ရေးထိုးထားသော (NMSP) (မွန်) အဖွဲ့သို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



ပေးအပ်လှူဒါန်းပွဲတွင် တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုမောင်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တပ်မတော်က လှူဒါန်းသည့် PPE ဝတ်စုံ ၂၀၀၊ Surgical Mask ၅၀၀၀၊ Hand Gel ၂၀၀၊ ခွဲစိတ်ခန်းသုံး လက်အိတ် (Surgical Gloves) ၃၀၀၀၊ မျက်မှန် (Goggles) ၁၀၀ နှင့် ပိုးသတ်ဆေးဖျန်းပုံး နှစ်ပုံးတို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

# တနင်္သာရီတိုင်းဒေသကြီးအတွင်း ဖွဲ့စည်းထားသော မျိုးစေ့ထုတ်လုပ်ရေး သမဝါယမအသင်းများမှ တောင်သူများသို့ မျိုးစေ့များ ဖြန့်ဖြူးလျက်ရှိ



နေပြည်တော် မေ ၁၇

တနင်္သာရီတိုင်းဒေသကြီးအတွင်း သမဝါယမဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ လောင်းလုံးမြို့နယ်၊ မြိတ်မြို့နယ်နှင့် ပုလောမြို့နယ်များတွင် အသင်းသားများ၏ ဆန္ဒနှင့်အညီ မျိုးစေ့ထုတ်လုပ်ရေး သမဝါယမအသင်းများ ဖွဲ့စည်းပြီး လိုအပ်သော စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးထားပြီး ဖြစ်သည်။

အဆိုပါ အသင်းများမှ မျိုးကောင်း၊ မျိုးသန့်များ ရရှိစေရေးအတွက် အသင်းသားပိုင်မျိုးစေ့စိုက်ဧက ၄၁၇ ဧကတွင် (ပေါ်ဆန်း၊ ဆင်းသုခ၊ မှော်ဘီ ၂)များ စိုက်ပျိုးထားပြီး မျိုးစေ့ထုတ်လုပ်မှုပမာဏ စုစုပေါင်း ၁၉၃၄၆ တင်း ထွက်ရှိပြီး သိုလှောင်ထားရှိသော မျိုးစေ့များအား ဒေသအတွင်းရှိ တောင်သူလယ်သမားများထံသို့ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ပြည်သူသာလျှင် အဓိက

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် လျှပ်စစ်ကဏ္ဍနှင့် ပတ်သက်သည့် ဒုတိယသုံးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**အလုံ ၁၅၁ ဒသမ ၅၄ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံစီမံကိန်းမှ ၁၀၀ မဂ္ဂါဝပ်နှင့် ကျွန်းချောင်း ၂၀ ဒသမ ၅၄ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံစီမံကိန်းမှ ၁၅ မဂ္ဂါဝပ် စတင်ထုတ်လုပ်နေ**



**နေပြည်တော် မေ ၁၇**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် လျှပ်စစ်ကဏ္ဍနှင့် ပတ်သက်သည့် ဒုတိယသုံးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ အမြဲတမ်းအတွင်းဝန်၊ ဌာနအကြီးအကဲများ၊ ရန်ကုန်နှင့် မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတို့မှ ဥက္ကဋ္ဌများ၊ အမှုဆောင်အရာရှိချုပ်များ၊ စီမံကိန်းညွှန်ကြားရေးမှူးများ၊ တည်ဆောက်ရေးညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ ဓာတ်အားပေးစက်ရုံမှူးများနှင့် ဓာတ်အားခွဲရုံမှူးများသည် သက်ဆိုင်ရာဒေသမှ နေ၍ Video Conferencing ဖြင့် တက်ရောက်ခဲ့ကြသည်။

### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က မိမိတို့ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ကိုဗစ်-၁၉ ထိန်းချုပ်နေသောကာလအတွင်း နှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်နေရသည့် အခြေအနေများကို အသေးစိတ်တင်ပြကြရန် လိုအပ်ကြောင်း၊ သို့မှသာ စီမံကိန်းလုပ်ငန်းများအား သတ်မှတ်အချိန်အတွင်း ပြီးစီးနိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ညွှန်ကြားချက်များနှင့်အညီ ပေါင်းစပ်ညှိနှိုင်း၍ ဝိုင်းဝန်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

### ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်ခဲ့

ဓာတ်အားထုတ်လုပ်မှုအပိုင်းတွင် ယခုနွေရာသီကာလအတွက် ၁၁၆၆ မဂ္ဂါဝပ်အား တိုးတက်ထုတ်လုပ်နိုင်ရေး ရည်မှန်းချက်ထား စီမံဆောင်ရွက်ခဲ့ရာ မကွေး ၆၆ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံစီမံကိန်းသည် စီမံကိန်းလုပ်ငန်းများ ပြီးစီး၍ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်၍ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ကျန်ရှိသည့်စီမံကိန်းများအနက် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဖြစ်ပေါ်နေစဉ်ကာလအတွင်း အကန့်အသတ်ပေါင်းများစွာကြားမှ မိမိတို့၏ ရည်မှန်းချက်များကို ဟန်ချက်ညီ အာရုံစိုက်၍ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အလုံ ၁၅၁ ဒသမ ၅၄ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံစီမံကိန်းမှ ၁၀၀ မဂ္ဂါဝပ်နှင့် ကျွန်းချောင်း ၂၀ ဒသမ ၅၄ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံစီမံကိန်းမှ ၁၅ မဂ္ဂါဝပ်တို့ကို စတင်ထုတ်လုပ်နေပြီဖြစ်ပြီး ကျန်ရှိသည့် ဓာတ်အားထုတ်လုပ်မှုများကိုလည်း အဆင့်လိုက်ထုတ်လုပ်သွားနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ မကြာမီ LNG to Power သာကေတ ၄၀၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံစီမံကိန်းမှလည်း လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း။

### လျှပ်စစ်မီတာခများဖြေလျှော့ပေးခဲ့

လတ်တလောတွင် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် နိုင်ငံတစ်ဝန်းသွားလာမှုများကို အထူးကန့်သတ်ထားသော်လည်း မိမိတို့ဌာနသည် ပြည်သူနှင့် အနီးကပ်တိုက်ရိုက်ထိတွေ့၍ ဆောင်ရွက်နေရသူများဖြစ်သည့်အတွက် မိမိတို့ဝန်ကြီးဌာန ဝန်ထမ်းများအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကို သတိကြီးစွာထား၍ ဝန်ကြီးဌာန၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်းများကို ဆက်လက်ကြိုးပမ်း ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ယခုအချိန်အခါတွင် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ အပေါ် မြန်မာနိုင်ငံတွင် ထိန်းချုပ်လျက်ရှိသည့် ကန့်သတ်ကာလအတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများအတွက် ဓာတ်အားသုံးစွဲမှု အထိုက်အလျောက် သက်သာစေရန် ဧပြီလအတွက် အိမ်သုံးအမျိုးအစား လျှပ်စစ်ဓာတ်အားသုံးစွဲမှု ၁ ယူနစ်မှ ၁၅၀ ယူနစ်အထိ ငွေကြေးကောက်ခံမှု ကင်းလွတ်ခွင့် (အခမဲ့) ပေးခဲ့ပြီး ဆက်လက်၍ မေလအတွက်ကိုလည်း မေ ၁ ရက်မှ ၁၅ ရက်အထိ အိမ်သုံးအမျိုးအစား လျှပ်စစ်ဓာတ်အားသုံးစွဲမှု ၁ ယူနစ်မှ ၇၅ ယူနစ်အထိ ငွေကြေးကောက်ခံမှု ကင်းလွတ်ခွင့် (အခမဲ့) ကို ထပ်မံပေးအပ်ခဲ့ပါကြောင်း၊ ဓာတ်အားခကျသင့်ငွေများ ပေးဆောင်ရာတွင်လည်း လူစုလူဝေးဖြစ်ပေါ်မှုကို အထိုက်အလျောက် လျှော့နည်းစေရန်အတွက် မတ်လအတွက် ကျသင့်သည့် လျှပ်စစ်မီတာခများကို ဧပြီလ၏ သတ်မှတ်ရက်များအပြင် မေလ ၂၀ ရက်အထိ ပေးဆောင်နိုင်ရန် ဖြေလျှော့ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

### ဝန်ဆောင်မှုပိုင်း တိုးတက်အောင်ဆောင်ရွက်

သို့ရာတွင် တစ်ဖက်၌လည်း နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရသကဲ့သို့ လျှပ်စစ်သုံးစွဲသူပြည်သူများသို့လည်း ရက်လွန်ကြေး၊ ဒဏ်ကြေးများ မပေးဆောင်စေဘဲ သတ်မှတ်ရက်များအတိုင်း ပေးသွင်းစေရေး နှိုးဆော်သကဲ့သို့ လာရောက်ပေးသွင်းရာတွင် အခက်အခဲဖြစ်မှုများ လျှော့နည်းစေရန်အတွက် ရပ်ကွက်အတွင်း ကောက်ခံမှုများကိုလည်း ဆောင်ရွက်ပေးစေလိုကြောင်း၊ မီတာဖတ်ခြင်း ဆောင်ရွက်နေသော မီတာဖတ်စာရေးများကလည်း မီတာဖတ်ရာတွင် တိကျမှန်ကန် စနစ်တကျရှိရန် လိုအပ်ကြောင်း၊ မြို့နယ်အလိုက် စနစ်တကျကြပ်မတ်ရန်လည်း လိုအပ်ကြောင်း၊ အချို့ဖတ်ရန်အခက်အခဲဖြစ်သည့် နေရာများ၌ ပြည်သူလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် ပြည်သူကိုဝန်ဆောင်မှုပေးနေရသည့်ဌာနဖြစ်ပြီး ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံ၍ ၂၄ နာရီအချိန်ပြည့် ဝန်ဆောင်ပေးနေရသည့်အတွက် ဝန်ဆောင်မှုအပိုင်းတွင် သိသိသာသာ တိုးတက်ကောင်းမွန်လာအောင် ရည်မှန်းချက်ထား ဆောင်ရွက်ရန် လိုအပ်ကြောင်း။

### ညွှန်ကြားချက်များကိုလိုက်နာ

မြို့နယ်တိုင်းရှိ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများ၌ လျှပ်စစ်မီးသုံးစွဲသူ ပြည်သူများက အခက်အခဲများအားဆက်သွယ်တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များကို သိရှိဆက်သွယ်နိုင်ရန် ဗီနိုင်းများဖြင့် ချိတ်ဆွဲထားမှုများမှ ဆက်သွယ်ဆောင်ရွက်မှုများအပေါ် ဖြေရှင်းပေးမှုများ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း Call Center 1717 နှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း Call Center 1616 တို့ဖြင့် Complain ဖြေရှင်းမှုများကို ဆောင်ရွက်ပေးနေသော်လည်း ထပ်မံကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်အတွက် အများပြည်သူဖြတ်သန်းသွားလာနိုင်သည့် ကားဂိတ်၊ ဘူတာရုံ၊ သင်္ဘောဆိပ်၊ ဈေးနှင့် လမ်းဆုံ လမ်းခွနေရာများ၌ ထပ်မံချိတ်ဆွဲနိုင်ရေး ပိုမိုကျယ်ပြန့်လာစေရေးတို့ကို ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တစ်ဖက်တွင်လည်း လျှပ်စစ်မီးသုံးစွဲရန် ကျန်ရှိနေသည့် ၅၀ ရာခိုင်နှုန်းအတွက် မိမိတို့၏ ရည်မှန်းချက်ဖြစ်သော ၂၀၂၀-၂၀၂၁ ခုနှစ်တွင် လျှပ်စစ်မီးသုံးစွဲမှု ၅၅ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ၂၀၂၅ ခုနှစ်တွင် ၇၅ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် ရာနှုန်းပြည့်ဖြစ်လာစေရေးကိုလည်း ကန့်သတ်မှုများကြားကပင် ညွှန်ကြားချက်များကို လိုက်နာပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်နေရန် လိုအပ်ကြောင်း၊ ၎င်းအပြင် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့သို့ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်နေမှုနှင့် တနင်္သာရီတိုင်းဒေသကြီးသို့ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်နေမှုများကိုလည်း ဟန်ချက်ညီ အာရုံစိုက်၍ သတ်မှတ်ကာလများအတွင်း တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ထိန်းချုပ်လျက်ရှိသည့် ကန့်သတ်ကာလအတွင်း မိမိတို့၏လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရေး အထူးဂရုပြုပြီး အာရုံစိုက်၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်၍ ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များအား အလေးထားလိုက်နာဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သည့် အချိန်အခါသို့ ရောက်ရှိပြီဖြစ်သဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

### ဖြည့်စွက်ဆွေးနွေးမှာကြား

ထို့နောက် ဦးစီးဌာန၊ လုပ်ငန်း၊ ကော်ပိုရေးရှင်းများမှ ဌာနကြီးမှူးများ၊ တည်ဆောက်ရေးညွှန်ကြားရေးမှူးများ၊ စီမံကိန်းညွှန်ကြားရေးမှူးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာများက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဒုတိယသုံးလပတ်အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ကိုဗစ်-၁၉ မတိုင်မီ စီမံကိန်းလျာထားချက်၊ ကိုဗစ်-၁၉ ကြောင့် စီမံကိန်းလုပ်ငန်းများ နှောင့်နှေးကြန့်ကြာဖြစ်ပေါ်နေမှု အခြေအနေများနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ကျန်ကာလများ၏ ဆက်လက်ဆောင်ရွက်ပြီးစီးနိုင်မည့် လုပ်ငန်းအစီအစဉ်များအား အသီးသီးရှင်းလင်းတင်ပြကြပြီး အမြဲတမ်းအတွင်းဝန်က သဘာဝဘေးအန္တရာယ်ကျရောက်ပါက လျှပ်စစ်ဓာတ်အား မပြတ်တောက်စေရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုအခြေအနေများအားတင်ပြရာ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက တင်ပြမှုများအပေါ် သုံးသပ်ဆွေးနွေးတင်ပြသည်။ ထို့နောက် ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

**❍ ရှေ့ဖုံးမှ**

"အမှန်တကယ် အခက်အခဲဖြစ်နေတာကိုသိရင် အစိုးရအဖွဲ့အနေနဲ့ တတ်နိုင်တဲ့အင်အားနဲ့ မလွဲမသွေ ထောက်ပံ့ပေးသွားမယ်" ဟု ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ပြောသည်။

သထုံမြို့နယ်အတွင်း ကရင်တိုင်းရင်းသားအများစုနေထိုင်သည့် ခနဲ့ကျေးရွာ၊ ဓားရိုးကျေးရွာနှင့် မရမ်းကျေးရွာတို့တွင် အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်အိတ်ပေါင်း ၂၈၀၊ ဆီတစ်လီတာဘူး ၂၀၈ ဘူး၊ ပဲ ၁၀၄ ပိဿာတို့ကို အခမဲ့ထောက်ပံ့ပေးခဲ့ကြသည်။

ယင်းသို့ သွားရောက်ထောက်ပံ့ရာတွင် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့်အတူ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ပရဟိတလူမှုကူညီရေးအဖွဲ့များ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး ကိုဗစ်-၁၉ ကာကွယ်ရေး ပညာပေးဆွေးနွေးခြင်း၊ နှာခေါင်းစည်းများ ဝေငှတပ်ဆင်ပေးခြင်း၊ ပညာပေးပိုစတာများ၊ လက်ကမ်းစာစောင်များ ဝေငှပေးခြင်းတို့ကို ပြုလုပ်ကြသည်။

အဆိုပါ ထောက်ပံ့မှုကို မေ ၁၆ ရက်က သွားရောက်ထောက်ပံ့ခြင်းဖြစ်ပြီး ယခုထောက်ပံ့မှုမှာ မွန်ပြည်နယ်အစိုးရအဖွဲ့၏ သထုံမြို့နယ်အတွင်း ဒုတိယအကြိမ် ထောက်ပံ့ပေးမှုဖြစ်ကာ ကျေးရွာစုစုပေါင်း ခြောက်ရွာမှ လူဦးရေပေါင်း ၅၀၀၀ အတွက် တစ်လစာ အခြေခံစားသောက်ကုန်များ ထောက်ပံ့ပြီးဖြစ်ကြောင်း ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးထံမှ သိရသည်။

**သက်ဦး (သထုံ)**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ကချင်ပြည်နယ်အတွင်းရှိ လမ်း၊ တံတား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် တိုးတက်မှုတို့ကို Video Conferencing ဖြင့် ချိတ်ဆက်၍ ကြည့်ရှုစစ်ဆေး




ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ကချင်ပြည်နယ်အတွင်းရှိ လမ်း၊ တံတား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် တိုးတက်မှုတို့ကို Video Conferencing ဖြင့် ချိတ်ဆက်၍ ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၁၇**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းနှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်မှ ကချင်ပြည်နယ်အတွင်းရှိ လမ်း၊ တံတားနှင့် ကျေးလက်လမ်း လမ်း/တံတားဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုတို့ကို စီမံကိန်းလုပ်ငန်းနေရာများနှင့် Video Conferencing ဖြင့် တိုက်ရိုက်ချိတ်ဆက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

## လက်ရှိလုပ်ငန်းဆောင်ရွက်မှုရှင်းလင်း

ရှေးဦးစွာ ကချင်ပြည်နယ် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးတင်မောင်အုန်းက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းတွင် လမ်းအထူးအဖွဲ့ နှစ်ဖွဲ့၊ တံတားအထူးအဖွဲ့ တစ်ဖွဲ့နှင့် ကုမ္ပဏီ ၁၄ ဖွဲ့တို့မှ ကွန်ကရစ်ခင်းခြင်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မန္တလေး-လားရှိုး-ဗန်းမော်- မြစ်ကြီးနားလမ်းအပိုင်းတွင် ခရိုင်နှင့် ကုမ္ပဏီ ငါးဖွဲ့မှ Cement Stabilized ခင်းခြင်း၊ AC ခင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ နမ္မတီး-တနိုင်း-ပန်ဆောင်လမ်းတွင် မြစ်ကြီးနားခရိုင်မှ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှု၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ကိုဗစ်-၁၉ နှင့် ပတ်သက်၍ လှူဒါန်းထောက်ပံ့မှုတို့နှင့် စပ်လျဉ်း၍ ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းအပိုင်း လက်ရှိလုပ်ငန်းဆောင်ရွက်မှုနှင့် လုပ်ငန်းတိုးတက်မှု၊ ကချင်ပြည်နယ်အတွင်းရှိ လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုတို့ကို Video Clip ဖြင့် ပြသသည်။

ကချင်ပြည်နယ် လမ်းဦးစီးဌာနအနေဖြင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အဓိကအရေးပါသည့် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းတွင် လမ်းအထူးအဖွဲ့ နှစ်ဖွဲ့၊ တံတားအထူးအဖွဲ့ တစ်ဖွဲ့နှင့် ကုမ္ပဏီ ၁၄ ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

အလားတူ မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်းအပိုင်းတွင် ခရိုင်နှင့် ကုမ္ပဏီ ငါးဖွဲ့တို့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်းပြီးစီးနေပြီး နမ္မတီး-တနိုင်း-ပန်ဆောင်လမ်းသည် ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

## လမ်းလုပ်ငန်းဆောင်ရွက်မှုရှင်းလင်း

ဆက်လက်၍ ကချင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမင်းဆွေက မိုးညှင်းမြို့နယ် နန့်မွန်း-ချောင်းဝ-ညောင်ပင်လမ်း ၁၆ ကီလိုမီတာနှင့် လယ်မှီး-ကွင်းကြီး-ဇီးကုန်းလမ်း ၂ ဒသမ ၆ ကီလိုမီတာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဝိုင်းမော်မြို့နယ်ရှိ ခတ်ချို-နောင်ပကပ်- ဇယ်ခမ်းလမ်း ၃ ဒသမ ၈ ကီလိုမီတာ၊ မုတ်လွဲ-ခတ်ချို-နောင်ဟီး-စန်းကား-တာစန်းကျေးရွာချင်းဆက်လမ်း ၄ ဒသမ ၂ ကီလိုမီတာ၊ ဝါရှောင်-ဒိန်းဂျန်ယန်-ငွေထုလမ်း ၁ ဒသမ ၈၅ ကီလိုမီတာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ ယင်းနောက် မိုးကောင်းမြို့နယ်ရှိ ပွင့်ဖြူ-ထုံးရည်ပေါက်လမ်း ၂ ဒသမ ၆ ကီလိုမီတာ၊ အောက်ရှမ်းစုရွာလယ်လမ်း ၁ ဒသမ ၂ ကီလိုမီတာ၊ ဆားမှော်-ထီးချိုင့်-တောင်နီလမ်း ၃ ဒသမ ၄ ကီလိုမီတာ၊ နမ္မတီး-သူဌေးကုန်းလမ်း ၁ ကီလိုမီတာ၊ ပဲခူးစု-ဗန်းမော်ကုန်းလမ်း ၂ ကီလိုမီတာ၊ အောက်ရေရှင်-ညောင်ကုန်းလမ်း ၂ ဒသမ ၆ ကီလိုမီတာ၊ ဆားမှော်-ပြွန်သုံးလုံးလမ်း ၄ ဒသမ ၄ ကီလိုမီတာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို လည်းကောင်း၊ မံစီမြို့နယ်ရှိ ကျော်ခေါင်-မံဖွ ကျေးရွာချင်းဆက်လမ်း ၀ ဒသမ ၆ ကီလိုမီတာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ရွှေကူမြို့နယ်ရှိ တိန်းဟွန်း - ကုန်းနူ - မဏိသြဂ - ဘိုကုန်း - သပြေလှ ကျေးရွာချင်းဆက်လမ်း ၇ ဒသမ ၂ ကီလိုမီတာ အမာခံလမ်း တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ မြစ်ကြီးနားမြို့နယ်ရှိ လွယ်ခေါ-မလိခလမ်း ၁ ဒသမ ၆ ကီလိုမီတာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ဗန်းမော်မြို့နယ်ရှိ စင့်ကင်-တိန်းသော် ကျေးရွာချင်းဆက်လမ်း ၂ ဒသမ ၈ ကီလိုမီတာ ကျောက်ချောခင်းခြင်းလုပ်ငန်း၊ ပူတာအိုမြို့နယ်ရှိ မာမူးလဲ့-နမ်ဟော့-လာဝါဒါးရွာလမ်း ၁ ဒသမ ၆ ကီလိုမီတာ သဲကျောက်ခင်းခြင်းလုပ်ငန်းနှင့် ဂျူဗလီ-မကပ်မုံလမ်း ၅ ဒသမ ၆ ကီလိုမီတာ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ကချင်ပြည်နယ်အတွင်း Pilot Project အဖြစ် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် တိုးတက်မှုအခြေအနေတို့ကို Video Clip ဖြင့် ပြသသည်။

## ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်

ကချင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ကြိုးပမ်းမှုဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရာသီမရွေးသွားလာနိုင်သောလမ်း ၃၀ ဒသမ ၉၈ ရာခိုင်နှုန်း ခန့်သာရှိခဲ့ရာမှ ယခုအခါ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်တွင် ရာသီမရွေးသွားလာနိုင်သောလမ်း ၃၁ ဒသမ ၅၀ ရာခိုင်နှုန်းအထိ တိုးတက်ဆောင်ရွက်ပြီးစီးမည်ဖြစ်သည့်အတွက် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွား ဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

## တံတားတည်ဆောက်ရေးလုပ်ငန်းများပြသ

ထို့နောက် တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၁) မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးစောဇာနည်လှက ကချင်ပြည်နယ်အတွင်း "မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို" လမ်းပေါ်ရှိ တံတားခုနစ်စင်းရှိသည့်အနက် တည်ဆောက်ပြီး တံတားနှစ်စင်း၊ တည်ဆောက်ဆဲ တံတားသုံးစင်း၊ တည်ဆောက်ရန်ကျန်ရှိသည့် တံတားနှစ်စင်းကို လည်းကောင်း၊ "မငွေဇ-ခေါင်လန်ဖူး" လမ်းပေါ်ရှိ တံတားနှစ်စင်းအနက် တည်ဆောက်ဆဲ တံတားတစ်စင်းနှင့် တည်ဆောက်ရန်ကျန်ရှိသည့် တံတားတစ်စင်းကို လည်းကောင်း၊ "မချမ်းဘော့-ဖရုခ-ရပ်ဘော့-နောင်မွန်" လမ်းပေါ်ရှိ တံတားလေးစင်း တည်ဆောက်ပြီးစီးမှုကို လည်းကောင်း၊ ဆက်လက်၍ " မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနား" လမ်းပေါ်ရှိ တံတားလေးစင်းအနက် တံတားတစ်စင်း တည်ဆောက်ပြီးစီးမှုနှင့် တံတားသုံးစင်း တည်ဆောက်ရန် ကျန်ရှိမှုတို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုတို့ကို Video Clip ဖြင့် ပြသသည်။

## အရည်အသွေးကောင်းမွန်ရန်လို

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ကချင်ပြည်နယ်အတွင်း အဓိကလမ်းမကြီးဖြစ်သည့် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းသည် ယခင်က ဗွက်တန်းကြီးများဖြစ်ပြီး သွားလာရေးအလွန်ခက်ခဲပါကြောင်း၊ ယခုအခါ အဆိုပါလမ်းပိုင်းကို ခရိုင်အဖွဲ့၊ အထူးအဖွဲ့များနှင့် ကုမ္ပဏီအဖွဲ့တို့၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် တိုးတက်မှုများကို တွေ့မြင်ရသည့်အတွက် များစွာအားရကျေနပ်မိပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှ ဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ အဆိုပါ လမ်း၊ တံတားများ အရည်အသွေးပြည့်မီစွာဖြင့် ကောင်းမွန်ရန် လိုပါကြောင်း၊ လမ်းများ စတင်ဆောင်ရွက်စဉ်ကပင် လမ်းအင်္ဂါရပ်နှင့်အညီ စနစ်တကျဆောင်ရွက်ရန် လိုပါကြောင်း၊ မိုးတွင်းကာလ လမ်းပန်းဆက်သွယ်မှုမပြတ်တောက်စေရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်ထားရှိရန်လိုပါကြောင်း၊ ကျေးလက်နေပြည်သူများ သွားလာရေးလွယ်ကူအဆင်ပြေစေရန် ကျေးလက်လမ်း၊ တံတားများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဆက်လက်၍လည်း လုပ်ငန်းများ တိုးတက်အောင် ကြိုးစားဆောင်ရွက်စေလိုပါကြောင်း မှာကြားသည်။

**သတင်းစဉ်**

---

❖ *ရှေ့ဖုံးမှ*

''ဒီနေ့ ခရီးစဉ်မှာတော့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနဲ့ ထိန်းချုပ်ရေးလုပ်ငန်းတွေမှာ အသုံးပြုဖို့ WFP ကဝယ်ထားတဲ့ ပစ္စည်းတွေပါသလို ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) ကဝယ်ထားတဲ့ ပစ္စည်းတွေလည်း ပါတယ်။ WFP က ဝယ်ထားတဲ့ ပစ္စည်းတွေကိုတော့ မြေပြင်မှာ လက်တွေ့ဆောင်ရွက်နေတဲ့ အကျိုးဝင်သူတွေ အကာအကွယ်ဖြစ်အောင် အသုံးပြုနိုင်ဖို့ မိမိတို့အစီအစဉ်နဲ့ ဖြန့်ဝေပေးသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက် လိုအပ်တဲ့ ထောက်ပံ့မှုပစ္စည်းတွေကို နိုင်ငံတကာကနေ ဝယ်ယူပြီး အခုလို လေကြောင်းလိုင်းအစီအစဉ်နဲ့ သယ်ယူပို့ဆောင်ခြင်းဟာ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးအတွက် များစွာအထောက်အကူဖြစ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်'' ဟု ပြောသည်။

ယနေ့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာသော ပစ္စည်းများမှာ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) က ဝယ်ယူထားသော တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ (PPE) နှင့် ဆက်စပ်ပစ္စည်းများအပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ဝယ်ယူထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် ပတ်သက်သည့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများဖြစ်ပြီး ယင်းပစ္စည်းများ၏ စုစုပေါင်းကာလတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) က ဝယ်ယူထားသော အထောက်အကူပြုပစ္စည်းများအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများကို မြေပြင်တွင် လက်တွေ့ကွင်းဆင်းဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များထံ ၎င်းတို့၏အစီအစဉ်ဖြင့် ဖြန့်ဝေပေးသွားမည်ဖြစ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ဝယ်ယူထားသော ဆေးဝါးပစ္စည်းများအား WHO ၏ အစီအစဉ်ဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် နိုင်ငံတကာလေကြောင်းခရီးစဉ်များကို ယာယီရပ်ဆိုင်းထားသည့်အတွက် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)၏ ရန်ကုန်နှင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ကို အပတ်စဉ် ချိတ်ဆက်ပေးနိုင်မည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လေကြောင်းပျံသန်းမှု အကူအညီအစီအစဉ်ဖြင့် ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့ခရီးစဉ်မှာ ဒုတိယအကြိမ်မြောက်ခရီးစဉ်ဖြစ်ပြီး ထောက်ပံ့ကူညီမှုပစ္စည်းများ သယ်ဆောင်ရန် လေကြောင်းခရီးစဉ်များ၏ ကုန်ကျငွေများကို ဥရောပသမဂ္ဂနှင့် ဆွစ်ဇာလန်နိုင်ငံတို့မှ ငွေကြေးကူညီမှုဖြင့် ဆောင်ရွက်ခြင်း ဖြစ်သည်။

အဆိုပါ လေကြောင်းပျံသန်းမှုခရီးစဉ်တစ်ကြိမ်တွင် လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများ (၂ မက်ထရစ်တန်အထိ) မြန်မာနိုင်ငံသို့ တင်ဆောင်သယ်ယူနိုင်မည့်အပြင် ကုလသမဂ္ဂနှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးမှုအကူအညီပေးရေးအဖွဲ့များ၏ ဝန်ထမ်းများကိုလည်း သယ်ယူပို့ဆောင်ပေးနိုင်မည် ဖြစ်သည်။

ထိုသို့ဆောင်ရွက်မှုအနေဖြင့် မေ ၁၀ ရက်တွင် ပထမဆုံးအကြိမ်ခရီးစဉ်အဖြစ် Gavi (Global Alliance for Vaccines and Immunisation) အဖွဲ့၏ ထောက်ပံ့မှု၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ၏ အစီအစဉ်ဖြင့် ဝယ်ယူထားသော ကိုဗစ်-၁၉ ရောဂါပိုးစမ်းသပ်ကိရိယာ (test kits) နှင့် ဆက်စပ်ပစ္စည်းများကို သယ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

အလားတူ မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် အိန္ဒိယ၊ တရုတ်၊ ကိုရီးယား၊ စင်ကာပူနှင့် ဂျပန်နိုင်ငံတို့ကလည်း ဆေးဝါး၊ စက်ပစ္စည်းနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများအား ထောက်ပံ့ကူညီလှူဒါန်းမှုများ ပြုလုပ်ခဲ့သည်။

**သတင်း- ဇော်ကြီး၊ ဓာတ်ပုံ- ဖေဇော်**



# အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူ

ဒေသတွင်းမှာသာမက ကမ္ဘာ့အလယ်မှာပါ ပုံရိပ်ကောင်းရှိသည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခု ဖြစ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားအချင်းချင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် လေးစားမှုတို့ကို အခြေခံကာ ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးတာဝန်များကို အစဉ်အမြဲ ဦးလည်မသုန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ပါသည်။

**(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာမှ ကောက်နုတ်ချက်)**

# ကိုဗစ်-၁၉ ကာလ ပြေးဆွဲနေသောမြို့ပတ်ရထားများ မေ ၁၈ ရက်မှစတင်၍ ရုံးချိန် ရထားထပ်မံတိုးချဲ့ပြေးဆွဲမည်

**ရန်ကုန် မေ ၁၇**

ကိုဗစ်-၁၉ ကာလအတွင်း မြို့ပတ်ရထားများအား ခေါက်ရေလျှော့ချပြေးဆွဲလျက်ရှိသော်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် Social Distancing ဖြစ်စေရေးအတွက် မနက်ပိုင်းနှင့် ညနေပိုင်း ရုံးချိန်ရထားများကို မေ ၁၈ ရက်မှ စတင်၍ တွဲဆိုင်းသုံးဆိုင်း ထပ်မံတိုးချဲ့ပြီး တစ်ရက်လျှင် ခေါက်ရေ ၄၀ အထိ တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထား လက်ထောက်အထွေထွေမန်နေဂျာ (သွားလာရေး/တိုင်း) ဦးဇော်လွင်ထံမှ သိရသည်။

မြန်မာ့မီးရထား လက်ထောက်အထွေထွေမန်နေဂျာ ဦးဇော်လွင်က "လက်ရှိ မြို့ပတ်နဲ့ ဆင်ခြေဖုံးရထား ပြေးဆွဲမှုက ရထားတွဲဆိုင်းငါးဆိုင်းနဲ့ ခေါက်ရေ ၂၈ ခေါက် ပုံမှန်ပြေးဆွဲနေတယ်။ အဲဒီမှာ ဘာသွားတွေ့သလဲဆိုတော့ ရုံးချိန် ရထားတွေက ခရီးသည်များတဲ့အခါမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ Social Distancing ပေါ့။ တစ်ယောက်နဲ့တစ်ယောက် ခပ်လှမ်းလှမ်းခွာနေဖို့ဆိုတာကို အထောက်အကူမဖြစ်ဘူး။ ထပ်မံတိုးချဲ့ပြေးဆွဲဖို့ လိုတယ်။ ဒါမှလည်း ခရီးသည်တွေရဲ့ ကျန်းမာရေးနဲ့ ဘေးအန္တရာယ်ကင်းရှင်းရေးကို အထောက်အကူပြုမယ်ဆိုပြီး ရထားတွေ တိုးချဲ့ပြေးဆွဲတာဖြစ်ပါတယ်။ ဘယ်နေ့စပြေးမလဲဆိုရင် မနက်ဖြန် မေ ၁၈ ရက်မှာ စတင်ပြေးဆွဲပေးသွားမှာ ဖြစ်ပါတယ်။ မေ ၁၈ ရက် တနင်္လာနေ့သည် ရုံးဖွင့်ရက်ဖြစ်တာကြောင့်ပါ" ဟု ပြောသည်။

ကိုဗစ်-၁၉ ကာလအတွင်း ရထားတွဲဆိုင်း ငါးဆိုင်းကို အသုံးပြုပြီး ခေါက်ရေ ၂၈ ခေါက်ပြေးဆွဲပေးနေပြီး နေ့စဉ်စီးနင်းသူ ခရီးသည် ၇၀၀၀ ခန့်ရှိသည်။ ရထားတွဲဆိုင်းသုံးဆိုင်း ထပ်မံတိုးချဲ့ အသုံးပြုပြေးဆွဲပါက ကိုဗစ်ကာလအတွင်း ရန်ကုန်မြို့ပတ် ရထားပြေးဆွဲမှုသည် ရထားတွဲဆိုင်း ရှစ်ဆိုင်းဖြစ်ကာ ရထားပြေးဆွဲမှု ခေါက်ရေ ၄၀ အထိ ရှိလာမည်ဖြစ်သည်။



တိုးချဲ့ပြေးဆွဲသွားမည့် မြို့ပတ်ရထားလမ်းကြောင်း ပုံစံနှင့် ပတ်သက်၍ လက်ထောက်အထွေထွေမန်နေဂျာ ဦးဇော်လွင်က "ခရီးသွားလာမှုများပြားတဲ့ ရန်ကုန်-လှော်ကားလမ်းပိုင်း တစ်စင်းထပ်တိုးပါမယ်။ ရန်ကုန်-မင်္ဂလာဒုံဘက်အခြမ်းကိုလည်း တစ်စင်းထပ်တိုးပါမယ်။ နောက်ထပ် ရန်ကုန်-တိုးကြောင်ကလေး-အုတ်ဖိုစု လမ်းပိုင်းကိုလည်း တစ်စင်း ထပ်တိုးပါမယ်။ မနက်ပိုင်းမှာ တစ်စင်းစီ တိုးချဲ့ပြေးဆွဲမယ်။ ညနေပိုင်းမှာ တစ်စင်းစီ တိုးချဲ့ပြေးဆွဲပေးသွားမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

တိုးချဲ့ပြေးဆွဲမည့် ရထားတွဲဆိုင်း သုံးဆိုင်း ထွက်ခွာမည့် အချိန်စာရင်းမှာ-(၁) ရန်ကုန်-လှော်ကား လမ်းပိုင်းသည် လှော်ကားမှ နံနက် ၇ နာရီ မိနစ် ၂၀ တွင် ထွက်ခွာပြီး ရန်ကုန်ဘူတာကြီးသို့ နံနက် ၉ နာရီတွင် ရောက်ရှိမည်ဖြစ်ကာ ညနေပိုင်းတွင် ရန်ကုန်ဘူတာကြီးမှ ညနေ ၆ နာရီ ထွက်ခွာပြီး လှော်ကားသို့ ည ၇ နာရီ မိနစ် ၄၀ တွင် ရောက်ရှိမည်ဖြစ်သည်။ (၂)အင်းစိန်-မင်္ဂလာဒုံ-ရန်ကုန်လမ်းပိုင်းတွင် အင်းစိန်မှ နံနက် ၇ နာရီ ၂၅ မိနစ်တွင် ထွက်ခွာ၍ မင်္ဂလာဒုံမှ နံနက် ၈ နာရီ ၁၀ မိနစ်တွင် ဆက်လက်ထွက်ခွာကာ ရန်ကုန်ဘူတာကြီးသို့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ ညနေပိုင်းတွင် ရန်ကုန်ဘူတာကြီးမှ ညနေ ၅ နာရီ ၄၅ မိနစ်တွင် ထွက်ခွာပြီး မင်္ဂလာဒုံသို့ ညနေ ၆ နာရီ မိနစ် ၅၀ တွင် ရောက်ရှိမည်ဖြစ်ကာ အင်းစိန်သို့ ည ၇ နာရီ ၃၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ (၃) ရန်ကုန်-တိုးကြောင်ကလေး-အုတ်ဖိုစုလမ်းပိုင်းတွင် အုတ်ဖိုစုမှ နံနက် ၇နာရီ ၃၅ မိနစ်တွင် ထွက်ခွာပြီး ရန်ကုန်ဘူတာကြီးသို့ နံနက် ၉ နာရီ ၁၀ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ ညနေပိုင်းတွင် ရန်ကုန်ဘူတာကြီးမှ ညနေ ၅ နာရီ မိနစ် ၅၀ တွင် ထွက်ခွာပြီး အုတ်ဖိုစုသို့ ည ၇ နာရီ ၂၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။

ဦးဇော်လွင်က "လှော်ကားဘက်ပိုင်းမှာ မနက်ပိုင်း နှစ်စီးစီ ပြေးဆွဲနေရာကနေ တစ်စင်းထပ်တိုးတဲ့အတွက် ရန်ကုန်-လှော်ကားကြားမှာ သုံးစင်းဖြစ်ပါမယ်။ ပြေးဆွဲပေးတဲ့ သုံးစင်းဟာ ရန်ကုန်ဘူတာကြီးကို ၁၅ မိနစ်စီ ခြားပြီး ဝင်ရောက်မှာ ဖြစ်ပါတယ်။ ညနေပိုင်းမှာလည်း အလားတူ တစ်စင်း ထပ်တိုးပြေးဆွဲပေးမှာ ဖြစ်ပါတယ်။ ရန်ကုန်-မင်္ဂလာဒုံ လမ်းပိုင်းမှာ နောက်ထပ် တစ်စင်း ထပ်တိုးပြေးဆွဲပေးမှာ ဖြစ်တဲ့အတွက် ယခင်တစ်စင်းကနေ နှစ်စင်းဖြစ်ပါမယ်။ တစ်စင်းနဲ့တစ်စင်းက မိနစ် ၂၀ စီခြားပြီး ရန်ကုန်ဘူတာကြီးကို ဝင်ရောက်မှာ ဖြစ်ပါတယ်။ ရန်ကုန်-တိုးကြောင်းကလေး-အုတ်ဖိုစု လမ်းပိုင်းမှာလည်း တစ်စင်းထပ်တိုးပေးထားတော့ ယခင်နှစ်စင်း ပြေးဆွဲရာကနေ အခုသုံးစင်း ဖြစ်သွားပါမယ်။ ပထမတစ်စင်းနဲ့ ဒုတိယတစ်စင်းသည် မိနစ် ၂၀ ခြားပြီး ရောက်ပါမယ်။ ဒုတိယ တစ်စင်းနဲ့ တတိယ တစ်စင်းကတော့ ၁၀ မိနစ်သာခြားပြီး ရောက်ပါမယ်။ ဒါဆိုရင် ခရီးသည်တွေရဲ့ သွားရေးလာရေးကို ရုံးချိန်အမီလည်း ဆောင်ရွက်နိုင်မယ်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက်လည်း အထောက်အကူပြုနိုင်ပါမယ်" ဟု ပြောသည်။

ကိုဗစ်-၁၉ ဖြစ်ပွားမှု မတိုင်ခင်အချိန်က နေ့စဉ် ရန်ကုန်မြို့ပတ်ရထား တွဲဆိုင်း ၂၁ ဆိုင်း အသုံးပြုပြီး တစ်ရက်လျှင် ရထားခေါက်ရေ ၁၆၈ ခေါက် နေ့စဉ်ပြေးဆွဲပေးခဲ့ပြီး ခရီးသည်ဦးရေ ပျမ်းမျှ ၅၀၀၀၀ ခန့် စီးနင်းကြောင်း မြန်မာ့မီးရထားမှ သိရသည်။ **ညွန့်ကိုကို၊ ဓာတ်ပုံ - UZL**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန် ပြည်သူများအား လားရှိုးမြို့မှတစ်ဆင့် ရထားခရီးစဉ်ဖြင့် စီစဉ်ပို့ဆောင်ပေးလျက်ရှိ

လားရှိုး မေ ၁၇

**ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့တို့ရှိ နှစ်နိုင်ငံ နယ်စပ်ဂိတ်များမှတစ်ဆင့် တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ စနစ်တကျလွှဲပြောင်း ပို့ဆောင်ပေးလျက်ရှိသည်။**

ထိုသို့ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာတွင် မူဆယ်မြို့၊ လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့တို့မှ စနစ်တကျစိစစ်၍ လားရှိုးမြို့အထိ မော်တော်ယာဉ်များဖြင့် လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိပြီး လားရှိုးမြို့မှတစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မြန်မာ့မီးရထားခရီးစဉ်ဖြင့် မေ ၆ ရက်မှ စတင်ပို့ဆောင်ပေးလျက်ရှိရာ မေ ၁၇ ရက်၌ နေရပ်ပြန်ပြည်သူ အမျိုးသား ၂၃၃ ဦး၊ အမျိုးသမီး ၁၇၅ ဦး စုစုပေါင်း ၄၀၈ ဦးတို့အား စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။ အဆိုပါ နေရပ်ပြန်ပြည်သူ ၄၀၈ ဦးတို့တွင် မကွေးတိုင်းဒေသကြီးမှ ၈၈ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၈၄ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၄၂ ဦး၊ နေပြည်တော်မှ ငါးဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၄၀၊ ကချင်ပြည်နယ်မှ ခြောက်ဦး၊ ချင်းပြည်နယ်မှ ခုနစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၇၈ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၁၃ ဦး၊ မွန်ပြည်နယ်မှ နှစ်ဦးနှင့် ရခိုင်ပြည်နယ်မှ ၄၃ ဦးတို့ ဖြစ်သည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန် ပြည်သူများအား လားရှိုးမြို့မှတစ်ဆင့် ရထားခရီးစဉ်ဖြင့် ထပ်ဆင့်လွှဲပြောင်း ပို့ဆောင်ပေးရာတွင် စားသောက်နေထိုင်ရေးကိစ္စ၊ ကျန်းမာရေး စစ်ဆေးခြင်းကိစ္စများ၊ ညအိပ် တည်းခိုရေးကိစ္စရပ်များ စီစဉ်ဆောင်ရွက်ပေးခြင်းကို လားရှိုးမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ် ကုသရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြန်မာ့မီးရထားလုပ်ငန်းမှ တာဝန်ရှိသူများ၊ ပရဟိတအသင်းအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာရှင် အလှူရှင်များက ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မလှိုင်မြို့ လှိုင်ရွှေဝါ မော်တော်ယာဉ်အသင်းမှ ခရီးသည်တင်ယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲ

**မလှိုင် မေ ၁၇**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့ လှိုင်ရွှေဝါ မော်တော်ယာဉ်အသင်းမှ ပြေးဆွဲနေသော မလှိုင်-မိတ္ထီလာ၊ မလှိုင် -မန္တလေး ခရီးသည်တင်ယာဉ်လိုင်းများကို မေ ၁၆ ရက် နံနက်ပိုင်းမှ စတင်ပြန်လည် ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

လှိုင်ရွှေဝါမော်တော်ယာဉ်အသင်းမှ ပြေးဆွဲနေသော ခရီးသည်တင်ယာဉ်လိုင်းများကို ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေမှုကြောင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မေ ၁၅ ရက်အထိ ခရီးသည်တင်ယာဉ်လိုင်း ပြေးဆွဲခြင်းကို ခေတ္တရပ်ဆိုင်းခဲ့ခြင်းဖြစ်ပြီး ယမန်နေ့ နံနက်ပိုင်းမှ စတင်၍ ပြန်လည်ပြေးဆွဲခဲ့ခြင်းဖြစ်သည်။

" ကျွန်တော်တို့ လှိုင်ရွှေဝါ မော်တော်ယာဉ်အသင်းက မလှိုင်-မိတ္ထီလာနဲ့ မလှိုင်-မန္တလေး၊ ခရီးသည် ပို့ဆောင်ရေး ယာဉ်နှစ်လိုင်းကို ဒီနေ့ပဲ စတင်ပြေးဆွဲပါတယ်။ ဒီမနက်ပိုင်း မန္တလေးကို မှန်လုံယာဉ် ငါးစီး ထွက်သွားပါပြီ။ ခရီးသည် အသွားလာ နည်းတာရယ်။ ဒီမနက်မှ လိုင်းစပြေးတာကြောင့် လောလောဆယ် ငါးစီးပဲ ရှိပါသေးတယ်။ အရင်က တစ်နေ့ကို ပုံမှန် ၁၅ စီးပြေးပါတယ်။ ခရီးသည်တင်တဲ့ နေရာမှာလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ချက်တွေနဲ့အညီ ခရီးသည်ကို ပုံမှန်ထက် ၅၀ ရာခိုင်နှုန်း လျှော့တင်ပြီး ယာဉ်စီးခကိုလည်း နှစ်ဆ ကျပ် ၈၀၀၀ နှုန်း တောင်းပါတယ်"ဟု မလှိုင်မြို့ရှိ မန္တလေးဂိတ်မှ တာဝန်ရှိသူ ဦးမောင်နိုင်က ပြောပြသည်။

အလားတူ မလှိုင်-မိတ္ထီလာ ခရီးသည်တင် ယာဉ်ကိုလည်း ယနေ့ နံနက်ပိုင်းမှ စတင်ပြေးဆွဲခဲ့ပြီး ခရီးသည်ကို ပုံမှန်ထက် ၅၀ ရာခိုင်နှုန်း လျှော့တင်ပြီး ယာဉ်စီးခကို တစ်ဦးလျှင် ငွေကျပ် ၂၀၀၀ နှုန်း နှစ်ဆတောင်းခံပြီး ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ခရီးသည်တင် ယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲပြီး မြို့တွင်းရှိ ဈေးဆိုင်များ ယမန်နေ့ နံနက်ပိုင်းမှ စတင်၍ ပြန်လည် ဖွင့်လှစ်ရောင်းချနေသော်လည်း ကိုဗစ် -၁၉ ရောဂါကြောင့် လူအသွားအလာ နည်းပါးလျက်ရှိကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

# မြန်မာအမျိုးသမီးများ စွမ်းဆောင်ရည် တိုးတက်မြင့်မားကြစေသား

ဇော်ဇော် (တရားလွှတ်တော်ရှေ့နေ)

**အမျိုးသမီးများ၏ အခွင့်အရေးကို တိကျစွာ အကာအကွယ်ပေးရန်အတွက် Convention on the Elimination of Discrimination Against Women– CEDAW အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းစာချုပ်ကို ၁၈–၁၂–၁၉၇၉ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက လက်မှတ်ရေးထိုး အတည်ပြုခဲ့ရာ မြန်မာနိုင်ငံသည်လည်း ၂၂–၇–၁၉၉၇ ရက်တွင် စာချုပ်၌ ပါဝင်သဘောတူ လက်မှတ်ရေးထိုးခဲ့ပါသည်။**

အမျိုးသမီးများအား ခွဲခြားမှုဟူသော အဓိပ္ပာယ်ကို ယင်းတို့၏ အိမ်ထောင်ရေးအခြေအနေ မည်သို့ပင်ရှိစေကာမူ အမျိုးသားနှင့် အမျိုးသမီးတန်းတူညီမျှရှိမှုအပေါ် အခြေခံ၍ လူ့အခွင့်အရေးများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပြည်သူ့ရေးရာ (သို့မဟုတ်) အခြားနယ်ပယ်တို့တွင် အမျိုးသမီးများအား အသိအမှတ်ပြုခြင်း၊ အမျိုးသမီးများ၏ ခံစားခွင့် (သို့မဟုတ်) ကျင့်သုံးပိုင်ခွင့်ရှိခြင်းတို့ကို လိင်အပေါ် အခြေခံ၍ ယိုယွင်းစေရန်(သို့မဟုတ်) ပျက်သုဉ်းစေရန် ရည်ရွယ်ချက်ရှိသည့် မည်သည့်ခွဲခြားခြင်း၊ တားဆီးပိတ်ပင်ခြင်း (သို့မဟုတ်) ကန့်သတ်ခြင်းကိုမဆို ဆိုလိုကြောင်း ကွန်ဗင်းရှင်း၏ ရည်ရွယ်ချက်တွင် ဖော်ပြပါရှိသလို နိုင်ငံတစ်နိုင်ငံ၏ ပြီးပြည့်စုံသည့် ဖွံ့ဖြိုးတိုးတက်မှု ကမ္ဘာ့အကျိုးနှင့် ငြိမ်းချမ်းစေသည့် အကြောင်းတရားတို့တွင် ကဏ္ဍအသီးသီး၌ အမျိုးသားများနှင့် တန်းတူရှိစေသော အမျိုးသမီးများ၏ အမြင့်မားဆုံးသော ပါဝင်ဆောင်ရွက်မှုရှိရန် လိုအပ်ကြောင်းကို ယုံကြည်ကြောင်းလည်း ပါရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၇ တွင် နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေးရရှိစေရန်နှင့် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်ဟုလည်းကောင်း၊ ပုဒ်မ ၃၄၈ တွင် နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ ဘာသာ၊ ရာထူး၊ ဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကိုအကြောင်းပြု၍ ခွဲခြားမှုမရှိစေရဟုလည်းကောင်း၊ ပုဒ်မ ၃၅၀ တွင်အမျိုးသမီးများသည် တူညီသောအလုပ်အတွက် အမျိုးသားများ ခံစားခွင့်ရှိသော အခွင့်အရေးလစာတို့ကို ခံစားခွင့်ရှိသည်ဟု လည်းကောင်း၊ ပုဒ်မ ၃၅၁ တွင် မိခင်များ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများသည် ဥပဒေအရ သတ်မှတ်ထားသော သက်ဆိုင်ရာအခွင့်အရေးများကို အညီအမျှ ခံစားခွင့် ရှိစေရမည်ဟုလည်းကောင်း။

## ခွဲခြားမှုမပြုရ

ပုဒ်မ ၃၅၂ တွင် နိုင်ငံတော်သည် အလုပ်အကိုင်ခန့်ထားရာတွင်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်း ရွေးချယ်တာဝန်ပေးရာတွင်ဖြစ်စေ၊ သတ်မှတ်သော အရည်အချင်းနှင့်ပြည့်စုံပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ မည်သည့် နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ ဘာသာ၊ သာသနာ၊ အမျိုးသား၊ အမျိုးသမီးကို အကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားမှုမပြုရ။ သို့ရာတွင် အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များအတွက် အမျိုးသားများအား ရွေးချယ်ခန့်ထားခြင်းကို ဤပုဒ်မအရ အဟန့်အတားမဖြစ်စေရဟုလည်းကောင်း၊ ပုဒ်မ ၃၆၈ တွင် နိုင်ငံတော်သည် ပညာရည် ထူးချွန်သော နိုင်ငံသားများအား လူမျိုး၊ ကိုးကွယ်ရာ ဘာသာ၊ အမျိုးသား၊ အမျိုးသမီးခွဲခြားမှုမထားရှိဘဲ ယင်းတို့၏ အရည်အချင်းအလိုက် ချီးမြှောက်ထောက်ပံ့မည်ဟု လည်းကောင်း ပြဋ္ဌာန်းထားပါသည်။

လူကုန်ကူးမှုများကို တားဆီးကာကွယ်ရာတွင် အထူးသဖြင့် အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအတွက် အလေးဂရုပြု၍ ကာကွယ်စောင့်ရှောက်ရန်ဟု မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပါ ရည်ရွယ်ချက်တွင် ပါရှိပါသည်။ မြန်မာ၊ တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ လာအို၊ နီပေါ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့သည် လူကုန်ကူးမှုဖြစ်ရပ်များတွင် အကျုံးဝင်သောနိုင်ငံများဖြစ်ကြပြီး မြန်မာအပါအဝင် မဲခေါင်ဒေသခြောက်နိုင်ငံတို့၌ နှစ်စဉ်အမျိုးသမီးနှင့် ကလေးသုံးသိန်းခန့် လူကုန်ကူးခံနေရပြီး အရှေ့တောင်အာရှနိုင်ငံများ၏ လူကုန်ကူးမှုဖြစ်နှုန်းသည် အာရှတိုက်တစ်ခုလုံး၏ ၅၄ ရာခိုင်နှုန်းအထိ ဖြစ်ပွားနေပါသည်။ တရုတ်နှင့်

> **“ လူကုန်ကူးမှုများကို တားဆီးကာကွယ်ရာတွင် အထူးသဖြင့် အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအတွက် အလေးဂရုပြု၍ ကာကွယ်စောင့်ရှောက်ရန်ဟု မြန်မာနိုင်ငံ၏ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပါ ရည်ရွယ်ချက်တွင် ပါရှိ၊ မြန်မာ၊ တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ လာအို၊ နီပေါ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့သည် လူကုန်ကူးမှုဖြစ်ရပ်များတွင် အကျုံးဝင်သော နိုင်ငံများဖြစ်ကြပြီး မြန်မာအပါအဝင် မဲခေါင်ဒေသခြောက်နိုင်ငံတို့၌ နှစ်စဉ်အမျိုးသမီးနှင့် ကလေးသုံးသိန်းခန့် လူကုန်ကူးခံနေရ”**

ထိုင်းနိုင်ငံသို့ ဦးတည်သည့် လူကုန်ကူးမှုများတွင် အဓိကအားဖြင့် အဓမ္မပြည့်တန်ဆာပြုခံရမှုမှာ အဓိကဖြစ်ပြီး အဓမ္မထိမ်းမြားမှု၊ လုပ်အားခေါင်းပုံဖြတ်မှုနှင့် အဓမ္မသူတောင်းစားပြုခံရမှုတို့လည်း ပါဝင်ပါသည်။

မြန်မာနိုင်ငံ၏ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၅၄ တွင် မည်သူမဆို မိန်းမတစ်ဦး၏ ကာယိန္ဒြေကိုပျက်စီးစေရန် အကြံဖြင့် သော်လည်းကောင်း၊ ကာယိန္ဒြေပျက်စီးတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း ထိုမိန်းမကို လက်ရောက်မှု ကျူးလွန်လျှင်(သို့မဟုတ်) ရာဇဝတ်မကင်းသော အနိုင်အထက်အမှုကိုပြုလျှင် ထိုသူအား (၂)နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်ဟု လည်းကောင်း၊ ပုဒ်မ ၃၆၁ တွင် မည်သူမဆိုဥပဒေနှင့်အညီ အုပ်ထိန်းသူ၏ ထိန်းသိမ်းခြင်းမှ အသက်(၁၈)နှစ်အောက်မိန်းကလေးကို ထိုအုပ်ထိန်းသူသဘောမတူဘဲ ဆောင်ယူလျှင် (သို့မဟုတ်) ဖြားယောင်းခြင်းအားဖြင့် ထွက်သွားစေလျှင် အရွယ်မရောက်သေးသူကို ဥပဒေနှင့်အညီ အုပ်ထိန်းသူထံမှ ခိုးယူသည်မည်၏ဟု လည်းကောင်း၊ ပုဒ်မ ၃၆၃ တွင် မည်သူမဆို တစ်ဦးတစ်ယောက်သောသူအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ အပသို့ဖြစ်စေ၊ ဥပဒေနှင့်အညီ အုပ်ထိန်းသူထံမှ ဖြစ်စေခိုးယူလျှင် (၇)နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု လည်းကောင်း၊ ပုဒ်မ ၃၆၆ တွင် မိန်းကလေးက အလိုမတူဘဲ ထိုမိန်းမကို တစ်ဦးတစ်ယောက်သောသူနှင့် ထိမ်းမြားပေးစားခြင်းငှာ အတင်းအဓမ္မပြုရန်အကြံနှင့် သော်လည်းကောင်း၊ ထိုသို့ အတင်းအဓမ္မပြုခြင်းခံရမည်ဖြစ်တန်ရာသည်ကိုသိလျက်နှင့်သော်လည်းကောင်း အနိုင်အထက်ပြုခြင်းဖြင့်ဖြစ်စေ၊ ကာမသွေးဆောင်အကျင့်ဖျက်ဆီးခြင်းဖြင့် ဖြစ်စေ၊ မတရားသဖြင့် ကာမစပ်ယှက်စေရန် သော်လည်းကောင်း၊ ထိုသို့ အနိုင်အထက်ပြုခြင်း (သို့မဟုတ်) ကာမသွေးဆောင် အကျင့်ဖျက်ဆီးခြင်းခံရမည်ဖြစ်တန်ရာသည်ကိုသိလျက်နှင့်သော်လည်းကောင်း၊ မည်သူမဆို မိန်းမတစ်ဦးတစ်ယောက်အားခိုးယူလျှင်(သို့မဟုတ်) သွေးဆောင်ဆွဲခေါ်လျှင် ထိုသူကို (၁၀)နှစ် အထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်ကြောင်း။

## ငွေဒဏ်လည်း ချမှတ်နိုင်

အသက် (၁၈)နှစ်အောက် မိန်းကလေးက အလိုတူသည်ဖြစ်စေ၊ အလိုမတူသည်ဖြစ်စေ အုပ်ထိန်းသူက သဘောမတူလျှင် ပြစ်မှုမြောက်ကြောင်း၊ မိန်းကလေးသည် မည်သည့် အသက်အရွယ်ဖြစ်စေ အုပ်ထိန်းသူက သဘောတူလျှင်ပင် ကာယကံရှင်မိန်းကလေးက သဘောမတူလျှင် ပြစ်မှုမြောက်ကြောင်း၊ မိန်းကလေးက အလိုမတူဘဲ အတင်းအဓမ္မခေါ်ဆောင်ခြင်းသည် ဤပုဒ်မ၏ အဓိကအင်္ဂါရပ်ဖြစ်သည်ဟုလည်းကောင်း၊ ပုဒ်မ ၃၆၆ (က)တွင် အနိုင်အထက်ပြုခြင်းဖြင့်ဖြစ်စေ၊ ကာမသွေးဆောင် အကျင့်ဖျက်ဆီးခြင်းဖြင့်ဖြစ်စေ၊ (၁၈)နှစ်အောက် မိန်းကလေးတစ်ယောက်ကို အခြားသူ တစ်ဦးတစ်ယောက်နှင့် မတရားသဖြင့် ကာမစပ်ယှက်စေရန် အကြံဖြင့်သော်လည်းကောင်း၊ ထိုသို့ အနိုင်အထက်ပြုခြင်း (သို့မဟုတ်) ကာမသွေးဆောင်ခြင်းခံရမည်ဖြစ်တန်ရာသည်ကို သိလျက်နှင့် သော်လည်းကောင်း ထိုမိန်းကလေးအားတစ်နေရာရာမှ ထွက်သွားစေရန် (သို့မဟုတ်) ပြုလုပ်မှုတစ်ခုခုကိုပြုစေရန် မည်သူမဆို တစ်နည်းနည်းဖြင့် ထိုမိန်းကလေးကို သွေးဆောင်လျှင် ထိုသူကို (၁၀)နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟုလည်းကောင်း။

ပုဒ်မ ၃၇၂ ၏ ရှင်းလင်းချက်များတွင် မည်သူမဆို အသက် (၁၈)နှစ်အောက် မိန်းမတစ်ဦးကို ပြည့်တန်ဆာ တစ်ဦးတစ်ယောက်သို့ဖြစ်စေ၊ ပြည့်တန်ဆာအိမ်ထားရှိသူ (သို့မဟုတ်) စီမံကြီးကြပ်သူသို့ဖြစ်စေ ရောင်းလျှင် (သို့မဟုတ်) အခကြေးငွေအတွက် ထုတ်ငှားလျှင် (သို့မဟုတ်) အခြားနည်းလက်လွှဲပြောင်းလျှင် ထိုသူကို ထိုသို့မပြုကြောင်း သက်သေထင်ရှားမရှိသမျှ ထိုမိန်းမအား ပြည့်တန်ဆာကိစ္စအလို့ငှာ အသုံးပြုရန် အကြံဖြင့် လက်လွှဲပြောင်းသည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း၊ မတရားသဖြင့် ကာမစပ်ယှက်ခြင်းဆိုသည်မှာ တရားဝင်ထိမ်းမြားခြင်းဖြင့် သော်လည်းကောင်း၊ တရားဝင်ထိမ်းမြားခြင်းပင် မမြောက်သော်လည်း သက်ဆိုင်ရာသူတို့၏ မျိုးရိုး၊ ဘာသာ၊ ဥပဒေအရဖြစ်စေ၊ ဓလေ့ထုံးစံအရဖြစ်စေ သက်ဆိုင်သူတို့သည် လူမျိုးစုကွဲများဖြစ်လျှင် ထိုလူမျိုးစုနှစ်စုတို့၏ မျိုးရိုး၊ ဘာသာ ဥပဒေအရဖြစ်စေ၊ ဓလေ့ထုံးစံအရဖြစ်စေ ထိမ်းမြားခြင်းမြောက်ဘိသကဲ့သို့ အသိအမှတ်ပြုသော စုံဖက်ခြင်းဖြင့် (သို့မဟုတ်) နှောင်ဖွဲ့ခြင်းဖြင့်သော် လည်းကောင်း၊ ပေါင်းဖက်ခြင်းမဟုတ်သော ကာမစပ်ယှက်ခြင်းကို ဆိုလိုကြောင်းပါရှိပြီး ပုဒ်မ ၃၇၂ အား ကျူးလွန်ပါက ကျူးလွန်သူကို (၁၀)နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။ ဤပုဒ်မ၏ အဓိကရည်ရွယ်ချက်မှာ အရွယ်မရောက်သေးသော မိန်းကလေးများကို ပြည့်တန်ဆာအဖြစ် ရောင်းချခြင်းမှ ကာကွယ်ရန်အတွက် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ရာဇသတ်ကြီးဥပဒေတွင် အမျိုးသမီးများအပေါ် ကျူးလွန်သည့် လက်ရောက်မှုနှင့် အနိုင်အထက်ပြုခြင်းများ၊ မုဒိမ်းမှုပြုခြင်းများ၊ ဓမ္မတာနှင့် ဆန့်ကျင်သော အမှုများ၊ ကာမလိမ်လည်ရယူမှုများ၊ ထိမ်းမြားခြင်းဆိုင်ရာ ပြစ်မှုများ၊ မယားခိုးမှုများ၊ မိန်းမတို့၏ ကာယိန္ဒြေကိုစော်ကားရန် ရည်ရွယ်သောစကား ကိုယ်အမူအရာပြုလုပ်မှုများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ၊ ပြစ်မှုကျူးလွန်သည့် လင်ကို မယားက လက်သင့်ခံထားခြင်းသည် ပြစ်မှုမမြောက်ခြင်းများ စသည့်ဥပဒေပြဋ္ဌာန်းချက်များဖြင့်လည်း ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂ တွင် အမျိုးသမီး၏ ကိုယ်ပေါ်တွင် ရှာဖွေရန် လိုအပ်လျှင် အခြားအမျိုးသမီးတစ်ဦးအား တာဝန်ပေးပြီး ရှာခိုင်းရမည်ဖြစ်ကြောင်း၊ ထိုသို့ ရှာဖွေရာတွင် အမျိုးသမီး၏ ကာယိန္ဒြေကို ကျပ်တည်းစွာစောင့်စည်းရမည်ဟု လည်းကောင်း၊ ပုဒ်မ ၃၈၂ တွင် သေဒဏ် စီရင်ခြင်းခံရသည့် မိန်းမတစ်ဦးတစ်ယောက်မှာ ကိုယ်ဝန်ဆောင်မိန်းမဖြစ်ကြောင်း သိရလျှင် တရားလွှတ်တော်သည် ၎င်းသေဒဏ်စီရင်ချက် အတည်ပြုလုပ်ခြင်းကို ရွှေ့ဆိုင်းထားရန် အမိန့်ချမှတ်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် သင့်သည် ထင်မြင်ပါက ၎င်းသေဒဏ်ကို တစ်သက်တစ်ကျွန်းဒဏ်အဖြစ် လျှော့ပေါ့ပြောင်းလဲနိုင်သည်ဟုလည်းကောင်း၊ ပုဒ်မ ၄၈၈(၁)တွင် ယောကျ်ားသည် မိမိ၏ဇနီး (သို့မဟုတ်) ကိုယ်တိုင်ရှာဖွေစားသောက်နိုင်ခြင်း မရှိသော သားသမီးတို့အပေါ် ထောက်ပံ့နိုင်သည့် အခြေအနေရှိပါလျက် ထောက်ပံ့ရန် ငြင်းဆန်ကြောင်း (သို့မဟုတ်) လျစ်လျူရှုထားကြောင်း ထင်ရှားလျှင်ရာဇဝတ်တရားသူကြီးသည် ၎င်းယောကျ်ားအား ကျပ် ၅၀၀၀၀ ထက် မပိုသော လစဉ်ထောက်ပံ့ကြေးကို မယား(သို့မဟုတ်) သားသမီးသို့ ထောက်ပံ့ပေးအပ်စေရန် အမိန့်ချမှတ်နိုင်ကြောင်း။

ပုဒ်မ ၄၉၇ (၁)တွင် အာမခံမပေးနိုင်သော ပြစ်မှုမျိုးဖြင့် စွပ်စွဲခြင်းခံရသည့် မည်သည့်အမျိုးသမီးကိုမဆို အာမခံဖြင့် လွှတ်ထားရန် တရားရုံးက ညွှန်ကြားနိုင်သည်ဟုလည်းကောင်း ပြဋ္ဌာန်းထားသည့်အပြင် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၃၂ (၁)တွင် အချို့သော အမျိုးသမီးများသည် မိမိတို့၏ ဓလေ့ထုံးတမ်းအိမ်တွင်းပုန်းနေထိုင်လေ့ရှိပြီး မျက်နှာကိုဖုံးအုပ်၍ လူမြင်မခံဘဲ နေထိုင်လေ့ရှိရာ ထိုအမျိုးသမီးများအား ဤပုဒ်မအရ တရားရုံးသို့ ကိုယ်တိုင်လာရောက်ခြင်းမှ ကင်းလွတ်ခွင့်ပေးပြီး ကော်မရှင်နှင့် စစ်ဆေးနိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။

ရှေးမြန်မာခေတ် တကောင်း၌ ဘဒ္ဒာနုဝတီ၊ သရေခေတ္တရာ (ပြည်)၌ မာလာစန္ဒီ၊ ဗိဿနိုး၌ ပန်ထွာမင်းသမီး၊ ဒလ၌ သုဝဏ္ဏဒေဝီ၊ ကေတုမတီ(တောင်ငူ)၌ စောစလာ၊ ဟံသာဝတီ(ပဲခူး)၌ ရှင်စောပု စသည့်အမျိုးသမီးများမှာ ဘုရင်မများအဖြစ် တိုင်းပြည်ကို စီမံအုပ်ချုပ်ခဲ့ကြဖူးပါသည်။ ပုဂံခေတ်တွင် မိဖုရားဖွားစောသည် ပုဂံထီးနန်းကိုထိန်းသိမ်းခဲ့သူဖြစ်ပါသည်။ ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် မိဖုရားဆင်ဖြူမရှင်သည် သီပေါမင်းကို နန်းတင်ပေးခဲ့သူ ဖြစ်ပါသည်။

## အမျိုးသမီးသူရဲကောင်းများ

နယ်ချဲ့တော်လှန်ရေးစစ်ပွဲများထဲမှ ဝက်ထီးကန်တိုက်ပွဲတွင် ရှမ်းအမျိုးသမီးများက စစ်ဝတ်တန်ဆာများဝတ်ဆင်လျက် မြင်းများစီးကာ စစ်သည်များအားအားပေးစကား လိုက်လံပြောကြားခဲ့မှုကို အင်္ဂလိပ်သမိုင်းစာရေးဆရာ Major Snodgrass က မှတ်တမ်းတင်ရေးဖွဲ့ထားခဲ့ပါသည်။ ပုဂံဗိုလ်ချို၏ တပ်တွင် ၎င်း၏ဇနီးနှင့် အမျိုးသမီးစစ်သည်များ၊ ချင်းပြည်နယ် ရှယ်လုန်းခံတပ်၌ ဖြစ်ပွားသော ဗြိတိသျှနှင့် တိုက်ပွဲတွင် ချင်းအမျိုးသမီးများ၊ ရွှေခေးဗိုလ်၏တပ်တွင် ပင်းခင်ခင်နှင့် အမျိုးသမီးသူရဲကောင်းများ ပါဝင်ကြလျက် နိုင်ငံနှင့်လူမျိုးကို ကာကွယ်ခဲ့ကြပါသည်။ ၁၉၃၆ ခုနှစ် ကျောင်းသားသပိတ်တွင်လည်း အမျိုးသမီးများ ရှေ့တန်းမှ ဦးဆောင်ပါဝင်၍ သပိတ်မှောက်ခဲ့ကြပါသည်။ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီး ဒေါ်ခင်ကြည်သည် သံတမန်အဖြစ် မိမိနိုင်ငံအတွက် တာဝန်ထမ်းရွက်နိုင်ခဲ့ပေသည်။ မြန်မာနိုင်ငံ၏ လက်ရှိ ပြည်ထောင်စုလွှတ်တော်တွင်လည်း မြန်မာအမျိုးသမီးများ ဦးရေများစွာ ပါဝင်ထမ်းရွက်လျက်လည်း ရှိနေပါသည်။

လင်ကိုဘုရား၊ သားကိုသခင် ဟူသော စကားပုံမှာ အိမ်ထောင်ရှင်အမျိုးသမီးများအနေဖြင့် လင်နှင့် သားကို ထိုက်သင့်သည့် လေးစားယုံကြည်မှု ပြုစေရန်သာဖြစ်ပြီး လုံးဝအားကိုးရန် မဟုတ်ပါ။ မိမိ၏ ကိုယ်ပိုင်အစွမ်းအစကို အားကိုးယုံကြည်ခြင်းဖြင့် မိမိကိုယ်သာ ကိုးကွယ်ရာဆိုသလို ဖြစ်စေပါမည်။ မောင်တစ်ထမ်း မယ်တစ်ရွက်ဟု ဆိုသလို လင်နှင့်မယား ဒိုးတူပေါင်ဖက် ကြိုးစားကြရပေမည်။ The hand that rocks the cradle rules the world ‘ ပုခက်လွှဲသောလက်သည် ကမ္ဘာကိုအုပ်စိုးသည် ’ ဟူသည့်အလား၊ Men make houses, women make homes ‘ယောကျ်ားများသည် အိမ်ရာများ တည်ဆောက်ကြသလို မိန်းမများသည် အိမ်မှုကိစ္စများ (စီမံခန့်ခွဲမှု) လုပ်ကြသည် ’ ဟူသော နိုင်ငံခြားစကားပုံပါအတိုင်း မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်ရှိမှုကို ကမ္ဘာသိအောင် ထုတ်ဖော်ပြသပေးကြပါဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# မေ ၁၇ ရက်တွင် ကိုဗစ်-၁၉ ရောဂါပိုး ရှိသူ ၂ ဦး ထပ်တိုးလာသဖြင့် စုစုပေါင်း ပိုးတွေ့လူနာ ၁၈၄ ဦးအထိ ရှိလာ

**နေပြည်တော် မေ ၁၇**

မေ ၁၇ ရက်တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ လူနာ ၂ ဦး ထပ်တိုးလာသဖြင့် စုစုပေါင်း ပိုး တွေ့လူနာ ၁၈၄ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရောဂါပိုးရှိသူ ၂ ဦးမှာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်တို့မှ ဖြစ်ကြကာ အသက် ၄၁ နှစ် အရွယ် တစ်ဦးနှင့် ၅၇ နှစ် အရွယ် တစ်ဦးတို့ ဖြစ်ကြသည်။

ပိုးတွေ့လူနာ ၁၈၄ ဦးအနက် သေဆုံးသူ ၆ ဦး၊ ပိုးမတွေ့သူ စုစုပေါင်း ၉၇ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၈၄ ဦး ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၃၉၉၉ | ၁၈၄ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၉၇ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၄၂၆၈

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၈၄ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၄၈ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | |
| ၄ | ချင်း | ၇ | |
| ၅ | ရှမ်း(ရှေ့) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၂ | |
| ၈ | ရှမ်း(မြောက်) | ၂ | |
| ၉ | နေပြည်တော် | ၂ | |
| ၁၀ | မွန် | ၁ | |
| ၁၁ | မကွေး | ၁ | |
| ၁၂ | ကချင် | ၁ | |
| | **စုစုပေါင်း** | **၁၈၄** | **၆** |

❖ အောက်ပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| ပြည်နယ် | တိုင်းဒေသကြီး |
|---|---|
| ကယားပြည်နယ် | တနင်္သာရီတိုင်းဒေသကြီး |
| ကရင်ပြည်နယ် | ဧရာဝတီတိုင်းဒေသကြီး |
| ရခိုင်ပြည်နယ် | |

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၇-၅-၂၀၂၀ ရက်၊ ည (၈) နာရီ

## ၁၇-၅-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၅၀၉၃၄၁ | ၃၃၉၅၄၇ | ၉၀၁၃၄ |
| ၂။ | ရုရှား | ၂၈၁၇၅၂ | ၆၇၃၇၃ | ၂၆၃၁ |
| ၃။ | စပိန် | ၂၇၇၇၁၉ | ၁၉၅၉၅၄ | ၂၇၆၅၀ |
| ၄။ | ဗြိတိန် | ၂၄၀၁၆၁ | စိစစ်ဆဲ | ၃၄၄၆၆ |
| ၅။ | ဘရာဇီး | ၂၃၃၅၁၁ | ၈၉၆၇၂ | ၁၅၆၆၂ |
| ၆။ | အီတလီ | ၂၂၄၇၆၀ | ၁၂၂၈၁၀ | ၃၁၇၆၃ |
| ၇။ | ပြင်သစ် | ၁၇၉၃၆၅ | ၆၁၀၆၆ | ၂၇၆၂၅ |
| ၈။ | ဂျာမနီ | ၁၇၆၄၅၀ | ၁၅၃၄၀၀ | ၈၀၂၇ |
| ၉။ | တူရကီ | ၁၄၈၀၆၇ | ၁၀၈၁၃၇ | ၄၀၉၆ |
| ၁၀။ | အီရန် | ၁၂၀၁၉၈ | ၉၄၄၆၄ | ၆၉၈၈ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၇ - ၅ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၂၈၀၃၈ | ၈၃၄၂ | ၂၂ |
| အင်ဒိုနီးရှား | ၁၇၅၁၄ | ၄၁၂၉ | ၁၁၄၈ |
| ဖိလစ်ပိုင် | ၁၂၅၁၃ | ၂၆၃၅ | ၈၂၄ |
| မလေးရှား | ၆၈၉၄ | ၅၅၇၁ | ၁၁၃ |
| ထိုင်း | ၃၀၂၈ | ၂၈၅၆ | ၅၆ |
| ဗီယက်နမ် | ၃၂၀ | ၂၆၀ | ၀ |
| မြန်မာ | ၁၈၄ | ၉၇ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၆ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၂၂ | ၀ |
| လာအို | ၁၉ | ၁၄ | ၀ |

# သက်တန့်ရောင်လယ်ယာအထောက်အကူပြုဝန်ဆောင်မှု သမဝါယမအသင်းလီမိတက်မှ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

တောင်သူလယ်သမားများအတွက် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ထားဝယ်မြို့တွင် ဖွဲ့စည်းထားသော သက်တန့်ရောင် လယ်ယာအထောက်အကူပြုဝန်ဆောင်မှု သမဝါယမအသင်းလီမိတက်က ထွန်စက်သုံးစီး၊ ရိတ်သိမ်းခြွေလှေ့စက်ကိုးစီးဖြင့် မိုးစပါးစိုက်ပျိုးနိုင်ရန် မြေသားများ ပြုပြင်ပေးခြင်း၊ တမန်နိုးခြင်း၊ အလေအလွင့် အနည်းဆုံးဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

Daedong RX 7630 ထွန်စက် သုံးစီးကို လယ်ယာပြုပြင်ခြင်းလုပ်ငန်းနှင့် လယ်ယာမြေ ထွန်ယက်ခြင်းလုပ်ငန်းများကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်တွင် လယ်ဧက ၇၀၀ နှင့် ရေဖြူမြို့နယ်တွင် လယ်ဧက ၂၀၀၊ စုစုပေါင်း ဧက ၉၀၀ ကျော် ထွန်ယက်ပြုပြင်ပေးခဲ့ပါသည်။ ရိတ်သိမ်းခြွေလှေ့စက်ကိုးစီးဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ ရေဖြူမြို့နယ်နှင့် ထားဝယ်မြို့နယ်တို့တွင် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ကန်ကြီး ဒေါင့်မြို့နယ်များတွင် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း လယ် ဧက ၁၃၅၀ ခန့်နှင့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် လယ်ဧက ၃၁၅၀ ခန့်၊ စုစုပေါင်းလယ်ဧက ၄၅၀၀ ခန့်တို့ကို ရိတ်သိမ်းခြွေလှေ့ပေးခဲ့ကြောင်းနှင့် တောင်သူဦးကြီးများအနေဖြင့် မိမိတို့၏ လယ်ယာမြေများအား မိုးစပါး အချိန်မီထွန်ယက်စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းလုပ်ငန်းများအတွက် နေရာဒေသမရွေး သင့်လျော်သောဈေးနှုန်းဖြင့် အခက်အခဲမရှိ ဝန်ဆောင်ပေးလျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များ**

ထားဝယ်မြို့နယ်သမဝါယမ ဦးစီးဌာန ဖုန်း ၀၅၉-၂၁၀၇၅

ဦးသိန်းဝင်း၊ ဥက္ကဋ္ဌ၊ သက်တန့်ရောင်လယ်ယာ အထောက်အကူပြုဝန်ဆောင်မှု သမဝါယမအသင်း ဖုန်း ၀၉-၂၅၉၉၈၄၆၀၆

**သမဝါယမဦးစီးဌာန**



*❊ ကျောဖုံးမှ*

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) အမ်ဖန် (AMPHAN)သည် (၁၉-၅-၂၀၂၀) ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းသို့ ရောက်ရှိလာနိုင်ကာ အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီး (Very Severe Cyclonic Storm) Category-4 အဆင့်သို့ ရောက်ရှိလာနိုင်ပြီး လေတိုက်နှုန်းမှာ တစ်နာရီ မိုင် ၁၃၀ နှုန်းအထိ တိုက်ခတ်လာနိုင်ပါသည်။ ခန့်မှန်း (၂၀-၅-၂၀၂၀)ရက်နေ့တွင် အိန္ဒိယနိုင်ငံအနောက် ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်စပ်အကြားသို့ ဦးတည်လျက် ကုန်းတွင်းသို့ဝင်ရောက်နိုင်သည့် အလားအလာများကို မုန်တိုင်းလမ်းကြောင်း ခန့်မှန်းသည့် နိုင်ငံတကာမိုးလေဝသအေဂျင်စီများ၏ အင်တာနက်စာမျက်နှာများတွင် လေ့လာတွေ့ရှိရပါသည်။

လက်ရှိတွင် မုန်တိုင်းသည် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားနိုင်ဖွယ်မရှိသော်လည်း မုန်တိုင်း၏ အရှိန်ကြောင့် ခန့်မှန်း (၁၈-၅-၂၀၂၀)ရက်နေ့မှ (၂၁-၅-၂၀၂၀) ရက်နေ့များအတွင်း မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းအလယ်ပိုင်း၊ မြောက်ပိုင်းနှင့် ချင်းပြည်နယ်တောင်ပိုင်းဒေသများအနီးသို့ မုန်တိုင်းအဖျားခတ်လာနိုင်သည့် အခြေအနေများကိုတွေ့ရှိရပြီး ၎င်းမုန်တိုင်း၏ အရှိန်ကြောင့် လေတိုက်နှုန်းမှာ ခန့်မှန်းတစ်နာရီလျှင် မိုင်(၅၀-၆၀)နှုန်းခန့် တိုက်ခတ်နိုင်သည်ကို တွေ့ရှိရပါသည်။

လက်ရှိခန့်မှန်းချက်များအရ မြန်မာနိုင်ငံအနေဖြင့် မုန်တိုင်းဒဏ်ကို တိုက်ရိုက်မခံစားရသော်လည်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်း၊ မြေပြိုခြင်းအန္တရာယ်များနှင့် ကမ်းရိုးတန်းဒေသ အချို့နေရာများတွင် မုန်တိုင်းကြောင့် မုန်တိုင်းဒီရေတက်ခြင်းတို့ကို ကြုံတွေ့ရနိုင်သည့်အတွက် အောက်ဖော်ပြပါအချက်များကို သတိပြုလိုက်နာဆောင်ရွက်နိုင်ပါရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အကြံပြုအပ်ပါသည်-

(၁) ကမ်းခြေများအနီး နေထိုင်သူများ၊ အလုပ်လုပ်ကိုင်နေသူများ၊ ပင်လယ်ပြင်တွင် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်နေသူများ မုန်တိုင်းသတင်းကို စဉ်ဆက်မပြတ်နားထောင်၊ လေ့လာ၍ လိုအပ်ပါက ကြိုတင်တိမ်းရှောင်ပါ။

(၂) နေအိမ်အဆောက်အဦများ၏ ကြံ့ခိုင်မှုကိုစစ်ဆေး၍ လေဒဏ်၊ မိုးဒဏ်ခံနိုင်စေရန် ပြုပြင်ဆောင်ရွက်ပါ။ အိမ်ပေါ်သို့ ကျိုးကျနိုင်သော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။

(၃) အရေးပေါ်အသုံးပြုနိုင်ရန် လက်နှိပ်ဓာတ်မီး၊ ဖယောင်းတိုင်၊ မီးခြစ်များ အရန်သင့်ဆောင်ထားပါ။ လက်ကိုင်ဖုန်းများကို အားသွင်းထားပါ။

(၄) လေပြင်းတိုက်ခတ်ချိန်နှင့် မိုးသည်းထန်စွာရွာသွန်းချိန်တို့တွင် သစ်ပင်၊ သစ်ကိုင်းများ၊ လျှပ်စစ်မီးတိုင်များ၊ တယ်လီဖုန်းတိုင်များ ကျိုးကျနိုင်ခြင်း၊ လဲပြိုနိုင်ခြင်း၊ လေပြင်းနှင့်အတူ လွင့်ပါလာသည့် သွပ်နှင့် အခြားအရာဝတ္ထုများကြောင့် ထိခိုက်နိုင်ခြင်း၊ မိုးကြိုးပစ်ခြင်းများ ဖြစ်ပွားနိုင်သဖြင့် တတ်နိုင်ပါက အဆောက်အဦအပြင်ဘက်သို့ မထွက်ပါနှင့်။ ဖုန်းများ အသုံးမပြုပါနှင့်။ လျှပ်စစ်ပစ္စည်းများ အသုံးမပြုပါနှင့်။

(၅) လေတိုက်နှုန်း တစ်နာရီ မိုင် (၅၀၊ ၆၀) ခန့်သည် တဲအိမ်ငယ်များ ပြိုလဲနိုင်ခြင်း၊ နေအိမ်များ အမိုး၊ အကာလန်ခြင်းများလည်းဖြစ်ပွားနိုင်သဖြင့် မိမိအိမ်သည် လေပြင်းဒဏ်ခံနိုင်ရည် အားနည်းသည်ဟု ယူဆပါက ခိုင်ခံ့သည့် နီးစပ်ရာ အိမ်များ၊ အဆောက်အဦများသို့ ကြိုတင်ရွှေ့ပြောင်းနေထိုင်ပါ။

(၆) အန္တရာယ်ရှိသည့်မြစ်ချောင်းများအနီး၊ တောင်ကျချောင်းများအနီးနှင့် မြေပြိုမှုများဖြစ်ပေါ်နိုင်သည့် နေရာများတွင် နေထိုင်သူများ အထူးသတိပြုနေထိုင်ပါ။ လိုအပ်ပါက ခေတ္တရှောင်ရှားနေထိုင်ပါ။

(၇) မိုးသည်းထန်စွာရွာသွန်းရာမှ လျှပ်တစ်ပြက် ရေကြီးခြင်းများ ဖြစ်ပေါ်နိုင်ပြီး လျှပ်တစ်ပြက် ရေကြီးခြင်းသည် ရှောင်တိမ်းရန် အချိန်အလွန်နည်းပါသည်။ ညအချိန်များတွင် ပိုမိုဂရုပြုနေထိုင်ပါ။

(၈) မိုးထစ်ချုန်းရွာသွန်းနေချိန် တောင်ကျချောင်းများအတွင်း မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ နွားလှည်းများ၊ လူများ မဖြတ်သန်းပါနှင့်။ ရုတ်တရက် ရေများအရှိန်ဖြင့် စီးဆင်းလာနိုင်ပြီး အန္တရာယ်ရှိနိုင်ပါသည်။

(၉) လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းရွာသွန်းခြင်းများပြီးစီး၍ အပြင်ထွက်ပါက လျှပ်စစ်မီးကြိုး၊ လျှပ်စစ်မီးတိုင်များနှင့် တတ်နိုင်သမျှဝေးဝေးနေပါ။ မြွေနှင့် အဆိပ်ရှိသော တိရစ္ဆာန်များ၏ အန္တရာယ်ကို သတိပြုပါ။

(၁၀) မိမိတို့ရပ်ရွာအတွင်း လေပြင်းဒဏ်ခံနိုင်သည့် နီးစပ်ရာအိမ်များ၊ အဆောက်အဦများသို့ ရွှေ့ပြောင်းနေထိုင်သည်ဖြစ်စေ၊ သတ်မှတ်ထားသည့် ဘေးလွတ်ကင်းရာနေရာများသို့ ရွှေ့ပြောင်းသည်ဖြစ်စေ COVID-19 ကူးစက်ရောဂါဆိုင်ရာ လိုက်နာရမည့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာပါ။

ပြည်သူလူထုအနေဖြင့် ယခုဖြစ်ပေါ်လျက်ရှိသော မုန်တိုင်းနှင့်ပတ်သက်၍ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိသည့် ထုတ်ပြန်ချက်များကို စဉ်ဆက်မပြတ် ဂရုပြုနားထောင်ရန်လိုအပ်ပြီး အရေးပေါ်အချိန်တွင် သက်ဆိုင်ရာ တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုများအတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန**

# မြဝတီချစ်ကြည်ရေးအမှတ် (၂) တံတားမှ မေ ၁၇ ရက်တွင် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသား ၉၀ ဆက်လက်ဝင်ရောက်



ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအား တာဝန်ရှိသူများက ကြိုဆိုကြစဉ်။

မြဝတီ မေ ၁၇

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများအား မြန်မာနိုင်ငံက မေ ၁ ရက်မှစပြီး လက်ခံခဲ့ရာ ယနေ့ (မေ ၁၇ ရက်) တွင် မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် လူ ၉၀ ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများ အနေဖြင့် မေ ၁ ရက်က ၆၀၊ မေ ၂ ရက်က ၅၄ ဦး၊ မေ ၃ ရက်က တစ်ဦး၊ မေ ၄ ရက်က ၄၄ ဦး၊ မေ ၅ ရက်က ၂၃ ဦး၊ မေ ၆ ရက်နှင့် မေ ၇ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ မေ ၈ ရက်က ၁၀၀ ဦး၊ မေ ၉ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ မေ ၁၀ ရက်တွင် ၄၄ ဦး၊ မေ ၁၁ ရက်တွင် ၁၃ ဦး၊ မေ ၁၂ ရက်တွင် ၄၁ ဦး၊ မေ ၁၃ ရက်တွင် ၁၆ ဦး၊ မေ ၁၄ ရက်တွင် ၃၈ ဦး၊ မေ ၁၅ ရက်တွင် ၁၂၀၊ မေ ၁၆ ရက်တွင် ၇၆ ဦး၊ ယနေ့ မေ ၁၇ ရက်တွင် ၉၀ ပြန်လည်ဝင်ရောက်ခဲ့ပြီး စုစုပေါင်း ၇၂၀ အထိ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

အဆိုပါ နေ့အလိုက် ပြန်လည်ဝင်ရောက်သူများအနက် မေ ၁၃ ရက်မှ ၁၅ ရက်အထိ ပြန်လည်ဝင်ရောက်သူများနှင့် ယနေ့ ဝင်ရောက်သူ ၉၀ အနက် ၄၅ ဦးအနေဖြင့် ထိုင်းနိုင်ငံတွင် ပြစ်ဒဏ်ကျခံရပြီးသောသူများနှင့် အချုပ်မှ ပြန်လည်လွတ်မြောက်လာသူများဖြစ်သဖြင့် ထိုင်းနိုင်ငံ တာဝန်ရှိသူများက လာရောက် လွှဲပြောင်းပို့ဆောင်ပေးခြင်း ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများအနေဖြင့် ကရင်ပြည်နယ်မှ ၂၀၊ မွန်ပြည်နယ်မှ ၁၃ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၂၇ ဦး၊ မကွေးတိုင်းဒေသကြီးမှ ကိုးဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ငါးဦး၊ မန္တလေးတိုင်းဒေသကြီးမှ ငါးဦး၊ နေပြည်တော်မှ လေးဦး၊ ရှမ်းပြည်နယ်မှ ခြောက်ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ တစ်ဦး၊ ရခိုင်ပြည်နယ်မှ တစ်ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ သုံးဦး စုစုပေါင်း ၉၀ ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း အမ်ဖန် မြန်မာနိုင်ငံဘက် ဦးတည်မည့်အခြေအနေမရှိ အဝါရောင်အဆင့် သတ်မှတ်ထား

**နေပြည်တော် မေ ၁၇**

ယနေ့ ည ၉ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်သည် မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဆက်လက်တည်ရှိနေပါသည်။

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်သည် အိန္ဒိယနိုင်ငံ ပါရာဒစ်ပ်မြို့ (ဩရိဿ)၏ တောင်ဘက်ရေမိုင် ၄၇၀ ခန့်၊ ဒီဂါမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၅၅၀ ခန့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်ပူပါရာမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၆၁၅ မိုင်ခန့်၊ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၄၄၀ ခန့်နှင့် ပုသိမ်မြို့၏ အနောက်တောင်ဘက် ရေမိုင် ၅၇၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပါသည်။

အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသေးသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။

**အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်သည် မြန်မာစံတော်ချိန် ည ၉ နာရီခွဲအချိန်တွင် မြောက်လတ္တီကျု ၁၂ ဒသမ ၅ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၆ ဒသမ ၀ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၇၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၈၅ မိုင်နှုန်း ဖြစ်ပါသည်။

**နောက် ၂၄ နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါ အားအလွန်ကောင်းသောဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်သည် နောက် ၂၄ နာရီအတွင်း အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်အဖြစ်သို့ ရောက်ရှိနိုင်ပြီး မြောက်-အရှေ့မြောက်ဘက်သို့ ကွေ့ကာ ရွေ့လျားမည်ဟု ခန့်မှန်းရပါသည်။

**မိုးရွာသွန်းမှုအခြေအနေခန့်မှန်းချက်**

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်၏ အရှိန်ကြောင့် ၁၇-၅-၂၀၂၀ မှ ၂၁-၅-၂၀၂၀ ရက်နေ့အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေခန့်မှန်းချက်**

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည်တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၂ ပေခန့် ရှိနိုင်ပါသည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့် ရှိနိုင်ပါသည်။

**အသိပေးနှိုးဆော်ချက်**

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်၏ အရှိန်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည့်အခြေအနေများကို မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး သွားလာနေကြသော ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် လည်းကောင်း၊ ဆိုးရွားသည့် မိုးလေဝသအခြေအနေများကို ပြည်တွင်းလေကြောင်း ပျံသန်းရေးအနေဖြင့်လည်းကောင်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**



# တောင်ဥက္ကလာပမြို့နယ် ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေး ရေပေါက်ကြည် ရေထိန်းတံခါး တည်ဆောက်ပြီးစီး

**ရန်ကုန် မေ ၁၇**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်ရှိ ရပ်ကွက်အချို့တွင် နှစ်စဉ်ရေကြီးရေလျှံမှုကို ကြုံတွေ့နေရာ ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေးအတွက် တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းဆုံရှိ ရေပေါက်ကြည် ချောင်း ရေထိန်းတံခါးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တည်ဆောက်ပြီးစီးပြီဖြစ်သည်။

တောင်ဥက္ကလာပမြို့နယ်သည် ငမိုးရိပ်ချောင်းနှင့် နီးကပ်နေမှုကြောင့် နှစ်စဉ်နှစ်တိုင်း ဒီရေတက်ချိန်တွင် ရေကြီးရေလျှံမှုကို ကြုံတွေ့နေရသည်။ တောင်ဥက္ကလာပမြို့နယ်တွင် ရပ်ကွက် ၁၃ ရပ်ကွက်ရှိပြီး အမှတ် (၅) ရပ်ကွက် ရှိ တကောင်းလမ်းများ၊ ၄ ရပ်ကွက်ရှိ ကေတုမာလာအိမ်ရာများနှင့် (၃)ရပ်ကွက်ရှိ ငွေကြာရံ ရိပ်သာနေရာများတွင် မိုးရာသီနှင့် နွေရာသီများပါ ရေကြီးရေလျှံမှုကို ကြုံတွေ့နေရသည်။

ထို့ပြင် အင်းလျားကန်ရေပိုမှ ထွက်ရှိသည့်ရေများမှာ မရမ်းကုန်းမြို့နယ်နှင့် ရန်ကင်းမြို့နယ်များသို့ ဖြတ်သန်းစီးဆင်းပြီးနောက် တောင်ဥက္ကလာပမြို့နယ်ရှိ ငမိုးရိပ်ချောင်းထဲသို့စီးဝင်သွားသည်။ လပြည့်လကွယ်နေ့များတွင် ငမိုးရိပ်ချောင်းမှ ဒီရေတက်ရောက်မှုကြောင့် အစဉ်အမြဲ ရေလျှံမှုနှင့် ကြုံတွေ့နေရသည်။ မိုးတွင်းကာလတွင် မိုးရွာသွန်းမှုနှင့် အတူဒီရေတက်ချိန်နှင့် ကြုံတွေ့ပါက ရေကြီးရေလျှံမှု ပိုမိုကြီးမားကြောင်း သိရသည်။

ရေပေါက်ကြည်ချောင်းရေထိန်းတံခါး တည်ဆောက်ပြီးစီးမှုကြောင့် ဒီရေတက်သည့်နေ့များတွင် ချောင်းရေများ ဝင်ရောက်မှုမရှိကြောင်းနှင့် မိုးရာသီတွင်လည်း ရေကြီးရေလျှံမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါရေထိန်းတံခါးကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် စတင်တည်ဆောက်ခဲ့ပြီး screw type နှင့် shatter type နှစ်မျိုးလုံးပါဝင်ကာ ရန်ကုန်မြို့၏ အဆင့်မြင့် ရေထိန်းတံခါးဖြစ်ကြောင်း၊ ကုန်ကျတန်ဖိုးမှာ ငွေကျပ်သိန်း ၉၀၀၀ ဖြစ်ကြောင်း သိရသည်။ **အောင်သူရ**

# ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများတွင် လုပ်သားအင်အားများ လိုအပ်လျက်ရှိကြောင်း အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တည်ဆောက်ထိန်းသိမ်းထားသော အောက်ဖော်ပြပါ ဆည်ရေသောက်စနစ်(၅)ခု အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများကို ကမ္ဘာ့ဘဏ်ချေးငွေနှင့် ဂျပန်နိုင်ငံ ODA ချေးငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် လူအင်အား (လုပ်သားအင်အား)ကို အဓိကထား သုံးစွဲဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ဒေသများတွင် အလုပ်အကိုင်ရရှိဆောင်ရွက်လိုသော ပြည်သူများအနေဖြင့် အောက်ဖော်ပြပါလုပ်ငန်းများထဲမှ မိမိတို့နှင့် နီးစပ်ရာလုပ်ငန်းခွင်များရှိ တာဝန်ခံများနှင့်ဆက်သွယ်၍ သင့်လျော်ရာလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | ဆည်ရေသောက်စနစ် | မြို့နယ်/ တိုင်းဒေသကြီး | ဆက်သွယ်ရမည့် တာဝန်ခံ | ရာထူး | ဖုန်းနံပါတ် |
|---|---|---|---|---|---|
| ၁။ | သဲကော | လက်ပံတန်း၊ သာယာဝတီ/ ပဲခူး | ဦးစပ်ခွန်ဦး | လ/ထညွှန်ကြားရေးမှူး | ၀၉-၂၀၀၂၀၅၉ |
| ၂။ | ဘောနီ | ဒိုက်ဦး/ ပဲခူး | ဦးမောင်မောင်မိုးညွန့် | လ/ထညွှန်ကြားရေးမှူး | ၀၉-၂၅၀၀၆၄၉၀၉ |
| ၃။ | ငလိုက် | ဥတ္တရသီရိ/ နေပြည်တော် | ဦးကျော်ကျော်နိုင် | လ/ထညွှန်ကြားရေးမှူး | ၀၉-၂၅၀၆၈၉၁၈၅ |
| ၄။ | ဇီးတော | ကျောက်ဆည်/ မန္တလေး | ဦးအောင်ဇော်မင်း | လ/ထညွှန်ကြားရေးမှူး | ၀၉-၄၃၀၆၄၂၉၇ |
| ၅။ | သဖန်းဆိပ် | ရွှေဘို၊ ကန့်ဘလူ/ စစ်ကိုင်း | ဦးဝင်းထိုက် | ဒုတိယညွှန်ကြားရေးမှူး | ၀၉-၄၂၈၆၁၇၃၂၃ |

**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၇**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။ **မိုး/ဇလ**

# လယ်ယာဖွံ့ဖြိုးမှုလုပ်ငန်းများ မိုးရာသီအမီ ပြီးစီးနိုင်ရေး တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**ရေတာရှည် မေ ၁၇**

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်သည် တိုင်းဒေသကြီး ညွှန်ကြားရေးမှူးများ၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့်အတူ မေ ၁၆ ရက် နံနက်ပိုင်းက တောင်ငူမြို့နယ်အတွင်း စစ်တောင်းမြစ်ရေကြီးမှုမှ ကာကွယ်နိုင်ရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ကမ်းနီ-မိုးကောင်းတာဖို့ခြင်းလုပ်ငန်းကို ကွင်းဆင်းကြည့်ရှုသည်။ **(ယာပုံ)**



ဆက်လက်၍ ကံရိုးကျေးရွာအနီးရှိ တောင်ငူခရိုင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး တည်ဆောက်မှုလုပ်ငန်းများနှင့် မဟာင်ကျေးရွာအုပ်စုအတွင်း စနစ်ကျလယ်ယာမြေဖော်ထုတ်ထားမှုကို လည်းကောင်း၊ မုံစလင်ရေတံခါး တည်ဆောက်ထားမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာအုပ်စု ကျောက်အိုးကျေးရွာ မြောက်ဘက်တွင် မိုးစပါးစိုက်ဧက ၅၀၀ ကျော်အား အောင်ရေပေးနိုင်ရန် တည်ဆောက်ထားသော ကျောက်အိုးရေလွှဲဆည်ကို ကြည့်ရှုခဲ့ပြီး ညောင်ပင်သာကျေးရွာအနီးရှိ နိုင်မန္တလာကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် စနစ်ကျလယ်ယာမြေ ဧက ၂၀၀ ဖော်ထုတ်ပြီးစီးမှုများကို ကွင်းဆင်းကြည့်ရှုသည်။

ယင်းနောက် ရေတာရှည်မြို့ အနောက်ဘက်ရှိ ခင်တန်းကြီးကျေးရွာ အနီးတွင် စနစ်ကျ လယ်ယာမြေ လက်ရှိ ဖော်ထုတ်ဆောင်ရွက်နေမှုများကို ကြည့်ရှုခဲ့ပြီး မိုးရာသီကာလတစ်လျှောက် လယ်မြေများ ရေကြီးနစ်မြုပ်မှုမရှိစေရေးအတွက် စမိုးချောင်းတစ်လျှောက် ဆောင်ရွက်နေသည့် တံတား၊ လျှိုပိတ်တမံ၊ ရေပိုလွှဲ၊ ရေထုတ်ပြွန်တည်ဆောက်မှု လုပ်ငန်းများကို ကြည့်ရှုခဲ့ပြီးနောက် နန်ချွန်ကျေးရွာအနီးရှိ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုတိုင်း(၂)၊ တောင်ငူရုံးသို့ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ပြီး စက်ယန္တရားများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သန်းလွင်(ဆွာ)**

# စပါးကိုအခြေခံသည့် အစားအစာဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၁၇**

စိုက်ပျိုးရေးသုတေသန ဦးစီးဌာနအောက်ရှိ စပါးဇီဝဥယျာဉ်သုတေသနဌာန၌ စပါးအခြေခံမုန့်ပြုလုပ်နည်း၊ အာဟာရပြည့်ဝသော အမယ်သစ်မုန့်ပြုလုပ်နည်းများကို သုတေသနပြုရှာဖွေ ဖော်ထုတ်လျက်ရှိကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သိရသည်။

ထို့အပြင် စပါးကိုအသုံးပြု၍ အာဟာရတန်ဖိုးမြင့်သော ဆန်မုန့်ဆမ်း၊ ဆန်ပေါက်ပေါက်နှင့် ဆန်မရွေးတို့နှင့် ဆန်နှင့်တာရှည်ခံဖွဲနုကို အသုံးပြု၍ ဆန်ကွတ်ကီး၊ ဆန်ပေါင်မုန့်နှင့် ဆန်ကိတ်မုန့်တို့ကို မူလမုန့်များနှင့် မတူသော အရသာရှိသည့် မုန့်များပြုလုပ်နည်းတို့ကို ရှာဖွေဖော်ထုတ်လျက်ရှိပြီး စီးပွားဖြစ် တစ်နိုင်တစ်ပိုင်ထုတ်လုပ်လိုသော လုပ်ငန်းရှင်များသို့ နည်းပညာများ ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နိုင်ကြည်ဝင်းက ပြောသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိသော အစားအစာဆိုင်ရာ သုတေသနများ (Food Research) ကို ယခုထက် ပိုမိုကောင်းမွန်ထူးခြားသော မုန့်လုပ်နည်းများ ဖော်ထုတ်နိုင်ရေး၊ ဖော်ထုတ်ရရှိလာသော မုန့်များအတွက် အာဟာရတန်ဖိုးဖော်ပြနိုင်ရေး၊ ဘေးကင်းလုံခြုံစိတ်ချရေး၊ ထုပ်ပိုးမှုအသစ်များကို တီထွင်ကြံဆ လုပ်ဆောင်သွားရေးတို့ကို ဆက်လက်ဆောင်ရွက်ရန် ယနေ့နံနက်ပိုင်းက ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နိုင်ကြည်ဝင်းနှင့် ညွှန်ကြားရေးမှူး ဒေါက်တာစုစုဝင်းတို့က ညွှန်ကြားအားပေးမှုများ ပြုလုပ်ပေးလျက်ရှိသည်။

အဆိုပါ အစားအစာဆိုင်ရာ သုတေသနများကို စပါးဇီဝဥယျာဉ် သုတေသနဌာနစုမှ သုတေသနပညာရှင်များက ရှာဖွေဖော်ထုတ်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် သီးနှံသုတေသနဆိုင်ရာ လုပ်ငန်းအများစု ဆောင်ရွက်လျက်ရှိရာ အစားအစာဆိုင်ရာ သုတေသနများကို တိုးချဲ့ဆောင်ရွက်လာခြင်း၊ အစားအစာဆိုင်ရာ သုတေသနပညာရှင်များ မွေးထုတ်ပေးလျက်ရှိခြင်း စသည့် ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဌာနမှ သိရသည်။



**မေမိုးသဲ**

# မြန်မာကွင်းလယ်ကစားသမား မြတ်ကောင်းခန့် ချိုင်းနတ်အသင်းနှင့် လမ်းခွဲ

ရန်ကုန် မေ ၁၇

ထိုင်းလိဂ် - ၂ ကလပ် ချိုင်းနတ်အသင်းတွင် သွားရောက်ကစားနေသည့် မြန်မာကွင်းလယ်ကစားသမား မြတ်ကောင်းခန့်သည် အသင်းနှင့် နှစ်ဦးသဘောတူ လမ်းခွဲလိုက်ပြီဖြစ်သည်။

မြတ်ကောင်းခန့်သည် ယခုရာသီအစတွင် ပြောင်းရွှေ့ခဲ့သော်လည်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် လိဂ်ပြိုင်ပွဲရပ်နားထားသည့် ကာလအတွင်း ချိုင်းနတ်အသင်းက ဘတ်ဂျက်လျှော့ချရန် ကစားသမားအချို့နှင့် နှစ်ဦးသဘောတူ လမ်းခွဲခဲ့ရာ မြတ်ကောင်းခန့်ပါ ပါဝင်ခဲ့ခြင်းဖြစ်သည်။ မြတ်ကောင်းခန့်သည် ၂၀၁၉ ဆီးဂိမ်းစ်ပြိုင်ပွဲတွင် ခြေစွမ်းပြနိုင်ခဲ့သောကြောင့် ပြည်ပကလပ်အသင်းများ၏ စိတ်ဝင်စားခြင်းကို ခံခဲ့ရကာ ချိုင်းနတ်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

မြတ်ကောင်းခန့်သည် ယခုရာသီ ချိုင်းနတ်အသင်းကစားထားသည့် လိဂ်ပွဲ လေးပွဲတွင် နှစ်ပွဲကစားခွင့်ရထားပြီး တစ်ပွဲမှာ ပွဲထွက်ခွင့်ရခဲ့ခြင်းဖြစ်သည်။ မြတ်ကောင်းခန့်သည် ချိုင်းနတ်အသင်းနှင့် လမ်းခွဲခဲ့သောကြောင့် ထိုင်းကလပ်အသင်းတစ်သင်းသို့ ပြောင်းရွှေ့ရန် ကြိုးပမ်းနေပြီး အဆင်မပြေပါက မြန်မာနေရှင်နယ်လိဂ်တွင် ပြန်လည်ကစားမည်ဖြစ်သည်။



မြန်မာကွင်းလယ်ကစားသမား မြတ်ကောင်းခန့်ကို တွေ့ရစဉ်။

ထိုင်းကလပ်များတွင် ကစားနေသည့် မြန်မာကစားသမားများအနက် ကျော်ကိုကိုသည် ပြီးခဲ့သည့်ရက်ပိုင်းက ထိုင်းလိဂ်-၁ ကလပ် ဆူခိုထိုင်းအသင်းနှင့် လမ်းခွဲခဲ့ပြီး မြတ်ကောင်းခန့်သည် ယခုလအတွင်း ကလပ်အသင်းနှင့် နှစ်ဦးသဘောတူ လမ်းခွဲရသည့် ဒုတိယမြောက် မြန်မာကစားသမားဖြစ်လာခဲ့သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ - စိုးညွန့်**

# မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းကို နိုင်ငံခြားသားနည်းပြ ခန့်အပ်ရန်စီစဉ်

ရန်ကုန် မေ ၁၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းကို နိုင်ငံခြားသားနည်းပြခန့်အပ်ရန် စီစဉ်ထားပြီး ၂၀၂၀ အာဆီယံ ဖူဆယ်ပြိုင်ပွဲ မတိုင်မီ ခန့်အပ်သွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းနည်းပြသစ်အဖြစ် အာဆီယံဖူဆယ်လောကတွင် ကျင်လည်ခဲ့ဖူးပြီး ထိပ်သီးအသင်းများကို ကိုင်တွယ်ခဲ့သည့် နယ်သာလန်နိုင်ငံသား ဗစ်တာဟာမန်စ်ကို ခန့်အပ်ရန် စီစဉ်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် နှစ်ဆန်းပိုင်းကတည်းက နိုင်ငံခြားသား နည်းပြခန့်အပ်ရန် စီစဉ်နေခြင်းဖြစ်ပြီး ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေသည့် ကာလဖြစ်သောကြောင့် ကြန့်ကြာနေခြင်းဖြစ်သည်။ ဗစ်တာဟာမန်စ်သည် ၁၉၉၀ ပြည့်နှစ်တွင် နည်းပြအဖြစ် စတင်ဆောင်ရွက်ခဲ့ပြီး နယ်သာလန်ဖူဆယ် လက်ရွေးစင်ဟောင်းတစ်ဦးလည်းဖြစ်သည်။ ၎င်းသည် ၁၉၉၀ မှ ၁၉၉၂ ခုနှစ်အထိ နယ်သာလန်လက်ရွေးစင်အသင်း လက်ထောက်နည်းပြ၊ ၁၉၉၂ မှ ၁၉၉၆ ခုနှစ်အထိ ဟောင်ကောင်လက်ရွေးစင်အသင်း နည်းပြချုပ်၊ ၁၉၉၆ ခုနှစ်တွင် မလေးရှားလက်ရွေးစင်အသင်းနည်းပြချုပ်၊ ၁၉၉၇ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ နယ်သာလန်လက်ရွေးစင်အသင်း လက်ထောက်နည်းပြ၊ ၂၀၀၁ ခုနှစ်တွင် အီရန်လက်ရွေးစင်အသင်းနည်းပြချုပ်၊ ၂၀၀၁ မှ ၂၀၀၇ ခုနှစ်အထိ နယ်သာလန်လက်ရွေးစင်အသင်းနည်းပြချုပ်၊ ၂၀၀၉ မှ ၂၀၁၁ ခုနှစ်အထိ မော်လ်တာလက်ရွေးစင်အသင်းနည်းပြချုပ်၊ ၂၀၁၂ မှ ၂၀၁၆ ခုနှစ်အထိ ထိုင်းလက်ရွေးစင် အသင်းနည်းပြချုပ်၊ ၂၀၁၇ မှ ၂၀၁၈ ခုနှစ်အထိ အင်ဒိုနီးရှားလက်ရွေးစင်အသင်း နည်းပြချုပ်၊ ၂၀၁၈ ခုနှစ်တွင် မော်လ်တာလက်ရွေးစင်အသင်း နည်းပြချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ယခုနှစ်အတွင်း အာဆီယံဖူဆယ် ပြိုင်ပွဲတစ်ခုသာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာဖူဆယ်အသင်းသည် ၂၀၁၆ ခုနှစ်က လမ်းခွဲခဲ့သည့် အီရန်လူမျိုးနည်းပြ ဆာအိနောက်ပိုင်း နိုင်ငံခြားသား နည်းပြခန့်အပ်ရန် စီစဉ်နေခြင်းဖြစ်သည်။ မြန်မာဖူဆယ်အသင်းကို ၂၀၁၆ ခုနှစ် နောက်ပိုင်း နည်းပြချုပ်အဖြစ် ဦးဌေးမြင့်က ဆောင်ရွက်ခဲ့ပြီး ၎င်းကိုင်တွယ်ခဲ့သည့်ကာလတွင် အာဆီယံဖူဆယ်ပြိုင်ပွဲ၌ ပထမဆုံး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ကာ ဒုတိယတစ်ကြိမ်၊ တတိယတစ်ကြိမ် ရယူပေးနိုင်ခဲ့သည်။

**ညီမြတ်သော်တာ**

○ *ကျောဖုံးမှ*

ပေါလ်အင့်စ်သည် ပေါ့ဂ်ဘာကို ရောင်းထုတ်သင့်ကြောင်း ပြောကြားထားသူ ဖြစ်သည်။

ပြင်သစ်သတင်းစာ L'Equipe တွင် ဂျူဗင်တပ်စ်အသင်းသည် ပေါ့ဂ်ဘာကို ပြန်လည်ခေါ်ယူရန် နီးစပ်လာပြီဖြစ်ကြောင်း ဖော်ပြထားသည်။ အဆိုပါ ကစားသမားကို အပြီးသတ် ခေါ်ယူမည်ဆိုပါက ပြောင်းရွှေ့ကြေး ပေါင် ၇၂ သန်းဝန်းကျင်ခန့် ကုန်ကျဖွယ်ရှိကြောင်းလည်း ဖော်ပြထားသည်။ ဂျူဗင်တပ်စ်အသင်းသည် ပေါ့ဂ်ဘာကို ခေါ်ယူရာ၌ အပြောင်းအရွှေ့ တစ်စိတ်တစ်ပိုင်းအဖြစ် အသင်းမှ ရာဘီရော့ကို အသုံးချဖွယ်ရှိနေကြောင်း သိရသည်။ ရာဘီရော့ ကိုယ်တိုင်ပင် မန်ယူအသင်းသို့ ပြောင်းရွှေ့ရန် စိတ်ဝင်စားနေကြောင်း ၎င်း၏ မိခင်ဖြစ်သူ ဗီရိုနစ်၏ အဆိုအရ သိရသည်။ ရာဘီရော့သည် ပီအက်စ်ဂျီအသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ဂျူဗင်တပ်စ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် ခြေစွမ်းပြသရန် ရုန်းကန်နေရသူလည်းဖြစ်သည်။

အခြားသတင်းများတွင် ရီးရဲမက်ဒရစ်နည်းပြ ဇီဒန်းကလည်း မန်ယူ ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာကို ယခုနွေရာသီတွင် ခေါ်ယူရန် ဆုံးဖြတ်ကြောင်း ဖော်ပြထားသည်။

**အောင်ဇော်**



# ကျောက်နီမော်ကျေးရွာရှိ ဒီရေတောအတွင်း ရေငန်ပုစွန်ကျား သားပေါက်များ စိုက်ထည့်

ထားဝယ် မေ ၁၇

တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်နေစဉ်ကာလအတွင်း ဒီရေရောက်တော ရေသယံဇာတ တိုးပွားစေရန်ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ကျောက်နီမော်ကျေးရွာ ဒီရေတောအတွင်း ရေငန်ပုစွန်ကျား သားပေါက်များ မျိုးစိုက်ထည့်ပေးခဲ့သည်။

တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသံချောင်းက ရေငန်ပုစွန်ကျား သားပေါက်များ မျိုးစိုက်ထည့်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ရေငန်ပုစွန်ကျား သားပေါက်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသံချောင်းနှင့် ဝန်ထမ်းများ၊ ဒေသခံရေလုပ်သားများက လှေများဖြင့် ကျောက်နီမော်ကျေးရွာ ဒီရေတောအတွင်း ရေငန်ပုစွန်ကျား အကောင် ၆၀ နှင့် ပုစွန်ကျားသားပေါက် ကောင်ရေ ၁၇ သိန်းကျော်ခန့်ကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**ခရိုင် (ပြန်/ဆက်)**

# ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၂၆) ကိုလုံးနှင့် မိန့်ဇ်တို့ သရေ တစ်မှတ်စီခွဲယူ

၂၀၁၉-၂၀၂၀ ခုနှစ် ဘောလုံးရာသီ ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၂၆) ဒုတိယနေ့ပွဲစဉ်အဖြစ် မေ ၁၇ ရက်တွင် ကိုလုံးနှင့် မိန့်ဇ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက် နှစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ယနေ့ပွဲတွင် နှစ်သင်းစလုံး ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက် လာကြပြီး အထောင်တိုက်စစ်နေရာတွင် အိမ်ရှင်ကိုလုံးအသင်းက ကော်ဒိုဘာ ကိုအသုံးပြုခဲ့ပြီး ဧည့်သည်မိန့်ဇ်အသင်းသည် အိုနစ်ဆီဝို ကို အသုံးပြုခဲ့သည်။ ပွဲစပြီး ပွဲချိန်ခြောက်မိနစ်တွင် ကွင်းလယ်ကစားသမား မက်ခ်က ကိုလုံးအတွက် ဦးဆောင်ဂိုးသွင်းယူကာ ပထမပိုင်းကို ဦးဆောင်ခဲ့သည်။ ဒုတိယပိုင်း ပွဲချိန် ၅၃ မိနစ်တွင် တောင်ပံကစားသမား ကိန်းဇ်က ကိုလုံးအတွက် ဒုတိယဂိုးသွင်းယူပေးခဲ့သည်။ မိန့်ဇ်အသင်းသည် ချေပဂိုးရရှိရန် လက်ကျန်အချိန်ကို လူစားလဲမှုများ ပြုလုပ်ခဲ့ပြီး တိုက်စစ်မြှင့်ခဲ့ရာ ၆၁ မိနစ်တွင် လူစားဝင် ကစားသမား အေဝိုနီရီက မိန့်ဇ်အတွက် ချေပဂိုးတစ်ဂိုးသွင်းယူကာ မျှော်လင့်ချက် ပေးနိုင်ခဲ့သည်။ ပွဲချိန် ၇၂ မိနစ်တွင် ပီယားကန်ဒီက ဒုတိယမြောက်ချေပဂိုးကို မိန့်ဇ်အတွက် သွင်းယူပေးခဲ့သည်။ မိန့်ဇ် နည်းပြ ဘိုင်အာလေ်ဇာ၏ နည်းဗျူဟာလူစားလဲမှုကြောင့် နောက်ကျချေပဂိုးများဖြင့် မိန့်ဇ်အသင်း ရမှတ် တစ်မှတ်ခွဲယူနိုင်ခဲ့ သည်။ မိန့်ဇ်အသင်းသည် တန်းဆင်းဇုန်အထက်တွင် ရမှတ် ၂၇ မှတ်ဖြင့် ဆက်လက်ရုန်းကန်နေရပြီး ကိုလုံးအသင်းသည် အဆင့် ၁၀ တွင် ရမှတ် ၃၃ မှတ်ဖြင့် ဆက်လက်ရပ်တည်နေသည်။ တနင်္ဂနွေညနောက်ဆုံးပွဲစဉ် တစ်ပွဲဖြစ်သော ယူနီယံဘာလင်နှင့် ဘိုင်ယန်မြူးနစ် ပွဲတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် ဘိုင်ယန်မြူးနစ်အသင်း အနိုင်ရရှိခဲ့သည်။ ပွဲစဉ်(၂၆)ယှဉ်ပြိုင်အပြီးတွင် ရမှတ် ၅၈မှတ်ဖြင့် ဘိုင်ယန်အသင်းဇယားထိပ်၌ ဆက်လက်ရပ်တည်နေသည်။

ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၂၆) စနေနေ့ည နောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ခဲ့သည့် ဖရန့်ဖတ်နှင့် ဂလာဘတ်ပွဲစဉ်တွင် အဝေးကွင်း၌ ဂလာဘတ် အသင်း သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းပွဲတွင် ပွဲစစချင်းတစ်မိနစ်တွင် ဂလာဘတ်တိုက်စစ်မှူး ပလီယာ၏ လျင်မြန်သည့်သွင်းဂိုးဖြင့် ဦးဆောင် ခဲ့ပြီး ခုနစ်မိနစ်တွင် သူရမ်နှင့် ၇၃ မိနစ်တွင် ဘန်ဆက်ဘိုင်နီက ပယ်နယ်တီမှ သွင်းယူခဲ့သည်။ အိမ်ရှင် ဖရန့်ဖတ်အတွက် တစ်လုံးတည်းသော ချေပဂိုးကို ၈၁ မိနစ်တွင် အန်ဒရီဆေးလ်ဗားက သွင်းယူခဲ့ခြင်းဖြစ်သည်။

**သီဟ**



# မူဆယ်မြို့အတွင်း တရားမဝင် ဝင်ရောက်နေထိုင်သည့် တရုတ်နိုင်ငံသားများအား ငွေကျပ်သိန်းပေါင်း ၁၈၀၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ၊ လက်နက်၊ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၇**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့အတွင်း တရားမဝင်ဝင်ရောက်နေထိုင်သည့် တရုတ်နိုင်ငံသားများအား ငွေကျပ်သိန်းပေါင်း ၁၈၀၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ၊ လက်နက်၊ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူဆယ်မြို့အတွင်း လုံခြုံရေးဆောင်ရွက်နေသော ပူးပေါင်းတပ်ဖွဲ့ဝင်များသည် စွမ်းစော်ရပ်ကွက်၊ အိမ်အမှတ်၊ မစ/၃၉၂ ရှိ လင်းထက်ဦး ပိုင်ဆိုင်သော ဝင့်နင် ကုမ္ပဏီအဖွဲ့၊ တာ့ခေါက်တိကော်၊ ဖျော်ဖြေရေးစင်တာကို မေ ၁၅ ရက် နံနက် ၁ နာရီခန့်တွင် ဝင်ရောက်ရှာဖွေခဲ့ရာ တရားမဝင် ဝင်ရောက်နေထိုင်သည့် တရုတ်နိုင်ငံသား လောင်ဟွာ (ဘ) ခွမ်းဟူးတာ အပါအဝင် တရုတ်နိုင်ငံသား ၁၀ ဦးအား လက်တော့မျိုးစုံ ၁၅ လုံး၊ တယ်လီဖုန်းမျိုးစုံ ၁၅ လုံး၊ မော်နီတာ သုံးလုံး၊ USB နှစ်လုံး၊ CPU တစ်လုံး၊ PRINTER (KYOCERA) တစ်လုံး၊ WIFI စက် ခြောက်လုံး၊ တရုတ် အထိုင်ဖုန်း ခုနစ်လုံး၊ လက်တော့အားသွင်းကြိုး ၁၀ ခု၊ COMPUTER MOUSE ၁၀ ခုနှင့် နားကြပ် ခုနစ်ခု တို့အားလည်းကောင်း၊ နံနက် ၂ နာရီ ၄၀ မိနစ်ခန့်တွင် အဆိုပါရပ်ကွက်ရှိ



လုကျိန်လုံပိုင်ဆိုင်သော ယွိလုံဆောင်နား အပန်းဖြေ SPA နေရာအား ဝင်ရောက်ရှာဖွေခဲ့ရာ တရားမဝင် ဝင်ရောက်နေထိုင်သည့် တရုတ်နိုင်ငံသား ကျန်စိမ်း (ဘ) ကျန်းယွင်ခမ်းနှင့် တရုတ်နိုင်ငံသူ နှစ်ဦးကိုလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း။

အလားတူ ပူးပေါင်းတပ်ဖွဲ့ဝင်များသည် ည ၁၂ နာရီခွဲခန့်တွင် ၎င်းရပ်ကွက်ရှိ ချိန်မူနန်ပိုင်ဆိုင်သော နေအိမ်အား ဝင်ရောက်ရှာဖွေစစ်ဆေးရာ ၎င်းအပါအဝင် အမျိုးသားလေးဦးကို သေနတ် တစ်လက်၊ ၎င်းကျည် ၂၀၊ ၎င်းကျည်အိမ် တစ်ခု၊ ၉ မမပစ္စတို တစ်လက်၊ ၎င်းကျည် ၁၀ တောင့်၊ ၎င်းကျည်အိမ် တစ်ခုတို့ကို လည်းကောင်း၊ မေ ၁၆ ရက် နံနက် ၁ နာရီခန့်တွင် ပူးပေါင်းတပ်ဖွဲ့ဝင်များက လိတီချန်း ပိုင်ဆိုင်သော နေအိမ်အား ဝင်ရောက်ရှာဖွေရာ တရားမဝင် ဝင်ရောက်နေထိုင်သည့် ရန်ဟော်ယုံအပါအဝင် တရုတ်နိုင်ငံသား သုံးဦးကို အမ်-၂၂ ခေါက်ဒင် နှစ် လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ အမ်-၂၁ သစ်သားဒင် တစ်လက်၊ အမ် -၁၆ တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ လူကာပစ္စတို တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ICE ၂၅ ကီလို၊ ဘိန်းဖြူဆပ်ပြာခွက် ၇ ဒသမ ၇ ကီလို၊ ဘိန်းဖြူ ဘလောက်တုံး ၃၀ ကီလိုနှင့် WY စာတန်းပါ စိတ်ကြွ ရူးသွပ်ဆေးပြား ၁၂၀၀၀၀ (မူးယစ်ဆေးဝါးများ ခန့်မှန်း တန်ဖိုးငွေကျပ်သိန်းပေါင်း ၁၈၀၀၀ ကျော်) နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

အဆိုပါ ဖမ်းဆီးရမိသူများ၊ လက်နက်၊ ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများအား မူဆယ်မြို့မရဲစခန်းသို့ စနစ်တကျလွှဲပြောင်းအပ်နှံခဲ့ကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## ညောင်ရွှေ၊ လားရှိုးနှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၆ ရက် ညနေ ၆နာရီခွဲက ညောင်ရွှေမြို့နယ် လုံကန်ကျေးရွာအုပ်စု နန်းတောင်းကျေးရွာနေ ထွန်းဦး၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၆၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့နံနက်ပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် နမ့်တွန်းကျေးရွာအုပ်စု နမ့်ဟူးကျေးရွာနေ ကျားစီ၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ လောက်ချူကို တွေ့ရှိရပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၅၅ ပြားကိုလည်းကောင်း။ ထို့အတူ ယင်းနေ့နံနက် ၆ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် ပန်ကြူကျေးရွာအုပ်စု နမ့်ကိုင်ကျေးရွာနေ ကျန်ရှာ၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ ကျာလော (ခ) အောင်နိုင်ကို တွေ့ရှိရပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၆၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မော်ဟန်-နမ္မချီမော်သွားလမ်း ငါးကန်ဟောင်းအနီးတွင် ကျောက်စိမ်းအရိုင်းတုံးများဖမ်းဆီးရမိ

**မိုးညှင်း မေ ၁၇**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာအုပ်စု မော်ဟန်-နမ္မချီမော်သွားလမ်း ငါးကန်ဟောင်းအနီးတွင် မေ ၁၆ ရက်က သတင်းအရ ရှာဖွေရာ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင်သယ်ဆောင်လာသော ကျောက်စိမ်းအရိုင်းတုံးများကို ဖမ်းဆီးရမိခဲ့ကြောင်း မိုးညှင်းမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မေ ၁၆ ရက် ည ၆နာရီ ၅မိနစ်ခန့်က ခရိုင်မှူး/နှိမ် ဌာနစိတ်မှ ရဲအုပ် ထွန်းလှိုင် ဦးစီးတပ်ဖွဲ့ဝင်များသည် တရားမဝင်ကျောက်စိမ်းရိုင်းများ သယ်ဆောင်လာကြောင်း သတင်းရရှိ၍ မော်ဟန်-နမ္မချီမော်သွားလမ်း ငါးကန်ဟောင်းအနီးစောင့်ဆိုင်းနေစဉ် နမ္မချီမော်ဘက်မှ မော်ဟန်ကျေးရွာဘက်သို့ လိုင်စင်မဲ့ယာဉ် (စုံစမ်းဆဲ) ကို ကျော်သက်ဦး (၃၂ နှစ်) ဟိုပင်မြို့နေ မောင်းနှင်ပြီး ယာဉ်ပေါ်တွင် ကြည်ရုံ (၃၂ နှစ်)၊ ဝေဦး (၃၀ နှစ်) နှင့် သက်အောင်ဝင်း (၂၅ နှစ်) ဟိုပင်မြို့နေသူတို့ လိုက်ပါလာသည့် ယာဉ်နောက်ခန်းကို ရှာဖွေရာ ကျောက်စိမ်း အရိုင်းတုံးဆိုက်စုံ စုစုပေါင်းအလေးချိန် ၂၂၉ ကီလိုဂရမ်ခန့် ရှာဖွေတွေ့ရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင် ကျောက်စိမ်းအရိုင်းတုံးများ သယ်ဆောင်လာသူ ကျော်သက်ဦး၊ ကြည်ရုံ၊ ဝေဦးနှင့် သက်အောင်ဝင်းတို့ကို မိုးညှင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။



**နီတိုး**

## သူနာပြုတက္ကသိုလ် (ရန်ကုန်) ရှိ တိုးချဲ့လေးထပ်စာသင်ဆောင်ပြိုကျပျက်စီးမှုအချို့ ဖြစ်ပွား



**ရန်ကုန် မေ ၁၇**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ် (၉) ရပ်ကွက် မင်းရဲကျော်စွာလမ်း သူနာပြုတက္ကသိုလ် (ရန်ကုန်) ရှိ တိုးချဲ့လေးထပ် စာသင်ဆောင်တွင် ယနေ့ မွန်းလွဲပိုင်းက ပြိုကျပျက်စီးမှု အချို့ဖြစ်ပွားခဲ့သည်။ (ဓာတ်ပုံ)

ဖြစ်စဉ်မှာ ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်ခန့်တွင် အဆိုပါ အဆောက်အအုံ၏ အပေါ်ဆုံးထပ် ရှေ့မျက်နှာစာရှိ လေထောင် (Parapet Wall) အလျား ပေ ၂၀၀ ခန့် ရုတ်တရက် ပြိုကျမှုကြောင့် ယင်းအဆောက်အအုံ ဒုတိယထပ်ရှိ လက်ရန်းဝရံတာ ပေ ၂၀ ခန့်နှင့် မြေညီထပ်ရှိ ဆင်ဝင်သွပ်မိုးများ ပျက်စီးမှု ဖြစ်ပေါ်ခဲ့သည်။

လမ်းမတော်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွန်းက "အထဲမှာတော့ ရုံးခန်းလေးတွေ ရှိတယ်။ ဒီနေ့ကရုံးပိတ်ရက်ဖြစ်တော့ လူထိခိုက်မှုမရှိပါဘူး။ အစောင့်တွေကတော့ သူတို့ရှိနေတဲ့ အခြားဘက်အခြမ်းကနေ ပြိုကျတဲ့အသံတွေ ကြားလို့ လွတ်တဲ့နေရာကို ထွက်ပြေးခဲ့ကြရတယ်လို့ သိရတယ်။ အဆောက်အအုံအရှေ့ပိုင်း နေရာအချို့နဲ့ ဆင်ဝင်အမိုးတွေတော့ ပျက်စီးသွားတယ်။ အခုလက်ရှိ အခြေအနေကတော့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ တာဝန်ရှိသူတွေနဲ့ သက်ဆိုင်ရာ ပညာရှင်တွေလာရောက် ကြည့်ရှုသွားတယ်" ဟု ပြောသည်။

အဆိုပါ ပြိုကျပျက်စီးမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ပြိုကျပျက်စီးမှုအပိုင်းအား ကနဦး စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ပြီ ဒုတိယအဆင့် အနေဖြင့်အဆောက်အအုံတစ်ခုလုံးကို နည်းပညာပိုင်းဖြင့် ပြန်လည်စစ်ဆေးသွားမည် ဖြစ်ကြောင်း၊ ပျက်စီးဆုံးရှုံးမှုနှင့် စပ်လျဉ်း၍ နည်းပညာပိုင်းပညာရှင်များ စစ်ဆေးပြီးမှသာ သိရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းအဆောက်အအုံကို ၂၀၁၁ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။

**သတင်းနှင့် ဓာတ်ပုံ- ဇော်ကြီး**

## တရားမဝင်ကုန်စည်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၇**

မေ ၁၆ ရက်က မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၁၆ စီး၊ သွင်းကုန် ၈၀၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၉၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

ရေပူနှင့် မရမ်းချောင် စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၆ ရက်က မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂ ဒသမ ၈ သန်းရှိသည့်အနက် Mitsubishi Fusoယာဉ် တစ်စီးပေါ်တွင် တရားမဝင် ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် PSIစလောင်းနှင့် ဆက်စပ်ပစ္စည်းများနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် တစ်စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၂ ဒသမ ၅၃၀ သန်းကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပိုးသတ်ဆေးဖျန်းခြင်းကြောင့် ကျန်းမာရေးထိခိုက်နိုင်သည့် အန္တရာယ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး သတိပေး




သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ မီးသတ်တပ်ဖွဲ့ဝင်များ လမ်းမပေါ် ပိုးသတ်ဆေးဖျန်းစဉ်။

**ဂျီနီဗာ မေ ၁၇**

နိုင်ငံအချို့တွင် လက်တွေ့လုပ်ဆောင်နေကြသည့် လမ်းများပေါ် ပိုးသတ်ဆေးဖျန်းခြင်းသည် ကိုဗစ်-၁၉ ပပျောက်သွားအောင် မနှိမ်နင်းနိုင်သည့်အပြင် ကျန်းမာရေးကိုပါထိခိုက်စေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက မေ ၁၆ ရက်တွင် သတိပေးလိုက်သည်။

ကပ်ရောဂါတုံ့ပြန်ဆောင်ရွက်မှု တစ်စိတ်တစ်ပိုင်းအနေဖြင့် မျက်နှာပြင်များကို သန့်ရှင်းရေးလုပ်ခြင်းနှင့် ပိုးသတ်ဆေးဖျန်းခြင်းတို့နှင့်ပတ်သက်သည့် ဖော်ပြချက်တစ်စောင်၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဆေးဖျန်းခြင်းသည် ဗိုင်းရပ်စ်နှိမ်နင်းရေးတွင် ထိရောက်မှုမရှိနိုင်ကြောင်း ဆိုထားသည်။

လမ်းများနှင့် ဈေးများကဲ့သို့ အဆောက်အအုံပြင်ပနေရာများတွင် ပိုးသတ်ဆေးဖျန်းခြင်းက ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကို သုတ်သင်နိုင်သည်ဟု ညွှန်ကြားထားခြင်းမရှိကြောင်း၊ အကြောင်းမှာ ပိုးသတ်ဆေးသည် ဖုန်မှုန့်အညစ်အကြေးများနှင့် အမှိုက်သရိုက် အပျက်အစီးများကြောင့် အာနိသင်ပျောက်ဆုံးသွားနိုင်သည့်အတွက်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ရှင်းပြထားသည်။

ထို့ပြင် လမ်းများနှင့် စကြံ်များကို ကိုဗစ်-၁၉ ကူးစက်ရောဂါသိုလှောင်ထားသည့် နေရာများအဖြစ် သတ်မှတ်ထားခြင်းမရှိသည့်အတွက် ယင်းနေရာများတွင် ပိုးသတ်ဆေးများဖျန်းခြင်းသည် ရောဂါပပျောက်အောင် မလုပ်ဆောင်နိုင်သည့်အပြင် လူ့ကျန်းမာရေးကိုပင် ထိခိုက်လာစေနိုင်သည့် အန္တရာယ်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတိပေးလိုက်သည်။

**အေအက်ဖ်ပီ**

## နိုင်ဂျီးရီးယားနိုင်ငံ၌ လာဆာအဖျားရောဂါကြောင့် သေဆုံးသူ ၄၁ ဦး အထိရှိ

**လာဂို့စ် မေ ၁၇**

နိုင်ဂျီးရီးယားနိုင်ငံ၌ ယခုနှစ်အစောပိုင်းမှစတင်ကာ ကူးစက်ဖြစ်ပွားခဲ့သည့် လာဆာအဖျားရောဂါကြောင့် နိုင်ငံအရှေ့မြောက်ပိုင်း ဘော်ချီဒေသတွင် သေဆုံးသူအရေအတွက် စုစုပေါင်း ၄၁ ဦးအထိရှိခဲ့ကြောင်း အာဏာပိုင်များက မေ ၁၆ ရက်တွင် ဖော်ပြခဲ့သည်။

ဒေသအတွင်း၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို စောစောသိရှိခဲ့ရခြင်းက လာဆာအဖျားရောဂါဖြစ်ပွားမှုထက်စာလျှင် ကုသမှုခံယူရန်နှင့် ပြန်လည်ကောင်းမွန်လာစေရန် အခွင့်အရေးပိုမိုရရှိခဲ့ကြောင်း ဘော်ချီဒေသအခြေခံကျန်းမာရေးစောင့်ရှောက်မှု ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ အမှုဆောင်ဥက္ကဋ္ဌ ရီလ်ဝါနူမိုဟာမက်က သတင်းထောက်များကို ပြောကြားခဲ့သည်။

ဒေသအစိုးရက ရောဂါကူးစက်မှုကို ကာကွယ်တားဆီးရန် ထိရောက်သည့် စီမံဆောင်ရွက်မှုများနှင့် ဆေးဖျန်းခြင်းလုပ်ငန်းစဉ်များကို ဝန်ထမ်းများအား သေချာစွာ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း ၎င်းကပြောသည်။

လာဆာအဖျားရောဂါသည် ကြွက်များထံမှ တံတွေး၊ ကျင်ငယ်နှင့် စွန့်ပစ်အညစ်အကြေးများကို လူများက ထိတွေ့ရာမှတစ်ဆင့် ကူးစက်ဖြစ်ပွားခြင်းဖြစ်ပြီး ငှက်ဖျားရောဂါဖြစ်သည့်အခါ ခံစားရသည့် ရောဂါလက္ခဏာနှင့်ဆင်တူကြောင်း သိရသည်။

**ဆင်ဟွာ**

## တရုတ်နိုင်ငံက နှာခေါင်းစည်း အခုရေ ၅၀ ဘီလီယံကျော်အထိ တင်ပို့ခဲ့

**ပေကျင်း မေ ၁၇**

တရုတ်နိုင်ငံသည် ပြီးခဲ့သည့် မတ်လ ၁ ရက်မှစတင်ကာ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်မှုကို တိုက်ဖျက်ရန်အတွက် နှာခေါင်းစည်း အခုရေ ၅၀ ဒသမ ၉ ဘီလီယံကို အကူအညီအဖြစ် ပေးပို့ခဲ့မှုအပါအဝင် ကပ်ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ အကူအညီအထောက်အပံ့ပစ္စည်းများ တင်ပို့ခဲ့ကြောင်း တရားဝင် ကိန်းဂဏန်း အချက်အလက်များအရ သိရသည်။



တရုတ်နိုင်ငံရှိ နှာခေါင်းစည်းစက်ရုံတစ်ရုံ၌ ဝန်ထမ်းတစ်ဦး အလုပ်လုပ်နေစဉ်။

တရုတ်နိုင်ငံက တင်ပို့ခဲ့သည့် ကပ်ရောဂါတိုက်ဖျက်ရေးပစ္စည်းများမှာ အကာအကွယ်ဝတ်စုံ ပေါင်း ၂၁၆ သန်း၊ အကာအကွယ်မျက်မှန် ၈၁ ဒသမ ၀၃ သန်း၊ သာမိုမီတာ အခုရေ ၂၆ ဒသမ ၄၃ သန်း၊ ခွဲစိတ်ခန်းသုံး လက်အိတ်အစုံရေပေါင်း ၁ ဒသမ ၀၄ ဘီလီယံ၊ ကိုဗစ်-၁၉ ဗိုင်းရပ်စ်စစ်ဆေးစမ်းသပ်သည့် စက်နှင့် အသက်ရှူအထောက်အကူပြုကိရိယာပေါင်း ၇၂၇၀၀ အထိရှိကြောင်း တရုတ်နိုင်ငံ အထွေထွေ အုပ်ချုပ်ရေးနှင့် အကောက်ခွန်ဌာနက မေ ၁၇ ရက်တွင် ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံသည် ကပ်ရောဂါကာကွယ်ရေးဆိုင်ရာ ပစ္စည်းကိရိယာများ တင်ပို့မှုတွင် အရည်အသွေးပိုင်းထိန်းချုပ်မှုများ ခိုင်မာအောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ပါကစ္စတန်၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၀၀၀၀ ကျော်အထိရှိလာ

**အစ္စလာမ္မာဘတ် မေ ၁၇**

ပါကစ္စတန်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက် ၄၀၁၅၁ ဦးအထိရှိလာပြီး သေဆုံးသူ အရေအတွက် ၈၇၃ ဦးအထိ ရှိလာကြောင်း ပါကစ္စတန်ကျန်းမာရေးဝန်ကြီးဌာနက မေ ၁၇ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ပြီးခဲ့သည့်တစ်ရက်အတွင်း ရောဂါထပ်မံကူးစက်ခံရ သူ ၁၃၅၂ ဦးရှိပြီး ၃၉ ဦးသေဆုံးခဲ့ကြောင်း သိရသည်။ ဆေးရုံများတွင် တက်ရောက်ကုသမှုခံယူနေသည့် လူနာပေါင်း ၂၇၉၃၇ ဦးရှိပြီး နေပြန်ကောင်းလာသူ ၁၁၃၄၁ ဦးရှိကာ ယင်းပမာဏသည် စုစုပေါင်းရောဂါကူးစက်ဖြစ်ပွားသည့် အရေအတွက်၏ ၂၈ ဒသမ ၂ ရာခိုင်နှုန်းဖြစ်သည်။

ပါကစ္စတန်နိုင်ငံတောင်ပိုင်းရှိ ဆင်းပြည်နယ်သည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို အဆိုးဆုံးခံစားရသည့် နေရာဖြစ်ပြီး ရောဂါကူးစက်ခံရသူ ၁၅၅၉၀ ရှိကာ နိုင်ငံ အရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်မှာ ကူးစက်ဖြစ်ပွားမှု ဒုတိယ အများဆုံးဖြစ်ပြီး ၁၄၅၈၄ ဦး အထိရှိကြောင်း သိရသည်။

နိုင်ငံအနောက်မြောက်ပိုင်း ခိုင်ဘာဘတ်ထွန်ခွာ ပြည်နယ်တွင် ရောဂါကူးစက်ဖြစ်ပွားသူ ၅၉၈၄၇ ဦးရှိပြီး ၃၀၅ ဦး သေဆုံးခဲ့သည်။ နိုင်ငံအနောက်တောင်ပိုင်း ဘာလိုချီစတန်ပြည်နယ်၌ လူပေါင်း၂၅၄၄ ဦးအထိ ကူးစက်ခံရပြီး မြို့တော်အစ္စလာမ္မာဘတ်၌ ကူးစက်ခံရသူ ၉၄၇ ဦးရှိကာ မြောက်ပိုင်းဂီဂျစ်ဘယ်လ်တီစတန်ဒေသ၌ ၅၂၇ ဦးအထိ ရောဂါကူးစက် ဖြစ်ပွားခဲ့သည်။

ပါကစ္စတန်အစိုးရက ဗိုင်းရပ်စ်ထိန်းချုပ်ရေးအတွက် တစ်နိုင်ငံလုံးအဝင်အထွက်ကန့်သတ်ပိတ်ဆို့မှုကို မေ ၉ ရက်တွင် စတင်ဖြေလျှော့ပေးခဲ့သည်။

ပြန်လည်ဖွင့်လှစ်လိုက်သည့် စက်ရုံများနှင့် ပါကစ္စတန် ပြည်သူများအနေဖြင့် ကပ်ရောဂါပျံ့နှံ့မှုကို ရှောင်ရှားနိုင်ရန် အစိုးရက ချမှတ်ထားသည့် စံသတ်မှတ်ချက်များနှင့် လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များကို တိကျစွာ လိုက်နာကြရန် တိုက်တွန်းထားကြောင်း သိရသည်။

**ဆင်ဟွာ**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၂၇၃ ဦးရှိ

**ဒါကာ မေ ၁၇**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ အရေအတွက်သည် မေ ၁၇ ရက်တွင် ၁၂၇၃ ဦးအထိရှိပြီး ရောဂါကူးစက်ဖြစ်ပွားမှု စတင်ခဲ့သည့် မတ် ၈ ရက်မှစတင်ကာ တစ်နေ့တာကူးစက်ဖြစ်ပွားမှုအများဆုံး အရေအတွက်ဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ် နိုင်ငံတစ်ဝန်း၌ ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသည့် အတည်ပြုလူနာ ၁၂၇၃ ဦးရှိပြီး သေဆုံးသူ ၁၄ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနအကြီးတန်းအရာရှိတစ်ဦးဖြစ်သည့် နာဆီမာ စူလ်တန်နာ က အွန်လိုင်းမီဒီယာတစ်ခုသို့ ပြောကြားခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ရောဂါကူးစက်ခံရသူအရေအတွက် ၂၂၂၆၈ ဦး အထိမြင့်တက်လာခဲ့ပြီဖြစ်ပြီး သေဆုံးသူ အရေအတွက် ၃၂၈ ဦးရှိကြောင်း ၎င်းကပြောသည်။

ပြီးခဲ့သည့် မေ ၁၅ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ တစ်ရက်အတွင်း ရောဂါကူးစက်မှု စံချိန်တင် အမြင့်ဆုံးအရေအတွက်မှာ ၁၂၀၂ ဦး ဖြစ်သည်။

နိုင်ငံတစ်ဝန်း၌ ပြီးခဲ့သည့် တစ်ရက်တာအတွင်း သံသယလူနာပေါင်း ၈၁၁၄ ဦး စမ်းသပ်စစ်ဆေးထားကြောင်း အာဏာပိုင်များက ပြောသည်။

ရောဂါကူးစက်ခံခဲ့ရပြီးနောက် ကျန်းမာရေးအခြေအနေပြန်လည်ကောင်းမွန်လာသည့် လူနာအရေအတွက်မှာ ၄၃၇၃ ဦးရှိပြီ ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်-၁၉ သံသယရှိ လူနာများအား ကန့်သတ်စောင့်ကြည့်မှုဆောင်ရွက်ရန် ပြင်ဆင်နေသည့် အလုပ်သမားတစ်ဦးကို တွေ့ရစဉ်။

# အီတလီနိုင်ငံ၌ လာမည့်သီတင်းပတ်အတွင်း စားသောက်ဆိုင်များ ပြန်လည်ဖွင့်ခွင့်ပေးမည်

**ရောမ မေ ၁၇**

အီတလီနိုင်ငံတွင် လာမည့်သီတင်းပတ်အတွင်း စားသောက်ဆိုင် လုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ခွင့်ပေးသွားမည်ဖြစ်ပြီး နောက်လအစောပိုင်းတွင် အီတလီနိုင်ငံသားများကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ ခရီးသွားရောက်ခွင့် ခွင့်ပြုသွားမည်ဟု သိရသည်။

ကိုဗစ်-၁၉ အကျပ်အတည်းမှ ရုန်းထွက်နိုင်ရေး အီတလီနိုင်ငံသားများကို နှစ်လကြာ ပိတ်ဆို့ကန့်သတ်မှုများ ပြုလုပ်ခဲ့ကြသည်။

အီတလီနိုင်ငံ၌ ကူးစက်ခံရမှုနှုန်း လျော့ကျလာပြီဟုဆုံးဖြတ်ပြီးနောက်ပိုင်း မေ ၄ ရက်မှစတင်ကာ နေအိမ်အတွင်း၌သာ နေထိုင်ရမည့်ကန့်သတ်ချက်နှင့် အခြားသောကန့်သတ်ချက်များကို တဖြည်းဖြည်းချင်း ဖြေလျှော့ပေးနေသည်။

မေ ၁၆ ရက်ကပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီက နောက်ထပ်ဖြေလျှော့မှုများကို ကြေညာခဲ့သည်။

ဇွန် ၃ ရက်မှ စတင်ကာ ဥရောပသမဂ္ဂနိုင်ငံများမှ ခရီးသွားများကို အီတလီနိုင်ငံအတွင်း လာရောက်ခွင့်ပြုမည်ဟု ၎င်းကကြေညာခဲ့သည်။



အီတလီနိုင်ငံမြောက်ပိုင်း လွန်ဘာ့ဒီဒေသရှိ ကိုမိုရေကန်အနီးဖွင့်လှစ်ထားသော ကော်ဖီဆိုင်တစ်ဆိုင်ကို တွေ့ရစဉ်။

အီတလီနိုင်ငံသည် ကူးစက်မှုတစ်ဖန်မြင့်တက်လာမည့်အရေးကို သတိထားမိကာ ဗိုင်းရပ်စ်ပျံ့နှံ့မှုများ၊ ကာကွယ်မှုများ လုပ်ဆောင်နေပြီး ယိမ်းယိုင်နေသည့် စီးပွားရေးကို ပြန်လည်တည့်မတ်ရန် ကြိုးပမ်းနေသည်ဟု ၎င်း ကဆက်လက်ပြောကြားခဲ့သည်။

စားသောက်ဆိုင်မှ စားဖိုမှူးများသည် အီတလီမြို့လယ်တွင် အသုဘအခမ်းအနား တက်ရောက်နေကြသည့်ဟန် တိတ်ဆိတ်ငြိမ်သက်စွာ ရပ်နေခဲ့ပြီး ကာလရှည်ကြာ ပိတ်ဆို့ကန့်သတ်မှုများကြောင့် ၎င်းတို့ မည်မျှအခက်တွေ့နေရကြောင်းကို လူအများ သိစေရန်ရည်ရွယ်ကာ လုပ်ဆောင်ခဲ့ကြသည်။

ယင်းဆန္ဒပြမှုကို ဦးဆောင်သူ စားသောက်ဆိုင် မန်နေဂျာတစ်ဦးကလည်း ၎င်းတို့သည် အစိုးရထံမှ အကူအညီများ ထပ်မံရရှိရေး တောင်းဆိုခဲ့ကြသည်။

ရန်ပုံငွေမရဘဲ စားသောက်ဆိုင်များ ပြန်ဖွင့်နိုင်မည်မဟုတ်သကဲ့သို့ ၎င်းတို့၏ အနာဂတ်မှာလည်း ဝေဝါးနေသည်ဟု ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# လော့စ်အိန်ဂျလိစ် ပေါက်ကွဲမှုတွင် မီးသတ်သမား ၁၁ ဦး ဒဏ်ရာရ




မီးလောင်ရာနေရာသို့ ရောက်ရှိလာသော မီးသတ်ယာဉ်များကို တွေ့ရစဉ်။

**လော့စ်အိန်ဂျလိစ် မေ ၁၇**

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့လယ်တွင် မေ ၁၆ ရက်မွန်းလွဲပိုင်းက ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ မီးသတ်သမား ၁၁ ဦး ဒဏ်ရာရရှိခဲ့သည်။

တစ်ထပ်တိုက်အဆောက်အအုံတွင် မီးလောင်မှုဖြစ်နေကြောင်း ညနေ ၆ နာရီခွဲတွင် လော့စ်အိန်ဂျလိစ်မီးသတ်ဌာနသို့ အကြောင်းကြားမှု ရောက်ရှိလာခဲ့သည်။

မီးသတ်သမားများ မီးလောင်ရာနေရာသို့ရောက်ရှိလာသည့်အခါ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ မည်သည့်အတွက်ကြောင့် ပေါက်ကွဲမှုဖြစ်ရသည်ကိုမူ မသိရသေးပေ။ မီးလောင်မှုကို ငြိမ်းသတ်နိုင်ရေး မီးသတ်သမား ၂၃၀ ကို အလှည့်ကျ တာဝန်ချထားခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။

နှစ်နာရီကြာပြီးနောက် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မြို့၏ ဂျပန်အသိုင်းအဝိုင်း အများဆုံးနေထိုင်သည့် နေရာတွင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်ဟု သိရသည်။

ယင်းနေရာတွင် ဂျပန်စီးပွားရေးလုပ်ငန်းများ၊ ဂျပန်စားသောက်ဆိုင်များရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ဗင်နီဇွဲလား၌ တစ်ရက်အတွင်း ကိုဗစ် -၁၉ ကူးစက်ခံရမှု အမြင့်ဆုံးဖြစ်လာ

**ကရာကတ်စ် မေ ၁၇**

ဗင်နီဇွဲလားနိုင်ငံတွင် ကိုဗစ်-၁၉ ဗိုင်းရပ်စ် စတင်တွေ့ရှိချိန်မှ စတင်ကာ တစ်ရက်တာအတွင်းကူးစက်မှုအမြင့်ဆုံး ဖြစ်လာခဲ့သည်။

တစ်ရက်အတွင်း ကူးစက်ခံရသူ ၄၅ ဦးတွေ့ရှိခဲ့ရသည့်အတွက် ဗင်နီဇွဲလားတွင် ကူးစက်ခံရသူ စုစုပေါင်း ၅၀၄ ဦးရှိပြီး ၁၀ ဦး သေဆုံးခဲ့သည်ဟု ဒုတိယသမ္မတ ဒယ်စီရို ဒရီဂွဇ်က ပြောသည်။

နိုင်ငံအတွင်း ပထမဆုံး ကူးစက်ခံရသူကို စတင်တွေ့ရှိပြီးနောက်ပိုင်း နေ့စဉ်ကူးစက်ခံရသူ စာရင်းမှာ အလွန်အကျွံမြင့်တက်ခဲ့ခြင်းမရှိပေ။

လူနာအနည်းငယ်စတင်တွေ့ရှိသည့်အချိန်ကတည်းက ဗင်နီဇွဲလားရှိ ဆေးရုံများသည် လူနာများအားလုံးကို လွှမ်းခြုံကုသမှုပေးနိုင်ရေး အခက်အခဲရှိသည်ဟု ဆေးရုံမှ ကျွမ်းကျင်သူများက ပြောသည်။

ဗင်နီဇွဲလားနိုင်ငံတွင် နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ အခက်အခဲများရှိနေပြီး ယင်းပဋိပက္ခများကြောင့် နိုင်ငံ၏ကျန်းမာရေး စနစ်ကို ယိုင်နဲ့သွားစေခဲ့သည်။

နိုင်ငံအတွင်း ပထမဆုံး ကူးစက်ခံရသူတွေ့ရှိပြီး နောက်ပိုင်း သမ္မတ နီကိုးလပ်စ်မာဒူရိုသည် နိုင်ငံတစ်ဝန်း ပိတ်ဆို့ကန့်သတ်မှုများကို ပြုလုပ်ခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ခံရမှုကို ထိန်းချုပ်နိုင်ရေး မျှော်လင့်ချက်ဖြင့် ယင်းပိတ်ဆို့ ကန့်သတ်မှုများကို ဇွန်လလယ်အထိသို့ ရက်တိုးမြှင့်ထားသည်။

မေ ၁၆ ရက်က တွေ့ရှိသူများတွင် နိုင်ငံရပ်ခြားမှ ဗင်နီဇွဲလားနိုင်ငံအတွင်းသို့ ပြန်လာသူ ၃၅ ဦးရှိပြီး အများစုမှာ ဘီရူးနိုင်ငံမှ ပြန်လာကြသူများ ဖြစ်ကြသည်။

**ပီတီအိုင်**

# တင်းကျပ်သော စည်းကမ်းများနှင့်အတူ ဂျာမနီဘောလုံးပွဲများ စတင်

ဘာလင် မေ ၁၇

**ဂျာမနီဘောလုံးသမားများသည် မေ ၁၆ ရက်က တင်းကျပ်သော စည်းကမ်းသစ်များနှင့်အတူ အားကစားကွင်းဆီသို့ တစ်ကျော့ ပြန်လည်ရောက်ရှိလာကြသည်။ မတ်လလယ်မှစတင်ကာ ရပ်ဆိုင်းထားရသည့် ဘောလုံးပြိုင်ပွဲများကို ပြန်လည်စတင်ခြင်းလည်း ဖြစ်သည်။**

အားကစားသမားများသည် ပွဲကြည့်ပရိသတ် မပါဘဲ ကျင်းပသည့် ပုံစံသစ်နှင့် လိုက်လျောညီထွေမှုရှိအောင် ကြိုးစားရမည်ဖြစ်သည်။

အားကစားသမားများသည် ဘောလုံးကွင်းအတွင်းသို့ ဝင်ရောက်သည့်အခါ ယခင်တုန်းကကဲ့သို့ အတူတကွ ဝင်ရောက်လာခြင်းမျိုး မရှိသကဲ့သို့ ပွဲမစမီပွေ့ဖက်ခြင်းနှင့် လက်ဆွဲနှုတ်ဆက်ခြင်းတို့လည်း မပြုလုပ်ခဲ့ကြပေ။

အရန်အားကစားသမားများသည်လည်း နှာခေါင်းစည်းများ ဝတ်ဆင်ကာ တစ်ဦးနှင့်တစ်ဦး အရန်ခုံတွင် ခပ်ခွာခွာ ထိုင်ကြရသည်။

ဘောလုံးသမားများ ဂိုးသွင်းနိုင်လျှင်လည်း တစ်ဦးနှင့်တစ်ဦးပွေ့ဖက်ကာ ဂုဏ်ပြုခြင်းမျိုးလည်း မလုပ်ကြပေ။

ဂျာမနီဘွန်ဒက်စ်လီဂါမှ အားကစားသမားများနှင့် ဝန်ထမ်းများသည် ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ နှစ်ကြိမ်စစ်ဆေးရမည်ဖြစ်ပြီး အားကစားပွဲမစတင်မီ တစ်ပတ်အလိုနှင့် ပွဲမစမီတစ်ရက်အလိုတွင် စစ်ဆေးမှုခံယူရမည်ဖြစ်သည်။ ထိတွေ့မှုများကို လျှော့ချနိုင်ရေးအတွက် အားကစားရုံကိုလည်း ဇုန်သုံးဇုန် ခွဲခြားသတ်မှတ်ထားသည်။

အင်္ဂလန်မှ ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲကိုလည်း ဇွန်လတွင် ပြန်စတင်လိုသည်ဟု ပြောကြားထားပြီး အီတလီစီးရီးအေမှာလည်း ဇွန်လအတွင်း၌ပင် ပြန်လည်စတင်လိုသည်ဟု ပြောကြားထားသည်။

စပိန်လာလီဂါသည်လည်း ဇွန်လလယ်တွင် ပြန်လည်စတင်နိုင်ရေး ကြိုးပမ်းနေသည်ဟု ဒေသတွင်းမီဒီယာများတွင် ဖော်ပြထားသည်။ ပြင်သစ်၊ နယ်သာလန်နှင့် ဘယ်လ်ဂျီယံ နိုင်ငံတို့သည် ယခုနှစ်ဘောလုံးရာသီကို ပိတ်ထားရန် ဆုံးဖြတ်ထားသည်။ **အင်န်အိတ်ချ်ကေ**



မေ ၁၆ ရက်က ပြန်လည်ကျင်းပသည့် ဂျာမနီဘွန်ဒက်စ်လီဂါပွဲစဉ် (၂၆) ကို တွေ့ရစဉ်။

# နိုင်ငံတကာ သတင်းတိုထွာ

## တိုကျို၌ စီးပွားရေးလုပ်ငန်းများ ပြန်စတင်ရန် စံနှုန်းများ သတ်မှတ်သွားမည်

**တိုကျို မေ ၁၇**

ဂျပန်နိုင်ငံ၏ မြို့တော်တွင် အရေးပေါ် အခြေအနေ ရုပ်သိမ်းပြီးနောက် စီးပွားရေးလုပ်ငန်းများ ပြန်စတင်ရန် ကန့်သတ်ချက်များ ဖြေလျှော့ပေးနိုင်ရေး စံညွှန်းသတ်မှတ်ချက်များ ချမှတ်မည်ဖြစ်ကြောင်း တိုကျိုမြို့ အုပ်ချုပ်ရေးမှူး ခိုအိကဲ ယူရီကိုက ကြေညာလိုက်သည်။ စံနှုန်းသတ်မှတ်ချက် သုံးချက်နှင့် ပြည့်မီခဲ့လျှင် ကန့်သတ်ချက်များကိုလည်း ဖြေလျှော့ပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ စံနှုန်းသတ်မှတ်ချက် သုံးခုမှာ ၁။ သီတင်းပတ်တိုင်းပျမ်းမျှ အားဖြင့် တစ်ရက်လျှင် ရောဂါထပ်မံကူးစက်ခံရသူ ၂၀ အောက်အထိကျဆင်းရန်၊ ၂။ ကူးစက်မှုလမ်းကြောင်း အသေအချာမသိရသည့် ရောဂါကူးစက်မှုနှုန်းသည် ၅၀ ရာခိုင်နှုန်း အောက်ရောက်ရန်၊ ၃။ သီတင်းတစ်ပတ်၏ ရောဂါကူးစက်မှုအသစ် အရေအတွက်သည် ယခင်သီတင်းပတ်ထက်နည်းရန် တို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ စံညွှန်းသုံးချက်နှင့် ကိုက်ညီမည်ဆိုပါက ကျွမ်းကျင်သူများ၏အမြင်များအပြင် တခြားစံညွှန်းတွေကိုပါ ထည့်သွင်းစဉ်းစားပြီး ပြည့်စုံသည့် အကဲဖြတ်ချက်တွေ ပြုလုပ်သွားမည်ဖြစ်သည်။

နေအိမ်တွင်းနေထိုင်ရန် ကန့်သတ်ချက်နှင့် စီးပွားရေးလုပ်ငန်းတွေ ရပ်တန့်ထားရန် တောင်းဆိုထားသည်များကိုလည်း ဖြေလျှော့ပေးသွားမည်ဖြစ်ကြောင်း မြို့တော်အုပ်ချုပ်ရေးမှူးကပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

## အီရတ်နှင့် ကာကွယ်ရေးဆိုင်ရာ ဆက်ဆံရေးတိုးမြှင့်ရန် အီရန်တိုက်တွန်း

**တီဟီရန် မေ ၁၇**

ဒေသတွင်း လုံခြုံရေးအတွက် အီရတ်အစိုးရသစ်နှင့် မဟာဗျူဟာမြောက် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်ရေး ပြုလုပ်ရန် အီရန်ကာကွယ်ရေးဝန်ကြီးဌာနက မေ ၁၇ ရက်တွင် တောင်းဆိုခဲ့သည်ဟု တက်စ်နင်သတင်းဌာနတွင် ဖော်ပြခဲ့သည်။

အီရန်ကာကွယ်ရေး ဝန်ကြီး အာမီယာဟာတမီက အီရတ်ကာကွယ်ရေးဝန်ကြီး ဂျူမားအာနတ်ဆာဒွန်နှင့် အင်တာနက်မှတစ်ဆင့် ဆွေးနွေးမှုပြုလုပ်စဉ် ယခုလို တိုက်တွန်းခဲ့ခြင်း ဖြစ်သည်။

မဟာဗျူဟာမြောက် မိတ်ဖက်ဖြစ်လာရေးနှင့် အောင်မြင်သည့် ပူးပေါင်း ဆောင်ရွက်မှုဖြစ်လာစေရေး ရှာဖွေနေသည်ဟု ဟာတမီက ပြောသည်။

**ဆင်ဟွာ**

# ကိုဗစ်- ၁၉အခြေအနေနဲ့ ကာကွယ်ဆေးဖော်ထုတ်ဖို့ အပြိုင်အဆိုင်ကြိုးစားနေတဲ့ ကမ္ဘာ့နိုင်ငံများ

◇◇◇◇◇◇ *ထွန်းသစ်စ* ◇◇◇◇◇◇

ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးဖော်ထုတ်ဖို့ ဥရောပအင်အားကြီးခေါင်းဆောင်တွေအပြင် ဂျပန်နိုင်ငံ၊ ကနေဒါနိုင်ငံတို့ကလည်း အများအပြားထည့်ဝင်မှုတွေ ပြုလုပ်မယ်လို့ ကတိပြုထားသလို ဘီလ်နဲ့ မယ်လင်ဒါဂိတ်တို့ကလည်း အားကျမခံထည့်ဝင်လှူဒါန်းကြမှာဖြစ်ပါတယ်။ ဒါဟာ ကမ္ဘာကြီးရဲ့ စုပေါင်းညီညွတ်မှုပဲဖြစ်ပါတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တက်ဒရော့စ် အက်ဒါနွမ်ဂီဘရီယက်စ်ဆုစ်က ပြောပါတယ်။



ကိုဗစ် -၁၉ ကာကွယ်ဆေးဖော်ထုတ်နိုင်ရန် အမေရိကန်ပြည်ထောင်စု မာရီလန်းဒ်ရှိ ဓာတ်ခွဲခန်းတစ်ခုတွင် စမ်းသပ်လုပ်ဆောင်နေသော ဆရာဝန်များကို တွေ့ရစဉ်။

## ဗိုင်းရပ်စ်မြစ်ဖျားခံမှုနဲ့အတူ ဒီနှစ်ကုန် ကာကွယ်ဆေးရမယ်

ထို့အတူ အမေရိကန်ကလည်း ကိုဗစ် -၁၉ ကာကွယ်ဆေးဖော်ထုတ်တဲ့နေရာမှာ ဦးဆောင်အခန်းကဏ္ဍကပါဝင်မယ်လို့ ကြေညာလိုက်သလို ကာကွယ်ဆေးဖော်ဖို့ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကို အသုံးပြုပြီး အမေရိကန်ဆေးကုမ္ပဏီတွေနဲ့အတူ ကြိုးစားမယ်လို့ဆိုထားပါတယ်။ မကြာသေးမီကလည်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ ဒီနှစ်ကုန်မှာ ကိုဗစ် -၁၉ ကာကွယ်ဆေးရရှိနိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားလိုက်ပါတယ်။

ကိုဗစ် -၁၉ ရောဂါဟာ လွန်ခဲ့တဲ့နှစ်နှောင်းပိုင်း ဒီဇင်ဘာလမှာ တရုတ်နိုင်ငံကုန်းတွင်းပိုင်း မြို့တစ်မြို့ဖြစ်တဲ့ ဝူဟန်က စတင်မြစ်ဖျားခံလာခဲ့ပါတယ်။ အခုဆိုရင် ဝူဟန်ကနေ စလာတဲ့ ကိုဗစ် -၁၉ဟာ ကမ္ဘာ့နိုင်ငံတွေ အားလုံးနီးပါး အလျင်အမြန်ကူးစက် ပျံ့နှံ့လာခဲ့ပြီး အခုဆိုရင် ကိုဗစ် -၁၉ ကူးစက်ခံရသူပေါင်းဟာ ၄၇၃၃၃၄၉ ဦးထက် ကျော်လာခဲ့ပြီဖြစ်သလို ကိုဗစ် -၁၉ ကြောင့် သေဆုံးသူဦးရေဟာလည်း ၃၁၃၃၈၄ ဦးအထိ ရောက်ရှိလာခဲ့ပါပြီ။ ထို့အတူ ကိုဗစ် -၁၉ ဟာ ကမ္ဘာ့စီးပွားရေးကိုလည်း ပျက်သုဉ်းစေခဲ့သလို ကမ္ဘာ့လူဦးရေ ထက်ဝက်ကျော်လောက်လည်း အသွားအလာကန့်သတ်မှု တစ်မျိုးမျိုးနဲ့ နေထိုင်နေရပါတယ်။

## ကိုဗစ်ခံစား နိုင်ငံများ

လတ်တလော ကိုဗစ် -၁၉ အဆိုးရွားဆုံး ခံစားခဲ့ရတဲ့ နိုင်ငံစာရင်းမှာ အမေရိကန်ဟာ ထိပ်ဆုံးမှ ရပ်တည်လျက်ရှိကာ ကိုဗစ် -၁၉ အတည်ပြုလူနာပေါင်း ၁၄၈၇၀၇၆ ဦးရှိပြီး သေဆုံးသူအရေအတွက်ဟာလည်း ၈၈၆၀၃ ဦး ကျော်လာပါပြီ။ ထို့အတူ စပိန်နိုင်ငံဟာလည်း အမေရိကန်ပြီးရင် ကိုဗစ် -၁၉ ကို အဆိုးရွားဆုံးခံစားခဲ့ရတဲ့ နိုင်ငံစာရင်းမှာ ပါဝင်လာပါတယ်။ ကိုဗစ် -၁၉ ကို တတိယအဆိုးဆုံး ခံစားခဲ့ရတဲ့နိုင်ငံကတော့ ရုရှားနိုင်ငံ ဖြစ်လာပါတယ်။ ထို့နောက်တွင်တော့ ဗြိတိန်၊ အီတလီ၊ ဘရာဇီး၊ ပြင်သစ်၊ ဂျာမနီ၊ တူရကီနဲ့ အီရန်နိုင်ငံတို့လည်း ကိုဗစ် -၁၉ ခံစားခဲ့ရတဲ့ တန်းစီနိုင်ငံဇယားမှာ အစဉ်လိုက်ပါဝင်လာကြတာပဲ ဖြစ်ပါတယ်။

အာဆီယံနိုင်ငံတွေထဲမှာ အင်ဒိုနီးရှားနိုင်ငံဟာ အဆိုးဆုံးခံစားခဲ့ရတဲ့ နိုင်ငံဖြစ်ပြီး အတည်ပြုလူနာ ၁၇၀၂၅ ဦးနဲ့ သေဆုံးသူ ၁၀၈၉ ဦးအထိရှိပါတယ်။ အာဆီယံနိုင်ငံတွေထဲမှာတော့ အင်ဒိုနီးရှားနိုင်ငံက ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပမာဏအများဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့ပါတယ်။ စင်ကာပူနိုင်ငံဟာ ကိုဗစ်-၁၉ ကူးစက်မှုအမြင့်ဆုံးနိုင်ငံဖြစ်ပြီး စုစုပေါင်း ကူးစက်အတည်ပြုလူနာ ၂၇၃၅၆ ဦးနဲ့ သေဆုံးသူ ၂၂ ဦးရှိလာခဲ့ပါတယ်။ ထို့နောက် ဖိလစ်ပိုင်၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ မြန်မာ၊ ဘရူနိုင်း၊ ကမ္ဘောဒီးယားနဲ့ လာအိုနိုင်ငံတို့ အစဉ်လိုက် ကိုဗစ်-၁၉ ကူးစက်မှုကို ခံစားခဲ့ရပါတယ်။

## သက်ဝင်လှုပ်ရှားလာတဲ့ ကမ္ဘာ့နိုင်ငံများ

ကိုဗစ်-၁၉ ခံစားခဲ့ရသော်လည်း အခုဆိုရင် ကမ္ဘာ့နိုင်ငံတွေဟာ ပြန်လည်နိုးထသက်ဝင်လှုပ်ရှားနေကြပြီ ဖြစ်ပါတယ်။

ဥရောပမှာ အားတက်စရာတိုးတက်မှုလက္ခဏာများတွေ့ရသလို အီတလီ၊ စပိန်၊ ပြင်သစ်နဲ့ ဗြိတိန်နိုင်ငံတို့မှာ ကိုဗစ် -၁၉ နေ့စဉ်သေဆုံးမှုနှုန်း ကျဆင်းလာသလို ကူးစက်မှုနှုန်းလည်း နှေးကွေးလာပါတယ်။ နိုင်ငံများစွာမှာ အသွားအလာလှုပ်ရှားမှုတွေကို လျှော့ချဖို့နဲ့ နိုင်ငံစီးပွားရေးအပေါ် ဖိအားသက်ရောက်မှုတွေကို လျှော့ချဖို့ နည်းလမ်းတွေကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြပါတယ်။ ကိုဗစ် -၁၉ ရိုက်ခတ်မှုဒဏ်ကို ခံစားနေရတဲ့ စပိန်နိုင်ငံမှာ နိုင်ငံလုံးဆိုင်ရာ အလုံပိတ်ကန့်သတ်မှုတွေကို ထပ်မံတိုးချဲ့လိုက်သော်လည်း ကလေးတွေအပြင်ထွက်ခွင့် ကန့်သတ်ချက်ကိုတော့ ဖြေလျှော့ပေးထားပါတယ်။ ကိုဗစ် -၁၉ ကူးစက်မှုဟာ စပိန်နိုင်ငံမှာ တဖြည်းဖြည်း နှေးကွေးလာခဲ့ပါတယ်။ ပြင်သစ်နိုင်ငံမှာ ကိုဗစ် -၁၉ ကြောင့် သေဆုံးနှုန်းတွေ၊ ဆေးရုံတက်ရောက်ကုသမှုနှုန်းတွေ ကျဆင်းလာပါတယ်။

ဆွစ်ဇာလန်၊ ဒိန်းမတ်နဲ့ ဖင်လန်နိုင်ငံတို့မှာ ဈေးဆိုင်တွေနဲ့ စာသင်ကျောင်းတွေကို ပြန်လည်ဖွင့်လှစ်နေကြပါပြီ။ ဂျာမနီနိုင်ငံမှာ လည်း ကိုဗစ် -၁၉ ကို ထိန်းချုပ်နိုင်ပြီလို့ကြေညာလိုက်ပြီးတဲ့နောက်မှာ တချို့ဈေးဆိုင်တွေကို ဧပြီ ၂၀ ရက်မှာ ပြန်ဖွင့်ခွင့်ပြုလိုက်ပါပြီ။ တစ်ချိန်က ဥရောပရဲ့ ကိုဗစ် -၁၉ ဒဏ်ကို အဆိုးဆုံး ခံစားခဲ့ရတဲ့ အီတလီနိုင်ငံမှာလည်း ကန့်သတ်ချက်တွေကို ဖြေလျှော့ဖို့ စဉ်းစားနေပြီဖြစ်ပါတယ်။ အရှေ့အလယ်ပိုင်းရဲ့ ကိုဗစ် -၁၉ ကူးစက်ပြန့်ပွားမှုဒဏ်ကို အဆိုးရွားဆုံး ခံစားခဲ့ရတဲ့ အီရန်နိုင်ငံမှာလည်း တကယ့်ကို ဆုံးရှုံးမှုနဲ့ ရင်ဆိုင်နေရတဲ့ အရေးကြီးစီးပွားရေးလုပ်ငန်းတွေကို စနေနေ့က ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့ပါတယ်။

ဘရာဇီးနိုင်ငံဟာ လက်တင်အမေရိကမှာ ကိုဗစ် -၁၉ ကူးစက်ခံရမှု အများဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့ပါတယ်။ မေ ၁၇ ရက် ဝေါ်ဒိုမီတာရဲ့ စာရင်းတွေအရ ဘရာဇီးနိုင်ငံမှာ ရောဂါကူးစက်ခံရသူပေါင်း ၂၃၃၅၁၁ ကျော်လွန်ခဲ့သလို သေဆုံးသူပေါင်းဟာလည်း ၁၅၆၆၂ ဦး ရှိပြီလို့ သိရပါတယ်။

## ပြန်လည်အခြေအနေကောင်း

ပြင်သစ်နိုင်ငံမှာ သီတင်းပတ်ရှစ်ပတ်နီးပါးမှာ ပထမဆုံးအကြိမ်အဖြစ် ခွင့်ပြုမိန့်စောင့်ဆိုင်းစရာမလိုဘဲ အိမ်ပြင်ထွက်လို့ရနေပြီဖြစ်ပါတယ်။ ဆရာတွေလည်း လုပ်ငန်းခွင်ပြန်လည် ဝင်ရောက်နေပြီဖြစ်သလို ဆိုင်တွေလည်း ပြန်လည်ဖွင့်လှစ်နေပြီ ဖြစ်ပါတယ်။

စပိန်လူမျိုးတွေဟာ အပြင်ဘက်ဘားတွေနဲ့ စားသောက်ဆိုင်တွေမှာ သူငယ်ချင်းတွေ မိသားစုဝင်တွေနဲ့ တွေ့ဆုံဖို့ အစီအစဉ်တွေ တောင်လုပ်နေကြပါတယ်။ သို့သော်လည်း ကိုဗစ် -၁၉ ကူးစက်မှု ဗဟိုချက်နေရာ ဖြစ်တဲ့ မက်ဒရစ်နဲ့ ဘာစီလိုနာမှာတော့ ကန့်သတ်ချက်တွေ ဆက်ရှိနေဆဲ ဖြစ်ပါတယ်။

ဥရောပနိုင်ငံတွေကြားမှာတော့ ဘယ်လ်ဂျီယံနဲ့ ဂရိမှာ အသွားအလာကန့်သတ်မှုတွေကို မေ ၁၁ ရက်က ဖြေလျှော့ပေးလိုက်ပြီ ဖြစ်ပါတယ်။ ဒါဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကပ်ရောဂါအဖြစ်ကြေညာပြီး နှစ်လကြာပြီးနောက်မှာ ဖြစ်ပါတယ်။

မျှော်လင့်ချက်ရောင်ခြည်ဖျော့တော့တော့နဲ့ အမေရိကန်နိုင်ငံကလည်း ပြန်လည်နိုးထလာပါပြီ။ အမေရိကန်ပြည်ထောင်စုဟာ တခြားဘယ်နိုင်ငံနဲ့မှ မတူဘဲ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရနှုန်း အမြင့်ဆုံး ဖြစ်လာပါတယ်။ သို့သော်လည်း အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တော်ဝန် ကူမိုကတော့ မိမိတို့အနေနဲ့အမြင့်ဆုံးအရေအတွက်ကို ကျော်လွန်ခဲ့ပါပြီ၊ အခုဆိုရင် တဖြည်းဖြည်းပြန်လည်အခြေအနေကောင်းလာတော့မှာ ဖြစ်ပါတယ်လို့ ပြောကြားလိုက်ပါတယ်။

## ပျော်ရွှင်ကြမယ်

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ ကိုဗစ် -၁၉ အကျပ်အတည်းမှ ပြန်လည်လွတ်မြောက်ဖို့အတွက် ကယ်ဆယ်ရေး အစီအစဉ် လေးခုကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ ယခုထပ်မံပြီး ဒီမိုကရက်တွေအဆိုပြုထားတဲ့ ကယ်ဆယ်ရေး အစီအစဉ်တစ်ခုကိုတော့ သုံးသပ်နေဆဲဖြစ်ပါတယ်။ အခုဆိုရင် ကိုဗစ် -၁၉ ဟာ အိမ်ဖြူတော်အဝန်းအဝိုင်းအထိပါ ရောက်ရှိလို့လာခဲ့ပြီ ဖြစ်ပါတယ်။

ဗြိတိန်နိုင်ငံမှာလည်း ကိုဗစ် -၁၉ ကူးစက်မှုမှ ပြန်လည်နိုးထလာခဲ့သူ ဝန်ကြီးချုပ်ဘောရစ်ဂျွန်ဆင် အစိုးရဟာ ကိုဗစ် -၁၉ ဆိုင်ရာ ကျန်းမာရေး အကျပ်အတည်းအပေါ် အစောပိုင်းတုံ့ပြန်မှုနဲ့သာမက အကာအကွယ်ပစ္စည်းကိရိယာတွေ အလုံအလောက်မရှိမှုနဲ့ ပတ်သက်ပြီး ဝေဖန်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ အခုဆိုရင် ဗြိတိန်မှာ တခြားနိုင်ငံတွေက ဝင်ရောက်လာသူတွေကို ကိုဗစ် -၁၉ နဲ့ ပတ်သက်ပြီး ကန့်သတ်စောင့်ကြည့်မှုတွေ ပြုလုပ်နေပါတယ်။

ကမ္ဘာ့နိုင်ငံတွေဟာ ကိုဗစ် -၁၉ ကပ်ဆိုးမှ နိုးထဖို့ ကြိုးစားဆောင်ရွက်မှုတွေ၊ ကန့်သတ်ဖြေလျှော့မှုတွေ၊ စီးပွားရေး နာလန်ထူအောင်လုပ်ဆောင်မှုတွေ လုပ်ဆောင်နေသလို တစ်ချိန်တည်းမှာပဲ ကိုဗစ် -၁၉ နဲ့ ပတ်သက်ပြီး ကာကွယ်ဆေးတွေလည်း ဖော်ထုတ်ဖို့ လုပ်ဆောင်နေကြပြီဖြစ်ပါတယ်။

ကာကွယ်ဆေးဖော်ထုတ်ဖို့ ၁၂ လနဲ့ ၁၈ လကြာ ကြာမြင့်နိုင်တယ်လို့ ကျွမ်းကျင်သူတွေက သုံးသပ်ထားသော်လည်း အမေရိကန်သမ္မတကြီးကတော့ ဒီနှစ်ကုန်ရင် ရရှိမယ်လို့ပြောကြားတဲ့အပေါ် ဝမ်းမြောက်မိပါတယ်။ ကာကွယ်ဆေးရရှိမယ်ဆိုပါက ကမ္ဘာ့နိုင်ငံသူ နိုင်ငံသားတွေလည်း ကိုဗစ် -၁၉ ကို စိုးရိမ်ထိတ် လန့်နေစရာမလိုတော့ဘဲ ပျော်ရွှင်ကြမယ်ဆိုတာ စိတ်မှန်းနဲ့တင် သိနိုင်ပါတယ်။ ။**ကိုးကား-အေအက်ဖ်ပီ**

**“ကမ္ဘာ့နိုင်ငံတွေဟာ ကိုဗစ် -၁၉ ကပ်ဆိုးမှ နိုးထဖို့ ကြိုးစားဆောင်ရွက်မှုတွေ၊ ကန့်သတ်ဖြေလျှော့မှုတွေ၊ စီးပွားရေး နာလန်ထူအောင် လုပ်ဆောင်မှုတွေ လုပ်ဆောင်နေသလို တစ်ချိန်တည်းမှာပဲ ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး ကာကွယ်ဆေးတွေလည်း ဖော်ထုတ်ဖို့ လုပ်ဆောင်နေကြပြီဖြစ်ပါတယ်”**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၇-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ ယနေ့ (၁၇-၅-၂၀၂၀) ရက်နေ့အတွက် ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၂၀၀) ခုနှင့် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ ပထမအသုတ်စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၈၆) ခု၊ စုစုပေါင်း (၃၈၆) ခုတွင် –

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂) ဦးတွေ့ရှိရပါသည်။

၂။ သို့ဖြစ်ပါ၍ (၁၇-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာ (၁၈၄) ဦးရှိပြီဖြစ်ပါသည်။

၃။ (၁၇-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ် ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၂) ဦး (Case-146 နှင့် အမှတ် ၂ တပ်မတော်ဆေးရုံကြီး၊ ခုတင် ၁၀၀၀ မှ Case-156) ရှိခဲ့သဖြင့် စုစုပေါင်း (၉၇) ဦးရှိပြီး ၎င်းတို့အနက် (၈၄) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွား အလာကန့်သတ်၍ ဆက်လက်စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၆-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၇-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၇၆) ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁၇-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၁၇-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၀၀) ခု |
| (၁၇-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ပထအသုတ်ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၂) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁၇-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၂) ဦး | (၁၈၄) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၂) ဦး | (၉၇) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

COVID-19ရောဂါအတွက်ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ

(၁၇-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့် လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ယခု ဆေးကုသမှု ခံယူလျက်ရှိသည့် ဆေးရုံ ခံယူစေမည့် | COVID-19 ပိုးတွေ့ရှိ/ မတွေ့ရှိ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 183 | ၅၇ နှစ် | ကျား | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီအထူးကု ဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ |
| 184 | ၄၁ နှစ် | ကျား | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (မလေးရှား) | ဝေဘာဂီအထူးကု ဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |

## နေပြည်တော်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း ကိုဗစ်-၁၉ရောဂါဖြင့် ကုသမှုခံယူနေသော စစ်သည်အား နှစ်ကြိမ်ဆက်တိုက် စစ်ဆေးခဲ့ရာ ရောဂါပိုးတွေ့ရှိရမှု မရှိ

နေပြည်တော် မေ ၁၇

နေပြည်တော်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော စစ်သည်တစ်ဦးတွင် ဓာတ်ခွဲအတည်ပြုချက်အရ ကိုဗစ် – ၁၉ ရောဂါပိုးတွေ့ရှိခဲ့ရကြောင်းနှင့် ၎င်းစစ်သည်ကို တပ်မတော်မှ ကြိုတင်စီစဉ်ထားသည့် ကိုဗစ် –၁၉ ရောဂါ အထူးကုသရန် သတ်မှတ်ထားသော ဆေးရုံ၌ ကုသမှုခံယူစေလျက်ရှိကြောင်း မေ ၄ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

၎င်းစစ်သည်ကို လိုအပ်သည့်ကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီး ကိုဗစ် – ၁၉ ရောဂါကုသမှု လုပ်ငန်းလမ်းညွှန်ချက်များအတိုင်း ရောဂါပိုးတွေ့ရှိရသော အတည်ပြုကာလရက်မှ ၁၁ ရက် ပြည့်မြောက်ခဲ့သော မေ ၁၅ ရက်နှင့် ၁၃ ရက် ပြည့်မြောက်ခဲ့သော ယနေ့ (မေ ၁၇ ရက်) တို့တွင် ၎င်းစစ်သည်၏ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်တို့အားရယူ၍ နှစ်ကြိမ်ဆက်တိုက် ဓာတ်ခွဲစစ်ဆေးခဲ့ရာ ကိုဗစ် – ၁၉ ရောဂါပိုး မတွေ့ရှိ (မတွေ့ရှိ)ခဲ့ကြောင်း၊ ၎င်းစစ်သည်ကို ရောဂါကုသမှုလုပ်ငန်း လမ်းညွှန်ချက်များအတိုင်း သတ်မှတ်ထားသော ဆေးရုံတွင် မေ ၁၈ ရက်မှစ၍ Hospital Quarantine ၁၄ ရက် ထပ်မံထားရှိ၍ စောင့်ကြည့်ကုသမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

## စည်းကမ်းလိုက်နာ ဘေးရန်ကွာ

❖ ကိုရိုနာဗိုင်းရပ်စ် မပြန့်ပွားမီ
ကြိုတင်ကာကွယ်မည်၊
လူတိုင်းကိုယ်စီ တာဝန်ရှိ
ကျန်းမာရေးအသိ။
❖ ထိတွေ့မှုတိုင်း သတိထားရာ
မကြာခဏ လက်ဆေးပါ၊
ချောင်းဆိုးနှာချေကာကွယ်ပြု
ဖုံးအုပ်လုံခြုံမှု။
❖ အသုံးပြုပြီးတစ်ရှူးကို
စနစ်တကျစွန့်ပစ်လို၊
လက်ကိုပြန်လည် စင်အောင်ဆေး
တစ်ကိုယ်ရေ သန့်ရှင်းရေး။
❖ လူစုလူဝေး နေရာရှောင်
ကူးစက်မှု မရှိအောင်၊
အတုအယောင် သတင်းမှား
ရှောင်ရှားကြစေသား။
❖ ကိုယ်ခံအားလည်း ပြည့်ဝစေ
အိပ်စက်အနားယူလေ၊
ကျန်းမာစေအောင် စားသောက်ကြ
ပြည့်ဝအာဟာရ။
❖ မိမိကစ ကာကွယ်ပါ
ကူးစက် ကပ်ရောဂါ၊
စည်းကမ်းလိုက်နာ ကျန်းမာကြောင်း
နှီးဆော်သံခေါင်းလောင်း။ ။

အောင်မြင့်စိုး(ရေစကြို)

## မြန်မာ-တရုတ် ချစ်ကြည်ရေး မူဆယ်ရုံးခွဲနှင့် ကြက်ခြေနီအဖွဲ့ပူးပေါင်းပြီး ကိုဗစ်-၁၉ရောဂါနှင့် တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ဆေးများ ပက်ဖျန်း

မူဆယ် မေ ၁၇

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့နယ်တွင် မေ ၁၇ ရက်က မြန်မာ-တရုတ်ချစ်ကြည်ရေး မူဆယ်ရုံးခွဲနှင့် (၁၀၅) မိုင်ကြက်ခြေနီအဖွဲ့ပူးပေါင်းပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ဆေးများ ပက်ဖျန်းသည်။

မြန်မာ-တရုတ်ချစ်ကြည်ရေးမူဆယ်ရုံးခွဲ နာယက ဒေါ်စစ်စိန်၊ ဥက္ကဋ္ဌ ဦးရှင်ဖူးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးအဖွဲ့နှင့် မူဆယ်မြို့နယ်(၁၀၅)မိုင် ကြက်ခြေနီ အသင်းခွဲ(ငယ်)မှ တပ်ခွဲမှူး ဦးသန့်ဇင် ဦးဆောင်သည့် ကြက်ခြေနီ စေတနာ့လုပ်အားရှင်များ ပူးပေါင်းပြီး မူဆယ်မြို့နယ် မိုင်းယုကျေးရွာအုပ်စုအတွင်းရှိ အထက်နမ့်ဟွယ်၊ ကျေးရွာ၊ ဘုန်းကြီးကျောင်း၊ မေတ္တာစံအိမ်မိဘမဲ့ဂေဟာနှင့် လူစည်ကားသည့်နေရာများ၊ ချုံနွယ်ထူထပ်သည့် နေရာ၊ ရေမြောင်းပုပ်၊ ချိုင့်ခွက် စသည့်နေရာများတွင် ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်စေရန်နှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရန် ပိုးသတ်ဆေးဖျန်းပေးခဲ့သည်။

"အခုလို ပိုးသတ်ဆေးဖျန်းတယ်ဆိုတာ လတ်တလောဖြစ်ပွားနေတဲ့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက်။ ပြီးတော့ ဒီအချိန်ဒီရာသီက မိုးဦးကာလဆိုတော့ သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ခြင်ကြောင့်ဖြစ်တဲ့ရောဂါ စတဲ့အကြောင်းအမျိုးမျိုးကြောင့်ဖြစ်တဲ့ရောဂါတွေကို ကြိုတင်ကာကွယ်စေချင်လို့ပါ။ ပြီးတော့ ဘယ်ရောဂါမဆို ကုသခြင်းထက် ကာကွယ်ခြင်းက ပိုပြီးကောင်းမယ်ထင်လို့ပါ။ ဒါကြောင့် ၁၀၅ မိုင် ကြက်ခြေနီအဖွဲ့တွေနဲ့ ပူးပေါင်းပြီး အခုလို ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ဒီကြားထဲမှာလည်း အချိန်အားလျော်စွာ မကြာခဏဆိုသလို သက်ဆိုင်ရာ ကျန်းမာရေး၊ လူမှုရေး၊ အခြားမိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီးလည်း ပိုးသတ်ဆေးပက်ဖျန်းခြင်းတွေကို ဆက်လက်လုပ်ဆောင်သွားမှာပါ" ဟု မြန်မာ–တရုတ်ချစ်ကြည်ရေး နာယကက ပြောသည်။

သန့်ဇင်(မူဆယ်)

# ထိုင်းနိုင်ငံမှ နေရပ်ပြန်မြန်မာနိုင်ငံသား ၁၁၄ ဦး မြိတ်မြို့နယ်မှတစ်ဆင့် ထားဝယ်မြို့သို့ရောက်ရှိ

ထားဝယ် မေ ၁၇

ထိုင်းနိုင်ငံတွင် အကြောင်းအမျိုးမျိုးဖြင့် ပြစ်ဒဏ်ကျခံရပြီးနောက် ပြစ်ဒဏ်ကာလ ကုန်ဆုံးသွားပြီးဖြစ်သော တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ နေရပ်ပြန် မြန်မာနိုင်ငံသား ၁၁၄ ဦးသည် မြိတ်မြို့နယ်မှတစ်ဆင့် မော်တော်ယာဉ် ၁၀ စီးဖြင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့သို့ ယနေ့ ညနေပိုင်းက ရောက်ရှိခဲ့ကြောင်း သိရသည်။

ထို့နောက် ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားကွင်း၌ နေရပ်ပြန် မြန်မာနိုင်ငံသား ၁၁၄ ဦးအား မြန်မာရွှေ့ပြောင်းအလုပ်သမားများ စိစစ်လက်ခံရေးနှင့် နေရပ်ပြန်လည်ပို့ဆောင်ရေးကော်မတီအဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကြေညာချက်များ၊ ဒေသအတွင်း ထုတ်ပြန်ထားသည့် ဒေသန္တရအမိန့်များ၊ ဝင်ရောက်လာသူများမှ လိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကိုယ်အပူချိန်တိုင်းတာပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တာဝန်ရှိသူများက ထားဝယ်ခရိုင်မှ နေရပ်ပြန် မြန်မာနိုင်ငံသား ၁၃ ဦးအား သက်ဆိုင်ရာမြို့နယ်ရှိ အသွားအလာကန့်သတ်စောင့်ကြည့်ခြင်း၂၁ ရက် ထားရှိမည့် မြို့နယ်များသို့ ပို့ဆောင်ပေးခဲ့ပြီး ကျန်ရှိသော တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ နေရပ်ပြန်မြန်မာနိုင်ငံသား ၁၀၁ ဦးကို ရွှေဝယ်သီရိအားကစားကွင်းအတွင်း သတ်မှတ်ထားသော အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိမည့်နေရာများတွင် ညအိပ်ထားရှိခဲ့သည်။



နေရပ်ပြန်မြန်မာနိုင်ငံသားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားစဉ်။

ထို့နောက် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ နေရပ်ပြန် မြန်မာနိုင်ငံသား ၁၀၁ ဦးအား မေ ၁၈ ရက် နံနက်ပိုင်းတွင် ရွှေဝယ်သီရိအားကစားကွင်းမှ မော်တော်ယာဉ် ၁၀ စီးဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အသွားအလာကန့်သတ်စောင့်ကြည့်ခြင်းထားရှိမည့်နေရာများသို့ အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထားဝယ်ခရိုင်(ပြန်/ဆက်)**

## လွိုင်ကော်မြို့နယ် သီရိမင်္ဂလာဈေးနှင့် နောင်ယားဈေးတို့တွင် ကိုဗစ်-၁၉ ကာကွယ်ရေး နှာခေါင်းစည်းများနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

လွိုင်ကော် မေ ၁၇

ကယားပြည်နယ် လွိုင်ကော်မြို့ သီရိမင်္ဂလာဈေးနှင့် နောင်ယားဈေးတို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ဈေးရောင်းချနေသူများ ၊ ဈေးဝယ်လာသူများအား နှာခေါင်းစည်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်သည်။

ယခုဖြစ်ပေါ်နေသော ကိုဗစ်-၁၉ ရောဂါသည် ကင်းလွတ်ပပျောက်ခြင်း မရှိသေးသော်လည်း ပြည်သူအများစုသည် နှာခေါင်းစည်းမတပ်ဘဲ ပေါ့ဆစွာသွားလာကာ ဈေးရောင်း၊ ဈေးဝယ်ပြုလုပ်နေကြသည်ကို တွေ့ရှိရကြောင်း ၊ ထို့ကြောင့် နှာခေါင်းစည်းများ တပ်ဆင်ကြရန်အတွက် အသိပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နှာခေါင်းစည်းများတပ်ဆင်ခြင်းမပြုပါက အဆင့်ဆင့် ပြစ်ဒဏ်များချမှတ်သွားမည် ဖြစ်ကြောင်း လွိုင်ကော်မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ထံမှ သိရသည်။

ထို့ကြောင့် နှာခေါင်းစည်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို လွိုင်ကော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့ပြ အငြိမ်းစားဝန်ထမ်းများ၊ ပြည်နယ်ရဲတပ်ဖွဲ့များ၊ ယာဉ်ထိန်းရဲများ ၊ ဖြူစင်သန့်ရှင်း ပရဟိတအဖွဲ့နှင့် အလင်းသစ်လူမှုဖွံ့ဖြိုးရေးအဖွဲ့များက ဈေးရောင်းချသူများနှင့် ဈေးဝယ်လာသူတို့အား နှာခေါင်းစည်းများ တပ်ဆင်ကြရန်လိုက်လံနှိုးဆော်ကြပြီး နှာခေါင်းစည်းတပ်ဆင်ထားခြင်းမရှိသူများကို တပ်ဆင်ပေးခြင်းနှင့် လိုက်လံဝေငှပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထွန်းလေး (ပြန်/ဆက်)**

## ထန်းတပင်မြို့နယ်အတွင်းရှိ ဈေးငါးခုတို့တွင် နှာခေါင်းစည်းများကို ပရဟိတအဖွဲ့ဝင်များက လိုက်လံဖြန့်ဝေပေး

ထန်းတပင် မေ ၁၇

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုများမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် Driving Myanmar Group (ထန်းတပင်)-DMG မှ နှာခေါင်းစည်း အခု ၅၀၀ နှင့် ထန်းတပင် မြို့မပရဟိတလူငယ်များအဖွဲ့မှ (စေတနာအလှူရှင်များကိုယ်စား) နှာခေါင်းစည်းအခု ၉၀၀ တို့ကို မြို့နယ်အတွင်းရှိ ဈေးငါးခုတွင် မေ ၁၇ ရက် နံနက်ပိုင်းက လိုက်လံဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးရာတွင် အေးရွာလေးကျေးရွာဈေး၊ ရွာသစ်ကျေးရွာဈေး၊ ကျိုက္ခနာကျေးရွာဈေး၊ ပန်းတိုင်ကျေးရွာဈေး၊ ထန်းတပင် မြို့မဈေးတို့ရှိ ဈေးသည်များနှင့် ဖြတ်သန်းသွားလာနေကြသူများအား (ထန်းတပင်)-DMG နှင့် ထန်းတပင်မြို့မ ပရဟိတလူငယ်အဖွဲ့ဝင်များက နှာခေါင်းစည်းများ ဖြန့်ဝေပေးခဲ့ကြကာ နှာခေါင်းစည်းများ တပ်ဆင်ရေး အသိပညာပေးဆောင်ရွက်ခဲ့ကြပြီး မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သီတလာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသီလာစာရထံသို့ နှာခေါင်းစည်း အခု ၁၀၀ ကို တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဘုန်းကျော်စံဦးနှင့် (ထန်းတပင်)-DMG တာဝန်ခံ ကိုသိန်းဇော်မြင့်တို့က ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

မြို့နယ်အတွင်းရှိ ဈေးများသို့ နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေရာသို့ တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဘုန်းကျော်စံဦး၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်ခင်ခင်ဌေးနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များပူးပေါင်းကာ ကူညီဆောင်ရွက်ပေးခဲ့သည်။ **ဇင်မင်းထိုက်(ထန်းတပင်)**



## ကချင်နှင့် ရှမ်းပြည်နယ်အတွင်းရှိ IDP စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းများကို




သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် ပန်ဝါမြို့နယ်ရှိ အမှတ်(၂)ဒေသပိုင် အဆောက်အဦ၊ ခိုက်ဘာဂျီ (ဆော့ဇမ်စခန်း)၊ ဖားကန့်မြို့နယ်ရှိ နမ္မဖြစ် COC ဘုရားကျောင်း၊ နမ္မဖြစ်ကက်သလစ်ဘုရားကျောင်း၊ နမ္မဖြစ်နှစ်ခြင်းဘုရားကျောင်း၊ မော်ဝမ်းမူရင်းနှစ်ခြင်း၊ မော်ဝမ်း အေဂျီဘုရားကျောင်း၊ ဆိပ်မူယူမာနှစ်ခြင်းဘုရားကျောင်း၊ ဆိပ်မူရဝမ်နှစ်ခြင်း ဘုရားကျောင်း၊ ဆိပ်မူလီဆူနှစ်ခြင်းဘုရားကျောင်း၊ ဆိပ်မူဆိုင်းတောင်နှစ်ခြင်း၊ ဆိပ်မူရပ်ကွက်(၄)နှစ်ခြင်း၊ လုံးခင်းလယ်ပြင်ကုဋ္ဌေကျေးရွာ၊ လုံးခင်းငြိမ်းချမ်းသာယာ COC ဘုရားကျောင်း၊ လုံးခင်းငြိမ်းချမ်းသာယာ လီဆူနှစ်ခြင်း၊ လုံးခင်းရပ်ကွက်(၅) ကက်သလစ်၊ လုံးခင်းမှော်စီစာနှစ်ခြင်းနှင့် လုံးခင်းမှော်စီစာ အေဂျီ IDP စခန်း စုစုပေါင်း IDP စခန်း ၁၈ ခုသို့ သွားရောက်၍ လက်သန့်ဆေးရည် ၁၇၄ ဘူး၊ ဆပ်ပြာ ၃၉၉၃ ခဲ၊ ထုံးအိတ် ၁၈၀ နှင့် အပူချိန်တိုင်းကိရိယာ ၂၀၊ လက်ဆေးစင် နှစ်ခု၊ အဝတ်နှာခေါင်းစည်း ၉၀၆ ခု၊ တစ်ခါသုံး နှာခေါင်းစည်း ၁၇၄ ခု၊ Hand Speaker နှစ်ခု၊ ကိုဗစ်-၁၉ အသိပညာပေး အသံဖိုင်ထည့်သွင်းထားသော Memory Stick နှစ်ခုနှင့် ဗီနိုင်းနှစ်ချပ်တို့အား ထောက်ပံ့ခဲ့သည်။

အလားတူ ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ်အတွင်းရှိ ဂျော်(၁)စခန်း၊ စိန့်သောမတ်စ်စခန်း၊ နေဝန်းနီ၊ ကွတ်ခိုင်မြို့နယ်ရှိ (၅)ရပ်ကွက်နှစ်ခြင်းအသင်းတော်၊ နမ္မတူ မြို့နယ်အတွင်းရှိ လီဆူ၊ ကချင်၊ ကြူဆော့ စုစုပေါင်း IDP စခန်း ခုနစ်ခုသို့ သွားရောက်၍ အဝတ်နှာခေါင်းစည်း ၃၉၁၆ ခု၊ လက်ဆေးဆပ်ပြာ(Hand Gel) ၈၂၄ ဘူးတို့ကို ထောက်ပံ့ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တာမွေမြို့နယ်အတွင်း ကျန်းမာရေးစစ်တမ်းကောက်ယူနေမှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၇



**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် မေ ၁၇ ရက် နံနက် ၉ နာရီက ကိုဗစ် – ၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိရေး တာမွေမြို့နယ်အတွင်းရှိ ရပ်ကွက်များအလိုက် ကျန်းမာရေး စစ်တမ်းကွင်းဆင်း ကောက်ယူနေမှုများကို ကြည့်ရှုစစ်ဆေးသည်။** (ယာပုံ)

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက် ၁၆၄ လမ်း မေတ္တာညွှန့်ရပ်ကွက်ရှိ လက်ဝဲမင်းဒင်လမ်းတို့၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် တပ်မတော်ဆေးတပ်ဖွဲ့တို့မှ ကျန်းမာရေးစစ်ဆေးသည့် စက်ပစ္စည်းများ တပ်ဆင်ထားသည့် မော်တော်ယာဉ်များဖြင့် တစ်ဦးချင်း ကျန်းမာရေးစစ်ဆေးနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများကို အားပေးစကားပြောကြားခဲ့သည်။

စစ်တမ်းကောက်ယူရာတွင် သတ်မှတ်စုရပ်လေး နေရာတွင်ထားရှိသည့် ကျန်းမာရေးစစ်ဆေးသည့် စက်ပစ္စည်းများ တပ်ဆင်ထားသည့် မော်တော်ယာဉ်များဖြင့် စစ်ဆေးပေးလျက်ရှိကြောင်းနှင့် တာမွေမြို့နယ်အတွင်း ရပ်ကွက် ၁၆ ရပ်ကွက်၊ အိမ်ထောင်စု ၂၆၇၅၂စု၊ လူဦးရေ ၁၁၆၇၄၉ ဦးတို့အား ကျန်းမာရေး စစ်ဆေးပေးကာ ကျန်းမာရေး စစ်တမ်းကောက်ယူနိုင်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် တာမွေမြို့နယ် စည်ပင်သာယာရေး ကော်မတီရုံးအစည်းအဝေးခန်းမတွင် ကိုဗစ် – ၁၉ ကူးစက်ပျံ့နှံ့မှု မရှိရေး အင်းစိန်၊ လှိုင်သာယာ၊ တာမွေမြို့နယ်များရှိ ပြည်သူများအား ကျန်းမာရေး စစ်တမ်း ကွင်းဆင်းကောက်ယူ စစ်ဆေးပေးခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့ကြသည်။

**ဆန်းကျော်ဦး (ပြန် / ဆက်)**

# ကမ္ဘောဇဘဏ်မှ  အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနတွင် အရေးပေါ်လိုအပ်နေသော မီးစက်နှင့် ဆက်စပ်ပစ္စည်းများလှူဒါန်း

ရန်ကုန် မေ ၁၇

**ကမ္ဘောဇဘဏ်သည် ကိုဗစ်–၁၉ ရောဂါကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ် ရှာဖွေဖော်ထုတ်နိုင်ရေးအတွက် National Health Laboratory တွင် အရေးပေါ်လိုအပ်နေသော ၅၀၀ KVA မီးစက်နှင့် ဆက်စပ်ပစ္စည်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ယနေ့တွင် သွားရောက်လှူဒါန်းသည်။**

အခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကမ္ဘောဇဘဏ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး ကမ္ဘောဇဘဏ်၏ ဒုတိယအမှုဆောင်အရာရှိချုပ် ဒေါ်နန်းလိုင်းခမ်းက တန်ဖိုးငွေကျပ်သိန်း ၁၂၅၀ ရှိသည့် အမေရိကန်နိုင်ငံ Caterpillar ကုမ္ပဏီ အမျိုးအစား ၅၀၀ kVA မီးစက်ကြီး၊ Auto Transfer System (ATS) နှင့် Ground Earthing Equipment တို့ကို National Health Laboratory ၏ ဒုတိယညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဒေါ်ဌေးဌေးတင်ထံ ပေးအပ်လှူဒါန်းသည်။

လှူဒါန်းမှုနှင့် ပတ်သက်၍ National Health Laboratory ၏ ဒုတိယညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဒေါ်ဌေးဌေးတင်က "နေ့စဉ်အဖြေထုတ်နေရတဲ့ ဓာတ်ခွဲနမူနာတွေကို အနာဂတ်ကာလမှာ သုတေသနလုပ်နိုင်ဖို့အတွက် ကာလရှည် သိမ်းဆည်းထားနိုင်ဖို့၊ မော်လီကျူလာနည်းဖြင့် စမ်းသပ်စစ်ဆေးတဲ့အခါမှာ သုံးဖို့လိုအပ်တဲ့ ဓာတ်ခွဲဆေးပစ္စည်းတွေကို သိုလှောင်မှုစတာတွေကို ဆောင်ရွက်နိုင်ဖို့ ကျွန်မတို့မှာ (– ၈၀ ဒီဂရီ – ၃၀ ဒီဂရီ ) ရှိတဲ့ Deep Freezer ကြီးတွေထားရပါတယ်။ ဒီစက်တွေက စဉ်ဆက်မပြတ် လုံလောက်တဲ့ ဓာတ်အားပမာဏရနေဖို့ လိုအပ်ပါတယ်။ ကမ္ဘောဇဘဏ်ရဲ့ လှူဒါန်းမှုဟာ ကိုဗစ်–၁၉ ဆေးစစ်ချက်တွေ နေ့စဉ်ထုတ်ပေးရတဲ့ လုပ်ငန်းတွေအပြင် အခြားသော ရောဂါရှာဖွေဓာတ်ခွဲမှုများအတွက်လည်း များစွာအကျိုးရှိမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။




**နေ့စဉ်လှူဒါန်း**

ထို့အပြင် ကမ္ဘောဇဘဏ်သည် ကိုဗစ်–၁၉ ကူးစက်ရောဂါ ကာကွယ်ကုသနိုင်ရေးအတွက် မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါစတင် မဖြစ်ပွားမီကပင် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ ဝယ်ယူနိုင်ရန် ငွေကျပ်သိန်း ၁၀၀၀ ကနဦး မတည်လှူဒါန်းခဲ့ခြင်း၊ ငွေကျပ်သိန်း ၁၄၀၀၀ ကျော်တန်ဖိုးရှိ ကာကွယ်ကုသရေး အထောက်အကူပြုပစ္စည်းများကို ကုန်းလမ်းသာမက MAI စင်းလုံးငှား လေယာဉ်များဖြင့် သယ်ယူလှူဒါန်းခြင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများအတွက် ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ ရောဂါကာကွယ်ရေးပစ္စည်းခြောက်မျိုးကို နေရာအရောက် နေ့စဉ်လှူဒါန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရောဂါထိန်းချုပ်ကုသနိုင်ရေးသာမက တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ အခြေခံပြည်သူများအတွက် ငွေကျပ်သိန်း ၆၀၀၀ ကျော် တန်ဖိုးရှိ ဆန်အိတ်များ ဖြန့်ဝေလှူဒါန်းခြင်း၊ ရှမ်းပြည်နယ်အစိုးရနှင့် ပူးပေါင်း၍ လှူဒါန်းငွေကျပ် သိန်း ၂၀၀၀ မတည်ကာ ရိက္ခာထုပ်ပေါင်း ၁၀၀၀၀၀ ကို နိုင်ငံတွင်း အရေးပေါ်လိုအပ်သော နေရာများကို ဖြန့်ဝေလှူဒါန်းခြင်း၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တွင် ရောဂါစောင့်ကြည့်ရေး စခန်းဝင်နေသော စောင့်ကြည့်လူနာများအနက်မှ အခက်အခဲရှိသူများ၏ နေ့စဉ်စားစရိတ်အတွက် သက်ဆိုင်ရာ ပြည်နယ်အစိုးရများအား ငွေကျပ်သိန်း ၃၀၀ စီဖြင့် စုစုပေါင်းငွေကျပ်သိန်း ၉၀၀ ကို လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကမ္ဘောဇအာမခံကုမ္ပဏီများဖြစ်သည့် KBZ MS General Insurance နှင့် KBZ Life တို့ကလည်း သိန်း ၁၀၀၀ ကျော် တန်ဖိုးရှိ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများကို ရန်ကုန်မြို့ရှိပြည်သူ့ဆေးရုံကြီးများသို့လှူဒါန်းခဲ့ခြင်း၊ ကမ္ဘောဘဏ်နှင့် ပူးပေါင်း၍ သိန်း ၁၀၀၀ မတည် လှူဒါန်းခြင်း၊ ကာတွန်းဇာတ်ကောင်များဖြင့် ကိုဗစ်–၁၉ ကာကွယ်၊ ကျန်းမာရေးအသိပညာပေး ဆောင်ရွက်မှုများအပါအဝင် စုစုပေါင်းငွေကျပ်သိန်း ၅၀၀၀ ကို ပါဝင်လှူဒါန်းထားသည်။

**အရေးပေါ်သယ်ဆောင်ပေး**

MAI နှင့် Air KBZ လေကြောင်းလိုင်းများကလည်း ငွေကျပ်သိန်း ၁၅၀၀ ကို အမျိုးသားအဆင့် ကော်မတီသို့ လှူဒါန်းခြင်း၊ အမေရိကန်ဒေါ်လာ သုံးသိန်းခန့် အကုန်အကျခံကာ မလေးရှားနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ထိုင်းနိုင်ငံတို့မှ မြန်မာနိုင်ငံသား ၇၀၀ ကို ကယ်ဆယ်ရေးလေယာဉ်များဖြင့် အခမဲ့ ပြန်လည်ခေါ်ဆောင်ခြင်း၊ အရေးပေါ် လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများကို အရေးပေါ်သယ်ဆောင်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး၊ ကုသရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းစဉ်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘောဇဘဏ်သည် KBZ MS General Insurance၊ KBZ Life၊ Myanmar Airways International (MAI) နှင့် Air KBZ တို့နှင့်လက်တွဲ၍ ဖေဖော်ဝါရီ ၂၆ ရက်မှစ၍ ယခုအချိန်အထိ ငွေကျပ်သိန်းပေါင်း ၃၅၂၄ သိန်း လှူဒါန်းထားပြီး ဆက်လက်၍လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လိုအပ်သည့်အချိန်၊ လိုအပ်သည့်နေရာများတွင် လိုအပ်သည်တို့ကို ပူးပေါင်းပါဝင်လှူဒါန်းသွားရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# လောက်ကိုင်မြို့၌ ကိုဗစ် – ၁၉ ကာလတွင် အိမ်ခြံဝင်းအတွင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးဆောင်ရွက်ရန် မျိုးစေ့၊ ပျိုးပင်၊ နည်းပညာများအခမဲ့ဖြန့်ဝေ

**လောက်ကိုင် မေ ၁၇**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့တွင် ကိုဗစ်–၁၉ ကာလ၌ အိမ်ခြံဝင်းအတွင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးရေး အိမ်ခြံဝင်းဥယျာဉ် ဆောင်ရွက်ရန်အတွက် မျိုးစေ့၊ ပျိုးပင်၊ နည်းပညာများ အခမဲ့ဖြန့်ဝေခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ထင်ပါကျိုင်းကျေးရွာအုပ်စု မန်မိုင်ကျေးရွာတွင် ကျင်းပသည်။

အခမ်းအနားတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဌက္ကဌ ဦးကျောက်တယ်ချန်က ကိုဗစ်–၁၉ ရောဂါသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပေါ်လျက်ရှိကြောင်း၊ ရောဂါမကူးစက်စေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သော ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နေ့စဉ်စားသုံးနေသည့် ဟင်းသီးဟင်းရွက်များအား မိမိတို့နေအိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင် စိုက်ပျိုး စားသောက်ခြင်းအားဖြင့် လူစုလူဝေးကို ရှောင်ရှားနိုင်သည့်အပြင် ဈေးသွားရန်မလိုခြင်း၊ သန့်ရှင်းလတ်ဆတ်၍ အာဟာရပြည့်ဝသော ဟင်းသီးဟင်းရွက်များကို စားသုံးနိုင်ခြင်း၊ အိမ်တွင်းနေထိုင်ရင်း ကိုယ်လက်လှုပ်ရှားမှုများကြောင့် ကျန်းမာပျော်ရွှင်မှုများကို ရရှိစေနိုင်ကြောင်း ပြောကြားသည်။

ထို့နောက် ဒေသဦးစီးဌက္ကဌ ဦးကျောက်တယ်ချန်နှင့် ဦးစီးအဖွဲ့ဝင်များ၊ အိမ်ခြံဝင်းဥယျာဉ် လုပ်ငန်းကြီးကြပ်ရေးနှင့် အကောင်အထည်ဖော်ရေး အဖွဲ့ဝင်များက အခမ်းအနား တက်ရောက်လာကြသော အိမ်ထောင်စု ၁၂၅စုအတွက် မြေဩဇာ ၁၂၅ထုပ်၊ ပျိုးပင် ၃၇၅ပင်၊ မျိုးစေ့ ၆၂၅ထုပ် နှင့် နည်းပညာလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



ဆက်လက်၍ အိမ်ထောင်စု ၄၂၅စုအတွက် မြေဩဇာ ၄၂၅ ထုပ်၊ ပျိုးပင် ၁၂၇၅ ပင်၊ မျိုးစေ့ ၂၁၂၅ ထုပ် တို့အား အိမ်တိုင်ရာရောက် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်းနှင့် ခရမ်းပျိုးပင်၊ ငရုတ်ပျိုးပင်၊ ခရမ်းငရုတ်ပွ၊ ကန်စွန်း၊ မုန်ညင်းဖြူ၊ ပဲသီး၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးလိုသူများအနေဖြင့် စိုက်ပျိုးရေးဦးစီးဌာနသို့ ဆက်သွယ်ရယူနိုင်ကြောင်း အိမ်ခြံဝင်းဥယျာဉ် လုပ်ငန်း ကြီးကြပ်ရေးကော်မတီ (စိုက်ပျိုးရေး)အဖွဲ့ဝင် လောက်ကိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်ကျော်မျိုးက ပြောသည်။ **ငြိမ်းသူ**

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာအထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် **“စောစောရှာ”** Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ “စောစောရှာ” Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင်၊ ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး၊ ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်**“စောစောရှာ”** Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်–

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့် ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများ သွားလာခဲ့သည့် နေရာများစာရင်းကို ဤ “စောစောရှာ” Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါ ကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း ၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင် ဖြစ်စေ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ **“စောစောရှာ”** Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်းအပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်း အော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လ သက်တမ်းရှိသော 1GB အင်တာနက်အခမဲ့ အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် **“စောစောရှာ”** Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည် မဟုတ်ဘဲ၊ COVID–19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြား မသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့်**
**အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့် မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID–19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် **“စောစောရှာ”** Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။



## အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် နှာခေါင်းစည်း ၅၀၀၀ နှင့် ဆေးရုံသုံးပစ္စည်းများ လာရောက်လှူဒါန်း

**ရန်ကုန် မေ ၁၇**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ကိုဗစ်–၁၉ ရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရန် လိုအပ်သည်များ အသုံးပြုနိုင်စေရန် ရည်ရွယ်၍ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးအတွက် နှာခေါင်းစည်း ၅၀၀၀ နှင့် ဆေးရုံသုံးပစ္စည်းများ လာရောက်လှူဒါန်းခြင်းကို ယမန်နေ့ ညနေ ၄ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် လာရောက်လှူဒါန်းသည်။

လှူဒါန်းရာတွင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် လိုအပ်သည့် နေရာများ သုံးစွဲနိုင်ရန်အတွက် Myanmar Thilawa SEZ Holdings Public Co.Ltd(MTSH) မှ ဆေးရုံသုံးပစ္စည်း တန်ဖိုးငွေသိန်း ၁၀၀ ကျော်နှင့် Myanmar Agro Exchange Public Co.Ltd(MAEX) တညင်းကုန်းလက်ကားဈေးမှ နှာခေါင်းစည်း ၅၀၀၀ တန်ဖိုးငွေကျပ် ၁၀ သိန်းတို့ကို လာရောက် လှူဒါန်းရာ အင်းစိန်မြို့နယ် ကိုဗစ်– ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ တိုင်းဒေသကြီး (၁) လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်၊ တိုင်းဒေသကြီး (၂) လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်၊ အင်းစိန်ဆေးရုံအုပ် ဒေါက်တာ မေစန်းချို၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းကြည်နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြား ကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။ **(အပေါ်ပုံ)**

**ဖွဲ့ထက်ကို (ပြန်/ဆက်)**

## ကိုဗစ် - ၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၁၇**

ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Centerအား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## ပူတာအိုမြို့၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် ဈေးများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် ကွင်းဆင်းဆောင်ရွက်

**ပူတာအို မေ ၁၇**

ကချင်ပြည်နယ် ပူတာအိုမြို့နယ်အဆင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်စင်သည် တာဝန်ရှိသူများနှင့်အတူ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးဌာနမှ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေးတို့ကို မေ ၁၇ ရက်က မြို့မဈေး၊ ယာယီပျံ့ကျဈေးနှင့် ဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်နေသော လုပ်ငန်းခွင်သို့ သွားရောက်ကာ အသိပေး ပြောကြားသည်။ **(အောက်ပုံ)**

ပူတာအိုမြို့မဈေးနှင့် ယာယီပျံ့ကျဈေးအတွင်း ဈေးရောင်းချသူများနှင့် ဈေးဝယ်ပြည်သူများ ကျန်းမာရေးဌာနမှ သတိပေးနှိုးဆော်ချက်များနှင့် စည်းကမ်းချက်များအား လိုက်နာရေး၊ နှာခေါင်းစည်းများသုံးစွဲရာတွင် ရေရှည်အသုံးပြုနိုင်မည့် ကိုယ်တိုင်ချုပ် နှာခေါင်းစည်းများ အသုံးပြုရေး၊ မြို့ပေါ်ရပ်ကွက်များတွင် ပါဆယ်စနစ်ဖြင့် ရောင်းချနေသော လက်ဖက်ရည်ဆိုင်များ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ ပူတာအိုနန်းတော် ဆောက်လုပ်ရေးကုမ္ပဏီမှ ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်နေသော လုပ်သားများ ကျန်းမာရေးဌာနမှ သတ်မှတ်ထားသော ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေးတို့ကို ကွင်းဆင်းသွားရောက်ကာ အသိပေး ပြောကြားခဲ့ခြင်းဖြစ်သည်။

**ဖုန်ကန် (ပူတာအို)**



## မြန်မာနိုင်ငံရှိ မလေးရှားနိုင်ငံလုပ်ငန်းရှင်များမှ ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးအတွက် ပစ္စည်းများလှူဒါန်း

**ရန်ကုန် မေ ၁၇**

မြန်မာနိုင်ငံရှိ မလေးရှားနိုင်ငံ လုပ်ငန်းရှင်များက ရန်ကုန်တိုင်းဒေသကြီး လူမှုကူညီရေးအဖွဲ့ Special Rescue Team ကွပ်ကဲရေးစခန်းသို့ ကိုဗစ်–၁၉ ကာကွယ်ရေး လုပ်ငန်းများတွင် အသုံးပြုရန် ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများကို ယနေ့နံနက် ၉ နာရီက ပေးအပ်လှူဒါန်းသည်။

မြန်မာနိုင်ငံရှိ မလေးရှားနိုင်ငံ လုပ်ငန်းရှင်သူငယ်ချင်းများ ကိုယ်စား Mr.Chia က နှာခေါင်းစည်း ၁၂၀၀၀၊ တစ်ကိုယ်ရေကာကွယ်ရေး ဝတ်စုံ ၁၅၀၊ မျက်နှာအကာအကွယ် ၂၀၀၊ 100Plus ၉၆၀ ပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး လူမှုကူညီရေးအဖွဲ့ (ရန်ကုန်) YRO ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

ယခုလှူဒါန်းသည့် နှာခေါင်းစည်း၊ တစ်ကိုယ်ရေကာကွယ်ရေး ဝတ်စုံ၊ မျက်နှာ အကာအကွယ်များကို လက်ရှိ ကွပ်ကဲရေးစခန်းနှင့် လူမှုအသင်းများ ကိုဗစ်–၁၉ ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ပြန်လည်ခွဲဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး (မြန်မာ့အလင်း)**

# ဘုရင့်နောင် ဈေးကွက်တွင် မီးဖိုချောင်သုံးကုန်စည်အများစု ဈေးနှုန်းထပ်မံကျဆင်း

**ရန်ကုန် မေ ၁၇**

ရန်ကုန်ဘုရင့်နောင် ဈေးကွက်တွင် ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး၊ ငရုတ်၊ သကြား ဈေးနှုန်းများ ထပ်မံကျဆင်းနေသည်ဟု နေ့စဉ် ဈေးနှုန်းများ၊ ပွဲရုံနှင့် ကုန်အဝယ်တော်များထံက သိရသည်။

မေ ၁၆ ရက်က ရန်ကုန်ဈေးကွက်တွင် ကြက်သွန်နီ တစ်ပိဿာ လက်ကားဈေး ဆိပ်ဖြူ ငွေကျပ် ၅၀၀–၅၇၅–၅၂၅–၅၀၀ ၊ အောင်လံ ငွေကျပ် ၃၇၅– ၄၅၀–၄၅၀–၃၅၀၊ မြင်းခြံ (ကံဆင့်) ငွေကျပ် ၅၀၀–၅၅၀–၅၇၅–၅၂၅ နှုန်း ရှိကြောင်း သိရသည်။

မေ ၁ ရက်တွင် ရန်ကုန်ဈေးကွက်သို့ နယ်စုံ ကြက်သွန်နီ ပိဿာချိန် ၉၆၀၀၀ သာ ဝင်ရောက်သည်။ မေ ၁၁ ရက် တနင်္လာနေ့တွင် ကြက်သွန်နီ ပိဿာချိန် ၂၁၀၀၀၀ ဝင်ရောက်ပြီး မေ ၁၂ ရက်မှ ၁၅ ရက်အထိ နေ့စဉ် ပိဿာချိန် ၁၀၈၀၀၀ သာ ဝင်ရောက်သည်။ ပုံမှန်ဝင်ရောက်နေသည့် ပမာဏထက် များစွာလျော့နည်းနေသော်လည်း ရန်ကုန်ဈေးကွက်အတွင်း ဝယ်လိုအား သိသာစွာ ကျနေဆဲဖြစ်၍ ကြက်သွန်နီဈေးနှုန်းများ ဈေးနှုန်းအနိမ့်တွင်သာ ရှိနေသည်ဟု အဝယ်တော်တစ်ဦးက ပြောသည်။

အောင်ပန်းနှင့် ဟဲဟိုး အာလူးများ ဝင်ရောက်မှု ယခုရက်ပိုင်းတွင် များလာရာ ဝယ်လိုအားမှာ ကြက်သွန်နီကဲ့သို့ အာလူးသည်လည်း ဝယ်အားနည်းနေသဖြင့် ဈေးကျလာရာ မေ ၁၆ရက်တွင် အာလူး လက်ကား တစ်ပိဿာ ငွေကျပ် ၅၀၀– ၆၅၀– ၆၃၀–၅၀၀ နှုန်းသာရှိသည်ဟု ရေတမာလမ်း အာလူးပွဲရုံက သိရသည်။



မေ ၁၆ ရက်တွင် အောင်ပန်း ရှမ်းကြက်သွန်ဖြူအသစ် လက်ကား တစ်ပိဿာ ငွေကျပ် ၁၆၅၀–၁၉၀၀–၂၁၀၀– ၂၃၀၀ ၊ ကြူကုတ် ကြက်သွန်ဖြူ လက်ကား တစ်ပိဿာ ငွေကျပ် ၁၃၇၅ နှုန်းရှိသည်။

မေ ၁၆ရက်က ဟသ်ာတနယ်ထွက် အိန္ဒိယ ငရုတ်ရှည် လက်ကား တစ်ပိဿာ ငွေကျပ် ၃၀၀၀၊ မြစ်ဝကျွန်းပေါ် ငရုတ်ရှည် ငွေကျပ် ၂၅၀၀–၂၈၀၀၊ မိုးထောင်ငရုတ် တစ်ပိဿာ ငွေကျပ် ၃၃၀၀ နှုန်းရှိသည်ဟု ငရုတ်ဈေးကွက်က သိရသည်။

ပြည်တွင်း သကြားစက်ရုံများမှ ထွက်ရှိသော ပြည်တွင်းသကြားများမှာ ယခင်ရက်ပိုင်းတွင် လက်ကား တစ်ပိဿာ ငွေကျပ် ၉၄၀ ရှိသော အမျိုးအစားမှာ မေ ၁၆ရက်တွင် ငွေကျပ် ၉၀၀ သာရှိသည်။ ပြည်တွင်း တွင် ယခုလပိုင်း သကြားသုံးစွဲမှု သိသာစွာ ကျဆင်းခြင်း၊ ပြည်ပသို့ အပို့နည်းခြင်းတို့ကြောင့် ဈေးနှုန်း ကျဆင်းနေကြောင်း သကြားရောင်းချသည့် ပွဲရုံလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ ပုံမှန်ဖြစ်နေပြီး သီးနှံကုန်စည်အများစုမှာ အသစ်ထွက်ပေါ်ချိန်ဖြစ်၍ ဈေးနှုန်းများကျဆင်းနေရာ လှောင်သမားများအနေဖြင့် ကုန်လှောင်ရန် ပြင်ဆင်နေကြသည်ဟု ငရုတ်နှင့် ကြက်သွန်နီဈေးကွက်မှ သိရသည်။

**ခင်ဆိုင်**

# သီပေါမြို့နယ်၌ မျိုးစေ့၊ ပျိုးပင်နှင့် မြေသြဇာများ အခမဲ့ဖြန့်ဝေ

**သီပေါ မေ ၁၇**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကိုဗစ်–၁၉ ကာလတွင် နေအိမ်တွင်တစ်ပိုင်တစ်နိုင်စိုက်ပျိုးရန်အတွက် မျိုးစေ့၊ ပျိုးပင်မျိုးစုံနှင့် မြေသြဇာ၊ စိုက်ပျိုးရန် နည်းပညာပေးလက်ကမ်းစာစောင်များကို သီပေါမြို့ပေါ်ရှိ ဒေသခံများနှင့် ဌာနဆိုင်ရာအသင်းအဖွဲ့များသို့ ယမန်နေ့က အိမ်တိုင်ရာရောက် အခမဲ့ဖြန့်ဝေပေးသည်။

ကိုဗစ်–၁၉ Stay Home ကာလတွင် အိမ်မှာနေရင်း ဟင်းသီးဟင်းရွက်သီးနှံများစိုက်ပျိုး၍ သက်ရှည်၊ ကျန်းမာ၊ စိတ်ချမ်းသာစေမည့်အပြင် မီးဖိုချောင်စရိတ်ကာမိပြီး လတ်ဆတ်သောသီးနှံများစားသုံးနိုင်ရန် ရည်မှန်းကာ ကျေးလက်ဒေသများကို ဖြန့်ဝေပြီးသည့်နောက် ယခုမြို့ပေါ် ၁၁ ရပ်ကွက်မှ ပြည်သူများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များကို မျိုးစေ့နှင့် ပျိုးပင်များဖြန့်ဝေပေးခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမင်းဦးက ပြောသည်။

**စိုင်း(သီပေါ)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇– ၅ – ၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၃၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၃၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၂၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၂၀/၄၈၀ | ကျပ် | ၄၆၀/၄၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၄၃၀/၄၉၀ | ကျပ် | ၄၇၅/၄၉၅ | ကျပ် |
| အောက်တိန်း ၉၂ | ၃၃၀/၃၆၀ | ကျပ် | ၄၀၀/၄၁၀ | ကျပ် |
| အောက်တိန်း ၉၅ | ၄၇၀/၅၀၀ | ကျပ် | ၅၂၅/၅၅၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၁၅ . ၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၃၅ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၉ . ၁၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၃၈ . ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၂၂ . ၈ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၁၈ . ၄၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၉ . ၆၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၇၆၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၆၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၇ . ၁၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၁၇၁ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၇၅၁ | ၇၈၈၅၀၀၀ |
| MTSH | ၃၆၅၀ | ၃၆၅၀ | ၂၆၃၁ | ၉၆၀၄၁၅၀ |
| MCB | ၈၂၀၀ | ၈၃၀၀ | ၁၈၅ | ၁၅၁၈၈၀၀ |
| FPB | ၂၃၅၀၀ | ၂၄၀၀၀ | ၁၁၄၁ | ၂၇၀၅၉၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁၃၅ | ၃၇၁၂၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ–စုစည်းသည်။




**စာစောရှာ အက်ပလီကေးရှင်းကို အသုံးပြုခြင်းဖြင့် မိမိအနီးအနားတွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူ ရှိ၊ မရှိ သိရှိနိုင်ပြီး မိမိကိုယ်တိုင်၊ မိမိ၏ မိသားစုနှင့် မိမိနိုင်ငံကို ကာကွယ်ပါ။**

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – | ဝင်းကျော် |
| သတင်းထောက်ချုပ် | – | မြင့်ဆွေ |
| စာတည်းများ | – | ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန် စာတည်း | – | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | – | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | – | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | – | တင်စိုး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၃၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ဓာတုလျှော့ချနည်းဖြင့် စိုက်ပျိုးသည့် ဟင်းသီးဟင်းရွက် သီးနှံများ၊ သရက်၊ ပဲတီစိမ်းနှင့် နှမ်းသီးနှံများ အောင်မြင်ဖြစ်ထွန်း

မုံရွာ မေ ၁၇

**စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာကိုးရွာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်းပြီး အကောင်အထည်ဖော် စိုက်ပျိုးလျက်ရှိသော ဓာတုလျှော့ချ စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးသည့် ဟင်းသီးဟင်းရွက်များ၊ သရက်၊ ပဲတီစိမ်းနှင့် နှမ်းသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အမာကြည်က ပြောသည်။**



သရက်၊ ပဲတီစိမ်း၊ နှမ်း၊ ဟင်းသီးဟင်းရွက်စသည့် သီးနှံဓာတုလျှော့ချ စိုက်ပျိုးခြင်း နည်းလမ်းများဖြင့် စိုက်ပျိုးထုတ်လုပ်ကာ စားသုံးသူအများဆုံးရှိရာ မုံရွာမြို့ပေါ်ဈေးများနှင့် သီးနှံများကို စိုက်ပျိုးထုတ်လုပ်သည့် ကျေးရွာများနှင့် အနီးဆုံးနေရာများတွင် အစားအစာ အဆိပ်သင့်မှု အနည်းဆုံးနှင့် အာဟာရ ရရှိစေနိုင်မည့် Food Safety Market ဈေးကွက်တွင် ပြန်လည်ရောင်းချရန် ဖော်ဆောင် စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အခု သုံးရက်တစ်ကြိမ် ခူးဆွတ်ပြီး ဖောက်သည်စနစ်၊ ကိုယ်တိုင်ဈေးကိုသွားပြီး ရောင်းတဲ့စနစ်တွေနဲ့ လုပ်ဆောင်နေတယ်။ ဓာတုလျှော့ချ စိုက်နည်းစနစ်က အထွက်နှုန်း အနည်းငယ်လျော့ကျပေမယ့် စားသုံးတဲ့သူတွေ ဘေးကင်းလုံခြုံမှုရှိတဲ့အတွက် ကြိုက်ပါတယ်။ ဓာတုလျှော့ချ သီးနှံဈေးကွက်တစ်ခု ပေါ်ပေါက်လာမယ်ဆိုရင်တော့ ပိုပြီးတော့ အဆင်ပြေမှာဖြစ်ပါတယ်။ အခုတော့စားသုံးသူတွေက စိတ်ဝင်စားမှု နည်းနေသေးတယ်" ဟု မုံရွာမြို့နယ် သစ်ဆိမ့်ကျေးရွာမှ ဓာတုလျှော့ချ စိုက်နည်းစနစ်ဖြင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးသူ ဒေါ်အေးအေးနွယ်က ပြောသည်။

မုံရွာမြို့နယ်အတွင်း အစားအစာ အဆိပ်သင့်မှုအနည်းဆုံးနှင့် အာဟာရ ရရှိစေနိုင်မည့် Food Safety Market ဈေးကွက်ပေါ်ထွက်ရန် မြို့နယ်အတွင်းရှိ ကျေးရွာကိုးရွာတွင် ဓာတုလျှော့ချနည်းဖြင့် ဟင်းသီးဟင်းရွက် ၂၂ မျိုးကို တောင်သူ ၂၅ ဦးက ၃၅ ဒသမ ၃၅ ဧကတွင်လည်းကောင်း၊ တောင်သူ ၁၂ ဦးက ပဲတီစိမ်းကို ဧက ၅၀ အကျယ်တွင် လည်းကောင်း၊ တောင်သူ ခုနစ်ဦးက ၂၅ ဧကတွင် လည်းကောင်း၊ သရက်သီးနှံကို ငါးဧကတွင် တောင်သူတစ်ဦးက လည်းကောင်း စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ **ဝင်းဦး(ဇေယျာတိုင်း)**



## လယ်မြေဧက ၆၀၀၀ ခန့်ကို ရေကြီးနစ်မြုပ်မှု သက်သာစေမည့် ရေဆိုးအမှတ် (၈) သဲနုန်းတူးဖော်ပေါင်ဆင့်ခြင်းလုပ်ငန်းပြီးစီး

**ဒီပဲယင်း မေ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်အတွင်းရှိ ကာဘိုးဆည်ရေဦးတူးမြောင်း ရေသောက်စနစ်တွင်ပါဝင်သော ရေဦးမြောင်းမတော် ရေဆိုးအမှတ်(၈) သဲနုန်း တူးဖော်ပေါင်ဆင့်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

ရေဆိုးအမှတ် (၈) တူးဖော်ခြင်းလုပ်ငန်းကို အရှည် ၃ ဒသမ ၆ မိုင် ဆက်စပ်လုပ်ငန်းဖြစ်သော ပရမ်းပကားချောင်းပိုင်းအရှည် ၇ ဒသမ ၅၈ မိုင် စုစုပေါင်းအရှည် ၁၁ ဒသမ ၁၈ မိုင် မြေကြီးလုပ်ငန်းပမာဏစုစုပေါင်း ၈၅၉၄၅ ကျင်း ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၈၁ ဒသမ ၈၀ သန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ လုပ်ငန်းဆောင်ရွက်ပေးခြင်းကြောင့် လယ်မြေဧက ၆၀၀၀ ခန့်ကို နှစ်စဉ်ရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာစေမည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ဒေသခံတောင်သူလယ်သမားများ စိုက်ပျိုးရေရရှိနိုင်ရေး၊ ရေဘေးကာကွယ်ရေးနှင့် ရေကြီးနစ်မြုပ်မှု လျော့ပါးသက်သာစေရန် ချောင်းကော မြောင်းကော ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းလေးခုကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တူးဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေဦးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရှိရသည်။ **သိန်းထွန်း(ဒီပဲယင်း)**

## ပခုက္ကူခရိုင်အတွင်း လယ်ယာအထောက်အကူပြုဝန်ဆောင်မှု သမဝါယမအသင်းများက ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၇**


ကိုဗစ်-၁၉ ကာလအတွင်း စီးပွားရေးနှင့်လုပ်ငန်းအခက်အခဲများကြုံတွေ့နေရသည့် ကျေးလက်နေ တောင်သူများ လုပ်ငန်းခွင်အဆင်ပြေ ချောမွေ့စေရန်အတွက် ပခုက္ကူခရိုင်အတွင်း မြို့နယ်ငါးမြို့နယ်ရှိ မြို့နယ်သမဝါယမအသင်းစုများက လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းခွဲ အနေဖြင့် တောင်သူများ၏ လယ်ယာမြေများတွင် နွေစပါး၊ မိုးစပါး၊ နှမ်း၊ မြေပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် ကြက်သွန်စသည့် သီးနှံများ အချိန်မီထွန်ယက်စိုက်ပျိုးနိုင်ရန် မြေပြုပြင်ခြင်း၊ တမန်းနိုးခြင်းတို့ကို လယ်ယာဝန်ဆောင်လုပ်ငန်းခွဲမှ ဆောင်ရွက်လျက်ရှိပြီး ထွက်ရှိလာသောသီးနှံများ ရိတ်သိမ်းခြွေလှေ့ခြင်း၊ ကြိတ်ခွဲခြင်းလုပ်ငန်းများကိုလည်း သင့်တင့်သောဈေးနှုန်းဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ပခုက္ကူမြို့နယ် ချောက်ကန်ကျေးရွာတွင် အသင်းသားဦးမြင့်ဌေး၏ လယ်ယာမြေ ၁၅ ဧကကို အသင်းစုပိုင် ထွန်စက်ဆိုနာလီကာ (90 HP) နှင့် ဒေဒုံး (60 HP) နှစ်စီးကို နောက်တွဲလင်ပန်း ၁၆ ချပ် ရှေ့တပ်ဂေါ်များဖြင့် ဈေးနှုန်းသက် သာစွာ သီးနှံပေါ်ပေးစနစ်ဖြင့် ထွန်ယက်လျက်ရှိသည်။ ထို့အတူ ရေစကြိုမြို့နယ်ရှိ အောင်နန်း ကျေးရွာ ယာမြေ ခြောက်ဧကကို ဆိုနာလီကာ (90 HP) ထွန်စက်ဖြင့် လည်းကောင်း၊ မြိုင်မြို့နယ်ရှိ ငွေးပင်လယ်ကျေးရွာ ယာမြေ သုံးဧကကို ဆိုနာလီကာ (90 HP) ထွန်စက်ဖြင့် လည်းကောင်း၊ ပေါက်မြို့နယ်ရှိ သဝက်စုကျေးရွာယာမြေ ၁၀ ဧကနှင့် သဲတောကျေးရွာယာမြေ ၁၀ ဧက တို့ကို ဆိုနာလီကာ (90 HP) ထွန်စက်နှင့် ဒေဒုံး (60 HP) နှစ်စီးဖြင့် လည်းကောင်း၊ ဆိပ်ဖြူမြို့နယ် အနေဖြင့် ယာမြေဧက ၂၃၀၀ ကို ဆိုနာလီကာ (90 HP) ထွန်စက်နှင့် ဒေဒုံး(60 HP) နှစ်စီးဖြင့် လည်းကောင်း မြေယာပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး တောင်သူများအနေဖြင့် မိမိ၏လယ်ယာလုပ်ငန်းများ အချိန်မီ ထွန်ယက်စိုက်ပျိုးလိုပါက ပခုက္ကူခရိုင်အတွင်းရှိ မြို့နယ်သမဝါယမအသင်းစုများသို့ ဆက်သွယ်ဆောင်ရွက်ရန်နှင့် သင့်လျော်သော ဈေးနှုန်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။**မောင်မောင်မျိုး**


အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



# ဆေးပစ္စည်းကိရိယာဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

### အခန်း (၁၂)
### ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းနှင့် ဆိုးကျိုးဖြစ်ရပ်များ သတင်းပေးပို့ခြင်း

၂၆။ ဦးစီးဌာနသည် ဈေးကွက်အတွင်းရှိ ဆေးပစ္စည်းကိရိယာ၏ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် အရည်အသွေးစွမ်းဆောင်နိုင်မှုတို့ကို ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း အစီအစဉ်သတ်မှတ်ဆောင်ရွက်ရမည်။

၂၇။ ဈေးကွက်အတွင်းရှိ ဆေးပစ္စည်းကိရိယာတစ်ခုကို သုံးစွဲရန် ရည်ရွယ်ချက်နှင့် အညွှန်းအတိုင်း မှန်ကန်စွာ တပ်ဆင်ထိန်းသိမ်းအသုံးပြုသော်လည်း လူနာ သို့မဟုတ် သုံးစွဲသူတို့၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းမှုတို့ကို ထိခိုက်စေသည်ဟု စိစစ်တွေ့ရှိပါက ဦးစီးဌာနသည် မူလပိုင်ရှင်၊ လုပ်ပိုင်ခွင့်လွှဲအပ်ခံရသော ကိုယ်စားလှယ်၊ ထုတ်လုပ်သူ သို့မဟုတ် ဖြန့်ဖြူးရောင်းချသူတို့အား ဆေးပစ္စည်းကိရိယာကို ဈေးကွက်မှ သိမ်းဆည်းစေရန်နှင့် ယင်းဆေးပစ္စည်းကိရိယာထုတ်လုပ်မှု၊ ရောင်းချမှု၊ သုံးစွဲမှု၊ ဝန်ဆောင်မှုပေးခြင်းတို့ကိုလည်း တားမြစ်ပိတ်ပင်ရမည်။

၂၈။ ဦးစီးဌာနသည် ပုဒ်မ ၂၇ ပါ လုပ်ငန်းများဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကို ရယူနိုင်သည်။

၂၉။ မူလပိုင်ရှင်၊ လုပ်ပိုင်ခွင့်လွှဲအပ်ခံရသော ကိုယ်စားလှယ်၊ ထုတ်လုပ်သူ သို့မဟုတ် ဖြန့်ဖြူးရောင်းချသူသည် ဦးစီးဌာန၏ ညွှန်ကြားချက်အရ မိမိ၏ ဆေးပစ္စည်းကိရိယာကို ဈေးကွက်မှပြန်လည် သိမ်းဆည်းရာတွင် ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

၃၀။ မူလပိုင်ရှင်၊ လုပ်ပိုင်ခွင့်လွှဲအပ်ခံရသော ကိုယ်စားလှယ်၊ ထုတ်လုပ်သူ သို့မဟုတ် ဖြန့်ဖြူး ရောင်းချသူသည် ဆေးပစ္စည်းကိရိယာများတွင် အောက်ပါ အခြေအနေတစ်ရပ်ရပ်ကို သိရှိသတိပြုမိပါက ဦးစီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ သတင်းပေးပို့အကြောင်းကြားရမည် –

(က) ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းမှု မရှိခြင်း၊

( ခ ) ထုတ်လုပ်သူ၏ သုံးစွဲရန် ရည်ရွယ်ချက်အတိုင်း လုပ်ငန်းစွမ်းဆောင်နိုင်မှု မရှိခြင်း၊

( ဂ ) ပြင်းထန်သော ဆိုးကျိုးဖြစ်ရပ်ဖြစ်ပေါ်ခြင်း။

၃၁။ ဆေးပစ္စည်းကိရိယာကို အသုံးပြုသူ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ဆေးပစ္စည်းကိရိယာနှင့် စပ်လျဉ်း၍ ပြင်းထန်သော ဆိုးကျိုးဖြစ်ရပ် တစ်စုံတစ်ရာတွေ့ကြုံပါက ဦးစီးဌာနသို့သတင်းပေးပို့ အကြောင်းကြားရမည်။ ဦးစီးဌာနသည် ပုဒ်မ ၃၀ နှင့် ၃၁ အရ သတင်းလက်ခံရရှိပါက မှန်ကန်မှု ရှိ မရှိကို စစ်ဆေး၍ ဆိုးကျိုးဖြစ်ရပ်ဖြစ်ပွားမှု မှန်ကန်ပါက ပုဒ်မ ၂၇ နှင့်အညီ ဆောင်ရွက်ရမည်။

၃၂။ ဦးစီးဌာနသည် အသုံးပြုရန်မသင့်သော ဆေးပစ္စည်းကိရိယာနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို အများပြည်သူသိရှိရန် အသိပေးကြေညာနိုင်ရေးအတွက် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်နိုင်သည်။

### အခန်း (၁၃)
### စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူခြင်း

၃၃။ ဦးစီးဌာနသည် မူလပိုင်ရှင်၊ လုပ်ပိုင်ခွင့်လွှဲအပ်ခံရသော ကိုယ်စားလှယ်၊ ထုတ်လုပ်သူ၊ ပြည်တွင်းသို့ တင်သွင်းသူ သို့မဟုတ် ဖြန့်ဖြူးရောင်းချသူက ပုဒ်မ ၂၉ နှင့် ၃၀ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ဦးစီးဌာနက ဤဥပဒေအရ ထုတ်ပြန်ထားသော အမိန့် သို့မဟုတ် ညွှန်ကြားချက်ကို ဖောက်ဖျက်လျှင်ဖြစ်စေ ထိုသူကို အောက်ပါစီမံခန့်ခွဲရေးအမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည်–

(က) သတိပေးခြင်း၊

(ခ) မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ကို ကာလသတ်မှတ်ချက်ဖြင့် ယာယီပိတ်သိမ်းခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ကို ပယ်ဖျက်ခြင်း။

၃၄။ ဦးစီးဌာနသည် မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ပယ်ဖျက်ခြင်း သို့မဟုတ် ယာယီပိတ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ရရှိသူတို့ကို မိမိတို့၏ သက်ဆိုင်ရာ ဆေးပစ္စည်းကိရိယာများအား ဈေးကွက်မှ ပြန်လည်သိမ်းဆည်းစေခြင်းနှင့် ဤဥပဒေအရ ထုတ်ပြန်သော အမိန့်၊ အမိန့်ကြော်ငြာစာ၊ နည်းဥပဒေများနှင့်အညီ စီမံခန့်ခွဲစေခြင်းပြုရမည်။

၃၅။ ပုဒ်မ ၃၃ ပုဒ်မခွဲ (ခ) သို့မဟုတ် (ဂ) အရစီမံခန့်ခွဲမှုနည်းလမ်းဖြင့် အရေးယူခြင်းခံရသူသည် ဆေးပစ္စည်းကိရိယာကို ဆက်လက်ထုတ်လုပ်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းပြုလျှင် ထိုသူအား ဤဥပဒေနှင့်အညီ အရေးယူနိုင်ရန် ဦးစီးဌာနက ဆက်လက်ဆောင်ရွက်ရမည်။

### အခန်း (၁၄)
### ဆေးပညာဆိုင်ရာစူးစမ်းစမ်းသပ်မှုများပြုလုပ်ခြင်း
### (Clinical Investigation)

၃၆။ မူလပိုင်ရှင်၊ လုပ်ပိုင်ခွင့်လွှဲအပ်ခံရသော ကိုယ်စားလှယ်၊ ထုတ်လုပ်သူ သို့မဟုတ် ထောက်ပံ့ပေးသူသည်–

(က) ဆေးပစ္စည်းကိရိယာကို အသုံးပြု၍ ဆေးပညာဆိုင်ရာစူးစမ်းစမ်းသပ်မှုပြုလုပ်လိုပါက ဦးစီးဌာနမှတစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူရမည့်အပြင် ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်၊

(ခ) ဆေးပညာဆိုင်ရာ စူးစမ်း စမ်းသပ်မှုတစ်ခုကို ခေတ္တဆိုင်းငံ့ခြင်း သို့မဟုတ် စောစီးစွာ အဆုံးသတ်ခြင်း ပြုလုပ်လိုလျှင် ထိုသို့ပြုလုပ်ရသည့် အကြောင်းရင်းများကို ဦးစီးဌာနမှတစ်ဆင့် ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်။

၃၇။ ဦးစီးဌာနသည် ဆေးပညာဆိုင်ရာ စူးစမ်း စမ်းသပ်မှုတစ်ခုကို ငြင်းပယ်ခြင်း သို့မဟုတ် ရပ်တန့်စေခြင်း ပြုလုပ်လိုလျှင် ယင်းသို့ငြင်းပယ်ခြင်း သို့မဟုတ် ရပ်တန့်စေခြင်းပြုရသည့်အကြောင်းပြချက်ကို ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် မူလပိုင်ရှင်၊ ထုတ်လုပ်သူ၊ လုပ်ပိုင်ခွင့်လွှဲအပ်ခံရသော ကိုယ်စားလှယ် သို့မဟုတ် ထောက်ပံ့ပေးသူတို့အား အကြောင်းကြားရမည်။

### အခန်း (၁၅)
### အယူခံခြင်း

၃၈။ ပုဒ်မ ၃၃ အရ ဦးစီးဌာန၏ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ချက်နှင့်အညီ ဝန်ကြီးဌာနသို့ အယူခံဝင်နိုင်သည်။

၃၉။ ဝန်ကြီးဌာနသည် ပုဒ်မ ၃၃ အရ ဦးစီးဌာန၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်း ပြုလုပ်နိုင်သည်။

၄၀။ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် စီမံခန့်ခွဲရေးနည်းလမ်းအရ အပြီးအပြတ်ဖြစ်စေရမည်။

### အခန်း (၁၆)
### ပြစ်မှုနှင့် ပြစ်ဒဏ်များ

၄၁။ (က) မည်သူမျှ ပုဒ်မ ၁၈ ပါ ကင်းလွတ်ခွင့်ရရှိခြင်း သို့မဟုတ် ပုဒ်မ ၁၉ (က)ပါ ယာယီအသုံးပြုခွင့် ရရှိခြင်းမှတစ်ပါး အောက်ဖော်ပြပါ ဆေးပစ္စည်းကိရိယာများကို ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် ကြော်ငြာခြင်း မပြုရ–

(၁) ပြည်တွင်း၌မှတ်ပုံတင်ထားခြင်းမရှိသောဆေးပစ္စည်းကိရိယာ၊

(၂) ဦးစီးဌာန၏ အရည်အသွေးသတ်မှတ်ချက်များနှင့် ကိုက်ညီမှု မရှိသော ဆေးပစ္စည်းကိရိယာ၊

(၃) အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော ဆေးပစ္စည်းကိရိယာ၊

(၄) မှတ်ပုံတင်ပယ်ဖျက်ခြင်း၊ ကာလသတ်မှတ်ချက်ဖြင့် ယာယီပိတ်သိမ်းခြင်း ခံထားရသည့် ဆေးပစ္စည်းကိရိယာ၊

(၅) ရောင်းချမှု၊ သုံးစွဲမှုနှင့် ဝန်ဆောင်မှုပေးခြင်းကို တားမြစ်ခံထားရသည့် ဆေးပစ္စည်းကိရိယာ၊

(၆) သုံးစွဲရန် ရည်ရွယ်ချက်နှင့် အညွှန်းအတိုင်း အသုံးပြုစဉ်တွင် လူနာ သို့မဟုတ် သုံးစွဲသူ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းမှုကို ထိခိုက်စေသော ဆေးပစ္စည်းကိရိယာ၊

(၇) ကျန်းမာရေးအတွက် သုံးစွဲရန် မသင့်ကြောင်း ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားသော ဘေးအန္တရာယ်ရှိသည့် ဆေးပစ္စည်းကိရိယာ။

(ခ) မည်သူမဆို ပုဒ်မခွဲ(က)ပါ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ် သိန်း ၁၀၀ မှ အများဆုံး ကျပ်သိန်း ၅၀၀ ထိ ငွေဒဏ်လည်း ချမှတ်ရမည်။

၄၂။ (က) မည်သူမျှ ဦးစီးဌာန၏ ယာယီအသုံးပြုခွင့်ရရှိခြင်းမှတစ်ပါး လိုင်စင်မရှိဘဲ ဆေးပစ္စည်းကိရိယာများကို ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်ရ၊

(ခ) မည်သူမဆို ပုဒ်မခွဲ(က)ပါ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ် သိန်း ၃၀၀ ထိ ငွေဒဏ်လည်း ချမှတ်ရမည်။

၄၃။ (က) မည်သူမျှ ဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ဆေးပညာဆိုင်ရာ စူးစမ်း စမ်းသပ်မှုများ မပြုလုပ်ရ၊

( ခ ) မည်သူမဆို ပုဒ်မခွဲ(က)ပါပြစ်မှုကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သိန်း ၃၀ မှ အများဆုံး ကျပ်သိန်း၂၀၀ ထိ ငွေဒဏ်လည်းချမှတ်ရမည်။

၄၄။ (က) မည်သူမျှ ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ၊

(ခ) မည်သူမဆို ပုဒ်မခွဲ(က) ပါ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၁၀၀ ထက်မပိုသော ဒဏ်ငွေဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

### အခန်း (၁၇)
### အထွေထွေ

၄၅။ ပြည်တွင်းသို့ တင်သွင်းရန်ဖြစ်စေ၊ ပြည်ပသို့ တင်ပို့ရန်ဖြစ်စေ ခွင့်ပြုချက်ထုတ်ပေးခွင့်ရှိသော သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းသည် ဤဥပဒေအရ မှတ်ပုံတင်ထားသော ဆေးပစ္စည်းကိရိယာများကိုသာ တင်သွင်းခွင့် သို့မဟုတ် တင်ပို့ခွင့် ပြုနိုင်သည်။

၄၆။ ဤဥပဒေ ပုဒ်မ ၄၂၊ ၄၃၊ ၄၄ တို့ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်–

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးဌာန၊ အာဏာပိုင်အဖွဲ့နှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

## သထုံမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးရန် ပျိုးပင်များ ပျိုးထောင်ထားရှိ

**သထုံ မေ ၁၇**

မွန်ပြည်နယ် သထုံမြို့တွင် မိုးရာသီကာလအတွင်း ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာများ ပျိုးပင်အခမဲ့ရယူ စိုက်ပျိုးနိုင်ရန်အတွက် သထုံမြို့နယ် မြေနီကုန်းကျေးရွာပျိုးဥယျာဉ်အတွင်း သထုံမြို့နယ် သစ်တောဦးစီးဌာနက သစ်ပင်ပျိုးပင်ပေါင်း ၄၄၀၀၀ ကို ပျိုးထောင်ထားသည်။

"မိုးရာသီ သစ်ပင်စိုက်ပျိုးဖို့ မြို့နယ်သစ်တောဦးစီးဌာနက မြေနီကုန်းကျေးရွာ ပျိုးဥယျာဉ်တွင် ပျိုးပင်ပေါင်း ၄၄၀၀၀ ရှိပြီး ကျွန်း၊ မန်ကျည်းရှား၊ မဟော်ဂနီ ၊ပျဉ်းကတိုး၊ ပိတောက်၊ ကုက္ကို ၊သက်န်း၊ မဲဇလီ၊ ခရေ၊ ငုပင် (ငုရွှေဝါ)၊ စိန်ပန်း(စိန်ပန်းအနီ) စသည့် အပင်များပါဝင်ပြီး ၂၀၁၉ ခုနှစ် နိုဝင်ဘာလကတည်းက စတင်ပျိုးထောင်ထားရှိပါတယ်။ အခု ပျိုးထောင်ထားရှိတဲ့ ပျိုးပင်တွေကို ၂၀၂၀ ပြည့်နှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးရန် သတ်မှတ်ထားတဲ့ နေရာတွေမှာ စိုက်ပျိုးမှာဖြစ်ပြီး ဘုန်းတော်ကြီးကျောင်းတွေ၊ မြို့နယ်ဌာနဆိုင်ရာတွေ၊ တပ်ရင်းတပ်ဖွဲ့တွေ၊ ပြည်သူတွေ၊ အဖွဲ့အစည်းတွေ၊ စာသင်ကျောင်းမြေတွေမှာ စိုက်ပျိုးလိုသူတွေကို ပျိုးပင်တွေ အခမဲ့ ဖြန့်ဝေပေးမှာဖြစ်ပါတယ်။ သစ်ပင်စိုက်ပျိုးမှုဟာ မြေဆီမြေဩဇာ တိုးပွားစေပါတယ်။ ရာသီဥတု အပူချိန် ထိန်းညှိပေးတယ်။ ရေလွှမ်းမိုးမှု ထိန်းသိမ်းပေးနိုင်တယ် စတဲ့ အကျိုးကျေးဇူးတွေကို ရရှိမှာဖြစ်ပါတယ်"ဟု မြို့နယ်သစ်တောဦးစီးဌာနဦးစီးမှူး ဦးမျိုးမင်းထက်က ပြောသည်။

ယခုနှစ် ပျိုးထောင်ထားသည့် အပင်အရေအတွက်မှာ ကျွန်း ၄၄၀၀၊ မန်ကျည်းရှား ၁၄၃၀၀၊ မဟော်ဂနီ ၁၃၂၀၀၊ ပျဉ်းကတိုး ၃၃၀၀၊ ပိတောက် ၃၃၀၀၊ ကုက္ကို ၁၁၀၀၊ သက်န်း ၂၂၀၀၊ မဲဇလီ ၅၅၀၊ ခရေ ၅၅၀၊ ငုပင်(ငုရွှေဝါ) ၅၅၀၊ စိမ်ပန်း(စိမ်ပန်းအနီ) ၅၅၀ စသည့် ပျိုးပင်ပေါင်း ၄၄၀၀၀ ကို မြေနီကုန်းကျေးရွာရှိ ပျိုးဥယျာဉ်တွင် ပျိုးထောင်ထားပြီး ဖြစ်ကြောင်း သိရသည်။



**နန္ဒကျော်စွာ**

# ကျွန်တော်နဲ့ ပုံမှန်အသစ်



## ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

**ပုံမှန်အသစ်ဆိုတဲ့ ဝေါဟာရကို စီးပွားရေးပညာမှာ ၂၀၀၈ ခုနှစ် ကမ္ဘာ့စီးပွားရေးအကျပ်အတည်း ပေါ်ပေါက်ပြီးအချိန် စတင်သုံးစွဲလာခဲ့တာဖြစ်တယ်။ အင်္ဂလိပ်လို new normal၊ အရင်ပုံစံမဟုတ်တော့ဘဲ ပုံစံအသစ်ဖြစ်တာကို ရည်ညွှန်းခြင်း ဖြစ်တယ်။ တစ်ချိန်တုန်းက ထူးဆန်းတာတွေဟာ ရိုးသွားတာကိုလည်း ပြောခြင်းဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါကြီးနဲ့ ပတ်သက်လာရင် ဒီဝေါဟာရကိုပြန်ပြီး သုံးစွဲခဲ့တာဖြစ်တယ်။**

> **“ ပုံမှန်အသစ်လို့လည်း သတ်မှတ်ကြတယ်။ အခြေခံကတော့ ပြောင်းလဲမှုနဲ့ ပတ်သက်တာ ဖြစ်တယ်။ ပုံမှန်အသစ်ဟာ အစဉ်ပြောင်းလဲမှုကိုပြောတာ ဖြစ်တယ်။ ကျွန်တော်တို့တစ်တွေဟာ အတိတ်ကသင်ခန်းစာရအောင် လုပ်ရမယ်။ အနာဂတ်အတွက်ပြင်ဆင်ပြီး ပစ္စုပ္ပန်မှာ ရှင်သန်အောင် ကြိုးစားသွားကြရမှာ။ ပုံမှန်အသစ်က အရင်အတိုင်း ဆိုတာ မရှိတော့ဘူး လို့ လက်ခံရမယ်”**

ပုံမှန်အသစ်ဆိုတဲ့အကြောင်း မဆွေးနွေးမီ ကျွန်တော့်အနေနဲ့ ငန်းနက် (black swan) အကြောင်း တင်ပြချင်ပါတယ်။ ဒီငန်းနက်သီအိုရီကတော့ စီးပွားရေးပညာမှာသော်လည်းကောင်း၊ သဘာဝသိပ္ပံပညာရပ်မှာသော်လည်းကောင်း ၁၉ ရာစုကတည်းက ပေါ်ပေါက်လာခဲ့တာဖြစ်တယ်။ ရိုးရိုးရှင်းရှင်းတင်ပြရရင် တစ်ချိန်က သဘာဝသိပ္ပံပညာရှင်များဟာ ငန်းတွေကို လေ့လာရာမှာ သူတို့တွေ့ရှိရတဲ့ ငန်းတွေအားလုံးဟာ အဖြူရောင်တွေ ဖြစ်နေတာတွေ့ရတယ်။ ဒါကြောင့် ငန်းဆိုရင် အဖြူရောင်သာဖြစ်ရမယ်ဆိုတဲ့ အယူအဆ ရှိကြတယ်၊ စွဲလမ်းကြတယ်။ သူတို့စိတ်ထဲမှာငန်းမှန်သမျှ ဖြူရမယ်ဆိုပြီး တစ်ထစ်ချ အယုံအကြည်ရှိနေကြတယ်။ ငန်းဟာ အဖြူရောင်သာဖြစ်ရမယ်ဆိုပြီး သတ်မှတ်ကြတယ်။ ဒီလို ယူဆနေတာကို ဥရောပကလူတွေ ဩစတြေးလျနိုင်ငံရောက်သွားတဲ့အခါ ငန်းအနက်တစ်ကောင်ကို မထင်မှတ်ဘဲ တွေ့ခဲ့တယ်။ တစ်ချိန်လုံး ငန်းဆိုရင် ဖြူရမယ်ဆိုတဲ့ အစွဲအသိဟာ ချက်ချင်းပျက်ပြားသွားတယ်။ ငန်းအနက်ရှိတာကို မမျှော်လင့်ထားတာမို့ မမျှော်လင့်ဘဲ၊ မထင်မှတ်ဘဲ ဖြစ်ပေါ်တွေ့ရှိလာတဲ့အရာအားလုံးကို ငန်းအနက်ဖြစ်ရပ်လို သတ်မှတ်လာခဲ့ကြတယ်။

### မကြုံဖူးတဲ့ဖြစ်ရပ်

၂၀၁၉ ခုနှစ် ဒီဇင်ဘာလက တရုတ်နိုင်ငံ ဝူဟန်မြို့ကစပြီး ဖြစ်ပေါ်လာတဲ့ ကိုဗစ်-၁၉ ကို ငန်းအနက်ဖြစ်ရပ်အနေနဲ့သော်လည်းကောင်း၊ ပုံမှန်အသစ်အနေနဲ့သော်လည်းကောင်း သတ်မှတ်ကြတယ်။ အခုလို သတ်မှတ်မှုကို နားလည်သဘောပေါက်ဖို့ လိုအပ်တယ်။ ကိုဗစ်-၁၉ ကပ်ရောဂါကြီးဟာ တစ်သက်မှာ တစ်ခါသာကြုံကြိုက်ရတဲ့ ငန်းအနက်ဖြစ်ရပ်ဖြစ်ပြီး အကျိုးဆက်ကတော့ ပုံမှန်အသစ်အခြေအနေတစ်ရပ်ကို ဖန်တီးတာဖြစ်တယ်။ တစ်ခါမှ မကြုံဖူးတဲ့ဖြစ်ရပ်ဖြစ်တယ်။ ကျွန်တော်တို့ဘဝတွေကို အပြီးအပိုင်ပြောင်းလဲစေမယ့် အခြေအနေတစ်ရပ်ဖြစ်တယ်။

ကိုဗစ်-၁၉ ကို ငန်းနက်လို့ပြောသလို ပုံမှန်အသစ်လို့လည်း သတ်မှတ်ကြတယ်။ အခြေခံကတော့ ပြောင်းလဲမှုနဲ့ ပတ်သက်တာဖြစ်တယ်။ ပုံမှန်အသစ်ဟာ အစဉ်ပြောင်းလဲမှုကိုပြောတာ ဖြစ်တယ်။ ကျွန်တော်တို့တစ်တွေဟာ အတိတ်ကသင်ခန်းစာရအောင် လုပ်ရမယ်။ အနာဂတ်အတွက်ပြင်ဆင်ပြီး ပစ္စုပ္ပန်မှာ ရှင်သန်အောင် ကြိုးစားသွားကြရမှာ။ ပုံမှန်အသစ်က အရင်အတိုင်း ဆိုတာမရှိတော့ဘူးလို့ လက်ခံရမယ်။

ပြောင်းလဲမှုတစ်ရပ်ဟာ ကြီးမားလွန်းတာမို့ လူတွေက မခံနိုင်ကြဘူး။ မကြုံဖူးတဲ့အရာတွေ ဖြစ်တာမို့ မခံနိုင်ကြဘဲ လက်လျှော့ကြတာ။ အရင်အတိုင်း ဖြစ်လိမ့်မယ်လို့လည်း မျှော်လင့်ထားကြတယ်။ အခုချိန်မှာ တစ်ကမ္ဘာလုံးက ကိုဗစ်-၁၉ အကြောင်းကလွဲလို့ တခြားအရာတွေကို မစဉ်းစားနိုင်ကြဘူး။ မနက်အိပ်ရာထတဲ့အချိန်ကစပြီး အိပ်ရာဝင်တဲ့အထိ တစ်ချိန်လုံး ဒီအကြောင်းပဲ စဉ်းစားကြတယ်၊ ပြောကြတယ်။ သတင်းတွေကိုလည်း အလုအယက်ကြည့်ကြတယ်။ အထူးသဖြင့် ဖေ့စ်ဘွတ်ကို အားကိုးကြတာ။ အခုချိန်မှာ ဝန်ထမ်းတွေဟာ အိမ်မှာနေကြရတယ်။ အိမ်ကတစ်ဆင့် အလုပ်လုပ်ခွင့်ရရင် ကံကောင်းတဲ့သူဖြစ်တယ်။ တချို့ဆိုရင် အလုပ်က အပြီးအပိုင် အနားပေးခြင်းခံကြရတယ်။ ပုံမှန်အသစ်က အိမ်ထဲက အိမ်ပြင်ထွက်ဖို့ ခက်ခဲတယ်။ တားမြစ်ထားတာတွေ တစ်ဖက်ကရှိနေသလို ကိုယ်ကိုယ်တိုင်လည်း ကြောက်ပြီး မထွက်ရဲကြတာ။

အလုပ်ခွင်မှာ ဝန်ထမ်းတွေ လျှော့ရတယ်။ အခုလိုလျှော့လိုက်တဲ့ ဝန်ထမ်းတွေကို တစ်ချိန်မှာ ပြန်ခန့်မယ်လို့အာမခံဖို့ ခဲယဉ်းတယ်။ ကျစ်ကျစ်လျစ်လျစ်နဲ့ နဂိုဝန်ထမ်းအရေအတွက် တစ်ဝက်လောက်နဲ့ အလုပ်တွေ လုပ်နိုင်အောင် ကြိုးစားနေကြတာ။ ဒီတော့ ဝန်ထမ်းတစ်ဝက်လောက်နဲ့ လုပ်နိုင်တာကို အတွေ့အကြုံရှိရင် အခြေအနေကပြောင်းလဲပြီး ပြန်ခန့်ဖို့ လွယ်မှာ မဟုတ်တော့ဘူး။

အရင်တုန်းက မိသားစုတွေ အားလပ်ချိန်မှာ အပြင်ထွက်ကြတယ်၊ လည်ပတ်ကြတယ်၊ စားသောက်ဆိုင်တွေ သွားကြတယ်။ အခုချိန်မှာ အပြင်မထွက်ဘဲ အိမ်မှာပဲ မိသားစုနဲ့အတူ နွေးနွေးထွေးထွေး နေထိုင်ကြတယ်။ တစ်ခါတလေ အစားအသောက် မှာစားကြတယ်။ ဒါက ပုံမှန်အသစ်၊ နောင်ဆိုရင် အခုလိုပဲ အိမ်မှာပဲနေပြီးအပြင်ထွက်ဖို့ ဝန်လေးမှာ။ စနေ၊ တနင်္ဂနွေဆို မြို့ပေါ်က လူတွေက ဈေးဝယ်ထွက်ကြတယ်။ ဈေးဝယ်ရင်း ရုပ်ရှင်ကြည့် အစားအသောက်တွေစားပြီး အချိန်ကိုကုန်ခဲ့တယ်။ အခုတော့ ပစ္စည်းဝယ်တဲ့ပုံစံက လုံးဝပြောင်းလဲခဲ့ပြီ။ အိမ်မှာနေရင်း အွန်လိုင်းကနေ လိုချင်တာကိုမှာပြီး ဝယ်နေကြတာ။ ဒါကြောင့် တစ်လအတွင်း အွန်လိုင်းအရောင်းအဝယ်လုပ်ငန်းတွေ တစ်ဟုန်ထိုး တိုးတက်လာခဲ့တယ်။ သွက်လက်လာတယ်။

ပညာရေးကဏ္ဍမှာ အကြီးအကျယ်ပြောင်းလဲမှုတွေကို ရင်ဆိုင်ရတယ်။ အားလုံးဟာ အွန်လိုင်းတက်ကြရတော့မယ်။ အရင်တုန်းကလို မဟုတ်တော့ဘဲ ပညာရေးကို မိမိလက်ကိုင်ဖုန်း၊ ကွန်ပျူတာကတစ်ဆင့် ရနိုင်တဲ့ အနေအထားရှိတယ်။

### ထူးခြားတဲ့ ပုံမှန်အသစ်

ထူးခြားတဲ့ ပုံမှန်အသစ်တစ်ခုကို သတိထားမိတယ်။ အရင်တုန်းက အိမ်ခြံမြေအကျိုးဆောင်တွေဟာ တိုက်ခန်းငှားချင်တဲ့သူ၊ အိမ်ဝယ်ချင်တဲ့သူတွေကို ရောင်းမယ့်သူ၊ ငှားမယ့်သူတွေနဲ့ ကိုယ်တိုင်ကိုယ်ကျ ဆက်သွယ်ပြီး အကျိုးဆောင်မှုလုပ်ကြတယ်။ ကျေနပ်မှုရှိအောင် ပြသရတယ်။ အခုချိန်မှာ ကိုယ်တိုင်ကိုယ်ကျသွားဖို့ မဖြစ်နိုင်တော့ဘူး။ ဒါကြောင့် အွန်လိုင်းကနေတစ်ဆင့် ကိုယ်ငှားချင်တဲ့တိုက်ခန်း၊ ကိုယ်ဝယ်ချင်တဲ့ အိမ်ခြံတွေကိုကြည့်ပြီး အဆုံးအဖြတ်တွေ ပေးလို့ရလာပြီ။ ဒါဟာ ပုံမှန်အသစ်ဖြစ်တယ်။ ကျွန်တော်စိတ်ပူတာတစ်ခု ရှိတယ်။ တစ်လကျော်ကျော် အိမ်ထဲပိတ်မိနေသူတွေ အချိန်ရတာနဲ့ အမျှ မွန်းကျပ်လာကြတယ်။ စိတ်ဖိစီးမှုတွေ များလာတယ်။ ဒါကြောင့် ဒီကပ်ရောဂါကြီး မြန်မြန်ပြီးပါစေလို့ ဆုတောင်းနေကြတယ်။ ပြီးသွားရင် အရင်အတိုင်း လှုပ်ရှားနိုင်မယ်လို့ မြင်နေကြတယ်။ ထင်နေကြတယ်။ အရင်လိုမဟုတ်တော့ဘူးဆိုတာကို လက်ခံဖို့ခက်တယ်။ မိမိရင်းနှီးတဲ့၊ ယဉ်ပါးတဲ့ နဂိုအခြေအနေ ပြန်ရောက်လိမ့်မယ်လို့ ထင်နေကြတယ်။ အမေရိကန်ပြည်ထောင်စုမှာ ကျောင်းတွေပြန်ဖွင့်ဖို့ အစီအစဉ်တွေ ဆွဲနေကြတယ်။ ကျောင်းသားတွေကို ကျောင်းမှာစုပြီး နေ့လယ်စာကျွေးတဲ့ အစီအစဉ်တွေကို ရုပ်သိမ်းဖို့ စီစဉ်နေတယ်။ စာသင်ခန်းထဲမှာ တစ်စားပွဲနဲ့တစ်စားပွဲ ခြောက်ပေအကွာအဝေးထားဖို့ စီစဉ်ကြတယ်။ ကျောင်းတွေ ပြန်ဖွင့်ရင် အရင်ပုံစံ မဟုတ်တော့ဘူး။ တက္ကသိုလ်တွေမှာလည်း ကျောင်းသားတွေရဲ့ အတန်းတွေအားလုံးကို ပိတ်လိုက်ပြီး အားလုံးကို အွန်လိုင်းက သင်နေကြပြီ။ ဒါကပုံစံအသစ်ပဲ ဖြစ်တယ်။ အားကစားနဲ့ ပတ်သက်လာရင်လည်း အခုလိုပဲဖြစ်မယ်။ လူစုလူဝေးကို လုံးဝရှောင်ကြရမယ်။ ဒါက ပုံစံအသစ်ဖြစ်တယ်။

ပုံစံအသစ်ကို လူတွေက လက်ခံဖို့ ခက်ခဲမယ်။ စိတ်ထဲကလက်ခံဖို့ မလွယ်လှဘူး။ အရင်လိုပဲဆိုတာကို တွေးနေကြတာ။ ကိုဗစ်-၁၉ ရောဂါကို လျှော့တွက်နေကြတယ်။ ကာကွယ်ဆေးပေါ်လာရင် ပြဿနာအားလုံးပြီးပြီလို့ ထင်နေကြတယ်။ ကာကွယ်ဆေးပေါ်ဖို့ အချိန်လိုတယ်။ ပေါ်ပြီးတဲ့အချိန်မှာလည်း လူတိုင်းအတွက်လမ်းလှမ်းမီအောင် အတော်လုပ်ယူရမယ်။

ကျွန်တော်တို့အားလုံး လက်ဆေးတတ်နေကြပြီ။ နှာခေါင်းစည်းကိုတပ်ဖို့ ဝန်မလေးကြတော့ဘူး။ တစ်ယောက်နဲ့တစ်ယောက် နီးနီးကပ်ကပ်နေလို့ မဖြစ်ဘူးဆိုတာ နားလည်ကြတယ်။ တတ်နိုင်ရင် အိမ်မှာပဲနေကြတယ်။ အမူအကျင့် ဓလေ့ထုံးစံဆိုတာက ကာလတိုမှာပြောင်းလဲဖို့ မလွယ်လှဘူး။ အနေအထိုင်ဆင်ခြင်ရမယ်လို့ သိပေမယ့် အကျင့်ကပါနေတာ။

ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး လိုအပ်တဲ့အကူအညီတွေကို နိုင်ငံတော်က ဦးစီးပြီး ဆောင်ရွက်နေတယ်။ လုပ်ငန်းရှင်များကလည်း ပါဝင်ကြတယ်။ တစ်ဦးချင်းတစ်ယောက်ချင်းက ပါဝင်နေကြတယ်။ ကျွန်တော်တို့လူမျိုးက အလှူအတန်းနဲ့ ပတ်သက်ပြီး ရက်ရောတယ်။ ဒါကြောင့်လည်း သတင်းတွေမှာ အလှူအတန်းလုပ်နေတာကို ကြားရလို့ သာဓုခေါ်ပါတယ်။ ဒါပေမယ့် သတင်းစာတွေမှာ အလှူအတန်း လုပ်နေပုံကိုမြင်ရတော့ စိုးရိမ်မိတယ်။ လှူတဲ့ပုံစံက မပြောင်းလဲသေးဘူး။ ဓာတ်ပုံတွေ အရိုက်ခံနေတယ်။ အလှူငွေပမာဏဖော်ပြတဲ့အတွက် ကိုယ်လှူတဲ့သူနဲ့ အလှူလက်ခံတဲ့သူက ပူးတွဲပြီး ဓာတ်ပုံရိုက်ကြတယ်။ နံဘေးမှာလည်း လူတွေက တစ်ဦးနဲ့တစ်ဦး ပူးကပ်နေကြတာ။ ဓာတ်ပုံထဲ အားလုံး ပါဝင်အောင် အရိုက်ခံကြတယ်။ နှာခေါင်းစည်းတွေ တပ်ထားကြသလို တချို့တွေကတော့ အရင်တိုင်းပဲ။ အခုလို လှူဒါန်းတဲ့ပုံစံကို ကိုဗစ်-၁၉ ကာလမှာ ပြောင်းလဲသင့်တယ်။ အွန်လိုင်းနဲ့လှူနိုင်အောင်စီစဉ်ဖို့ လိုအပ်တယ်။ ပစ္စည်းတွေ လက်ခံတဲ့နေရာမှာ တစ်ဦးနဲ့တစ်ဦး ထိတွေ့မှုအနည်းဆုံး ဖြစ်အောင်လုပ်ဖို့ လိုအပ်တယ်။ ဒါပေမယ့် အလှူယဉ်ကျေးမှုကို ပြင်ဖို့ကတော့ ကာလတိုမှာ လွယ်မှာမဟုတ်သေးဘူး ထင်တယ်။ ငါးဦးထက်ပိုပြီး မစုဝေးရဆိုတဲ့ အမိန့်ထုတ်ထားပေမယ့် တချို့နေရာတွေမှာ ချိုးဖောက်နေကြတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ဝေထားတဲ့ ညွှန်ကြားချက်တွေက လိုက်နာရမယ့်အရာတွေ။ အရင်ပုံစံနဲ့ လှုပ်ရှားနေဖို့ မသင့်တော့ဘူး။

### လူတိုင်းမှာ တာဝန်ရှိ

ပုံစံအသစ်ကို ရောက်နေပြီ။ ဒီပုံစံအသစ်အတွင်း လှုပ်ရှားဖို့ လိုအပ်တယ်။ လူတိုင်းမှာ တာဝန်ရှိတယ်။ ဒီရောဂါပိုး ကိုယ့်မှာရှိတယ် မရှိဘူး မသိနိုင်တာမို့ သွားလာလှုပ်ရှားမှုတွေကို အတတ်နိုင်ဆုံးလျှော့ဖို့ လိုအပ်တယ်။

အလုပ်တွေ အာရုံနဲ့ မိသားစုနဲ့ နွေးနွေးထွေးထွေး မနေနိုင်တဲ့ အခြေအနေက အခုလိုအိမ်မှာ နေကြရတာ ပုံမှန်အသစ်သာ ဖြစ်တယ်။ ဒီပုံမှန်အသစ်ကို ကြိုဆိုပြီး နေထိုင်ကြဖို့ ဆန္ဒပြုရပါတယ်။ ပုံမှန်အသစ်ဘဝကို ကြိုဆိုကြပါစို့၊ ကျေကျေနပ်နပ်နဲ့ လှုပ်ရှားပြီး ရှင်သန်အောင်ကြိုးစားကြရမှာသာ ဖြစ်တယ်။ ။

# ကံမမြို့နယ်ရှိ သောက်သုံးရေရှားပါးသည့် ကျေးရွာများသို့ သောက်သုံးရေ လှူဒါန်း



**ကံမ မေ ၁၇**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်ရှိ သောက်သုံးရေ ရှားပါးပြတ်လပ်သည့် ကျေးရွာများသို့ ကံမမြို့နယ် လူမှုကူညီရေးနှင့် အရေးပေါ်ကယ်ဆယ်ရေးအသင်း (မြောက်ချောင်း) ဒုတိယဥက္ကဋ္ဌ ဦးဝင်းဦးနှင့်အဖွဲ့က ယမန်နေ့က သွားရောက်လှူဒါန်းသည်။

ထိုသို့လှူဒါန်းရာတွင် မြို့နယ်လူမှုကူညီရေးနှင့် အရေးပေါ်ကယ်ဆယ်ရေးအသင်း(မြောက်ချောင်း)မှ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့သည် ကံမမြို့နယ် စမ်းရွာကျေးရွာ၌ ရေဂါလန် ၂၇၅၀၊ ရွာသာလှကျေးရွာတွင် ရေဂါလန် ၁၅၀၀နှင့် ဇီးဖြူကွင်းကျေးရွာတွင် ရေဂါလန် ၁၂၅၀ တို့ကို လှူဒါန်းသည်။

“ သူတို့မှာ တကယ်လိုအပ်တာကြောင့် သောက်ရေ၊ သုံးရေအတွက် လှူတာပါ။ သုံးရေတောင် သုံးစရာမရှိတဲ့အနေအထားမှာ လှူဒါန်းတော့ သူတို့ကလည်း ဝမ်းပန်းတသာနဲ့ ဆီးကြိုလို့ အတိုင်းမသိ ဝမ်းသာပါတယ်။ ကျွန်တော်တို့ အစီအစဉ်က အများပြည်သူရဲ့ ဝိုင်းဝန်းလှူဒါန်းပံ့ပိုးတဲ့ငွေနဲ့ ကားငှားစရိတ်ရယ်၊ ဝေယျာဝစ္စ ကူလုပ်တဲ့ကလေးတွေရဲ့ စရိတ်ရယ်၊ မိုးမကျမချင်း ရေရှားပါးပြီး အလှူရှင်မရောက်တဲ့ ကျေးရွာတွေကို ဦးစားပေးပြီး ဆက်လက်လှူဒါန်းသွားမှာပါ” ဟု ကံမမြို့နယ် လူမှုကူညီရေးနှင့် အရေးပေါ်ကယ်ဆယ်ရေးအသင်း (မြောက်ချောင်း) ဒုတိယဥက္ကဋ္ဌက ပြောသည်။

အလားတူ မေ ၁၅ ရက်က ရေရှားပါးပြတ်လပ်သည့် ကျေးရွာများဖြစ်သော သစ်မယ်ဇီကျေးရွာတွင် ရေဂါလန် ၂၇၀၀၊ ညောင်ကိုင်း ကျေးရွာတွင် ရေဂါလန် ၅၀၀ နှင့် တောင်ပို့နီကျေးရွာတွင်ရေဂါလန် ၂၂၀၀ တို့ကို အဆိုပါအဖွဲ့က သွားရောက်လှူဒါန်းကြောင်း သိရသည်။

စမ်းရွာကျေးရွာတွင် အိမ်ခြေ ၁၀၀၊ လူဦးရေ ၆၀၀၊ ရွာသာလှကျေးရွာတွင် အိမ်ခြေ၇၅ အိမ်၊ လူဦးရေ ၂၄၆ ဦးနှင့် ဇီးဖြူကွင်းကျေးရွာတွင် အိမ်ခြေ ၈၀၊ လူဦးရေ ၃၀၀ ၊ သစ်မယ်ဇီကျေးရွာတွင် အိမ်ခြေ ၁၄၈ အိမ်၊ လူဦးရေ ၆၃၀၊ ညောင်ကိုင်း ကျေးရွာတွင် အိမ်ခြေ ၁၇၀၊ လူဦးရေ ၆၆၁ ဦးနှင့် တောင်ပို့နီကျေးရွာတွင် အိမ်ခြေ ၃၇ အိမ်၊ လူဦးရေ ၁၃၀ ရှိကြောင်း သိရသည်။

**ဝေသူနွယ်(မြန်မာ့အလင်း)**

# မန္တလေး သရက်ဈေးကွက် စိန်တလုံး သရက်အရောင်းသွက်

မြန်မာ့သရက်မျိုးများအနက် စိန်တလုံး သရက်သီးသည် အနံ့အရသာကောင်းမွန်၍ ဈေးကွက်အတွင်း လူကြိုက်များပြီး ရောင်းအားကောင်းလျက်ရှိကြောင်း မန္တလေးမြို့ ၂၉လမ်း၊ ၈၄x ၈၅လမ်းကြား ဈေးချို ဝါးတန်းရပ်ရှိ သစ်သီးပွဲရုံများမှ သိရသည်။



### အရောင်းသွက်

"သရက်အမျိုးပေါင်းက ၁၃၀ ကျော်လောက်ရှိတယ်။ သရက်သီးရာသီက တန်ခူးလပြည့်ကျော်ပြီးရင် စပြီး လှိုင်လှိုင်ပေါ်တယ်။ စပေါ်ခါစက အကြမ်းသီးပေါ့။ မျိုးသိပ်မကောင်းတဲ့အသီးတွေ ပေါ်တယ်။ အဲဒါပြီးရင် စိန်တလုံး ထွက်တယ်။ အဲဒီနောက်မှာ ပန်းဆွဲတို့၊ ဟသ်ာတို့ စတဲ့အသီးတွေ ထပ်ပေါ်တယ်။ စိန်တလုံးကတော့ အရသာကောင်းပြီး လူကြိုက်များတော့ အစိုက်များတာပေါ့။ သူ့ဒေသနဲ့ စိုက်တဲ့အချိန်ပေါ် မူတည်ပြီး သီးတဲ့အချိန်က ကွာခြားသွားတော့ ဈေးရတာချင်း မတူတော့ဘူး။ ပလိပ်၊ ကျောက်ဆည်၊ ဟံမြင့်မိုရ် စတဲ့နယ်ပေါင်းစုံက မန္တလေးကို ဝင်တယ်။ သရက်ပင်က နေရာအနှံ့ စိုက်နိုင်တော့ ဒေသအနှံ့က ထွက်တယ်။ အချို့ဒေသတွေမှာက အသီးကောင်း မထွက်ဘဲ အကြမ်းသီးပဲထွက်တော့ မန္တလေးကနေ အသီးကောင်းတွေ ပြန်ပို့ရတယ်။ မန္တလေးဈေးကွက်မှာတော့ စိန်တလုံးသရက်က အရောင်းသွက်တယ်" ဟု နေခြည်သစ်သီးပွဲရုံပိုင်ရှင် ဦးတင်မောင်ထွန်းက ပြောသည်။

"ဒီနှစ်တော့ အရင်နှစ်ကနဲ့စာရင် သရက်သီး အဝင်များတယ်။ ပြည်တွင်းမှာတော့ မန္တလေးကနေ လားရှိုး၊ သီပေါ၊ ကျောက်မဲ၊ ဟိုပင်၊ မိုးညှင်း၊ ကသာ၊ မြစ်ကြီးနား စတဲ့ နယ်ပေါင်းစုံကို ပို့ရတယ်။ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို နယ်ဘက်တွေကျတော့ အောက်သီးဈေးနည်းတဲ့ အသီးတွေပေါ့၊ ဈေးနည်းနည်းနဲ့ ပြန်ရောင်းလို့ရမယ့် အသီးမျိုးတွေ ပိုဝယ်ကြတယ်။ တရုတ်ဘက်ပို့တာကတော့ ဈေးကွက်က မှန်းမရတော့ တော်ရုံဟိုဘက်မှာ ပွဲရုံအပိုင်မရှိဘဲ မတက်ရဲကြဘူး။ ဒီဘက်က သရက်ခြံတွေက တိုက်ရိုက်ရောင်းကြတယ်။ ပွဲရုံတွေဆီ မလာတော့ဘူး။ မူဆယ်၊ ရွှေလီဘက်ပို့ကြတယ်။ ခါတိုင်း ကားအစီးရေ ၁၀၀ သွားရင် အခု ၅၀၊ ၆၀ လောက်သွားတယ်။ အရင်ကတော့ သူ့ခြံကိုယ့်ခြံ တက်ရောင်းကြတာပေါ့။ ပို့တဲ့အခါ လမ်းမှာ အထားခံအောင် အမှည့်ဘက်လိုက်တော့မယ့် ရင့်တဲ့ အစိမ်းသီးတွေပဲ ပို့ကြတယ်။ လိုက်လုံးနဲ့ အမှည့်က ဒီဘက်ပွဲရုံတွေကို ပို့တယ်။ သရက်သီးဈေးကတော့ အကြီး၊ အသေး၊ အသီး ကောင်း မကောင်း၊ ပိုးပေါက် ပါ မပါ၊ ကိုင်းပွန်း ပါ/ မပါ စတဲ့ အသီးအနေအထားကိုကြည့်ပြီး တစ်လုံးကို ငွေကျပ် ၅၀-၁၀၀ ကျပ်ကနေ ပုံမှန် ငွေကျပ် ၁၅၀-၃၀၀ အထိ အစားစား ရှိပါတယ်။ ငွေကျပ် ၃၀၀- ၄၀၀ တန် အသီးကောင်းအကြီးသီးကတော့ ပါခဲတယ်။ ဈေးကွက်က ပုံမှန်ပါပဲ။ အကောင်းချည်းပဲလည်း မဟုတ်သလို၊ မကောင်းတဲ့ဘက်လည်း မရောက်ပါဘူး" ဟု ၎င်းက ဆက်လက်ပြောသည်။

### တောင်းပြတ်ရောင်းချ

သရက်သီးများကို တောင်းများဖြင့် ဈေးကွက်အတွင်း ပုံမှန်တင်ပို့လျက်ရှိပြီး တစ်တောင်းလျှင် အသီးအကြီးအသေးပေါ် မူတည်၍ အကြီး ၁၄၀ မှ ၁၅၀ အကြား၊ အလတ် ၁၂၀ မှ ၁၃၀ အကြား၊ အသေး ၁၈၀ မှ ၂၀၀ အကြား ပါဝင်ကာ ပွဲရုံများက တောင်းပြတ်ရောင်းချကြောင်း သိရသည်။

"အခက်အခဲကတော့ ရာသီဥတု ဖောက်ရင်လည်း သရက်သီးက အထွက်နည်းတယ်။ အခု ညမထွက်ရဒေသန္တရအမိန့်တွေ ထုတ်ထားတာရယ်၊ ဈေးတွေမှာလည်း အချိန်အကန့်အသတ်နဲ့ ရောင်းရတာတွေရှိတော့ ကုန်အဝင် အထွက်က မမျှဘူး၊ ကုန် အသစ် အဟောင်းက မျှမျှတတ မလည်နိုင်ဘူး။ ညပိုင်းသာ ဝင်မယ်ဆိုရင် မနက်စောစောဆို အသီးကတော်တော်များများပြတ်ပြီ လက်ကျန်လေးပဲ ဆက်ရောင်းရုံပဲ။ ညပိုင်းကျတော့ အသီးအသစ်ထပ်ဝင်။ အဲဒီလို အဟောင်းအသစ် ဖလှယ်နိုင်တယ်။ လက်လီပြန်ရောင်းတဲ့ ဈေးသည်ကလည်း အချိန်အကန့်အသတ်နဲ့ရောင်းရတော့ ကုန်ကို တိုင်းဝယ်ကြတယ်။ ကုန်စိမ်းဆိုတော့ အထားခံတဲ့ ကုန်မဟုတ်ဘူး။ ကိုယ်ပြန်ရောင်းရမယ့်အချိန်နဲ့ ရောင်းနိုင်မယ့်အင်အားနဲ့ပဲ ချိန်ဝယ်ကြတော့တယ်။ အဓိက လက်လီသည်တွေ အားထားရောင်းရတာဆိုတော့ ကိုယ်က အချိန်ပြည့် ဖွင့်လို့ရပေမယ့် သူတို့က မထွက်ရရင် ကိုယ်လည်း မရောင်းရဘူး။ အချို့ဒေသတွေမှာတော့ သရက်သီးကို တာရှည်ခံ စားသောက်ကုန်တွေအဖြစ် ပြုပြင်ထုတ်လုပ်တာရှိတယ်။ နည်းပညာအရရော၊ နိုင်ငံတကာကို ထိုးဖောက်နိုင်တဲ့အထိ ပြင်ဆင်ထုတ်လုပ်နိုင်မှု မရှိတာကြောင့် ပြည်တွင်းမှာတင် ဝယ်လိုအားနည်းတဲ့အတွက် သိပ်မတွင်ကျယ်ပါဘူး။ အခုလက်ရှိတော့ သက်ဆိုင်ရာက ထုတ်ပြန်ထားတဲ့ စည်းကမ်းတွေအတိုင်းပဲ အရောင်းအဝယ် လုပ်နေပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

"အရွက်မှာ လက်ဖက်၊ အသီးမှာ သရက်" ဆိုသကဲ့သို့ မြန်မာလူမျိုးများသာမက အိမ်နီးချင်းတိုင်းပြည်များနှင့် နိုင်ငံတကာမှ ကြိုက်နှစ်သက်ကြပြီး အနံ့အရသာနှင့် ပြည့်စုံသည့် မြန်မာ့သရက်မျိုး စိန်တလုံးကို နည်းစနစ်ကျနစွာဖြင့် သဘာဝအတိုင်း အော်ဂဲနစ်အဖြစ် ယခုထက်ပိုမိုတွင်ကျယ်စွာ စိုက်ပျိုးထုတ်လုပ်၍ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်တင်ပို့နိုင်ခြင်းဖြင့် တိုင်းပြည်၏ ထုတ်ကုန်အမှတ်တံဆိပ်တစ်ခုကို အခိုင်အမာရရှိကာ နိုင်ငံခြားဝင်ငွေ တိုးတက်ရေးကို တစ်ဖက်တစ်လမ်းကအထောက်အကူပြုနိုင်မည်ဖြစ်သည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ငွေနှင်းမှို စိုက်ပျိုးခြင်းဖြင့် မိသားစုစီးပွားရေး အဆင်ပြေလျက်ရှိ

**လှိုင်းဘွဲ့ မေ ၁၇**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်း အိမ်တွင်းငွေနှင်းမှို စိုက်ပျိုးထုတ်လုပ်ရောင်းချသူများ မိသားစုစီးပွားရေး အဆင်ပြေလျက်ရှိသည်။

အဆိုပါ ငွေနှင်းမှို စိုက်ပျိုးသောလုပ်ငန်းသည် အိမ်တွင်းမှာသာ ပြုလုပ်ရသည့်အတွက် ကိုဗစ် - ၁၉ ကာလ stay home နေထိုင်ပြီး စိုက်ပျိုးထုတ်လုပ်နိုင်သောကြောင့် မိသားစုစီးပွားရေးကို အထောက်အကူဖြစ်သည့် လုပ်ငန်းဖြစ်ကြောင်း သိရသည်။

ငွေနှင်းမှို စတင်စိုက်ပျိုးနိုင်ရန်အတွက် လွှစာ၊ ဖွဲနု၊ ပဲဖတ်၊ ပဲဖွဲ၊ သကြား၊ ထုံး၊ ဆားခါးတို့ကို အချိုးကျရောစပ်ပြီး အိတ်ထဲထည့်ကာ လေးနာရီကြာ ပေါင်းထားပြီး ၁၂ နာရီကြာအောင် အအေးခံကာ မျိုးများကို ထည့်သွင်းပေးရမည်။ မျိုးထည့်သွင်းပြီးသောအထုပ်များကို တစ်လနှင့် တစ်လခွဲအကြာ ထားရှိပြီးပါက မျိုးထုပ်ကို ရောင်းချခြင်း၊ စိုက်ပျိုးမည့်စင်သို့ ပြောင်းရွှေ့၍ စတင်စိုက်ပျိုးထားနိုင်သည်။

ငွေနှင်းမှို စတင်စိုက်ပျိုးချိန်မှ ငါးရက်အတွင်း မှိုစတင်ထွက်ရှိပြီး သုံးလကြာသည်အထိ ပျိုးထုပ် ၅၀၀ ကို တစ်နေ့လျှင် သုံးပိဿာမှ ငါးပိဿာအကြား ထွက်ရှိကြောင်း၊ ဖောက်သည်ဈေးအဖြစ် တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ မှ ၃၀၀၀ သွင်းရပြီး လက်လီဈေးမှာ ငွေကျပ် ၄၀၀၀မှ ၄၅၀၀ ဖြင့် ရောင်းချရကြောင်း ငွေနှင်းမှိုစိုက်ပျိုးထုတ်လုပ်သူ ဦးဘုန်းကျော်မိုးက ပြောသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**



ငွေနှင်းမှိုများ စိုက်ပျိုးထားစဉ်။

## လယ်ယာလုပ်ငန်းများတွင်ပေါ်ပေါက်လာမည့် အလုပ်အကိုင်အခွင့်အလမ်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရေး အသိပေးကြေညာချက်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လာမည့် စိုက်ပျိုးရာသီတွင် လယ်ယာထုတ်ကုန်သီးနှံများ ထုတ်လုပ်မှုမကျဆင်းစေရေးနှင့် လတ်တလော ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ဖြစ်ပွားနေသည့် ကိုဗစ်ကပ်ရောဂါကြောင့် လယ်ယာလုပ်ငန်းများဆောင်ရွက်ရာတွင် တောင်သူလယ်သမားကြီးများ ထွန်ယက်ရေး၊ မျိုးရရှိရေး၊ သွင်းအားစုများ ရရှိသုံးစွဲရေးနှင့် ရင်းနှီးမြှုပ်နှံမှုငွေကြေးအခက်အခဲများ မဖြစ်ပေါ်စေရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာအဖွဲ့အစည်းများ၏ ချေးငွေ၊ အထောက်အပံ့နှင့် နိုင်ငံတော်ဘတ်ဂျက်တို့ဖြင့် နိုင်ငံနှင့်အဝှမ်းရှိ ဇကေ(၂)သိန်းတွင် သီးနှံစုံ မျိုးစေ့ထုတ်လုပ်ခြင်းနှင့် စံပြကျေးရွာများတွင် သီးနှံစုံစိုက်ပျိုးထုတ်လုပ်ခြင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အစီအစဉ်ဖြင့် တောင်သူများနှင့် အကျိုးတူလယ်ယာစနစ် (Contract Farming) ဇကေ(၂)သိန်း စိုက်ပျိုး ထုတ်လုပ်ခြင်း၊ စုစုပေါင်း ဇကေ(၄)သိန်း အကောင်အထည်ဖော်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါဧကေ(၄)သိန်းတွင် ဆောင်ရွက်ရမည့် ပျိုးထောင်ခြင်း၊ မြေယာပြုပြင်ခြင်း၊ ပျိုးနုတ်ခြင်း၊ ကောက်စိုက်ခြင်း၊ မြေသြဇာထည့်သွင်းခြင်း၊ ပေါင်းသတ်ဆေး/ပိုးသတ်ဆေးများ ပက်ဖျန်းခြင်း၊ ရေသွင်း/ရေထုတ်ပြုလုပ်ခြင်း၊ မျိုးကွဲပယ်နုတ်ခြင်းအပါအဝင် အပင်ပြုစုခြင်း၊ ရိတ်သိမ်းခြင်း၊ ခြွေလှေ့ခြင်း၊ ခူးဆွတ်ခြင်း၊ သန့်စင်ခြင်း၊ ထုပ်ပိုးခြင်းစသည့်လုပ်ငန်းများတွင် လုပ်သားများစွာလိုအပ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ များစွာပေါ်ပေါက်မည် ဖြစ်ပါသည်။

၃။ သို့ပါ၍ ဖော်ပြပါလယ်ယာလုပ်ငန်းများ၌ အလုပ်လုပ်ကိုင်ရန် စိတ်ပါဝင်စားသူများအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန (နေပြည်တော်၊ ရုံးချုပ်)၊ ဖုန်း-၀၆၇-၄၁၀၅၂၆ သို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် နီးစပ်ရာ စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးများသို့ ဆက်သွယ်၍ စာရင်းပေးသွင်းထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

# သီးနှံစိုက်စွမ်းအားမြင့်မားသော စပါးသားတက် ဆင့်ပွားစိုက်ပျိုးနည်းပညာ

ကျော်မြိုင်(စိုက်ပျိုးရေးသုတေသနဦးစီးဌာန)

ကမ္ဘာပေါ်တွင် စပါးသည် အရေးပါဆုံး နံ့စားသီးနံ့ဖြစ်ပြီး စပါးထုတ်လုပ်မှု တိုးတက်စေရန် နည်းလမ်းများထဲတွင် စပါး လမိုင်းစိုက်ပျိုးနည်းစနစ်သည် အလားအလာကောင်းသော နည်းစနစ်တစ်ခု ဖြစ်သည်။

**စပါးသားတက် ဆင့်ပွားစိုက်ပျိုးနည်း**

စပါး လမိုင်းစိုက်ပျိုးနည်းပညာသည် တောင်သူများအတွက် အသစ်အဆန်းမဟုတ်ပေ။ ပူနွေးစိုစွတ်သော ဒေသများတွင် စပါးလမိုင်းစိုက်ပျိုးရန် အခြေအနေကောင်းသော်လည်း စိုက်ပျိုးမှုနည်းသည်ကို တွေ့ရှိရသည်။ အရှေ့အာရှဒေသများတွင် စပါးလမိုင်းစိုက်ပျိုးခြင်းကို ၂၀ ရာစု အစောပိုင်းကာလများတွင်သာ တွေ့ရှိခဲ့ရသည်။

လယ်စပါးစိုက်ပျိုးရာတွင် ထယ်ထိုး ထွန်မွှေ သမန်းပြင်ခြင်း၊ ပျိုးခင်းပြင်ခြင်းနှင့် ပျိုးနုတ် ကောက်စိုက်ခြင်း စရိတ်များမှာ အဓိက ကုန်ကျစရိတ်များဖြစ်ကြသည်။ စပါးလမိုင်းစိုက်ပျိုးခြင်းတွင် ထိုကုန်ကျစရိတ်များကို လျှော့ချနိုင်ခြင်းသည် အားသာချက်တစ်ခု ဖြစ်သည်။ သို့သော် အထွက်နည်းခြင်းနှင့် ရင့်မှည့်ချိန် မညီခြင်းတို့ကြောင့် ကျယ်ကျယ်ပြန့်ပြန့် မစိုက်ကြခြင်းဖြစ်သည်။

ထို့ကြောင့် ပန်းပွင့်ချိန်ကို ညီညာစေပြီး အထွက်နှုန်းကို ကောင်းမွန်စေရန်အတွက် စပါးလမိုင်းစိုက်ပျိုးနည်းပညာကို ပြန်လည်ပြုပြင်စမ်းသပ်ထားသော နည်းပညာကို "စပါးသားတက် ဆင့်ပွားစိုက်ပျိုးနည်းပညာ"ဟု ခေါ်တွင်စေပါမည်။ စပါးသားတက် ဆင့်ပွားစိုက်ပျိုး နည်းပညာသည် ရွှေ့ပြောင်းစိုက်ပျိုးထားသော (မိခင်)အပင်ကဲ့သို့ အထွက်နှုန်းကောင်းစေပြီး စပါးမျိုးအလိုက် တစ်နှစ်လျှင် သုံးသီးမှ လေးသီးအထိ ရိတ်သိမ်းနိုင်သည်။ ဤနည်းပညာတွင် အဓိကအချက်များမှာ ရိုးပြတ်ဖြတ်ချိန်၊ ရိုးပြတ်အမြင့်၊ မြေဩဇာကျွေးချိန်နှင့် စိုက်ပျိုးရေးစီမံခန့်ခွဲမှုတို့ ဖြစ်သည်။

**ရိုးပြတ်ဖြတ်ချိန်နှင့် အမြင့်**

စပါးလမိုင်းသားတက်များ ထွက်လာစေရန်အတွက် မိခင်အပင်ကို အကောင်းဆုံး ရိတ်ရန်အချိန်မှာ ဇီဝကမ္မ ရင့်မှည့်ချိန်ဖြစ်သည်။ ထိုအချိန်တွင် ပင်စည်များ စိမ်းနေဆဲဖြစ်ပြီး ရိုးပြတ်များ လုံးဝရင့်မှည့်ပြီး ဝါမသွားခင် ရိတ်သိမ်းပေးသင့်သည်။ ရိုးပြတ်ပင်စည်အမြင့်မှာ ခြောက်လက်မခန့်ထားပြီး ဖြတ်ပေးခြင်းဖြင့် စပါးလမိုင်းခင်းတွင် အပင်ပျောက်ဖြစ်မှု နည်းသွားပြီး ပေါင်းမြက်ကိုလည်း နှိမ်နင်းနိုင်မည်ဖြစ်သည်။

သားတက်ဆင့်ပွားစိုက်ပျိုးနည်းပညာမှာ စပါး လမိုင်းခင်းစိုက်ပျိုးနည်းကို ပြုပြင်ထားသော နည်းပညာတစ်ခု ဖြစ်သည်။ မိခင်အပင် ရိတ်သိမ်းပြီး သုံးရက်/လေးရက်တွင် လမိုင်းစပါးပင်ကို မြေပြင်အထက် တစ်လက်မ/နှစ်လက်မ ချန်၍ ဖြတ်ပေးခြင်းဖြစ်သည်။ သို့မှသာ ပင်ပွားများပြီး ပန်းပွင့်ချိန် ညီညာမည်ဖြစ်သည်။

**မြေဩဇာကျွေးခြင်း**

မြေဆီဩဇာ ကောင်းခြင်း/မကောင်းခြင်းသည် စပါးလမိုင်းအပင် ကြီးထွားမှုနှင့် အထွက်နှုန်းတို့ကို များစွာအကျိုးသက်ရောက်မှုဖြစ်စေသည်။ နိုက်ထရိုဂျင်နှင့် ဖော့စဖိတ် ဓာတ်များသည် စပါးလမိုင်းပင်ကြီးထွားမှုအတွက် သိသာစွာ အကျိုးသက်ရောက်မှုရှိပြီး အထူးသဖြင့် ဖော့စဖိတ်ဓာတ်မြေဩဇာသည် အမြစ်အားကောင်းမှုအတွက် အကျိုးဖြစ်ထွန်းစေသည်။

ထို့ကြောင့် နိုက်ထရိုဂျင် မြေဩဇာနှင့် ဖော့စဖိတ် မြေဩဇာများကို မိခင်ပင် မရိတ်သိမ်းမီ ၁၄ ရက်အလိုတွင် ကျွေးပေးခြင်းအားဖြင့် သားတက်များ ဖြစ်ထွန်းစေနိုင်သည်။ သို့သော် နိုက်ထရိုဂျင်မြေဩဇာကို အလွန်အကျွံကျွေးလျှင် မိခင်အပင်သည် ဟုန်သွားပြီး လမိုင်းစွမ်းရည်ကို ကျဆင်းစေသည်။

**စိုက်ပျိုးရေး စီမံခန့်ခွဲမှု**

မိခင်အပင် မရိတ်သိမ်းခင်နှင့် ရိတ်သိမ်းပြီး အခြေအနေများတွင် စိုက်ပျိုးရေ အသုံးချမှုသည်လည်း စပါးလမိုင်းစွမ်းရည်ကို များစွာ အကျိုးသက်ရောက်မှုရှိသည်။ မိခင်အပင် မရိတ်သိမ်းမီတစ်ပတ်နှင့် ရိတ်သိမ်းပြီးနှစ်ပတ်အတွင်း မြေအစိုဓာတ်ကို Field Capacity အနေအထားတွင် ထိန်းသိမ်းပေးရမည်။ အစိုဓာတ်များလွန်းပြီး ရေဝပ်နေလျှင် စပါးလမိုင်းပင်များ ပုပ်ရိပြီး သေသွားနိုင်သဖြင့် အပင်ပျောက်များဖြစ်လာနိုင်သည်။

သားတက် ဆင့်ပွားအပင်ထွက်လာပြီး ၇ ရက်မှ ၁၀ ရက်အတွင်း ရေပါးပါးလွှမ်းပေးရမည်။ ရေများလွန်းလျှင်လည်း ပင်ပွားအထွက်နှုန်း နည်းသွားမည်။

**သားတက်ဆင့်ပွားစိုက်ပျိုးနည်းပညာ အဆင့်ဆင့်**

၁။ မိခင်ပင်ကို ရိတ်သိမ်းရာတွင် ဇီဝကမ္မ ရင့်မှည့်ချိန်တွင် ရိတ်သိမ်းပေးရမည်။

၂။ မရိတ်သိမ်းမီ ၁၄ ရက်အလိုတွင် နိုက်ထရိုဂျင် ဓာတ်မြေဩဇာနှင့် ဖော့စဖိတ်ဓာတ်မြေဩဇာများကို ထည့်သွင်း ပေးရမည်။

၃။ မရိတ်သိမ်းမီ တစ်ပတ်နှင့် ရိတ်သိမ်းပြီး နှစ်ပတ်အတွင်း မြေအစိုဓာတ်ကို Field Capacity အနေအထားတွင် ထိန်းသိမ်းပေးရမည်။

၄။ ရိတ်သိမ်းရာတွင် ရိုးပြတ်ပင်စည်ကို ခြောက်လက်မချန်၍ ဖြတ်ပေးရမည်။ ရိတ်သိမ်းပြီး (၃-၄)ရက်အတွင်း ထပ်မံ၍ စပါးလမိုင်းပင်ကို မြေပြင်အထက် (၁-၂)လက်မချန်၍ ဒုတိယတစ်ကြိမ် ဖြတ်ပေးရမည်။

၅။ ဒုတိယတစ်ကြိမ်ဖြတ်ပြီး (၃-၇)ရက်အတွင်း ပင်စည်၏ အဆစ်မှ ပင်ပွားများ ထွက်လာမည်။ ၎င်းပင်ပွားများမှ အမြစ်သစ်များထွက်လာပြီး သားတက်ဆင့်ပွားအပင် ဖြစ်လာမည်။

၆။ သားတက်ဆင့်ပွားအပင် ထွက်လာပြီး (၇-၁၀)ရက်အတွင်းမှစ၍ ရေပါးပါး လွှမ်းပေးရမည်။ ပင်သေ၊ ပင်ပျောက်များအတွက် သားတက်များကိုခွဲ၍ ဖာထေးပေးရမည်။

၇။ ထို့နောက် သမားရိုးကျနည်းအတိုင်း ဆက်လက်လုပ်ဆောင်သွားလျှင် မိခင်အပင်ကဲ့သို့ အထွက်နှုန်းကို ရရှိမည်ဖြစ်သည်။




သီးထပ်ရင် စပါးမျိုးကို သားတက်ဆင့်ပွားစိုက်ပျိုးမှုနည်းစနစ်ဖြင့် စမ်းသပ်စိုက်ပျိုးထားစဉ်။

**သီးထပ်ရင်၊ ဆင်းသုခ၊ ရွှေသွယ်ရင် စပါးမျိုးတို့ကို ရေအမြဲလွှမ်းထားသော စမ်းသပ်ချက်နှင့် ရေစိုတစ်လှည့် ခြောက်တစ်ခါ ရေထိန်းနည်းစနစ်တို့ဖြင့် စမ်းသပ်ဆောင်ရွက်ခဲ့ရာ သားတက်ဆင့်ပွားအပင်တို့၏ အထွက်နှုန်းများသည် မိခင်အပင်နှင့် ကွာခြားမှုမရှိဘဲ တစ်ဧက တင်း ၈၀ ကျော် ပေးစွမ်းနိုင်ခဲ့သည်။ စိုက်ပျိုးရေကိုလည်း မိခင်အပင်ထက် ၃၃-၅၅ ရာခိုင်နှုန်းကျော် ချွေတာနိုင်ပြီး သက်တမ်းလည်း ၁၅-၂၀ ရက်အထိ တိုသွားကြောင်း တွေ့ရှိခဲ့ရသည်။**



မိခင်အပင်၏ ရိုးပြတ်ပင်စည်များတွင် သားတက်အပင်များ ဆင့်ပွားစိုက်ပျိုးထားစဉ်။

**စမ်းသပ်မှုနှင့် ရလဒ်များ**

ဤနည်းပညာကို ၂၀၁၇-၂၀၁၈ နွေရာသီမှ မိုးနှောင်းရာသီအထိ မိခင်အပင်၊ သားဆက်-၁၊ သားဆက်-၂ အထိ သီးထပ်ရင်၊ ဆင်းသုခ၊ ရွှေသွယ်ရင်စပါးမျိုးတို့ကို ရေအမြဲလွှမ်းထားသော စမ်းသပ်ချက်နှင့် ရေစိုတစ်လှည့် ခြောက်တစ်ခါ ရေထိန်းနည်းစနစ်တို့ဖြင့် စမ်းသပ်ဆောင်ရွက်ခဲ့ရာ သားတက်ဆင့်ပွားအပင်တို့၏ အထွက်နှုန်းများသည် မိခင်အပင်နှင့် ကွာခြားမှုမရှိဘဲ တစ်ဧက တင်း ၈၀ ကျော် ပေးစွမ်းနိုင်ခဲ့သည်။

စိုက်ပျိုးရေကိုလည်း မိခင်အပင်ထက် ၃၃-၅၅ ရာခိုင်နှုန်းကျော် ချွေတာနိုင်ပြီး သက်တမ်းလည်း ၁၅-၂၀ ရက်အထိ တိုသွားကြောင်း တွေ့ရှိခဲ့ရသည်။

စမ်းသပ်မျိုးများထဲမှ သီးထပ်ရင် စပါးမျိုးသည် သားဆက်တိုင်းတွင် အထွက်နှုန်းတည်ငြိမ်ပြီး လမိုင်းထွက်စွမ်းရည်လည်း ကောင်းမွန်ကြောင်း တွေ့ရှိခဲ့ရသည်။ ထို့အပြင် မိခင်အပင်ကဲ့သို့ ပျိုးထောင်ရခြင်း၊ ရွှေ့ပြောင်းစိုက်ပျိုးရန်အတွက် သမန်းပြင်ရခြင်း၊ ရွှေ့ပြောင်းစိုက်ပျိုးရခြင်းများ မရှိသည့်အတွက် မျိုးစေ့၊ လုပ်အားခ၊ စိုက်ပျိုးရေများကို ချွေတာနိုင်သည့် နည်းပညာဖြစ်သည်။

**သုတေသနများ**

စိုက်ပျိုးရေးသုတေသန ကဏ္ဍတွင်လည်း ဆင့်ပွားသားတက်ထားရန် ရိုးပြတ်ကို နှစ်ကြိမ်ဖြတ်ရမည့်အစား ရိတ်သိမ်းစက်ဖြင့် တစ်ကြိမ်တည်းဖြတ်ခြင်း သုတေသန၊ ရိုးပြတ်အမြင့်အမျိုးမျိုး သုတေသန၊ စပါးအဆစ်များမှ ပင်ပွားထွက်ရှိမှု သုတေသန၊ စပါးသားတက် ဆင့်ပွားစိုက်ပျိုးခြင်းမှ ဖန်လုံအိမ်ဓာတ်ငွေ့ထွက်ရှိမှု သုတေသနများကို စမ်းသပ်ဆောင်ရွက်ထားပါသည်။

ထို့ကြောင့် သားတက် ဆင့်ပွားစိုက်ပျိုးနည်းပညာသည် စပါးစိုက်ပျိုးထုတ်လုပ်မှုတွင် လက်ရှိ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုနှင့် လိုက်လျောညီထွေဖြစ်စေသည့် နည်းပညာတစ်ခုဖြစ်ကြောင်း သတင်းကောင်း မျှဝေလိုက်ရပေသည်။ ။

## ပွင့်ဖြူမြို့နယ်၌ မိုးရွာသွန်းမှုမရှိသဖြင့် စိုက်ပျိုးထားပြီးသော နှမ်းများအတွက် ရေစုပ်စက်ဖြင့် နေ့ညမပြတ် ဖျန်းပေးနေရ

**ပွင့်ဖြူ မေ ၁၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံ ကျေးလက်နေပြည်သူများ မဲဇလီရေလွှဲဆည် ရေသောက်စနစ်ဖြင့် စိုက်ပျိုးထားသည့် နွေနှမ်းစိုက်ခင်းများမှာ အသီးအပွင့်များဖြင့် ဝေဆာကာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော်လည်း ယခုရက်ပိုင်းတွင် မိုးရွာသွန်းခြင်းမရှိ၍ ရေမရသောကြောင့် တောင်သူများအနေဖြင့် သီးနှံအောင်ရေရရှိစေရန် နေ့ညမပြတ် ရေစုပ်စက်ဖြင့် ရေတင်၍ ရေဖျန်းပေးနေကြရကြောင်း နွေနှမ်းစိုက်ပျိုးသည့် ဒေသခံတောင်သူများထံမှ သိရသည်။

ယခုနှစ် နွေနှမ်းစိုက်ပျိုးရာသီတွင် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ အချိန်မီ သီးနှံအဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်ကာ မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို တောင်မုန်းမြောင်းမကြီးမှ တစ်ဆင့် ဖြန့်ဝေပေးခဲ့သည်။ ထို့အပြင် တောင်သူများ စိုက်ပျိုးရေ အပြည့်အဝ ရရှိစေရေးအတွက် ရေဖြန့်ဝေပေးသည့် ရေလက်တံမြောင်းများ ကောင်းမွန်အောင် ဆည်ရေလုပ်သားများအဖွဲ့က ရေလက်တံမြောင်းများအတွင်း ပိတ်ဆို့နေသော ရေမိတ်များနှင့် အမှိုက်သရိုက်များ ဆယ်ယူရှင်းလင်းခြင်း လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် လုပ်ဆောင်ပေးခဲ့ကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။


"မဲဇလီရေလွှဲဆည်က ရေနဲ့ ကျွန်တော်တို့ မြို့နယ်အတွင်းက ဒေသခံ တောင်သူတွေ စိုက်ပျိုးထားတဲ့ နွေနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်။ အခုဆိုရင် နွေနှမ်းစိုက်ခင်းတွေက အသီးအပွင့်တွေ ဝေဆာပြီး အောင်မြင်ဖြစ်ထွန်းနေလို့ တောင်သူတွေက ရေစုပ်စက်များနဲ့ နေ့ညမပြတ် ရေတင် ရေဖျန်းတဲ့လုပ်ငန်းတွေ ဆောင်ရွက်နေကြပါတယ်။ မိုးကလည်း အခုရက်ပိုင်းမှာ မရွာဘူးလေ။ နေအပူချိန်ကလည်း များနေတော့ နှမ်းပင်တွေ ညှိုးနွမ်းမသွားစေဖို့နဲ့ သီးနှံတွေအောင်မြင်ဖို့အတွက် ရေဖျန်းပေးနေရတာ ဖြစ်ပါတယ်။ မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ဖျန်းပေးရပါတယ်။ နှမ်းသီးနှံဟာ ကျွန်တော်တို့မြို့နယ်မှာ စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းမှုရှိတဲ့အတွက် တောင်သူတွေက အားထားစိုက်ပျိုးကြပါတယ်။ စိုက်ပျိုးတဲ့နှမ်းမျိုးတွေကတော့ စမုံနက်နှမ်း၊ သိပ္ပံနှမ်းနက်နဲ့ ဆင်းရတနာမျိုး(နှမ်းဖြူ)တို့ကို စိုက်ပျိုးကြပြီး အများဆုံးစိုက်ပျိုးတဲ့ နှမ်းမျိုးကတော့ စမုံနက်နှမ်းဖြစ်ပါတယ်။ စမုံနက်နှမ်းက ဈေးကွက်ရှိတဲ့အတွက် တောင်သူတွေအနေနဲ့ အကျိုးအမြတ် ပိုမိုရရှိပါတယ်။ လက်ရှိအချိန်မှာလည်း စမုံနက်နှမ်းမျိုးရဲ့ဈေးက တစ်တင်းကို ငွေကျပ် ၁၀၅၀၀၀ ရှိပြီး တစ်ပြည်နှုန်းဆို ကျပ် ၇၀၀၀ ရှိပါတယ်"ဟု ပွင့်ဖြူမြို့နယ် လက်ပန္တယ်ကျေးရွာမှ နွေနှမ်းစိုက်ပျိုးထားသည့် တောင်သူတစ်ဦးက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများသည် နှစ်စဉ် မဲဇလီရေလွှဲဆည်ရေဖြင့် နွေသီးနှံများ စိုက်ပျိုးရေးကို လုပ်ကိုင်လျက်ရှိရာ ယခု ၂၀၁၉ – ၂၀၂၀ နွေသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေဖြင့် နွေနှမ်း ၄၀၀၇၇ ဧကကို စိုက်ပျိုးထားပြီး နွေစပါးမှာ ဧက ၁၄၃၈၀ လျာထားစိုက်ပျိုးလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလှိုင်မြင့်ထံမှ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူဖြစ်စေမည့် ဂွ-မကျေးငူ တံတားသစ်ကြီး မကြာမီ တည်ဆောက်ပြီးစီးတော့မည်

**ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသော လိုအပ်ချက်များထဲတွင် လမ်းပန်းဆက်သွယ်ရေး လွယ်ကူလျင်မြန်ခြင်းသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ရခိုင်ပြည်နယ်မှ ဂွမြို့နယ်သည် လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ဧရာဝတီတိုင်းဒေသကြီးမှတစ်ဆင့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ လည်းကောင်း၊ သံတွဲမြို့နယ်မှတစ်ဆင့် ရခိုင်ပြည်နယ်အတွင်းသို့လည်းကောင်း ဆက်သွယ်ထားသဖြင့် ရခိုင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးတွင် အဓိက အချက်အချာကျသော မြို့နယ်တစ်ခုဖြစ်ပေသည်။ ဂွမြို့နယ်မှ အခြားဒေသများသို့ ကူးသန်းဆက်သွယ်သွားလာရေးတွင် မော်တော်ကားလမ်းကိုသာ အဓိက အသုံးပြုနေကြသည်။ ရေကြောင်းသွားလာမှုကား နည်းပါးလှသည်။**



တည်ဆောက်ရေးလုပ်ငန်းအားလုံး ပြီးစီးပါက တွေ့မြင်ရမည့် ဂွ-မကျေးငူ တံတား၏ ပုံစံငယ်။

ဂွမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးကြား ဆက်သွယ်သွားလာရေးတွင် မြို့၏အရှေ့ဘက်မှ ဆက်သွယ်ထားသည့် ရန်ကုန်-ဂွ-ငါးသိုင်းချောင်းလမ်း ၁၄၆ မိုင်ကို အသုံးပြုရသည်။ ရခိုင်ရိုးမကို ဖြတ်ကျော်ဖောက်လုပ်ထားသည့် လမ်းဖြစ်၍ အကွေ့အကောက် ပေါများသည်။ နာမည်ကျော်ကြားလှသည့် ငပလီကမ်းခြေသို့ ရန်ကုန်မြို့မှသွားလိုလျှင် ရန်ကုန်-ဂွ-ငါးသိုင်းချောင်းလမ်း ၁၄၆ မိုင် အပါအဝင် မိုင်ပေါင်း ၂၃၀ ခန့် ခရီးကို ၁၀ နာရီကျော်ကြာအောင် မောင်းနှင်ရသည်။ လမ်းခရီး အနည်းငယ်ကြမ်းတမ်းသဖြင့် ခရီးသွားပြည်သူများအား ပင်ပန်းစေသည်။

### ကုန်စည်စီးဆင်းမှုမြန်ဆန်စေ

ထို့ကြောင့် အဆိုပါအခက်အခဲများကို ဖြေရှင်းနိုင်ပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မိုင် ၁၇၀ ကျော်ရှည်သည့် ကမ်းခြေပတ်လမ်းကို နိုင်ငံတော်အစိုးရက ဧရာဝတီတိုင်းဒေသကြီးအစိုးရအားဦးဆောင်ဖောက်လုပ်အကောင်အထည်ဖော်စေခဲ့သည်။ ချောင်းသာ၊ ငွေဆောင်၊ ဂေါ်ရန်ဂျီကမ်းခြေနှင့် ရခိုင်ပြည်နယ်ရှိ ကမ်းခြေမြို့များကို ဆက်သွယ်ပေးမည့် ကမ်းခြေပတ်လမ်း ပေါ်ပေါက်လာပါက ရန်ကုန်မြို့မှ ငပလီကမ်းခြေသို့ ခြောက်နာရီခန့်သာ မောင်းနှင်ခြင်းဖြင့် ရောက်ရှိနိုင်မည်ဖြစ်သည်။ အကွေ့အကောက်နည်းပါးကာ အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်၍ လူပင်ပန်းခြင်းကိုလည်း သက်သာသွားစေမည်ဖြစ်သည်။ ထို့အပြင် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်စေကာ ဒေသဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူ ဖြစ်စေနိုင်သည်။

အဆိုပါ ကမ်းခြေပတ်လမ်း ဖောက်လုပ်ရာတွင် လမ်းနှင့်အတူ တံတားများကလည်း အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ အရေးပါသည့် တံတားများအနက် ယခု ဆောက်လုပ်လျက်ရှိသည့် ဂွ-မကျေးငူ တံတားမှာ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့အကြား ဆက်သွယ်ပေးမည့် အဓိက တံတားတစ်စင်းဖြစ်သည်။

ယခင်က စိတ်ကူးဖြင့်သာ အကောင်အထည်ဖော်နေခဲ့သော အဆိုပါတံတားကို ယခုအချိန်တွင် နိုင်ငံတော်အစိုးရက လက်တွေ့အကောင်အထည်ဖော်၍ ပြည်ထောင်စုအစိုးရ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရန်ပုံငွေမှ ကျပ်သန်း ၅၀၀ နှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေမှ ကျပ်သန်း ၂၀၀၀ ဖြင့် ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၈ ရက်မှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဂွ-မကျေးငူ တံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂) တံတားအထူးအဖွဲ့(၈)မှ စီမံကိန်းတာဝန်ခံ ဦးသိန်းနိုင်(ဒုတိယညွှန်ကြားရေးမှူး-မြို့ပြ)က တာဝန်ယူ၍ တည်ဆောက်လျက်ရှိသည်။

တံတားတည်ဆောက်ရေးစီမံကိန်း၏ ခန့်မှန်းတန်ဖိုးမှာ တံတားနှင့် ချဉ်းကပ်လမ်းအပါအဝင် ကျပ်သန်း ၉၃၂၀ ဖြစ်သည်။ တံတားအရှည်မှာ ၁၃၉၈ ပေ ၉ လက်မ (၄၂၆ ဒသမ ၃၄ မီတာ) ဖြစ်သည်။ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီရှိပြီး ရေလမ်းကင်းလွတ်အကျယ် ၈၅ ပေနှင့် ရေလမ်းကင်းလွတ်အမြင့် ပေ ၂၀ ဖြစ်သည်။ တံတားအမျိုးအစားမှာ အပေါ်ထည် PC Grider + သံကူကွန်ကရစ်ရက်မ + သံကူကွန်ကရစ်ကြမ်းခင်းဖြစ်ပြီး အောက်ခံမှာ သံကူကွန်ကရစ်နှင့် အုတ်မြစ်မှာ သံကူကွန်ကရစ်ဘိုးပိုင်တို့ ဖြစ်သည်။ ခံနိုင်ဝန်အနေဖြင့် ယာဉ်တစ်စီးချင်း ၇၅ တန်အထိ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်သည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာ လလယ်ပိုင်းက စတင်တည်ဆောက်ခဲ့သော အဆိုပါတံတားမှာ ယခု မေလလယ်ပိုင်းတွင် တံတားတည်ဆောက်ပြီးစီးမှုအနေဖြင့် ၂၄ ရာခိုင်နှုန်းခန့် ရှိပြီဖြစ်ကြောင်းနှင့် ၂၀၁၉-၂၀၂၀ ရန်ပုံငွေအပေါ် အသုံးပြုပြီးစီးမှုမှာ ၇၀ ရာခိုင်နှုန်းရှိပြီဖြစ်ကြောင်း တံတားအထူးအဖွဲ့(၈)မှ ဦးစီးအရာရှိ(မြို့ပြ) ဒေါ်မေမဉ္ဇူထွန်းထံမှ သိရသည်။





ဂွ - မကျေးငူ တံတား၏ မကျေးငူဘက်ခြမ်း၌ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

### အချိန်တိုအတွင်းဆက်သွယ်သွားလာနိုင်

ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ကြား ဆက်သွယ်သွားလာနိုင်မည့် အဆိုပါ ဂွ-မကျေးငူ တံတား တည်ဆောက်ပြီးစီးပါက ကမ်းခြေပတ်လမ်းအနေဖြင့် အချိန်တိုအတွင်း သွားလာနိုင်ခြင်း၊ ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်ကာ ဒေသတွင်း စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းနှင့် ရေလုပ်ငန်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုခြင်း၊ ရေနက်ဆိပ်ကမ်းစီမံကိန်းများနှင့် စက်မှုမြို့တော်စီမံကိန်းများ ဆက်လက် အကောင်အထည်ဖော်သွားနိုင်ခြင်း၊ အနောက်ဘက်ကမ်းခြေဒေသ၏ လုံခြုံရေးကိုပါ ပိုမိုဆောင်ရွက်လာနိုင်ခြင်းနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများနှင့် ဂွမြို့နယ်အတွင်းရှိ ပြည်သူများအတွက် အခြားတိုင်းဒေသကြီးနှင့် မြို့နယ်များသို့ ဆက်သွယ်သွားလာမှုတွင် အချိန်တို လွယ်ကူချောမွေ့ပြီး လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကိုပါ များစွာ အထောက်အကူဖြစ်လာစေမည်ဖြစ်ကြောင်း ဂုဏ်ပြု ရေးသားတင်ပြလိုက်ရပေသည်။

**သတင်းဆောင်းပါး - ရွှေရည်ဝင်း(ပြန်/ဆက်)**

## မြန်မာပင်လယ်ကူးသင်္ဘောသားများ ကိုဗစ်-၁၉ ကင်းရှင်းကြောင်း ဆေးစစ်ခံနိုင်ရန် ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်နှင့် NHL ပူးပေါင်းဆောင်ရွက်မည်

**ရန်ကုန် မေ ၁၇**

ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း နိုင်ငံတကာ အသိအမှတ်ပြု စစ်ဆေးခြင်းနှင့် ဆေးလက်မှတ်ထုတ်ပေးနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်ကို မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ် (Myanmar Seafarers Federation)နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန National Health Laboratory (NHL) တို့ ပူးပေါင်းဆောင်ရွက်ရန် မေ ၁၅ ရက်က ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်၌ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ကပ္ပတိန် ဦးစိုးမင်းအောင်က "နိုင်ငံခြားသင်္ဘောတွေမှာ အလုပ်တာဝန် ထမ်းဆောင်မယ့် မြန်မာသင်္ဘောသားတွေအနေနဲ့ ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း ဆေးစစ်ချက်ကို အလုပ်ရှင်တွေဘက်က တောင်းဆိုလာတဲ့အတွက် အဲဒီကိစ္စကို ကျွန်တော်တို့က မတ် ၁၇ ရက်မှာ သမ္မတကြီးဆီ စာရေးပြီးတော့ မေတ္တာရပ်ခံပါတယ်။ အဲဒီအချိန်မှာ နိုင်ငံခြားသင်္ဘောပေါ်က မြန်မာသင်္ဘောသားတွေက စာချုပ်သက်တမ်းပြည့်လို့ ပြန်လာချင်တာ။ ကိုဗစ်ကြောင့် ပြန်မရသေးတာ။ သူတို့ဖွင့်ပေးတာနဲ့ ဒီဘက်က ကိုယ့်ဆီကလူတွေက သွားလဲမှ အလုပ်ရမှာ။ အဲဒီအချိန်မှာ သင်္ဘောကုမ္ပဏီပိုင်ရှင်တွေက ကိုဗစ်-၁၉ ကင်းရှင်းကြောင်း ဆေးစစ်ချက် တောင်းလာတယ်။ အလုပ်သမားသမဂ္ဂအနေနဲ့ လုပ်မရဘူးလေ။ နိုင်ငံတော်က လုပ်မှရမှာမို့ သမ္မတရုံးက နိုင်ငံခြားရေးဝန်ကြီးရုံးကို လိပ်မူပြီး ညှိပေးပါလို့ ပို့ပေးလိုက်တယ်။ ဧပြီလ တတိယပတ်မှာ နိုင်ငံခြားရေးကနေ ပို့/ဆက်ရုံးမှတစ်ဆင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို ပို့ပြီး သင်္ဘောသားစာရင်းတောင်းတယ်။ ကျွန်တော်တို့က ဒီစာနှစ်စောင်ကို ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာန၊ အလုပ်သမားနဲ့ လူဝင်မှုကြီးကြပ်ရေး၊ သင်္ဘောသား အလုပ်အကိုင်ရှာဖွေရေး ဝန်ဆောင်မှုအသင်းတို့ကိုပါ ထပ်ပို့ပေးလိုက်ပါတယ်။ မေ ၁၅ ရက်မှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်နဲ့ သင်္ဘောသားတွေကို ကိုဗစ်-၁၉ ကင်းရှင်းကြောင်းစစ်ဆေးပြီး ဆေးလက်မှတ်ထုတ်ပေးဖို့ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဌာနနဲ့ MSF တို့ သဘောတူ လက်မှတ်ရေးထိုးပါတယ်"ဟု ပြောကြားသည်။

နိုင်ငံခြားသင်္ဘောများမှ ပြန်လာသည့် သင်္ဘောသားများ၊ နိုင်ငံခြားသင်္ဘောများပေါ်တွင် အလုပ်လုပ်ကိုင်ကြမည့် သင်္ဘောသားများအတွက် ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဆေးစစ်ခမှာ ကျပ်တစ်သိန်းခွဲဖြစ်ကြောင်း သိရသည်။

ဌာန၏ တင်ပြချက်အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် သင်္ဘောသားများအား ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း စစ်ဆေး၍ ထောက်ခံချက်ထုတ်ပေးရန် မေ ၅ ရက်တွင် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနသို့ ညှိနှိုင်း မေတ္တာရပ်ခံစာပေးပို့ခဲ့ပြီး ဆေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်(အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဌာန)က သင်္ဘောသားများအတွက် ကိုဗစ်-၁၉ ရောဂါ ကင်းရှင်းမှု စစ်ဆေးပေးရန် မေ ၁၃ ရက်တွင် ညှိနှိုင်းထားကြောင်း ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက မေ ၁၆ ရက် ညပိုင်းတွင် အသိပေးကြေညာထားသည်။

နိုင်ငံခြား သင်္ဘောများပေါ်တွင် တာဝန်ထမ်းဆောင်နေသော မြန်မာနိုင်ငံမှ သင်္ဘောသားဦးရေမှာ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ၃၁၂၇၂ ဦး ရှိခဲ့ပြီး ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် ၃၆၇၀၄ ဦးရှိကြောင်း ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **သန့်ဇင်ဝင်း**





## ဂန့်ဂေါမြို့နယ်မှ ရေရှားပါးနေသောကျေးရွာသို့ ရေဂါလန် ၁၈၀၀ လှူဒါန်း

**ဂန့်ဂေါ မေ ၁၇**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်အတွင်း မိုးရွာသွန်းမှုနည်းပါး၍ ညောင်လယ်ကျေးရွာတွင် သောက်သုံးရေအခက်အခဲကြုံတွေ့လာသဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မေ ၁၇ ရက်တွင် ရေများသွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ညောင်လယ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမင်းအောင်က "ရွာမှာဖြစ်နေတဲ့ ရေအခက်အခဲကို အခုလို ဖြေရှင်းပေးကြတာ ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ရွာမှာ အိမ်ထောင်စုပေါင်း ၂၆၀ ကျော်၊ လူဦးရေကတော့ ၁၂၀၀ လောက် ရှိပါတယ်၊ ရွာမှာ စိမ့်စမ်းရေတွင်းလေးတွေ ရှိပေမယ့် တစ်ခါခပ်ပြီးရင် နောက်တစ်ပုံးပြည့်ဖို့ အကြာကြီး စောင့်ရတာဆိုတော့ အဆင်မပြေပါဘူး၊ ရွာအထွက်မှာရှိတဲ့ ရေတွင်းကလည်း နွေရာသီဆို မဖူလုံပါဘူး၊ ကျန်တဲ့ရာသီဆိုရင်တော့ ဒီရေတွင်းက တစ်ရွာလုံးသုံးလို့ လုံလောက်ပါတယ်။ အခုလို ရေပြတ်လပ်ချိန်မှာ လာရောက်လှူဒါန်းပေးတာ ကျေးဇူးတင်ပါတယ်၊ နောက်ထပ်လည်း လာပြီးလှူဒါန်းပေးစေချင်ပါတယ်"ဟု ပြောသည်။


ညောင်လယ်ကျေးရွာသို့ သောက်သုံးရေများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းဝင်းနှင့် ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးသန်းထက်အောင်တို့ ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်လှူဒါန်းခဲ့ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးကျော်မင်းထွန်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်လင်းနှင့် တာဝန်ရှိသူများက လိုက်ပါကူညီပေးခဲ့ကြောင်း သိရသည်။ **ထင်အောင်နိုင်(ဂန့်ဂေါ)**

# ချောင်းဆုံမြို့ရှိ မဟာကန်တော်ကြီး ပြန်လည်တူးဖော်မှုများ ပြီးစီးသွားပါက လယ်ယာစိုက်ပျိုးရေးနှင့် ခရီးသွားလာရေးလုပ်ငန်းကို အကျိုးပြုနိုင်မည်

**ချောင်းဆုံ မေ ၁၇**

မွန်ပြည်နယ် ချောင်းဆုံမြို့ အနောက်ပိုင်းရပ်ကွက်ရှိ မဟာကန်တော်ကြီးကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က ပထမအကြိမ် စတင်တူးဖော်ခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဒုတိယအကြိမ် ပြန်လည်တူးဖော်လျက်ရှိကာ ပြန်လည်တူးဖော်မှုများ ပြီးစီးပါက မုရစ်ကြီးကျေးရွာ၊ ချောင်းဆုံအနောက်ရပ်ကွက်အတွင်းရှိ လယ်မြေဧက ၃၀၀ ကျော်ကို နွေစပါးစိုက်ပျိုးရာတွင် ရေအလုံအလောက် ပေးနိုင်မည်ဖြစ်ပြီး ဒေသတွင်း ခရီးသွားလာမှုနှင့် ပြည်သူများ အပန်းဖြေစရာ နေရာတစ်ခုလည်း ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

"ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ ချောင်းဆုံမြို့မဟာကန်တော်ကြီးကို တင်ဒါအောင်ကုမ္ပဏီ သုံးခုတို့က တူးဖော်နေတာဖြစ်တယ်။ ယခင်က ပထမအကြိမ် တူးဖော်ရာမှာ ၅၃ ဧကကို တူးဖော်ပြီးတော့ အခုနှစ်မှာ ၃၈ ဧကလောက် တူးဖော်နေပါတယ်။ ပြီးစီးမှုအခြေအနေကတော့ အခုချိန်မှာ ၉၅ ရာခိုင်နှုန်းလောက် တူးဖော်ပြီးစီးနေပါပြီ"ဟု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ကြည်မြက ပြောသည်။



မဟာကန်တော်ကြီးကို စက်ယန္တရားများဖြင့် ပြန်လည်တူးဖော်နေစဉ်။

မဟာကန်တော်ကြီး တူးဖော်မှုပြီးစီးပါက ဒေသတွင်း ခရီးသွားလာမှုဆိုင်ရာနှင့် ပြည်သူများ အပန်းဖြေစရာနေရာတစ်ခုအနေဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လယ်ယာ စိုက်ပျိုးရန်အတွက် ရေတားဆည်အဖြစ်လည်း ထားရှိမည်ဖြစ်ကာ နွေရာသီအတွင်း ရေရှားပါးသည့် ကျေးရွာများသို့လည်း ကန်တော်ကြီးမှ သောက်သုံးရေများ ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ဒီကန်တော်ကြီးမှာ အရင်က လှေပြိုင်ပွဲတွေ စည်စည်ကားကား လုပ်ခဲ့တယ်။ ကန်တော်ကြီး ပြန်တူးလိုက်လို့ အကျိုးဖြစ်ထွန်းလာမယ့်အရာတွေက အများကြီးရှိတာပေါ့။ အဓိကကတော့ လမ်းပန်းဆက်သွယ်ရေးတွေလည်း ကောင်းမွန်နေပြီဆိုတော့ ဒေသတွင်း စီးပွားရေးလုပ်ငန်းတွေလည်း ကောင်းလာမယ်။ စိုက်ပျိုးရေးအတွက်ရော သောက်သုံးရေရှားပါးမှုကိုပါ ဖြေရှင်းနိုင်လာမှာဖြစ်ပါတယ်"ဟု ကန်တော်ကြီးအနီးတွင် နေထိုင်သူ ဦးအေးကြူက ပြောသည်။

ချောင်းဆုံမြို့ရှိ မဟာကန်တော်ကြီးကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကျပ်သိန်း ၄၈၀၀ ဖြင့် အကျယ် ၅၃ ဧက စတင်တူးဖော်ခဲ့ပြီး ယခု ဘဏ္ဍာနှစ်ထဲတွင် ကျပ်သိန်းပေါင်း ၃၆၅၀ ဖြင့် အကျယ် ၃၈ ဧကကို ဆက်လက်တူးဖော်လျက်ရှိကာ လက်ရှိအချိန်တွင် ၉၅ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။ **ထူးအိမ်(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးမှ ကျန်းမာရေးဝန်ထမ်းများနှင့် လုပ်အားပေးအဖွဲ့များအား သရက်သီးများ လှူဒါန်းမည်

**မန္တလေး မေ ၁၇**

လက်ရှိဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးနှင့် ကုသရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်နေကြသည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျန်းမာရေးဝန်ထမ်းများနှင့် လုပ်အားပေးအဖွဲ့များအား မြန်မာ့သရက်သီးဈေးကွက်နှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအသင်းက မေ ၁၈ ရက်မှစ၍ သရက်သီးများ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအသင်းအနေဖြင့် မန္တလေးမြို့ ကုသိုလ်တော်ဘုရားတွင် ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်က သရက်သီးဈေးရောင်းပွဲတော်ကို နှစ်စဉ် မေလအတွင်း ကျင်းပခဲ့သော်လည်း ယခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါ အခြေအနေကြောင့် ကျင်းပနိုင်ခြင်းမရှိသည့်အတွက် အသင်းအနေဖြင့် အဆိုပါ ဈေးရောင်းပွဲတော်အစား အမှတ်တရဖြစ်စေရန် ရည်ရွယ်၍ သရက်စိုက်တောင်သူများမှ စုပေါင်းလှူဒါန်းရန် စီစဉ်ခြင်းဖြစ်ကြောင်း မြန်မာ့သရက် ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောကြားသည်။

"ကျွန်တော်တို့အသင်းက ခုလို လှူဒါန်းဖို့ အသင်းရဲ့ လူမှုကွန်ရက်စာမျက်နှာကနေ အသိပေးပြီး သရက်စိုက်တောင်သူတွေဆီက သရက်သီးတွေ အလှူခံခဲ့တဲ့အတွက် အခုဆို စိန်တလုံး အများအပြားနဲ့ အခြား သရက်သီးမျိုးစုံလည်း ကျွန်တော်တို့အသင်းမှာ ရောက်နေပါပြီ။ ဒီအစီအစဉ်အတွက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်လည်း ရရှိထားပြီးဖြစ်ပါတယ်။ ဒါကြောင့် မေလ ၁၈ ရက်ကစပြီး မန္တလေးတိုင်းဒေသကြီးအတွင်းက အသွားအလာကန့်သတ်စောင့်ကြည့်တဲ့ စင်တာတွေမှာရှိတဲ့ ကျန်းမာရေးဝန်ထမ်းတွေနဲ့ လုပ်အားပေးတွေကို လှူဒါန်းပေးသွားမှာပါ။ အသီးအရေအတွက် ကန့်သတ်ချက်မထားဘဲ အလှူခံလို့ရသလောက် လှူဒါန်းပေးသွားမှာပါ"ဟု ၎င်းက ပြောသည်။

ယခုနှစ် သရက်သီးဈေးကွက် အခြေအနေမှာ ပေါ်ဦးပေါ်ဖျားကာလတွင် ဈေးကွက်ကောင်းမွန်ခဲ့သော်လည်း လှိုင်လှိုင်ထွက်ပေါ်လာချိန်ဖြစ်သည့် ယခုမေလအတွင်း တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် အခက်အခဲများရှိနေသည့်အပြင် ပြည်တွင်း၌လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ဒေသန္တရ တားမြစ်မိန့်များကြောင့် သယ်ယူပို့ဆောင်မှု အခက်အခဲများ ဖြစ်ပေါ်နေသည့်အတွက် လက်ရှိအချိန်တွင် ဈေးကွက်ကောင်းမွန်ခြင်းမရှိကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပူတာအိုမြို့နယ်မှ အသွားအလာကန့်သတ် စောင့်ကြည့်စခန်းများသို့ စားသောက်ကုန်နှင့် လူသုံးကုန်များ လှူဒါန်း

**ပူတာအို မေ ၁၇**

ကချင်ပြည်နယ် ပူတာအိုမြို့နယ်တွင် ဖွင့်လှစ်ထားသည့် အသွားအလာကန့်သတ် စောင့်ကြည့်စခန်းများတွင် စောင့်ကြည့်မှုခံနေကြသော နေရပ်ပြန်ပြည်သူများ၏ စားသောက်နေထိုင်ရေး အဆင်ပြေစေရန်အတွက် အလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် စားသောက်ကုန်နှင့် လူသုံးကုန်များကို ပူတာအိုခရိုင် လူငယ်ရေးရာကော်မတီ စေတနာ့ဝန်ထမ်းအဖွဲ့ဝင်များက အသွားအလာကန့်သတ် စောင့်ကြည့်ရေးစင်တာများသို့ မေ ၁၆ ရက်က ကွင်းဆင်းသွားရောက်၍ လှူဒါန်းခဲ့ကြောင်း ပူတာအိုခရိုင် လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါ်ချာယော်ရဲ့ထံမှ သိရသည်။



စားသောက်ကုန်နှင့် လူသုံးကုန်များ လှူဒါန်းရန် ပြင်ဆင်နေသော ပူတာအိုခရိုင် လူငယ်ရေးရာကော်မတီဝင်များ

ပူတာအိုဒေသခံ လုပ်ငန်းရှင်များ အသင်းနှင့် အလှူရှင်များက လှူဒါန်းသော ထမင်းတစ်နပ်နှင့်အတူ ဆန်၊ ဆီ၊ ဆား၊ ခေါက်ဆွဲခြောက်ထုပ်များ၊ တစ်ကိုယ်ရည်သုံး အသုံးအဆောင်များနှင့် မေတ္တာဖောင်ဒေးရှင်းက လှူဒါန်းသော နှာခေါင်းစည်း ၃၀၀၊ ဆပ်ပြာ ၅၇၆ တုံးနှင့် လက်အိတ် ငါးဘူးတို့ကို ပူတာအိုခရိုင် လူငယ်ရေးရာကော်မတီ၏ ဦးဆောင်မှုဖြင့် စေတနာ့ဝန်ထမ်းအဖွဲ့များက အသွားအလာကန့်သတ် စောင့်ကြည့်ခံနေသည့် ပြည်သူများထံ အရောက် ကွင်းဆင်းဖြန့်ဝေ လှူဒါန်းပေးခဲ့ခြင်းဖြစ်သည်။

ပူတာအိုမြို့နယ်အတွင်း ဖွင့်လှစ်ထားသည့် အသွားအလာကန့်သတ် စောင့်ကြည့်သည့်နေရာ ၁၄ ခုတွင် စောင့်ကြည့်ခံနေသူ စုစုပေါင်း ၁၅၇ ဦး ရှိကြောင်းနှင့် ၎င်းတို့ အသွားအလာကန့်သတ် စောင့်ကြည့်ခံနေရသည့် ကာလအတွင်း စားသောက်နေထိုင်ရေး အဆင်ပြေစေရန် ပူတာအိုခရိုင် လူငယ်ရေးရာကော်မတီက ယခုလို သွားရောက်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ **ဖုန်ကန်(ပူတာအို)**



# ကျောက်ပြူမြို့၌ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေးနေမှုကို တိုင်းဒေသကြီးဝန်ကြီး လာရောက်ကြည့်ရှု

**ကျောက်ပြူ မေ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကျောက်ပြူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် မြို့နယ်အတွင်းမှ ဒေသခံတောင်သူများအား မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို မေ ၁၅ ရက် နံနက်မှ စတင် ထုတ်ချေးပေးလျက်ရှိရာ ချေးငွေထုတ်ပေးချိန်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နည်းလမ်းများနှင့်အညီ ဆောင်ရွက်နေသည့် အခြေအနေများကို တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဌေးဝင်းနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုခဲ့သည်။

ရောဂါကာကွယ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ တိုင်းဒေသကြီးဝန်ကြီးအား တိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးသိန်းထိုက်က ရှင်းလင်းတင်ပြခဲ့သည်။ ကျောက်ပြူမြို့နယ်၌ မိုးစပါးချေးငွေများ ထုတ်ပေးရာတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများနှင့်အညီ ထုတ်ပေးနိုင်ရန်အတွက် နေရာကျယ်ဝန်းသည့် မြို့နယ်ပြည်သူ့အားကစားကွင်းရှိ မိုးလုံလေလုံ အားကစားရုံ၌ ပြောင်းရွှေ့ထုတ်ပေးလျက်ရှိကာ ငွေထုတ်မည့် တောင်သူများအနေဖြင့် ခန်းမအတွင်းမဝင်မီ ကိုယ်အပူချိန်တိုင်းတာ၍ လက်ဆေးခြင်း၊ မည်သူမဆို နှာခေါင်းစည်းတပ်ဆင်ခြင်း၊ သတ်မှတ်အကွာအဝေးတွင် စနစ်တကျ တန်းစီနေထိုင်ခြင်း စသည်တို့ကို စနစ်တကျ ဆောင်ရွက်စေခဲ့ကြောင်း သိရသည်။

မေ ၁၅ ရက်တွင် အင်းမအုပ်စုရှိ တောင်သူ ၁၁၈ ဦးထံသို့ ချေးငွေများ စတင်ထုတ်ပေးခဲ့ပြီး တစ်ဧကလျှင် ကျပ်တစ်သိန်းခွဲနှုန်းဖြင့် ချေးငွေ ၁၁၆၈ ဒသမ ၅ သိန်းကို ထုတ်ပေးနိုင်ခဲ့ကြောင်း၊ ကျောက်ပြူမြို့နယ်၌ ယခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၉၇ အုပ်စုမှ မိုးစပါးစိုက်တောင်သူများထံ ထုတ်ပေးသွားမည်ဖြစ်ပြီး စုစုပေါင်း ကျပ် ၁၂၉၂၃၇ သိန်း ထုတ်ချေးပေးသွားရန် လျာထားကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

# နန်းယွန်းမြို့နယ်မှ ပြောင်းစိုက်ခင်းများတွင် ငမြှောင်တောင်ပိုးကျ၍ နှိမ်နင်းရေး လုပ်ဆောင်လျက်ရှိ

**နန်းယွန်း မေ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ်အတွင်း မိုးသီးနှံအဖြစ် စိုက်ပျိုးထားသော ပြောင်းစိုက်ခင်းများတွင် ဖောငမြှောင်တောင်ပိုးများ ကျရောက်သဖြင့် နှိမ်နင်းရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း နန်းယွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်စိုးထံမှ သိရသည်။

"ဒီဒေသမှာ ပြောင်းစိုက်ပျိုးရေးကို လွန်ခဲ့တဲ့နှစ်လလောက်က စိုက်ပျိုးခဲ့တာဖြစ်တယ်၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့အတွက် ပိုးကျတယ်ဆိုတာကို ပြီးခဲ့တဲ့ ငါးရက်လောက်ကမှ စသိရတာဖြစ်ပြီး ပိုးနှိမ်နင်းရေးတွေကို အမြန်ဆုံး လုပ်ဆောင်နေပါတယ်၊ ပိုးကျတဲ့နေရာတွေက တောင်သူတွေဆီကို ပိုးသတ်ဆေးဖျန်းတဲ့ပုံးတွေ၊ ဓာတုပိုးသတ်ဆေးတွေပေးပြီး ဖျန်းခိုင်းပါတယ်၊ ရိုးရာ ပိုးသတ်နည်းတွေနဲ့ နှိမ်နင်းတာတွေကိုလည်း လုပ်ဆောင်နေပါတယ်၊ ပြီးခဲ့တဲ့နှစ်ကလည်း အခုလိုပိုးကျတာရှိခဲ့ပါတယ်"ဟု နန်းယွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်စိုးက ပြောသည်။

နန်းယွန်းမြို့နယ်အတွင်း၌ ပြောင်းသီးနှံများ စိုက်ပျိုးရာတွင် ဒေသမျိုး၊ ရေဆင်းမျိုးနှင့် ဧကရီမျိုးများကို ဧက ၂၀၀၀ ကျော် စိုက်ပျိုးထားကြောင်း၊ ပြောင်းသည် နန်းယွန်းမြို့နယ်အတွင်း စားသုံးရန်အတွက် အဓိကစိုက်ပျိုးကြသည့် သီးနှံတစ်မျိုးဖြစ်ကြောင်းနှင့် ပြောင်းခင်းများ၌ ဖောငမြှောင်တောင်ပိုးကျရောက်မှုအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံတောင်သူများ ပူးပေါင်း၍ ဓာတုပိုးသတ်ဆေးဖျန်းခြင်း၊ အပင်များအတွင်းမှ ပိုးကောင်များကို လက်ဖြင့်ကောက်ယူခြင်း၊ ပြာမှုန့်၊ ဖုန်မှုန့်များထည့်ကာ ရေဖျန်းနှိမ်နင်းခြင်း စသည့် နည်းလမ်းအမျိုးမျိုးဖြင့် နှိမ်နင်းလျက်ရှိကြောင်း သိရသည်။ **ဝင်းဦး(ဇေယျာတိုင်း)**

## ဘုတလင်မြို့ စိမ်းလန်းစိုပြည်ရေးနှင့် ရေအရင်းအမြစ်အတွက် အဓိကကျသည့် ကန်မကြီးကန် ပြန်လည်တူးဖော်

**ဘုတလင် မေ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့ စိမ်းလန်းစိုပြည်ရေးနှင့် ရေအရင်း အမြစ်အတွက် အဓိကကျသည့် ကန်မကြီးကန်ကို မြတ်သဒ္ဒါ လူမှုကူညီရေးအသင်းက ဦးဆောင်ပြီး ဘုတလင်မြို့မှ အလှူရှင်များ၊ ပြည်တွင်း၊ ပြည်ပရောက် ဘုတလင် ဇာတိသားများ၏ ပါဝင်လှူဒါန်းကူညီမှုဖြင့် ပြန်လည်တူးဖော်လျက်ရှိသည်။

**(အောက်ပုံ)**

ကန်မကြီးကန်သည် ၃၃၂၇ ပေ ကျယ်ဝန်းပြီး ဘုတလင်မြို့ရှိ ကန်တော်ကြီးကန်၊ ကျောင်းကန်ကြီးကန်၊ ဦးပုကန်၊ ကြောင်ပန်းကန်နှင့် စိန္တော့ကန်တို့၏ ရေဝင်ရောက်မှုနှင့် ရေဝေရေလဲစနစ်တွင် အရေးပါသည့် ရေကန်ကြီးဖြစ်ရာ ကန်မကြီးကန် တူးဖော်နေစဉ် မိုးရွာခဲ့ပါက ကန်ထဲတွင် ရေမများစေရန်နှင့် ပြန်လည်တူးဖော်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် အခြားကန်များဆီသို့ ရေလွှဲမြောင်းများ တူးဖော်ပြီးဖြစ်သည်။



"ကန်မကြီးကန် မပြုပြင်ဖြစ်တာ နှစ်ပေါင်း ၄၀ ကျော်၊ ၅၀ လောက်ရှိနေတော့ နွံတွေများပြီး ကောလာပါတယ်။ ကန်မကြီးကန်ကို ရာသီဥတုနဲ့ မြေအနေအထားပေါ် မူတည်ပြီး အနက်သုံးပေကနေ ငါးပေလောက်အထိ တူးဖော်နေပါတယ်။ ကန်အတွင်းက ထွက်ရှိတဲ့ မြေတွေကိုလည်း ပြည်သူ့ဆေးရုံဝင်း အပါအဝင် မြို့အတွင်းက မြေနိမ့်နေရာတွေကို မြေဖို့ပေးနေပါတယ်" ဟု မြတ်သဒ္ဒါ လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးသိန်းနိုင်က ပြောသည်။

ကန်မကြီးကန်အတွင်းရှိ ရေကိုသုံးရေ၊ ချိုးရေအဖြစ် အသုံးပြုကြကာ ကန်မကြီးကန်သည် ပတ်ဝန်းကျင်ရှိ ရေတွင်းများ၏ ရေအရင်းအမြစ်ဖြစ်၍ ကန်မကြီးကန် ရေပြည့်လျှင် ရေတွင်းများတွင် ရေများပြီး ကန်မကြီးကန် ရေနည်းလျှင် ရေတွင်းများလည်း ရေနည်းလေ့ရှိကြောင်း သိရသည်။

**ဖိုးခါး(ပြန်/ဆက်)**

## မိုင်းတုံပြည်သူ့ဆေးရုံ၌ နမ့်တုံပရဟိတ သွေးအလှူရှင်အသင်းက သွေးလှူဒါန်း

**မိုင်းတုံ မေ ၁၇**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းတုံမြို့နယ်အတွင်းရှိ နမ့်တုံပရဟိတ သွေးအလှူရှင်အသင်းမှ ယမန်နေ့က ပြည်သူ့ဆေးရုံတွင် တက်ရောက်နေသည့် လူနာများအနက် သွေးလိုအပ်သည့်လူနာများအား သွေးလှူဒါန်းပေးသည်။

အဆိုပါ သွေးလှူဒါန်းပွဲတွင် သွေးအလှူရှင်အသင်းမှဥက္ကဋ္ဌ ဦးအောင်ဝင်းဋ္ဌေးက နမ့်တုံပရဟိတသွေးအလှူရှင်အသင်း ဖွဲ့စည်းထားရသည့် ရည်ရွယ်ချက်နှင့် နမ့်တုံပရဟိတသွေးအလှူရှင်အသင်းဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားသည်။

"ကျွန်တော်တို့အနေနဲ့ သွေးစစ်ပြီးမှ လိုအပ်တဲ့သွေးယူရတော့ ကိုယ့်ကျန်းမာရေးကောင်းမွန်နေတာ သိရတဲ့အပြင် လူနာလိုအပ်တဲ့ သွေးကို လှူဒါန်းလိုက်ရပြီး အသက်တစ်ချောင်း ကယ်ပေးနိုင်တဲ့အတွက် ဝမ်းသာမိပါတယ်။ ဒီနေ့ကျွန်တော်တို့ အေသွေးလေးအိတ်နဲ့ ဘီသွေးနှစ်အိတ် လှူဒါန်းနိုင်ခဲ့ပါတယ်" ဟု အဆိုပါအသင်းမှ သွေးအလှူရှင်တစ်ဦးက ပြောသည်။ **ဝင်းဝင်းခိုင်(မိုင်းတုံ)**

## မြို့သစ်မြို့နယ်သို့ သောက်သုံးရေများ လှူဒါန်း

**မြို့သစ် မေ ၁၇**

မကွေးခရိုင် မြို့သစ်မြို့နယ် လေးတိုင်စင်မီးသတ်ဦးစီးဌာနက သောက်သုံးရေပြတ်လပ်သည့်ကျေးရွာများသို့ သောက်သုံးရေများ လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းက ရေပြည့်အုပ်စု၊ မင်းကန်ကြီးတဲတိုက်ရှိ အိမ်ခြေ ၄၂ အိမ်၊ အိမ်ထောင်စု ၄၂ စု လူဦးရေ ၁၆၀ အတွက် လေးတိုင်စင်မီးသတ်ဦးစီးဌာနပိုင် ရေဂါလန် ၁၆၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ်ဖြင့် သောက်သုံးရေဂါလန် ၁၆၀၀ ကို လှူဒါန်းခဲ့သည်။

မြို့သစ်မြို့နယ် လေးတိုင်စင်မီးသတ်ဦးစီးဌာနက လေးတိုင်စင်အုပ်စု၊ ရေပြည့်အုပ်စုတို့၌ သောက်သုံးရေများ လှူဒါန်းခဲ့ပြီး မီးဘေးအန္တရာယ်ကင်းရှင်းရေး ပညာပေးလုပ်ငန်းများလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းဝင်းထွန်း(ပြန်/ဆက်)**

## တိုက်ပွဲရှောင် တန်ဖိုးနည်း အိမ်ရာတွင် ကျောက်ချောလမ်း ခင်းခြင်းနှင့် မြေထိန်းနံရံလုပ်ငန်း ဆောင်ရွက်

**ဆဒုံး မေ ၁၇**

ကချင်ပြည်နယ် ဆဒုံးမြို့တွင် တိုက်ပွဲရှောင်ပြည်သူများအတွက် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန ရန်ပုံငွေဖြင့် ငွေကျပ်သန်း (၃၀၀) ဖြင့် ၁၈ x ၂၄ ပေ x ၁၂ ပေ တန်ဖိုးနည်းအိမ်ရာ အလုံး ၄၀ ကို ဆောက်လုပ်ပေးခဲ့သည်။

ထို့အပြင် တိုက်ပွဲရှောင်ပြည်သူများ နေထိုင်သည့် တန်ဖိုးနည်းအိမ်ရာနေရာတွင် ကျောက်ချောလမ်း အရှည်ပေ ၁၃၆၀ နှင့် မြေထိန်းနံရံ ၃၂၅ ပေရှိ လုပ်ငန်းများဆောင်ရွက်ရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ရန်ပုံငွေကျပ်သန်း ၇၈ ဒသမ ၇၆၀ သန်းဖြင့် လျာထားခွင့်ပြုပေးထားပြီး အဆိုပါ ကျောက်ချောလမ်းခင်းခြင်းနှင့် မြေထိန်းနံရံလုပ်ငန်း ဆောင်ရွက်ရန် ကချင်ပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးကျော်မင်း (ညွှန်ကြားရေးမှူး) နှင့် ဦးမျိုးလွင် (လက်ထောက်ညွှန်ကြားရေးမှူး)၊ မြို့အုပ်ချုပ်ရေးမှူး ဦးအေးမင်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ယမန်နေ့နံနက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကျော်နိုင်ဌေး (ပြန်/ဆက်)**

## အထူးကျေးဇူးတင်ဝမ်းမြောက်ခြင်း

ချင်းပြည်နယ်၊ ဟားခါးမြို့သည် ဘူမိဗေဒအနေအထားကြောင့် ယခင်က စက်ရေတွင်းတူးဖော်နိုင်ခြင်း မရှိခဲ့ပါ။ သောက်သုံးရေ ခက်ခဲမှုများ ကြုံတွေ့ရမှုကြောင့် သောက်သုံးရေရှားပါးခြင်း ဒုက္ခအခက်အခဲအား ကြီးမားသော မေတ္တာ၊ စေတနာတို့ကို အရင်းခံ၍ အင်္ဂလန်နိုင်ငံထုတ် Dando အမျိုးအစား Heavy-duty စက်ရေ တွင်းတူးစက်ကြီးဖြင့် အောင်မြင်စွာ တူးဖော်ပေးနိုင်ခဲ့သော "**ကမ္ဘောဇဘဏ်**"ကို ဟားခါးပညာရေးကောလိပ်မှ ဆရာ၊ ဆရာမ၊ ဝန်ထမ်းနှင့် သင်တန်းသား၊ သင်တန်းသူ ၁၁၀၀ ကျော်မှ အထူးကျေးဇူးတင် ဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဟားခါးပညာရေးကောလိပ်

## ကျေးဇူးတင်လွှာ

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အခြေခံကျန်းမာရေးတက္ကသိုလ်တွင်ကျောင်းသူကျောင်းသား (၈၀၀) ကျော် ပညာသင်ကြားလျက်ရှိပြီး ဆရာ၊ ဆရာမနှင့် ဝန်ထမ်း (၂၀၀) နီးပါးရှိသော တက္ကသိုလ်ဖြစ်ပါသည်။ ပူပြင်းခြောက်သွေ့သော အညာဒေသ တက္ကသိုလ်ဖြစ်သောကြောင့် ရေမလုံလောက်မှု အခက်အခဲကို ကြုံတွေ့နေခဲ့ပါသည်။

အဆိုပါအခက်အခဲအား တစ်နာရီရေဂါလန် ၆၀၀၀ ထွက် စက်ရေတွင်းကို အောင်မြင်စွာ တူးဖော်နိုင်ခဲ့ခြင်းဖြင့် ပံ့ပိုးကူညီပေးခဲ့သော နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ကမ္ဘောဇဘဏ်တို့ကို ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

အခြေခံကျန်းမာရေးတက္ကသိုလ်၊ မကွေးမြို့

## အမည်ပြောင်း

ဦးကျော်ဇေလင်း ၇/လပတ(နိုင်) ၀၉၁၃၇၇၏သား ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ အထက(၃) Grade-6 မှ မောင်စွမ်းရည်လင်းမောင်အား မောင်ညီထွဋ်လင်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ညီထွဋ်လင်း**

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ ဖြူကလေးကျေးရွာအုပ်စု၊ ဖြူကလေးရွာသစ်တန်းနေ ဦးထွန်းမောင်၏သမီး မစန္ဒာလင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၁၄-၂-၁၉၈၇ ဖြစ်ပါကြောင်း။

## လူပျောက်

ဒေါ်တင်ကြည်ဌေး(ခ)ဒေါ်တင်တင်ဌေး အသက်(၅၈)နှစ်သည် စိတ်ကျန်းမာရေးမကောင်းသူဖြစ်ပြီး ကမာရွတ်(၁)ရပ်ကွက်နေအိမ်မှ ၁၅-၅-၂၀၂၀ရက် ညနေ ၃ နာရီဝန်းကျင်တွင် ထွက်ခွာသွားရာမှ ယနေ့တိုင် ပြန်လာခြင်းမရှိပါသဖြင့် မိသားစုဝင်များမှ စိုးရိမ်ပူပန်လျက်ရှိပါသည်။ တွေ့ရှိက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားပါရန် အသိပေးအပ်ပါသည်။

ဆက်သွယ်ရန်-
ဖုန်း- ၀၉-၄၂၉၆၁၁၄၄၅၊
၀၉-၅၃၁၁၂၅၆၊ ၀၉-၄၃၀၀၆၉၅၁



## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ မင်းကုန်းရပ်ကွက်၊ အကွက်အမှတ် ၂၈၊ ဦးပိုင်(၆၇) ဝဒသမ ၁၉၄ ကေရှိ ဦးအေးတီ၊ မမြင့်မြင့်ဦး၊ မောင်သန့်ဇင် အမည်ပေါက် မြေငှားဂရန်တွင် ဦးအေးတီ(ခ)ဦးအယ်ဒီ ကွယ်လွန်ခဲ့၍ မမြင့်မြင့်ဦး ၁/ဗမန(နိုင်)၀၃၉၁၈၈၊ မောင်သန့်ဇင် ၁/ဗမန(နိုင်)၀၃၉၁၈၉ တို့၏ အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်သစ် လျှောက်ထားမည်ဖြစ်ပါ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**မမြင့်မြင့်ဦး၊ မောင်သန့်ဇင်**

## ဒေါ်နန်းစောယုဝင်း ၇/ထတပ(နိုင်)၀၀၀၀၉၃နှင့် အများသိစေရန်

ဦးခွန်မြင့်ဝင်း ၇/ထတပ(နိုင်)၀၄၀၂၈၇နှင့် ဒေါ်စမ်းမြင့် ၇/ထတပ(နိုင်)၀၂၅၆၃၁ တို့၏သမီး နန်းစောယုဝင်း ၇/ထတပ(နိုင်)၀၀၀၀၉၃သည် မိဘများ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘနှစ်ပါးစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေသဖြင့် ၎င်းအား သွာနုတ္တရ သားသမီးအဖြစ် ကြေညာလိုက်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဒေါ်ထူးထူးမြတ်(LL.B)** | **ဦးစိုးဟန်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| (စဉ်-၁၂၅၃၆)(၁၆-၅-၂၀၁၇) | (စဉ်-၅၈၁၂) (၁၇-၁၂-၁၉၉၁) |
| ဖုန်း-၀၉-၂၅၀၉၈၇၀၂၉ | |

အမှတ် (၃၇)၊ ဘုရားကုန်းမြို့ပြကွက်သစ်၊ သန်လျင်မြို့
ဖုန်း-၀၉-၂၅၀၀၃၃၄၉၀၊ ၀၉-၄၄၃၁၆၉၄၁၂

## အများသိစေရန် ကြေညာခြင်း

ဦးတင်ဌေး၏သား မောင်ပြည့်စုံအောင် ၃/မဝတ(နိုင်)၀၃၁၃၃၇ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ နောင်ရိုးလမ်း၊ အမှတ်(၇၊ ခြောက်လွှာ)နေ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဘရှင် ၏သမီးဖြစ်သူ မပေမာနှင့် (၁၇-၆-၂၀၁၉)ရက်တွင် ဦးတင်ဌေး ၏သား မောင်ပြည့်စုံအောင်နှင့် တရားဝင်လက်ထပ်ခဲ့ရာ မပေမာသည် မောင်ပြည့်စုံအောင်ခရီးသွားနေချိန်တွင် အိမ်မှထွက်ခွာသွားသဖြင့် လက်ခံထားသူတို့အား ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| **လွှဲအပ်သူ** | **လွှဲအပ်ခြင်းကိုလက်ခံသူ** | |
|---|---|---|
| **ပြည့်စုံအောင်** | **ဒေါ်သီတာခင်လတ်** | **မနှင်းဆုအောင်** |
| **အမှတ်(၇၊ ခြောက်လွှာ)** | **(စဉ်-၅၂၆၅)** | **(စဉ်-၁၄၉၄၁)** |
| **နောင်ရိုးလမ်း၊** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **သပြေကုန်းရပ်ကွက်၊** | **ဖုန်း-၀၉-၉၅၁၁၉၅၆၁၄** | |
| **မင်္ဂလာတောင်ညွန့်မြို့နယ်၊** | **ဖုန်း-၀၉-၇၆၂၀၇၆၉၅၀** | |
| **ရန်ကုန်တိုင်းဒေသကြီး** | | |

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၃)ရပ်ကွက်၊ မဟာဗန္ဓုလလမ်းမကြီးတွင်ရှိသော မဟာဗန္ဓုလအိမ်ရာတွင် တိုက်အမှတ်(B)၊ အခန်းအမှတ်(၁၀၀၄)၊ ဧရိယာ(၁၅၂၅)စတုရန်းပေ၊ (၁၀)လွှာ ခေတ်လှေကားပါတိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးမြတ်သူရ ၁၂/ဒလန(နိုင်)၀၉၄၈၁၄မှ ပိုင်ဆိုင်ကြောင်း အထောက်အထားတင်ပြ၍ ရောင်းချရန် အဆိုပြုရာ၌ ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ လမ်းမတော်လမ်း၊ မှတ်(၁၆၈)နေ Yeo Kyo Toung(ခ) ဦးထွန်းရွှေ ၁၂/လသန(ပြု)၀၀၀၀၇၅မှ ဝယ်ယူရန် သဘောတူညီပါသောကြောင့် (၁၄-၅-၂၀၂၀)ရက်တွင် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသဖြင့် မည်သူမဆိုပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက တိုက်ခန်းအရောင်းအဝယ်အပြီးသတ်အား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Yeo Kyo Toung (ခ) ဦးထွန်းရွှေ ၁၂/လသန(ပြု) ၀၀၀၀၇၅**
**အမှတ်(၁၆၈)၊ လမ်းမတော်လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့**
ဖုန်း-၀၉-၅၀၇၆၄၄၊ ၀၉-၄၃၀၇၃၃၁၈

## ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာန ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး တည်ဆောက်ခြင်းအတွက် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်ခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာနလက်အောက်ရှိ ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တည်ဆောက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသဖြင့် တင်ဒါလျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - | ၂၂-၅-၂၀၂၀ရက် (သောကြာနေ့) (ရုံးချိန်အတွင်း) |
| **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့် ရက်/အချိန်** | - | ၂-၆-၂၀၂၀ရက်(အင်္ဂါနေ့) ၁၆:၀၀နာရီ |
| **တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ** | - | လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊အမှတ်(၅၅/၄)၊ ချင်းတွင်းလမ်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် |
| **တင်ဒါလျှောက်လွှာ ဖွင့်လှစ်မည့်ရက်/အချိန်** | - | ထပ်မံကြေညာသွားပါမည်။ |
| **တင်ဒါလျှောက်လွှာ ဖွင့်လှစ်မည့်နေရာ** | - | လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊အမှတ်(၅၅/၄)၊ ချင်းတွင်းလမ်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် |

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ရန်ကုန်အနောက်ပိုင်းခရိုင်သို့ လာရောက်စုံစမ်းနိုင်ပါသည်။ ဖုန်း-၀၁-၇၅၃၆၁၇၁

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**



ကလေးနာမည်ပေး ဆရာကြီး
ရာဇာဇော်ဝင်း
(LL.B.)(WIPO,DL-101Switzerland)
ကလေးနာမည်ပေးကင်ပွန်းတပ်အိမ်ရောင်းထွက်ဖို့ထီပေါက်မပေါက်
01-399426,01-394727,09-73009994,09-5152521
လူကြီးလိုရာမေးကိုယ်ဝန်ဆောင်ရက်ရွေး တိုက်အမှတ်(၉)၃ထပ်၊၈၇လမ်း၊မင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့


## အမှတ်တံဆိပ် အသိပေးကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလွှကုန်းဌေးကြွယ်ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၃၂)နေ ဦးလှဝင်းထိန် (၉/ကပတ(နိုင်)၂၀၉၂၃၁) သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်ကို မိမိမှ ပိုင်ဆိုင်ကြောင်းမြွက်ဟဝန်ခံ၍ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် (၄/၂၄၇၉/၂၀၂၀)အရ တရားဝင်မှတ်ပုံတင်သွင်းထားခဲ့ပြီးဖြစ်ပါသည်။**

**မှတ်ပုံတင်စာချုပ်အမှတ် (၄/၂၄၇၉/၂၀၂၀)**

MOSHI MOSHI
もし もし
Japanese Language Center

**အထက်ဖော်ပြပါ " MOSHI MOSHI " အမှတ်တံဆိပ်ကို အသုံးပြု၍ " ဂျပန်ဘာသာစကား၊ သင်တန်းအမျိုးမျိုးနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုး" တို့ကို ရုံးခန်းများ၊ သင်တန်းများဖွင့်လှစ်၍ သော်လည်းကောင်း၊ မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် လုပ်ကိုင်ဆောင်ရွက် လျှက်ရှိပါသည်။**

**သို့ဖြစ်ပါ၍ အထက်ဖော်ပြပါအမှတ်တံဆိပ်အား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ ထင်ယောင်ထင်မှားဖြစ်စေ၊မမှန် မကန်တုပသုံးစွဲခြင်းကိုတွေ့မြင်ကြားသိရပါက တည်ဆဲတရားဥပဒေနှင့်အညီ တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။၎င်းအမှတ်တံဆိပ်အမည်အမှတ်အသားနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။**

**ဦးလှဝင်းထိန် (၉/တပတ(နိုင်)၂၀၉၂၃၁)၊**
**Ph : 09 695524991**

## ရှယ်ယာလွှော့ချခြင်းအသိပေးစာ

Whistper Rock Ventures Pte Ltd အကြား ပုဂ္ဂလိကငွေပေးငွေယူကို ထောက်ခံရန် တတိယပါတီသို့ လွှဲပြောင်းပေးခဲ့သည့် Burst Myanmar Co.,Ltd (Reg No 153864144 )၏ အစုရှယ်ယာရှင်များက တညီညွတ်တည်း ဆန္ဒမဲပေးခြင်းဖြင့် ၂၀၂၀ပြည့်နှစ် မေ ၁၃ ရက်တွင် ရှယ်ယာအရင်းနှီးများ လျှော့ချရန် အတည်ပြုခဲ့သည်။ ထို့ကြောင့် Whistper Rock Ventures Pte Ltd မှ ပိုင်ဆိုင်သည့် သာမန်ရှယ်ယာ (၃,၀၀၀,၀၀၀)ကို အများပြည်သူ အသိပေးအကြောင်းကြားသည့်ရက်မှ ၂၈ ရက်အတွင်းအထိ ရှယ်ယာပိုင်ရှင်များမှတ်ပုံတင်မှ ဖယ်ရှားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**Daniel Robert Michener**
**Managing Director**
**Burst Myanmar Co.,Ltd**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ လူနေရပ်ကွက်အမှတ်(၄၃)၊ အေးရိပ်သာ(၁)လမ်း၊ မြေကွက်အမှတ်(၆၃၃/၁၃၉၃)၊ အလျား (၄၅ ပေ)၊ အနံ (၆၀ ပေ)၊ စတုရန်းပေ (၂၇၀၀)၊ ဧရိယာ(၀ဒသမ၀၆၂)ဧကရှိ ဦးဘိုးရေး (ခ) ဦးဘုန်းမြင့် အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော (ခြေရင်းဘက်ခြမ်း)ရှိ အလျား(၂၀ ပေ)၊ အနံ(၆၀ ပေ)ရှိ ဂရန်မိတ္တူခြမ်းမြေကွက်သက်သက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားသူ ဦးဘိုးရေး(ခ) ဦးဘုန်းမြင့်(ဘ)ဦးဂျပ်ပြား ၁၂/လမန(နိုင်)၀၉၁၁၅၈၊ (PGU-၂၀၆၄၈၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ရန် (၁၆-၅-၂၀၂၀)ရက်က စရန်ငွေပေးချေခဲ့ပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း အထောက်အထားအပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမျိုးသိမ်း(B.A(Law); LL.B)၊**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၄)**
**အမှတ်(၅၆၃)၊ ပီမိုးနင်း(၂)လမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**
ဖုန်း-၀၉-၂၅၀၁၇၂၆၈၁

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၂၅)၊ နဝဒေးလမ်း၊ မြေကွက်အမှတ် (၃၅၃/က) ဟုခေါ်တွင်သော မြေအလျားXအနံ(၂၀X၆၀) အကျယ်အဝန်းရှိ (ဦးအေးငွေ) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တည်ရှိဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား (ဦးအေးငွေ) ကွယ်လွန်သဖြင့် တရားဝင်အမွေဆက်ခံခွင့်ရှိသည့်ဇနီးဖြစ်သူ ဒေါ်ရီရီဌေး ၁၂/ဥကတ(နိုင်)၀၈၅၉၄၁ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းစိုး ၁၂/ဒဂတ(နိုင်)၀၉၅၁၆၅မှ အရောင်းအဝယ်စာချုပ်စာတမ်းဖြင့် အပြီးအပိုင်ဝယ်ယူလက်ရောက်ရရှိခဲ့ပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ မြေပုံမြေရာဇဝင်ကူးယူခြင်း၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုခြင်း၊ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်း စသည့်ကိစ္စရပ်များအား ဥပဒေနှင့်အညီ တရားဝင်ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်သန်းသန်းစိုး** | **ဒေါ်စုစုအောင်(LL.B)** |
| ၁၂/ဒဂတ(နိုင်)၀၉၅၁၆၅ | (စဉ်-၁၃၄၉၈/၁၂-၁၀-၂၀၁၇) |
| | တရားလွှတ်တော်ရှေ့နေ |

အမှတ် (၉၉၉) ၊ သစ္စာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉- ၇၇၈၉၄၀၂၀၆

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်(၄၃၇/ခ) နေ ဦးကျင်တိုးလွင် ၁၂/သခန(နိုင်)၀၆၉၈၆၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေသည် ၎င်း၏လူမှုစီးပွားကိစ္စအရပ်ရပ်များအတွက် ဆောင်ရွက်ခဲ့ရာတွင် ၎င်းကိုယ်စားဆောင်ရွက်စေရန် ကိုယ်စားလှယ်များကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်လည်းကောင်း (သို့မဟုတ်) နိုတြီပဗ္ဗလစ် (တရားလွှတ်တော်ရှေ့နေ) တစ်ဦးဦးထံတွင်လည်းကောင်း၊ အထွေထွေကိုယ်စားလှယ်လွှဲစာ (သို့မဟုတ်) အထူးကိုယ်စားလှယ်လွှဲစာတို့ကိုပေးအပ်၍ ကိုယ်စားဆောင်ရွက်စေခဲ့သည်များကို ရုပ်သိမ်းပြီးဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ၏ လူမှုစီးပွားကိစ္စရပ်အချို့တို့တွင် ဦးခင်မောင်ဝင်း ၈/မကန(နိုင်)၀၅၀၁၈၄အား ကိုယ်စားလှယ်စာပေးအပ်ဆောင်ရွက်စေမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးနေဦး(LL.B)တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၆၇)၊ တကောင်း(၄)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
ဖုန်း-၀၉-၉၆၄၉၃၃၅၀၇၊ ၀၉-၉၅၂၇၃၃၃၉

## ၅-၅-၂၀၂၀ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၌ ဒေါ်မိုးသန္တာဦး (ခ)မိုးကြီး ၁၂/တမန(နိုင်)၀၉၉၆၂၂ ၏လွှဲအပ်ညွှန်ကြားချက်အရ ဦးကျော်ဇင်ဦး(အထက်တန်းရှေ့နေ) စဉ်-၅၂၂၈၈၏ ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ တရုတ်ဘုံကျောင်းလမ်း၊ အမှတ်(၅၄၃/က)တွင် နေထိုင်သူ ဒေါ်နီနီခိုင် ၇/ညလပ(နိုင်)၁၀၅၉၈၇၏ လွှဲအပ်ညွှန်ကြားချက်အရ သိစေအပ်ပါသည်။

ဒေါ်နီနီခိုင်မှ ငွေကျပ် ၁၃၆,၀၀၀,၀၀၀/-(ငွေကျပ် တစ်ထောင့်သုံးရာခြောက်ဆယ်သိန်းတိတိ)အား ဒေါ်မိုးသန္တာဦး (ခ) မိုးကြီးအား ပေးရန်ရှိသည်ဆိုသည်မှာ မှန်ကန်ခြင်းမရှိသည့်အပြင် ယင်းငွေကြေးပမာဏအား ယုံကြည်စွာပေးအပ်ရန် အခြေအနေနှင့် အကြောင်းတရားမရှိပါကြောင်း ရှင်းလင်းသိစေအပ်ပါသည်။

ဒေါ်နီနီခိုင်သည် အထက်ပါလိပ်စာတွင် အခြေတကျတည်ငြိမ်အေးချမ်းစွာနေထိုင်လျက်ရှိသော ဂုဏ်သိက္ခာရှိသည့် လူပုဂ္ဂိုလ်တစ်ဦးအား အကြောင်းကြားစာ(Notice )တိုက်ရိုက်ထုတ်ဆင့်နိုင်ပါလျက် နေ့စဉ်ထုတ်သတင်းစာတွင် ကြော်ငြာခြင်းအားဖြင့် ဒေါ်နီနီခိုင်၏ဂုဏ်သိက္ခာအား ထိခိုက်နိုင်ကြောင်းသိလျက် တမင်ယခုကဲ့သို့ ကြော်ငြာခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ဒေါ်နီနီခိုင်၏ ဂုဏ်သိက္ခာထိခိုက်နေသည့်အပြင် အခြားအကျိုးစီးပွားများကိုနစ်နာဆုံးရှုံးမှုပေါ်ပေါက်စေသည့်အတွက် တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်ရန် ညွှန်ကြားထားပါကြောင်းကိုလည်း ထပ်လောင်းသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြတ်ထွေး(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၉၃)
အမှတ် ၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉- ၄၂၁၀၈၇၃၈၆

## အမည်ပြောင်း

ဦးဝဏ္ဏာဌေး၏သမီး တာချီလိတ်မြို့၊ အထက (ဆန်ဆိုင်း) ဆဋ္ဌမတန်း(D) မှ မအေးသီရိစံ ၁၃/တခလ(နိုင်)၁၁၃၁၄၅ အား မအလင်္ကာမေဟု ပြောင်းလဲခေါ်ပါရန်။

**မအလင်္ကာမေ**

စာအုပ်စာပေ လူ့မိတ်ဆွေ

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီးဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက် နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက်ကူးခပ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွား နေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက် များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေးဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့်နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကိုရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆ ကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေးရန်။
- မွေးမြူရေးကန်ကိုလိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေး အတွက် ရေကောင်းရေသန့် သိုလှောင် သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေ အနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေ ပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁နှင့် ၅) ကောလင်းမြို့နယ်တရားရုံးတော်၌ ၂၀၂၀ပြည့်နှစ်၊ တရားမကြီးမှုအမှတ် ၄၁

| | | |
|---|---|---|
| မစိုးနန္ဒာ | **နှင့်** | မောင်ထွန်းထွန်းဝင်း |
| **တရားလို** | | **တရားပြိုင်** |

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ တံဇူးကျေးရွာနေ (ယခုနေရပ်လိပ်စာမသိသူ)တရားပြိုင် မောင်ထွန်းထွန်းဝင်း သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ပြည့်နှစ် ဇွန် ၁ ရက် (၁၃၈၂ ခုနှစ် နယုန်လဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင်အထက်ပါ နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် မေ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးငြိမ်းစိုးနိုင်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ကောလင်းမြို့နယ်တရားရုံး**

## အများသိစေရန် တောင်းပန်ခြင်း

၂၀၂၀ပြည့်နှစ်၊ မေ ၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၇)တွင် ပါရှိသော ဦးတင်မောင်ဆွေ တရားလွှတ်တော်ရှေ့နေ စဉ်(၄၆၄၃)၏ ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာကြောင်းရေ(၈)ပါ **စရန်ငွေအချို့တစ်ဝက်** ပေးချေပြီးဖြစ်သည်ဟူသော စကားရပ်အစား စရန်ငွေကျပ်(၁၀)သိန်းတိတိ ပေးချေပြီးဖြစ်သည်ဟု ပြင်ဆင်ဖတ်ရှုပါရန်နှင့် တိုက်ခန်းအပိုင်ရောင်းသူ ဒေါ်ဝင်းဝင်းပြုံးအား တောင်းပန်အပ်ပါသည်။

**ဦးအောင်မြတ်သူ ၁၂/အလန(နိုင်)၀၄၀၈၈၄**
**အမှတ်(၃၆)၊ ဦးရွှေစိုးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ ကသစ်လမ်း၊ အမှတ်(၁၃၊ ငါးလွှာ၊ အေ၊ ခေါင်းရင်းခန်း) (တိုက်ရှေ့မှ မျက်နှာမူလျှင် လက်ယာဘက်အခြမ်း)ရှိ ရေမီးအစုံအလင်လူနေတိုက်ခန်းမှာ ဒေါ်ဝင်းဝင်းပြုံး ၁၂/ကမတ(နိုင်)၀၂၆၁၆၄က အဆင့်ဆင့်တရားဝင် ဝယ်ယူလက်ရောက်ရရှိပိုင်ဆိုင်ထားသော တိုက်ခန်းဖြစ်ကြောင်း၊ လွတ်လပ်စွာရောင်းချပိုင်ခွင့်ရှိသူလည်းဖြစ်ကြောင်း အဆိုပြုလျက် ရောင်းချရန်ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မြတ်သူ ၁၂/အလန(နိုင်)၀၄၀၈၈၄ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေကျပ်(၁၀)သိန်း ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မြတ်သူ၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးတင်မောင်ဆွေ B.A(Law)LL.B,D.B.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၆၄၃)**
**အမှတ်-၈၂၊ ပထမထပ်၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
ဖုန်း-၀၉-၅၀၀၉၁၆၇၊ ၀၉-၉၆၅၀၀၉၁၆၇

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးတင်မောင်

(ပြည်မြို့)

အသက်(၈၂)နှစ်

ပြည်မြို့၊ ပြည်တော်သာရပ်ကွက်နေ (ဒေါ်စိန်းရီ)၏ခင်ပွန်း၊ ဦးဌေးဦး (ညွှန်ကြားရေးမှူး-ငြိမ်း၊ ဆည်/ရေ)-ဒေါ်နိုင်နိုင်မော် (ပဉ္စကြယ်စင်)တို့၏ဖခင် ဦးတင်မောင်သည် ၁၆-၅-၂၀၂၀ရက် (စနေနေ့) ညနေ ၆နာရီတွင် ပြည်မြို့၌ ကွယ်လွန်သွားကြောင်းကြားသိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး၊ ဒုညွှန်ကြားရေးမှူးများနှင့်အရာထမ်း/ဝန်ထမ်းများ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊**
**မန္တလေးတိုင်းဒေသကြီး**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးတင်မောင်

(ပြည်မြို့)

အသက်(၈၂)နှစ်

ပြည်မြို့၊ ပြည်တော်သာရပ်ကွက်နေ (ဒေါ်စိန်းရီ)၏ခင်ပွန်း၊ ဦးဌေးဦး (ညွှန်ကြားရေးမှူး-ငြိမ်း၊ ဆည်/ရေ)-ဒေါ်နိုင်နိုင်မော် (ပဉ္စကြယ်စင်)တို့၏ဖခင် ဦးတင်မောင်သည် ၁၆-၅-၂၀၂၀ရက် (စနေနေ့) ညနေ ၆နာရီတွင် ပြည်မြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မန္တလေးမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးတင်မောင် (ပြည်မြို့)

အသက်(၈၂)နှစ်

ပြည်မြို့၊ ပြည်တော်သာရပ်ကွက်နေ (ဒေါ်စိန်းရီ)၏ခင်ပွန်း၊ ဦးဌေးဦး (ညွှန်ကြားရေးမှူး-ငြိမ်း၊ ဆည်/ရေ)-ဒေါ်နိုင်နိုင်မော် (ပဉ္စကြယ်စင်)တို့၏ ဖခင် ဦးတင်မောင်သည် ၁၆-၅-၂၀၂၀ရက် (စနေနေ့) ညနေ ၆နာရီတွင် ပြည်မြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးစီးအရာရှိနှင့်ဝန်ထမ်းများ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မန္တလေးမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းမယ်တော်ကြီး

## ဒေါ်ငြိမ်းငြိမ်း(ခ)ဒေါ်ချိုက်ဘီ

အသက်(၉၀)

မုံရွာမြို့နယ်၊ ကျောက်ခွက်ကျေးရွာ သာသနာ့ဂုဏ်ရောင်ကျောင်း၊ ရွှေကံပေါ်မဟာဆုတောင်းပြည့်စေတီတော်ကြီး၏ စိန်ဖူးတော် ဒါယိကာမကြီး ရွှေကံပေါ်ဆရာတော်အရှင်သုန္ဒရ၏ ရဟန်းမယ်တော်ကြီး ဒေါ်ငြိမ်းငြိမ်းသည် ၁၆-၅-၂၀၂၀ရက် (စနေနေ့) နံနက်၌ ကွယ်လွန်သွားပါသဖြင့် ရွှေကံပေါ်ဆရာတော် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်းနှင့် မယ်တော်ကြီးပြုသမျှ ကုသိုလ်တို့ကြောင့် အေးငြိမ်းရာမှန် မြတ်နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ပါစေကြောင်းဆုမွန်တောင်းလျက် -

**ရွှေကံပေါ်ရဟန်းအမ**
**ကျောင်းအမများနှင့်**
**ကျောက်ခွက်ကျေးရွာ**
**တပည့်သာဝကများ**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၅-၂၀၂၀ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၃၀)ပါ **ဒေါက်တာ ဒေါ်စန်းစန်း အသက်(၈၉)နှစ်ကြော်ငြာတွင်** ဦးခင်မောင်တင့်(MEPE-ငြိမ်း)-ဒေါ်ကြည်ကြည်(သချာင်္ဌာန၊ ငြိမ်း)၊ ပါမောက္ခ ဦးခင်မောင်ဝင်း (အသည်းအထူးကုဆရာဝန်ကြီး)-ဒေါက်တာဒေါ်ခင်လေးရီ (ဆေးတက္ကသိုလ်-၁၊ ငြိမ်း)၊ ဦးတင့်လွင်(မြန်မာ့ဆက်သွယ်ရေးနှင့်ကြေးနန်းဝန်ကြီးဌာန၊ ငြိမ်း) - ဒေါ်ခင်မာနွယ်၊ ပါမောက္ခ ဒေါက်တာ ဦးတင်ထွန်း-ဒေါ်ဝေဝေခင်(ခေတ္တ-မလေးရှား)၊ ဦးကျော်ညဏ်ထွန်း(MOGE)-ဒေါ်အေးအေးခိုင်(WBG)၊(ဦးဌေးကို-သင်္ဘောအင်ဂျင်နီယာ)-ဒေါ်နီနီသန်း(YESC)**တို့၏ချစ်လှစွာသောမမကြီး**ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

## (၁)လပြည့် လွမ်းဆွတ်သတိရခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ စေတီ၊ ဓမ္မာရုံများ၏ အလှူရှင် ဒါယကာကြီး

## ဦးတင်လတ် အသက်(၇၂)နှစ်

(SIAM Engineering Co.,Ltd.B.K.K)

မိသားစုနှင့် ခွဲခွာသွားသည်မှာ ၁၇-၅-၂၀၂၀ရက်တွင် (၁)လပြည့် မြောက်ခဲ့ပြီးဖြစ်ပါသည်။ ၎င်းအားရည်စူး၍ နေအိမ်တွင် ဘုရားအမှူးထားပြီး သံဃာတော် အရှင်မြတ်တို့အား ပရိက္ခရာရှစ်ပါး၊ ပဌာန်းကျမ်းတော်မြတ်တို့နှင့်အတူ ဆွမ်းခဲဖွယ်ချိုချဉ် အစုစုတို့အား ဆက်ကပ်လှူဒါန်းသော ကောင်းမှုကုသိုလ် အစုစုကို ရောက်ရာဘုံဘဝမှ သာဓု အနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။

**ကျန်ရစ်သူမိသားစု**
**ဇနီး ဒေါ်ခင်ချိုအေး(လက်/ညွှန်-ငြိမ်း၊ အကောက်ခွန်)**

## ဦးသောင်းထိုက်(ခ)ဖိုးပြုံး

(ညွှန်ကြားရေးမှူး) ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး

အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၄)ရပ်ကွက်၊ လှည်းတန်းလမ်း၊ အမှတ် ၁၁၁ နေ(ဦးသာတင့်-ဒေါ်လှကြည်)တို့၏သား၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်း ရပ်ကွက်၊ မင်္ဂလာကျောင်းလမ်း၊ အမှတ် ၂၄၂နေ (ဦးသန်းဦး-ဒေါ်စန်းကြည်)တို့၏ သားသမက်၊ (ဦးကျော်ဝင်း)-ဒေါ်ကြူကြူစိန်၊ ဦးစန်းဝင်း-ဒေါ်မြင့်မြင့်အေး၊ ဦးမြတ်စိုး-ဒေါ်စန္ဒာဌေး၊ ဦးစိုးလင်း-ဒေါ်အေးအေးမြင့်တို့၏ညီ/မောင်၊ (ဦးချစ်ကိုကို)-ဒေါ်တင်တင်အိတို့၏အစ်ကို၊ ပဲခူးတိုင်းဒေသကြီး၊ မီးသတ်ဦးစီးမှူးရုံး အရာရှိရိပ်သာနေ ဒေါ်တင်တင်ဦး၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာရဲမြတ် ၏ဖခင်သည် ၁၆-၅-၂၀၂၀ရက် (စနေနေ့) ည ၈:၃၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၂၀ရက် နံနက် ၉နာရီတွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၀- ၅-၂၀၂၀ရက်တွင် တာမွေမြို့နယ်၊ တာမွေကြီး (က+ဂ)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ တာမွေနယ် မြေ မီးသတ်စခန်း၊ အခန်း အမှတ် (၆၀၁)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာမည်ဖြစ်ပြီး ၂၂-၅-၂၀၂၀ရက်(သောကြာနေ့)တွင် ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး၊ အရာရှိရိပ်သာတွင် ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးသောင်းထိုက်(ခ)ဖိုးပြုံး

(ညွှန်ကြားရေးမှူး)ပဲခူးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး

အသက်(၅၆)နှစ်

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးသောင်းထိုက်(ခ)ဖိုးပြုံး သည် ၁၆-၅-၂၀၂၀ရက်(စနေနေ့) ၈:၃၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်တပ်ဖွဲ့ဝင်များ၊ မိသားစုများ**
**မီးသတ်ဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးသောင်းထိုက်(ခ)ဖိုးပြုံး

(ညွှန်ကြားရေးမှူး) ပဲခူးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး

အသက်(၅၆)နှစ်

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးသောင်းထိုက် (ခ)ဖိုးပြုံး သည် ၁၆-၅-၂၀၂၀ရက်(စနေနေ့) ၈:၃၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဇနီး၊ တပ်ဖွဲ့ဝင်များ**
**ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး**
**ရန်ကုန်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးသောင်းထိုက်(ခ)ဖိုးပြုံး

(ညွှန်ကြားရေးမှူး) ပဲခူးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး

အသက်(၅၆)နှစ်

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးသောင်းထိုက်(ခ)ဖိုးပြုံး သည် ၁၆-၅-၂၀၂၀ရက် (စနေနေ့) ၈:၃၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပဲခူးတိုင်းဒေသကြီးမီးသတ်တပ်ဖွဲ့ဝင်များ**
**ပဲခူးမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးသောင်းထိုက်(ခ)ဖိုးပြုံး

(ညွှန်ကြားရေးမှူး) ပဲခူးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး

အသက်(၅၆)နှစ်

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးသောင်းထိုက်(ခ)ဖိုးပြုံး သည် ၁၆-၅-၂၀၂၀ရက် (စနေနေ့) ၈:၃၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယစုံစမ်းရေးမှူးလောင်းသင်တန်းအမှတ်စဉ်(၃/၉၃)နှင့်**
**မီးသတ်တပ်စုမှူးလောင်းသင်တန်းအမှတ်စဉ်(၆/၉၄)မှ**
**သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ဌေးဌေးမြိုင်(ဒုတိယဗိုလ်မှူးကြီး-ငြိမ်း)

အသက်(၆၄)နှစ်

Prof: ဦးဉာဏ်ဝင်းကျော်(တပ်မတော်ဆေးတက္ကသိုလ်၊ စိတ်ကျန်းမာဌာန၊ ပါမောက္ခ/ဌာနမှူး)၏ချစ်လှစွာသော ဇနီး၊ မောင်ချမ်းမြေ့နိုင်၏ ချစ်လှစွာသောမိခင် ဒေါ်ဌေးဌေးမြိုင်သည် ၁၇-၅-၂၀၂၀ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ဆရာကြီး မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ရွှေပိတောက်(စိတ်ကျန်းမာရေးဆေးရုံ)**
**မိသားစု**

## ရွှေတိဂုံစေတီတော်၊ စနေထောင့်၊ အောင်ရွှေထီးအမိဋ္ဌာန်အဖွဲ့ နာယကကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ပိဋကတ်သုံးပုံ၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

# ဆရာ ဦးလှရီ(ဖျာပုံ)

## (ကေကေခိုင် -ဇာဘော်လီ-မင်္ဂလာဈေး)

## အသက် (၉၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အမှတ်(10E) (ကံဂေဟာ)နှင့် ဖျာပုံမြို့နေ (ဦးနု-ဒေါ်စိန်သွယ်)တို့၏သား၊ (ဒေါ်ခင်မေ)၏ခင်ပွန်း၊ ဦးစိုးမြင့်ဝင်း-ဒေါ်မြင့်မြင့်သိန်း၊ ဒေါ်ခင်ဝင်းမြင့်၊ ဒေါ်ခင်မိမိ၊ ဒေါ်ခင်ချောချော၊ ဒေါ်ခင်ထူးထူး၊ ဦးဝင်းဗိုလ်-ဒေါ်ကေသီဦး-ဒေါ်ပွင့်ပွင့်ခိုင်၊ ဒေါ်အေးအေးမြင့်-ဦးဝင်းကိုကို၊ ဒေါ်ကလျာဦးတို့၏ဖခင်၊ မြေး ရှစ်ယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၁၆-၅-၂၀၂၀ရက် မွန်းလွဲ ၁၂:၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟဓမ္မမိတ်ဆွေတပည့်များအားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီ ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နန်းအောင် အသက်(၈၈)နှစ်

ကျိုင်းတုံမြို့၊ အမှတ်(၃)ရပ်ကွက်၊ ဝေါ်ပေးရပ်နေ(ဦးစိုင်းဆမ်နွန်း)၏ဇနီး၊ ကျိုင်းတုံမြို့၊ ပါလျှံကျောင်းထိုင်ဆရာတော် အရှင်ဓမ္မဝရ(ဒုပီဆမ်ပျဲန်း)၊ ဦးစိုးခေါင်-နန်းပုတ်ခမ်း၊ စိုင်းထွန်းကြည်-နန်းဝန်းပန်၊ (စိုင်းဆိုက်ကျောက်-နန်းစမ်နွန်း)၊ စိုင်းနွံ-နန်းသိန်းညွန့်၊ စိုင်းယီရှဲန်- နန်းဟွမ်ခမ်းဆိုင်၊ စိုင်းဆိုက်လာ-နန်းဟွမ်တစ်တို့၏မိခင်၊ စိုင်းထွန်းထွန်းမြတ်-နန်းဖြူဖောင်းနွန်း၊ ဒေါက်တာလှစိုး-ဒေါက်တာနန်းခင်စုရီ၊ ဒေါက်တာဘုန်းစည်သူလွင်-နန်းခင်စုနှင်း၊ စိုင်းခမ်းခေါင်၊ စိုင်းထွန်းဖေ-နန်းမိုးမိုးခိုင်၊ စိုင်းလုံဝိလတ်-နန်းခင်ဇာခြည်မြင့်၊ နန်းဖောင်းနွန်း၊ နန်းစံဟွမ်၊ နန်းဟွမ်ဖောင်း၊ နန်းဟွမ်စံ၊ နန်းဝိမားလှိုင်းဆိုင်၊ စိုင်းအောင်မျိုးဟိန်း၊ နန်းလှဝိတာ၊ စိုင်းဝမ်းရှဲန်၊ နန်းဟိန်းရှဲန်၊ စိုင်းဝန်းထောင်းတို့၏ အဘွား၊ မြစ်၁၁ဦးဖြစ်ကြသော စိုင်းထူးအောင်လင်း၊ စိုင်းလုံရှဲန်ဖ၊ စိုင်းအွန်ရှဲန်ဖ၊ နန်းကြယ်ဇင်လင်း၊ စိုင်းဝိထွန်းလင်း၊ နန်းဝိလှိုင်းကျောက်၊ နန်းလောင်(ဝ်)ဖွေးဟွမ်၊ စိုင်းအောင်တစ်၊ နန်းမိုမိုတစ်၊ စိုင်းဝန်းတစ်တို့၏ဘွားဘွားကြီး/ ဒုပီလွတ် ပါလျှံကျောင်းတိုက်၊ စိုင်းနွဲ့-နန်းခမ်းလှီး၊ စိုင်းကျောက်-နန်းဝိုးကိန်၊ စိုင်းရှဲန်တစ်-နန်းဝိုးဟွမ်တို့၏ အဒေါ်သည် ၁၃-၅-၂၀၂၀ရက် ည ၈:၂၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၂၀ရက် မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ရှမ်းတိုင်းရင်းသားများသုသာန်သို့ ပို့ဆောင်ပါမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါက်တာဦးကျင်သိန်း

M.B.B,S, D.L.O, M.Med.Sc (ENT)

နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆရာဝန်ကြီး (ငြိမ်း)

အသက်(၇၄)နှစ်

ပဲခူးမြို့၊ ပန်းလှိုင်ရပ်၊ ၂၁ လမ်းနေ (ဦးဝက်လာ-ဒေါ်ကျင်အေး)တို့၏သား၊ ဦးကျင်စော-ဒေါ်စန်းနွဲ့တို့၏ညီ၊ (ဦးကျင်သန်း)-ဒေါ်ခင်ညွန့်ဝေ၊ ဦးဌေးမြင့်-ဒေါ်ခင်သန်း၊ ဒေါက်တာဦးကျင်ဆိုင် (မျက်စိအထူးကုဆရာဝန်ကြီး-ငြိမ်း၊ ပဲခူး)-ဒေါ်မြင့်မြင့်စိန်၊ ဦးကျော်ကျော်၊ ဦးညီညီတို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့နေ (ဦးခင်မောင်-ဒေါ်ဝင်နီ)တို့၏သားသမက်၊ ဦးသာထွန်း-ဒေါ်မေမေခင်၊(ဒေါ်ရီရီခင်)၊ (ဦးမြတ်စိုး)- ဒေါ်ချိုချိုခင်၊ (ဦးအေးမိုး-ဒေါ်ခင်ခင်လေး)တို့၏ညီ/မောင်၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဒဂုံလွင်လမ်း၊ တိုက်(၃)၊ အခန်းအမှတ်(၀၀၃)နေ ဒေါက်တာဒေါ်မူမူခင်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာဝင်းလွင် (မျက်စိအထူးကုဆရာဝန်၊ မ/ဥက္ကလာဆေးရုံကြီး)၊ ဒေါ်ဆုလဲ့ရည်(FAME Pharmaceuticals Co.,Ltd)၊ ဒေါက်တာစည်သူလွင်တို့၏ ကျေးဇူးရှင်ဖခင် ဒေါက်တာဦးကျင်သိန်းသည် ၁၆-၅-၂၀၂၀ရက် (စနေနေ့) နံနက် ၄:၀၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁:၀၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးဘိုဝင်း

အသက်(၆၈)နှစ်

စာရင်းစစ်၊ မြန်မာ့ရေလုပ်ငန်း၊ ဘဏ္ဍာရေးဌာန(ငြိမ်း)

စာရင်းစစ်ချုပ်၊ ထူးမိသားစုကုမ္ပဏီ

ကျောက်ပန်းတောင်းမြို့နေ(ဦးထွန်းလှိုင်-ဒေါ်သိန်း)တို့၏တစ်ဦးတည်းသောသား၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၂၄၊ အခန်း ၃၇နေ (ဗိုလ်မှူး အုန်းစိန်)-ဒေါ်လှလှသိန်း တို့၏ သားသမက်၊ မခင်ချောလဲ့ဝင်း(ခေတ္တ-ဂျပန်)၊ဒေါက်တာချောစုဗိုလ်(YGH)တို့၏ဖခင်၊ ဒေါ်ညိုမီအုန်း (လ/ထ ညွှန်ကြားရေးမှူး)(ငြိမ်း)မွေး/ကုဦးစီးဌာန၏ ချစ်လှစွာသောခင်ပွန်းသည် ၁၆-၅-၂၀၂၀ ရက်(စနေနေ့) ည ၇:၃၅နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၅-၂၀၂၀ရက် (သောကြာနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**တစ်ဦးတည်းဖြစ်ပါကြောင်းနှင့်မွေးသက္ကရာဇ်အမှန်**

ကျွန်းစုမြို့နယ်၊ ဗိုလ်ချုပ်လမ်းမကြီး၊ (၂)ရပ်ကွက်မှ ၂၀၁၄ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သော မအိသန္တာထွေး၏ဖခင် ဦးခင်မောင်ကြည်နှင့် ဦးမောင်ကြည် ၆/ပလန(နိုင်)၀၃၃၁၂၇မှာ တစ်ဦးတည်းဖြစ်ပြီး မအိသန္တာထွေး၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်စာရင်းအရ ၇-၆-၁၉၉၇ဖြစ်ပါကြောင်း။

## ဦးတင်မောင် (ပြည်မြို့)

### အသက်(၈၂)နှစ်

ပြည်မြို့၊ ပြည်တော်သာရပ်ကွက်နေ (ဒေါ်စိန်းရီ)၏ခင်ပွန်း၊ ဦးအောင်သိန်းညွန့်-(ဒေါ်သန်းသန်းဦး)၊ ဦးဌေးဦး(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ဆည်/ရေ)-ဒေါ်နိုင်နိုင်မော်(ပဥ္စကြယ်စင်)၊ ဦးကျော်မင်းဦး-ဒေါ်ဝင်းဝင်းခိုင်(ပတ္တမြား) ဦးစိုးဝင်း(SB)-ဒေါ်ခင်မွန်အေးတို့၏ဖခင်၊ ဦးကျော်ကျော်-ဒေါ်ခင်သန္တာဦး(ဆရာမ)၊ (ဦးသောင်းထိုက်ဦး)-ဒေါ်လှလှမြင့်(စာရင်းစစ်မှူး)၊ ဦးကျော်ထက်ဦး-ဒေါ်နော်ဇာ(ရန်ကုန်)၊ ကိုထင်လင်းအောင်၊မထူးမွန်အောင်၊ မရတနာဦး၊ မဟန်သီဦး၊ မသိမ့်မွန်စိုး၊ ကိုအောင်ကောင်းမြတ်-မဝင့်အိဖြူ၊ ကိုဝင်းမော်ဦး၊ ကိုလူမင်းခန့်တို့၏အဘိုး၊ မြစ် ခြောက်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၆-၅-၂၀၂၀ရက်(စနေနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒုတိယဗိုလ်မှူးကြီး အောင်မင်း(ငြိမ်း)

### ကြည်း-၁၃၃၀၇၊ တေဇ(၂)

### အသက်(၆၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်အုပ်စု၊ သံတံတားကျေးရွာ၊ မေတ္တာလမ်း၊ အမှတ် ၁၂၉နေ ဒေါ်မိုးမိုးအောင်၏ချစ်လှစွာသော ခင်ပွန်း၊ ကိုအောင်ကိုထွဋ်-ဒေါက်တာ နေခြည်အောင်မင်း၊ ကိုရဲထက်အောင်-မစန္ဒာအောင်မင်း၊ (ဗိုလ်မှူးဇာနည်အောင်မင်း)-မဖူးသန့်စင်၊ မကြေးမုံအောင်မင်း တို့၏ချစ်လှစွာသောဖခင်၊ မက္ကနီခင်၊ မောင်စွမ်းထက်ဇာနည်တို့၏ဘိုးဘိုးသည် ၁၇-၅-၂၀၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

### ဒုတိယဗိုလ်မှူးကြီးအောင်မင်း(ငြိမ်း)

### ကြည်း ၁၃၃၀၇၊ တေဇ(၂)

### အသက်(၆၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်အုပ်စု၊ သံတံတားကျေးရွာ၊ မေတ္တာလမ်း၊ အမှတ်(၁၂၉)နေ ဒေါ်မိုးမိုးအောင်၏ ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်မှူးကြီးအောင်မင်းသည် ၁၇-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် နှလုံး ရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်ခင်ဖြူဝင်းနှင့်သားသမီး၊ မြေးတစ်စု**

## ဦးတင်မောင်ဦး(ခ)Oliver

### B.E(ELECTRONICS)

### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အောင်လှရိပ်သာလမ်းနေ (ဦးညီညီ-ဒေါ်လွန်းမေ)တို့၏တစ်ဦးတည်းသောသား၊ ဦးသဒ္ဒါဝင့်လှိုင်(Stairway Academy Co.Ltd)-ဒေါ်အေးမြမြလွင်(Stairway Academy Co.Ltd) တို့၏ဖခင်၊ ဒေါ်ခင်မိုးသူ(Winnie )၏ချစ်လှစွာသော ခင်ပွန်းသည် ၁၄-၅-၂၀၂၀ရက် ည ၇:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၂၀ရက် နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ညွန့်ညွန့်စိန်(ရုံးအုပ်)

### အားကစားဆေးဘက်ဌာနခွဲ(အောင်ဆန်းကွင်းဆေးခန်း)

### အားကစားနှင့် ကာယပညာဦးစီးဌာန

### အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ တိုက် ၁၁၀၊ အခန်း ၆နေ (ဦးဝါကျင်-ဒေါ်အက်ဖီ)တို့၏သမီး၊ ဦးခင်မောင်မြင့်၊ ဦးကိုကို-ဒေါ်ခင်သန်းဌေး၊ ဦးဝင်းမြင့်-ဒေါ်နီနီစိန်၊ (ဦးဖေမြင့်)-ဒေါ်မြဌေး၊ဦးကြည်မြင့်-ဒေါ်လေးလေးမြင့်၊ (ဦးဝင်းကြည်)-ဒေါ်တင်တင်အေး၊ ဒေါ်ညွန့် ညွန့်ရွှေတို့၏ညီမ၊ ဒေါ်ညွန့်ညွန့်မေ၏အစ်မသည် ၁၄-၅-၂၀၂၀ရက် နံနက် ၃:၂၄နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၂၀ရက် မွန်းတည့် ၁၂ နာရီတွင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**သစ်တောမှန်လျှင် အသုံးဝင်၊**

**အစဉ်ထာဝရ ထိန်းသိမ်းကြ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း

ဒါယိကာမကြီး

## ဒေါ်တင်မာနွယ်

### အထက(၁) ကမာရွတ်၊

### အထပြ(ငြိမ်း)

### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ အမှတ် ၄၁-၄၃(ပထမထပ်)၊ ဝါးခယ်မလမ်းနေ (ဦးတင့်-ဒေါ်စိန်မြိုင်) တို့၏သမီး၊ (ဦးဝဗိုလ်-ကျောင်းအုပ်ကြီး၊ ငြိမ်း၊ အထက-ခရမ်း)၏ဇနီး၊ ဦးတင်ဝင်း-ဒေါ်သီတာ၊ ဦးသန်းဆွေ-ဒေါ်သင်းသင်းလှိုင်၊ ဒေါ်ဥမ္မာကြည်(ဒု-ညွှန်မှူး၊ ငြိမ်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)၊ ဒေါက်တာခင်မြင့်ဇင်(ပါမောက္ခ ဌာနမှူး၊ ငြိမ်း၊ သတ္တဗေဒဌာန၊ တောင်ကုတ်ဒီဂရီကောလိပ်)တို့၏အစ်မ၊ တူ၊ တူမ ၁၁ ယောက် တို့၏ကြီးကြီးသည် ၁၆-၅-၂၀၂၀ရက် ည ၇:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၂၀ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၅-၂၀၂၀ရက် (သောကြာနေ့) နံနက် တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါ သည်။

ကျန်ရစ်သူမိသားစု

ဒေးဒရဲမြို့နယ်အသင်း

(ရန်ကုန်)

## ဦးအောင်မြင်

### ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)

### နာယက

### အသင်းဝင်အမှတ်(၆၇၉)

### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉-A)ရပ်ကွက်၊ ဦးဘဝင်းလမ်း၊ အမှတ်(၅၅)နေ ဒေါ်စိန်စိန်ဝင်း၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုကျော်ကျော်အောင်၊ မစန္ဒာဝင်း(P.P.B Group Myanmar Co.,Ltd)တို့၏ဖခင်သည် ၁၆-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ အသင်းသားများအား အသိပေး အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သိန်းနွဲ့(ဖျာပုံ)

### ဌာနခွဲမှူး(ငြိမ်း)၊ ဂုန်နီစက်ရုံ၊ အုတ်ကျင်း

### အသက်(၈၂)နှစ်

ဦးမောင်မောင်ကျော်(EU/GOPA)-ဒေါ်သန်းသန်းနွဲ့မောင်တို့၏ ချစ်လှစွာသော မိခင်ကြီးသည် ၁၅-၅-၂၀၂၀ရက်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြောင်း သိရပါသဖြင့် (EU/GOPA)အဖွဲ့သားများမှ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**EU/GOPA အဖွဲ့သားများ**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်ကြည်

### အသက်(၉၀)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊လမ်းဦးစီးဌာန၊ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ)မှ ကျောင်းအုပ်ကြီး ဒေါ်လှလှသွယ်၏ မိခင်ဒေါ်ခင်ကြည်သည် ၁၆-၅-၂၀၂၀ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် အရာထမ်း၊ အမှုထမ်းများ**

**လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ ရေတွင်း၊ ရေကန်၊ ဇရပ်

ဒါယိကာမကြီး

## ဒေါ်တင်တင်ပြုံး(ခ)ဒေါ်ပြုံး

### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ စံပြ ဖဆပလ ရပ်ကွက်၊ တိုက်(ဟောင်း) ၂၊ အခန်း ၁၄ နေ (ဦးကြူရန်-ဒေါ်အုန်းကြင်)တို့၏သမီး၊ အထောက်တော်(ဦးမင်းအောင်)၏ဇနီး၊ ဦးခင်မောင်ဦး၊ ဒေါ်သီတာမင်းအောင်၊ဦးဇော်အောင်(အငြိမ်းစားညွှန်ချုပ်)တို့၏ ချစ်လှစွာသော မိခင်ကြီး၊ ဒေါ်ဖြိုးသုနန္ဒာအောင်(UN WOMEN)၊ ဒေါက်တာ ကြည်နူးပြုံးမင်းအောင် (YGH)တို့၏ချစ်လှစွာသော အဘွား၊မောင်ဇေယျာတုအောင်၏ ဘွားဘွားကြီးသည် ၁၇-၅-၂၀၂၀ရက် ညနေ ၄:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၂၀ရက် မွန်းတည့် ၁၂ နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးခင်သန်း အသက်(၈၃)နှစ်

### အကောက်ခွန်မှူး(ငြိမ်း)

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်နေ ဒေါ်မာမာနိုင်၏ ခင်ပွန်း၊ ဦးသန်းနိုင်ဦး-ဒေါ်လဲ့လဲ့ဝင်း၊ ဗိုလ်မှူးဇော်ဝင်းအောင်-ဒေါ်နန်းနွယ်ဝင်း၊ ဦးအောင်သန်းထူး-ဒေါ်နီလာထွေး၊ ဒေါ်သန်းဌေးဝင်း(ILBC)၊ဒေါ်သဲနွယ်ဝင်းတို့၏ ဖခင်၊ မောင်ကောင်းမင်းဆက်၊ မောင်ဘုန်းမြတ်နိုင် တို့၏ဘိုးဘိုးကြီးသည် ၁၆-၅-၂၀၂၀ရက် ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၂၀ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်ရီဖေ(ခ)အညွန့်

### မြို့နယ်သူနာပြုဆရာကြီး(ငြိမ်း)

### အသက်(၈၀)

ရန်ကုန်မြို့နေ(ဦးတင်ဖေ-ဒေါ်ခင်ရွှေ)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ် ၁၀၆၊ ဟံသာဝတီ ၂၁လမ်း၊ (၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့ နယ်နေ (ဦးစံရီ)၏ ဇနီး၊ ဦးသောင်းထွဋ်ရီ-ဒေါ်ဂျူလိုင်နှင်း၊ ဦးအောင်သန်း-ဒေါ်လွင်မာရီ၊ ဦးအောင်ငြိမ်းချမ်းဝေ-ဒေါ်ဥမ္မာရီတို့၏ချစ်လှစွာသောမိခင်၊ မောင်ဇော်ရဲရင့်ထွဋ်၊ မောင်ဇေယံအောင်၊ မဝင်းလဲ့ရွှေရည်အောင်(ခ)ချစ်စုမ၊ မောင်ဘုန်းမြင့်လှိုင် တို့၏ချစ်လှစွာသော အဘွားသည် ၁၆-၅-၂၀၂၀ရက်(စနေနေ့) ည ၇:၁၀နာရီတွင် စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ သဖြင့် ၁၈-၅-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးလေးလွင်(ခ)ဦးမောင်ချစ်

### စိန်ရွှေလွင်ဂစ်တာဥယျာဉ်

### ကျောက်တံတားမြို့နယ်သမဝါယမအသင်းလီမိတက်၏ ဥက္ကဋ္ဌ

### အသက်(၇၅)နှစ်

(ဦးကာဆင်-ဒေါ်သန်း)တို့၏သား၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ မြောက်ပိုင်းဘုရားလေးကွေ့၊ ဘောဂမြိုင်လမ်း၊ အမှတ်(၃၃/၅)နေ ဒေါ်အေးသန်း၏ခင်ပွန်း၊ ဒေါ်မျိုးစပယ်၊ ဦးမြတ်စိုးမိုး၊ ဦးမျိုးဇော်လတ်၊ ဒေါ်ချောစုလွင်တို့၏ဖခင်၊ မြေး ၁၀ ယောက်တို့၏အဘိုးသည် ၁၇-၅-၂၀၂၀ရက် နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ထောက်ကြန့်သုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်မြင်(ဒေးဒရဲ)

### စခန်းမှူး(ငြိမ်း)

### မာဒေးကားလက်ရွေးစင်ဘောလုံးသမားဟောင်း

### အသက်(၇၇)နှစ်

ရောဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နေ (ဦးလှမောင်-ဒေါ်သန်းကြည်)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉-A)ရပ်ကွက်၊ ဦးဘဝင်းလမ်း၊ အမှတ်(၅၅)နေ ဒေါ်စိန်စိန်ဝင်း၏ခင်ပွန်း၊ ကိုကျော်ကျော်အောင်၊ မစန္ဒာဝင်း(P.P.B Group Myanmar co.,Ltd)တို့၏ဖခင်သည် ၁၆-၅-၂၀၂၀ရက်(စနေနေ့) နံနက် ၃:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ဆင် အသက်(၉၅)နှစ်

သူငယ်ချင်း မျိုးကြည်၏ မိခင်ကြီး ဒေါ်ဆင်သည် ၁၅-၅-၂၀၂၀ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သီဟ(၆၄)သူငယ်ချင်း မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကျင်ထွေး အသက်(၉၄)နှစ်

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း-ဒေါ်သန်းသန်းနွယ်တို့၏ မိခင်ကြီး ဒေါ်ကျင်ထွေးသည် ၁၆-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အပတ်စဉ်(၂၂)မှ သူငယ်ချင်းများနှင့်မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအောင်ကိုကိုဦး

### အသက်(၅၁)နှစ်

ပြည်ထဲရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီး၊ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဇနီးဒေါ်နီလာစိန်တို့၏ ညီ/မောင်၊ ဒေါ်ခင်သက်နွယ်၏ခင်ပွန်း ဦးအောင်ကိုကိုဦးသည် ၁၅-၅-၂၀၂၀ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

**ဝန်ထမ်းများနှင့်မိသားစုဝင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအောင်ကိုကိုဦး

### အသက်(၅၁)နှစ်

ပြည်ထဲရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီး၊ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဇနီးဒေါ်နီလာစိန်တို့၏ ညီ/မောင်၊ ဒေါ်ခင်သက်နွယ်၏ခင်ပွန်း ဦးအောင်ကိုကိုဦးသည် ၁၅-၅-၂၀၂၀ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဇနီး၊ အကျဉ်းဦးစီးဌာန**

**ဝန်ထမ်းများနှင့်မိသားစုဝင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအောင်ကိုကိုဦး

### အသက်(၅၁)နှစ်

ပြည်ထဲရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီး၊ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဇနီးဒေါ်နီလာစိန်တို့၏ ညီ/မောင်၊ ဒေါ်ခင်သက်နွယ်၏ခင်ပွန်း ဦးအောင်ကိုကိုဦးသည် ၁၅-၅-၂၀၂၀ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဇနီး၊ မီးသတ်ဦးစီးဌာန**

**တပ်ဖွဲ့ဝင်များနှင့်မိသားစုဝင်များ**

## ဦးဌေးမြင့်ဇော် အသက်(၆၃)နှစ်

### (မြေအသုံးချရေးဦးစီးဌာန-ငြိမ်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ ကောလင်း(၅)လမ်း၊ အမှတ်(၅၉၇/က)နေ (ဦးကျော်ရုံး-ဒေါ်သန်း)တို့၏သား၊ (ဦးချစ်လှိုင်-ဒေါ်သိန်းမြင့်)တို့၏သားသမက်၊ ဒေါ်ချိုမာမြိုင်၏ခင်ပွန်း၊ ဦးစံမြင့်-ဒေါ်ရီရီသိန်း၊ ဦးစန်းမြင့်-ဒေါ်ခင်ဖြူဖြူ၊ ဒေါ်ရီရီမြင့်၊ (ဦးမြင့်သိန်း)-ဒေါ်ညိုညိုစန်းတို့၏ညီ/မောင်၊ ဒေါ်ဝေဝေမွန်(ဦးစီးအရာရှိ၊ ကုန်သွယ်ရေးဦးစီးဌာန)၊ မအေးမြတ်မွန်တို့၏ ဖခင်သည် ၁၇-၅-၂၀၂၀ရက် ညနေ ၃:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်သင်းသင်းဝမ်(မြိတ်)

### အသက်(၅၃)နှစ်

မြိတ်မြို့၊ ထားဝယ်စုရပ်၊ ဗဟိုလမ်း၊ အမှတ် ၄၆နေ (ဦးကြင်ဝမ်-ဒေါ်ကြည်ညွန့်)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးမြတ်ခိုင်)-ဒေါ်မြတ်မွန်၊ ဒေါ်ချိုချိုဝမ်၊ (ဦးမြတ်နိုင်)-ဒေါ်ဝင်းဝင်းဟန်၊(ဦးမြတ်သူ)-ဒေါ်ကြူကြူစန်း၊ ဦးညီညီ-ဒေါ်ရီရီမော်တို့၏ညီမသည် ၁၇-၅-၂၀၂၀ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ကလွင်ဘာသာစုံသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။


ကျန်ရစ်သူမိသားစု

# အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်(AMPHAN)နှင့်ပတ်သက်၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

**နေပြည်တော် မေ ၁၇**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ (၁၇-၅-၂၀၂၀)နေ့ နေ့လယ် (၁၄:၀၀)အချိန် ထုတ်ပြန်သည့် အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း သတင်းအမှတ်စဉ် (၀၇/၂၀၂၀)အရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း (Cyclonic Storm) အမ်ဖန် (AMPHAN)သည် သိသိသာသာရွေ့လျားခြင်းမရှိဘဲ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) အမ်ဖန် (AMPHAN) အဖြစ်သို့ ရောက်ရှိခဲ့ကြောင်း၊ အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း အမ်ဖန် (AMPHAN)သည် အိန္ဒိယနိုင်ငံ ပါရာဒစ်ပ်မြို့ (Paradip) (ဩရိဿ-Odisha) ၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၅၃၀ မိုင်ခန့်၊ ဒီဂါမြို့ (Digha)၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၆၁၅ မိုင်ခန့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်ပူပါရာမြို့ (Khepupara)၏ အနောက်တောင်ဘက် ရေမိုင် ၆၇၅ မိုင်ခန့်၊ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့ (Coco Island)၏ အနောက်တောင်ဘက် ရေမိုင် ၄၆၀ မိုင်ခန့်နှင့် ပုသိမ်မြို့ (Pathein)၏ အနောက်တောင်ဘက် ရေမိုင် ၆၀၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေပြီး ၎င်း အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) အမ်ဖန် (AMPHAN)၏ လက်ရှိ အခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသေးသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ထားကြောင်း၊ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) အမ်ဖန် (AMPHAN) သည် နောက် ၁၂ နာရီအတွင်း အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Very Severe Cyclonic Storm) အမ်ဖန် (AMPHAN) အဖြစ်သို့ ရောက်ရှိလာနိုင်ပြီး မြောက်-အရှေ့မြောက်ဘက်သို့ကွေ့ကာ ရွေ့လျားနိုင်ကြောင်း၊ အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) အမ်ဖန် (AMPHAN)၏ အရှိန်ကြောင့် (၁၇-၅-၂၀၂၀) မှ (၂၁-၅-၂၀၂၀) ရက်နေ့အထိ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ကြောင်း၊ ဧရာဝတီမြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်ကြောင်း၊ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း၊ လှိုင်းအမြင့်မှာ ဧရာဝတီမြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၂ ပေခန့်ရှိနိုင်ကြောင်း သိရှိရပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာနမှ လတ်တလော လေ့လာဆန်းစစ်တွေ့ရှိချက်များအရ စာမျက်နှာ ၈ ကော်လံ ၁ ✻




Tropical Tidbits မှ ၂၀-၅-၂၀၂၀ ရက်နေ့တွင် AMPHAN မုန်တိုင်း တည်နေရာပြပုံ။

# ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသော မော်တော်ယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲ

**ပုသိမ် မေ ၁၇**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသော မော်တော်ယာဉ်လိုင်းများအားလုံးကို ကိုဗစ် -၁၉ ရောဂါ ကူးစက်မှုအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် မေ ၁၅ ရက်အထိ ယာယီရပ်နားခဲ့ရသည်။

ယခုအခါ သတ်မှတ်ကာလပြည့်ပြီဖြစ်သောကြောင့် မေ ၁၆ ရက်မှစ၍ တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသော မော်တော်ယာဉ်လိုင်းများကို ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

အခြား တိုင်းဒေသကြီးနှင့်မြို့နယ်များသို့ ပြေးဆွဲနေသော ယာဉ်လိုင်းများကိုမူ ပိတ်ထားဆဲဖြစ်ကြောင်း သိရသည်။

မော်တော်ယာဉ်များ ပြန်လည်ပြေးဆွဲခွင့်ပြုသဖြင့် ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားပြည်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသော ကားကြီး၊ ကားသေး၊ သုံးဘီး (တုတ်တုတ်)၊ ပုဂ္ဂလိကမော်တော်ယာဉ်လိုင်းပေါင်း ၆၀ ကျော်ရှိကြောင်းနှင့် ယခုပြေးဆွဲခွင့်ရ ယာဉ်လိုင်းအားလုံးသည် ကျန်းမာရေးဦးစီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ပြေးဆွဲရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**မောင်မောင်မြင့် (ပြန်/ဆက်)**



ကိုဗစ်-၁၉ ကာလ ပြေးဆွဲနေသော မြို့ပတ်ရထားများ မေ ၁၈ ရက်မှစတင်၍ ရုံးချိန် ရထားထပ်မံတိုး၍ ပြေးဆွဲမည် စာမျက်နှာ - ၅

မူဆယ်မြို့အတွင်း တရားမဝင် ဝင်ရောက်နေထိုင်သည့် တရုတ်နိုင်ငံသားများအား ငွေကျပ်သိန်းပေါင်း ၁၈၀၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ၊ လက်နက်၊ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ စာမျက်နှာ - ၁၁

လော့စ်အိန်ဂျလိစ် ပေါက်ကွဲမှုတွင် မီးသတ်သမား ၁၁ ဦး ဒဏ်ရာရ စာမျက်နှာ - ၁၃


ကိုဗစ်- ၁၉ အခြေအနေနဲ့ ကာကွယ်ဆေးဖော်ထုတ်ဖို့ အပြိုင်အဆိုင်ကြိုးစားနေတဲ့ ကမ္ဘာ့နိုင်ငံများ စာမျက်နှာ - ၁၄

COVID - 19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၇-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ စာမျက်နှာ - ၁၅

# ဂျူဗင်တပ်စ်အသင်းသို့ ပြန်လည်ပြောင်းရွှေ့ရန် နီးစပ်လာသည့် မန်ယူကွင်းလယ်လူ ပေါ့ပ်ဘာ

မန်ယူအသင်းမှ ပေါလ်ပေါ့ဂ်ဘာသည် ဂျူဗင်တပ်စ်အသင်းသို့ ပြန်လည်ပြောင်းရွှေ့ရန် နီးစပ်လာပြီဖြစ်ကြောင်း ပြင်သစ်အခြေစိုက်သတင်းအရင်းအမြစ်များတွင် ဖော်ပြထားသည်။ ၎င်းသည် ၂၀၁၆ ခုနှစ်တွင် ဂျူဗင်တပ်စ်အသင်းမှ ထွက်ခွာပြီး မန်ယူအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်သည်။ အသက် ၂၇ နှစ်အရွယ်ရှိ ပေါ့ဂ်ဘာသည် နည်းပြ အန်တိုနီယို ကွန်တီလက်ထက်တွင် ဂျူဗင်တပ်စ်အသင်းနှင့် လေးနှစ်ကြာ ဖြတ်သန်းခဲ့သူဖြစ်သည်။

၎င်းမန်ယူအသင်းသို့ ပြန်လည်ရောက်ရှိလာပြီး ပထမရာသီမှာပင် ဆုဖလားရရှိအောင် စွမ်းဆောင်ပေးထားနိုင်ကြောင်း သိရသည်။ ထို့နောက် နည်းပြ မော်ရင်ဟိုနှင့် ဆက်ဆံရေးအဆင်မပြေဖြစ်ပြီး ခြေစွမ်းပြသရန် ရုန်းကန်ခဲ့ရသူဖြစ်သည်။ ၎င်းနောက် မန်ယူအသင်းကို နည်းပြဖြစ်သူ ဆိုးလ်ရှား တာဝန်ယူကိုင်တွယ်ပြီး နောက်ပိုင်းတွင် ပေါ့ဂ်ဘာကို အဓိကအခန်းကဏ္ဍတွင် ထည့်သွင်းထားသော်လည်း အသင်းမှ ထွက်ခွာရန် ဆန္ဒရှိနေခြင်းကြောင့် ၎င်းအပေါ် ယုံကြည်မှု ပျောက်ဆုံးခဲ့ရသည်။ နည်းပြ ဆိုးလ်ရှား လက်ထက်တွင် ဒဏ်ရာအနာတရများရရှိခဲ့ပြီး အနားယူနေရသူဖြစ်သည်။ ၎င်းအနားယူနေရချိန်တွင် အသင်းမှ ဖရက်ဒ်နှင့်ဗာနန်ဒက်စ်တို့ ခြေစွမ်းပြသနိုင်ခြင်းတို့ကြောင့် မန်ယူနည်းပြ ဆိုးလ်ရှားအတွက် သက်သာရာရခဲ့သည်။ ယခုလအစောပိုင်းတွင် မန်ယူကစားသမားဟောင်းတစ်ဦးဖြစ်သူ စာမျက်နှာ ၁၀ ကော်လံ ၄ ❍



မန်ယူကွင်းလယ်လူ ပေါ့ပ်ဘာ။

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

# ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

တွေ့ဆုံမေးမြန်း - သီသီမင်း /ဓာတ်ပုံ-တင်စိုး(ပဲခူး)

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စတင် တာဝန်ယူခဲ့သည့် အချိန်မှစ၍ တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စိုက်ပျိုးရေးနည်းစနစ်များ တိုးတက်မြင့်မားလာစေရေး၊ စက်မှုဇုန်များ ပေါ်ထွန်းလာစေရေး၊ လျှပ်စစ်မီးရရှိရေးနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတက်ရေးတို့ကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အပြင် ဒေသတွင်းရှိ ပြည်သူများ၏ တစ်ဦးချင်းဝင်ငွေများ တိုးတက်ရရှိလာစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရန်အတွက် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ကာ ဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း

ဒေသဖွံ့ဖြိုးရေးအတွက် ဘက်စုံထောင့်စုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စတုတ္ထ (၁) နှစ်တာကာလအတွင်း ပြည်သူများအတွက်ဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားဖော်ပြလိုက်ရပါသည် -

**မေး ။ ။** ပဲခူးတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ချမှတ်ဆောင်ရွက်နေတဲ့ မူဝါဒတွေကို သိပါရစေရှင့်။

**ဖြေ ။ ။** ပဲခူးတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်သက်ပြီး မူဝါဒ (၁၂) ချက်ရှိပါတယ်။ (၁) လျှပ်စစ်ဓာတ်အား ပိုမိုရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးနဲ့ ကျေးလက်မြို့ပြ ဖွံ့ဖြိုးရေး၊ (၂) စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍ၊ (၃) စက်မှုကဏ္ဍ၊ အသေးစား၊ အလတ်စား လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ (၄) အထူးစီးပွားရေးဇုန်တွေ ပေါ်ထွန်းလာရေး၊ (၅) လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ (၆) ကုန်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေး၊ (၇) လယ်ယာမြေ၊ သစ်တောနဲ့ အခြား သဘာဝသယံဇာတတွေ စီမံခန့်ခွဲမှု၊ (၈) ဒေသတွင်း ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းတွေ တိုးတက် မြင့်မားရေး၊ (၉) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနဲ့ သဘာဝကို အခြေခံသောခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေး၊ (၁၀) အခွန်အကောက်တွေ စနစ်တကျမှန်ကန်စွာ ကောက်ခံရရှိရေး၊ (၁၁) အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကဏ္ဍနဲ့ (၁၂) Stakeholders တွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးတက်မြင့်မားရေးတို့ ဖြစ်ပါတယ်။

စတုတ္ထ (၁) နှစ်တာကာလမှာ ပဲခူးတိုင်းဒေသကြီးရဲ့ မူဝါဒဆိုတာထက် အဓိက ဆောင်ရွက်ချက်တွေကို ပြောချင်ပါတယ်။ နိုင်ငံတော်က ချမှတ်ထားတဲ့ မူဝါဒတွေနဲ့အညီ အထူးသဖြင့် ၂၀၃၀ အတွင်း ချမှတ်ထားတဲ့ တိုးတက်ပြောင်းလဲရေးတွေကို အခြေခံသော ပြည်ထောင်စုအစိုးရရဲ့ ညွှန်ကြားချက်နဲ့အညီ တိုင်းဒေသကြီးလွှတ်တော်နဲ့ ပေါင်းစပ်ဆောင်ရွက်တဲ့လုပ်ငန်းတွေကို အခြေပြုပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

စတုတ္ထ (၁) နှစ်တာအတွင်း နိုင်ငံတော်အတွက် အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ လူမှုစီးပွားနယ်ပယ်အသီးသီးရဲ့ ဖွံ့ဖြိုးတိုးတက်ရေး တစ်နည်းအားဖြင့် ပြည်သူလူထုဗဟိုပြုတဲ့ အားလုံးပါဝင်နိုင်ရေးကို အခြေပြုပြီး မြို့ပြနဲ့ ကျေးလက် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ဒီမဟာဗျူဟာတွေကို အဓိကထားပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလိုချမှတ်ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ရဲ့ ကဏ္ဍအလိုက် သတ်မှတ်ထားတဲ့ တိုးတက်မှုတွေကို အချိန်ကာလတစ်ခုအတွင်း ဘယ်လောက်အထိ တိုးတက်ရမယ်ဆိုတာတွေကို နှစ်စဉ်စီမံကိန်းတွေ ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်တာ ဖြစ်ပါတယ်။

**မေး ။ ။** တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ အဓိက မဏ္ဍိုင်ကြီး ၃ ရပ်ထဲက အုပ်ချုပ်ရေးမဏ္ဍိုင်နဲ့ ပတ်သက်ပြီး ဆောင်ရွက်နေမှုတွေကို သိပါရစေရှင့်။

*အချပ်ပို (ခ) သို့*




ပဲခူးတိုင်းဒေသကြီး ဝေါမြို့ ပြည်သူ့ဆေးရုံ တိုးချဲ့ဆောင်သစ်ကို တွေ့ရစဉ်။

*အချပ်ပို (က) မှ*

ဖြေ ။ ။ အုပ်ချုပ်ရေးမဏ္ဍိုင်မှာဆိုရင် လူသား အရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်သက်လို့ အထူးသဖြင့် ရပ်ပိုင်းဆိုင်ရာ တစ်ခုတည်း တိုးတက်တဲ့ လူ့အဖွဲ့အစည်း မဟုတ်ဘဲနဲ့ လူသားတွေ တစ်ဦးချင်းရဲ့ အသိတရားတွေအပြင် (Skill Labour Force) ကို အခြေခံတဲ့ ပြုပြင်ပြောင်းလဲရေးအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ လမ်းညွှန်ချက်နဲ့အညီ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနဆိုပြီး တိုင်းဒေသကြီးမှာ ဖွဲ့စည်းပြီး Human Resources (HR) ကိစ္စတွေ ထပ်မံတိုးချဲ့တဲ့ Technical (နည်းပညာ) တိုးတက်ရေးတွေ ဆောင်ရွက်နေတာ ရှိပါတယ်။

အုပ်ချုပ်ရေးကဏ္ဍမှာ အုပ်ချုပ်ရေးမှူးတွေရဲ့ အခန်းကဏ္ဍ အထူးသဖြင့် အောက်ခြေအကျဆုံး ရပ်/ကျေးအုပ်ချုပ်ရေးမှူးတွေက ဒီဒေသတွေမှာ အတော်ကြီးကို ခေတ်အလိုက်ကို ပြဿနာတွေ အများကြီးရှိပါတယ်။ ငွေရေးကြေးရေး သုံးစွဲတဲ့ပုံသဏ္ဌာန်၊ အုပ်ချုပ်ရေးပုံသဏ္ဌာန်အပေါ် မူတည်ပြီး ပြဿနာတွေရဲ့ အရင်းအမြစ်သည် ရပ်/ကျေးတွေကစတာလို့ ပြောလို့ရပါတယ်။

ဒါကြောင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးတွေကို စနစ်တကျနဲ့ စွမ်းဆောင်ရည်တွေ မြှင့်တင်ဖို့ စာရင်းစစ်တာကစလို့ စာရင်းကို ပြုစုပုံ၊ သုံးစွဲပုံ သုံးစွဲနည်းတွေ၊ လျှပ်စစ်ကဏ္ဍတွေမှာ ငွေကြေးကို ဘယ်လိုသုံးရမယ်၊ လမ်းတံတားတွေမှာ ဘယ်လိုငွေကြေးတွေ သုံးရမယ်၊ စီမံကိန်းတွေ ရေးဆွဲတဲ့နေရာမှာ ဘယ်လို ပူးပေါင်းဆောင်ရွက်ရမယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးတွေမှာ ဘယ်လိုဆောင်ရွက်ရမယ် စသဖြင့် ဒါတွေ အားလုံးစွမ်းဆောင်နိုင်အောင် သင်တန်းဖွင့်လှစ်ပေးပြီး အသိပညာပေးနေသလို ခရိုင်၊ မြို့နယ်အဆင့်ဆင့်နဲ့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်စေပါတယ်။

ဒီမိုကရေစီ အလေ့အထကောင်းတွေ တိုးတက်စေဖို့အတွက် ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့အနေနဲ့ အကြိမ်ပေါင်းများစွာ ပြည်သူလူထုနဲ့ တွေ့ဆုံဆွေးနွေးပြီး အသိပညာပေးရေး လုပ်ငန်းတွေကို အဓိကထား ဆောင်ရွက်ခဲ့ပါတယ်။ ဒေသခံပြည်သူတွေရဲ့ တင်ပြချက်တွေကို ညှိနှိုင်းဖြေရှင်းပေးပါတယ်။

**မေး ။ ။ တရားစီရင်ရေးမဏ္ဍိုင်နဲ့ ပတ်သက်ပြီး ဆောင်ရွက်ချက်တွေကို သိချင်ပါတယ်ရှင့်။**



၂၉-၃-၂၀၂၀ ရက်က ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းတို့ ကျောက်တံခါးမြို့နယ် သူငွေးကုန်း-ကင်းရွာကွန်ကရစ်လမ်းသစ်ကို ဖွင့်ပွဲကြည့်ရှုစစ်ဆေးစဉ်။

ဖြေ ။ ။ တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်ဖို့အတွက် မြို့နယ် ၂၈ မြို့နယ်မှာ ပြည်သူကို ဗဟိုပြုတဲ့ ဥပဒေအထောက်အကူပြုအဖွဲ့ရုံးတွေ ဖွင့်လှစ်ပြီး ငွေကြေးမတတ်နိုင်တဲ့၊ ဥပဒေဗဟုသုတနည်းပါးတဲ့ ပုဂ္ဂိုလ်တွေကို ဥပဒေနဲ့ ပတ်သက်လို့ နားလည်မှုရှိအောင် အကူအညီပေးတဲ့ လုပ်ငန်းတွေဆောင်ရွက်ပေးနေပါတယ်။ ဒါ့အပြင် တရားရုံးတွေမှာ (Information Counter) လို့ ခေါ်တဲ့သတင်းအချက်အလက်ဖြန့်ဝေတဲ့လုပ်ငန်းတွေကို ဆောင်ရွက်ထားရှိပါတယ်။ တရားရုံးတွေမှာ မီဒီယာတွေ သတင်းယူတဲ့နေရာမှာ လွယ်ကူလျင်မြန်စေဖို့အတွက် Court Information Officer(CIO) ဆိုပြီး Media Room တွေ ထားရှိပါတယ်။

တရားဥပဒေစိုးမိုးရေးကို ပြန်ပြောမယ်ဆိုရင် အမှုကြီး ၁၀ မျိုးကြိုတင်ကာကွယ်ရေးကို အထူးအလေးထားပြီး ဆောင်ရွက်ပါတယ်။ အထူးသဖြင့် မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီး တရားခံပေါင်း ၂၃၆ ဦးကို ဖော်ထုတ်ဖမ်းဆီးခဲ့ပါတယ်။ အသိပညာပေး ဟောပြောမှုပေါင်း ၁၈၀ ကျော် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**မေး ။ ။ ဥပဒေပြုရေးမဏ္ဍိုင်နဲ့ ပတ်သက်ပြီး ဆောင်ရွက်ချက်တွေကို သိချင်ပါတယ်ရှင့်။**

ဖြေ ။ ။ တိုင်းဒေသကြီးအတွင်း ဥပဒေအထောက်အကူပြုရုံးတွေ ဖွင့်လှစ်ပါတယ်။ ဥပဒေအထောက်အကူပြုရုံးတွေကို မြို့နယ် ၂၈ မြို့နယ်မှာ ဖွင့်လှစ်ပြီးဖြစ်သလို ပြည်သူလူထုကို အများကြီးအထောက်အကူပြုနေတဲ့ ကဏ္ဍတစ်ရပ်ဖြစ်တယ်ဆိုတာ ပြောချင်ပါတယ်။ မြေယာခွန်ဥပဒေကဲ့သို့သော ဥပဒေတွေ၊ ဗြိတိသျှခေတ်ကတည်းက ကောက်ခံလာတဲ့အခွန်တွေဟာ နှစ်ကျပ်တန်သည်၊ သုံးကျပ်တန်သည် စသဖြင့် ခေတ်နဲ့ မလျော်ညီတော့တဲ့အတွက် ဒါကို ပြင်ဆင်ဖို့ နိုင်ငံတော်သမ္မတထံ တင်ပြပြီး တောင်းခံထားဆဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ပူးပေါင်းပြီး သင့်တင့်လျောက်ပတ်တဲ့ အခွန်အခ သတ်မှတ်မှုဖြစ်စေရေးကို ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ လယ်ယာမြေကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုကို သိချင်ပါတယ်ရှင့်။**

ဖြေ ။ ။ လယ်ယာမြေကဏ္ဍနဲ့ ပတ်သက်ပြီး အကျိုးတူပူးပေါင်းတဲ့ လယ်ယာစိုက်ပျိုးရေးစနစ်ကို ဆောင်ရွက်နေပါတယ်။ ဒါက တစ်ဦးချင်းကွဲပြားနေတဲ့ တောင်သူလယ်သမားတွေကို စုပေါင်းပြီးလုပ်တတ်တဲ့ အလေ့အကျင့်ဖြစ်အောင် စုပေါင်းပြီးလုပ်မှ သာလျှင် ငွေချေးတဲ့အဖွဲ့အစည်းတွေ၊ စိုက်ပျိုးရေးပညာရှင်တွေ၊ နိုင်ငံတကာနဲ့ ပူးပေါင်းပြီး လုပ်နေရတဲ့ Marketing ကိစ္စတွေကအစ ပူးပေါင်းဆောင်ရွက်တတ်တဲ့ သဘောတရားတွေကို တောင်သူလယ်သမားဦးကြီးတွေ သိရှိနိုင်ဖို့ အကျိုးတူ ပူးပေါင်းလယ်ယာစိုက်ပျိုးရေး ဥပဒေကနေတစ်ဆင့် တိုးတက်မှုတွေ ရရှိမှာဖြစ်ပါတယ်။ ငါးလုပ်ငန်းဥပဒေကို စနစ်တကျ ထပ်မံပြင်ဆင်ဖွဲ့စည်းပြီး ပဲခူးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ အင်းအိုင်တွေ၊ ချောင်းမြောင်းတွေ၊ လုပ်ငါးကန်တွေ အဆင့်အထိ စနစ်တကျနဲ့ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်သမ္မတရုံးကနေ အဓိကညွှန်ကြားလာတဲ့ မြေယာကိစ္စတွေကို အထူးအလေးထား ဖြေရှင်းနေပါတယ်။ ပြဿနာအားလုံးရဲ့ အရင်းမြစ်သည် မြေယာကိစ္စနဲ့ ဆက်စပ်ပါတယ်။ ဒါ့ကြောင့် မြေယာပြဿနာတွေကို အထူးအလေးထားပြီး ဖြေရှင်းဖို့အတွက် ကော်မတီဖွဲ့ပြီး ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသတွေပါမကျန် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေဖို့ ဆောင်ရွက်နေမှုကို သိချင်ပါတယ်ရှင့်။**

ဖြေ ။ ။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းနဲ့ ပတ်သက်လို့ ဒီနှစ်အတွင်းမှာ တိုင်းဒေသကြီးအတွင်း ကွန်ကရစ်လမ်း အရှည်မိုင်ပေါင်း ၁၀၅ မိုင်ခန့် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကျောက်လမ်း ၁၃၆ မိုင်ခန့်၊ ဂဝံလမ်းပေါင်း ၁၄၈ မိုင်ခန့်နဲ့ မြေသားလမ်း ၅၂ မိုင်ခန့်၊ ကျေးလက်တံတားပေါင်း ၁၆၀ နဲ့ ကျေးလက်ကုန်ထုတ်တံတားပေါင်း ၁၃၃ စင်း အရှည်ပေ ၁၂၀၄ ပေရှိတဲ့ တံတားတွေ ဆောက်လုပ်နိုင်ခဲ့ပါတယ်။

ပဲခူးတိုင်းဒေသကြီးကို အရှေ့ခြမ်းနဲ့ အနောက်ခြမ်း ပိုင်းခြားထားတဲ့ ပဲခူးရိုးမကြီးကနေ ဖြတ်သန်းသွားလာတဲ့ လမ်းတွေထဲမှာ အုတ်တွင်း – ပေါက်ခေါင်းလမ်း၊ မင်းလှ – ဖဒိုလမ်းဆိုပြီး ရှိပါတယ်။ သာဂရလမ်းဆိုတာက မကွေးတိုင်းဒေသကြီးနဲ့ ဆက်စပ်တဲ့ တစ်လမ်းရှိပါတယ်။ လမ်းအသွယ်သွယ်မှာ ပဲခူးနဲ့ အနီးစပ်ဆုံးဖြစ်တဲ့ သာယာဝတီမြို့ဟာ သွားရေးလာရေးခက်ခဲတဲ့အတွက် ပဲခူးကနေ သာယာဝတီကို တိုက်ရိုက်ဖြတ်သွားလို့ရတဲ့ လမ်းကို စီမံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သာယာဝတီကနေ မိုင် ၃၀ လောက် ချဲ့လိုက်တာနဲ့ သာယာဝတီနဲ့ ပဲခူးကို ချိတ်ဆက်နိုင်မှာ ဖြစ်ပါတယ်။

နောက်တစ်ခုက ကရင်ပြည်နယ်နဲ့ ကယားပြည်နယ်တို့ကို ချိတ်ဆက်တဲ့ လမ်းတွေထဲမှာ စစ်တောင်းမြစ်ကိုဖြတ်ပြီး ရေတာရှည်မြို့နယ်နဲ့ တောင်ငူမြို့နယ်ကို ချိတ်ဆက်ပြီး အဲဒီကနေတစ်ဆင့် ကရင်ပြည်နယ်၊ ကယားပြည်နယ်နဲ့ *အချပ်ပို (ဂ) သို့*



ပဲခူးမြို့ ခုတင်(၅၀၀) ပြည်သူ့ဆေးရုံအဆောက်အအုံသစ်တည်ဆောက်နေမှုကို တွေ့ရစဉ်။

***အချပ်ပို (ခ) မှ***

ထိုင်းနိုင်ငံအထိ ဆက်သွယ်တဲ့ လမ်းကတော်တော်များများ ပြီးစီးနေပါပြီ။ ထို့အတူ စစ်တောင်းမြစ်ကိုဖြတ်တဲ့ တံတားထဲကမှ အုတ်တွင်း - ထန်းတပင်တံတား၊ ရွှေကျင်ချောင်းတံတား၊ ပဲခူးမြစ်ကူးတံတားဖြစ်တဲ့ ကဝမြို့ရှောင်လမ်း တံတားနဲ့ ပဲခူးမြို့ရဲ့ တောင်ဘက်မှာရှိတဲ့ သမိန်ဗရမ်းလမ်းတံတားတွေက ဖွံ့ဖြိုးရေးလုပ်ငန်းထဲ ပါဝင်ပါတယ်။ ဒီတံတားကြီးတွေပြီးရင် လူမှုစီးပွားဘဝအပြင် ခရီးသွားလုပ်ငန်းတွေပါ တိုးတက်လာမှာဖြစ်ပါတယ်။

မေး ။ ။ လျှပ်စစ်မီး၊ သောက်သုံးရေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုကို သိချင်ပါတယ်ရှင့်။

ဖြေ ။ ။ ကျေးရွာတွေမှာ လျှပ်စစ်မီးလင်းရေး ကဏ္ဍဟာ အရေးပါတဲ့အတွက် လျှပ်စစ်မီးလင်းရေးကို နိုင်ငံတော်နဲ့ဆက်စပ်ပြီး လုပ်တဲ့နေရာမှာ ဆိုလာစနစ်နဲ့ ၁၀ မိုင်/ ၁၁ မိုင်ထက်ကျော်တဲ့ တစ်နည်းအားဖြင့် နိုင်ငံတော်က လျှပ်စစ်မီးပေးတဲ့နေရာတွေနဲ့ အင်မတန်ဝေးကွာတဲ့ နေရာတွေက ကျေးရွာတွေကို ဆိုလာမီးလင်းရေးနဲ့ ၁၅ ရွာ၊ အိမ်ထောင်စုပေါင်း ၅၂၇ စုကို လျှပ်စစ်မီးပေးခဲ့ပါတယ်။

လျှပ်စစ်ကဏ္ဍသည် အင်မတန် အရေးကြီးတဲ့အတွက် အထူးသဖြင့် ၂၀၃၀ ပြည့်နှစ်အတွင်း တစ်နိုင်ငံလုံး လျှပ်စစ်မီးလင်းရေးနဲ့ ပတ်သက်လို့ ဆောင်ရွက်မှာဖြစ်တဲ့အတွက် ပဲခူးတိုင်းဒေသကြီးအတွင်းရှိတဲ့ ဇောင်းတူကျေးရွာဆိုလို့ရှိရင် 33 KVA (၁၂) မိုင် တည်ဆောက်ပါတယ်။ သနပ်ပင် - ကဝ ဘက်မှာဆိုရင်လည်း 33 KV လိုင်း ၁၄ ဒသမ ၅ မိုင် တည်ဆောက်ပါတယ်။ ကဝမှာ 33 / 11 KV 5 MVA ဓာတ်အားခွဲရုံ တစ်ရုံ၊ မုန်းမှာ 33 / 11 KVA လိုင်း ၁၂ မိုင် တည်ဆောက်ရန် စီစဉ်နေခြင်းနဲ့ 11 KV ဓာတ်အားလိုင်း ၇၂ ဒသမ ၉၉ မိုင်၊ 400 V ဓာတ်အား လိုင်း ၄၂ ဒသမ ၀၃၂ မိုင်နဲ့ ထရန်စဖာအလုံး ၉၀ တည်ဆောက်နိုင်ခဲ့ပါတယ်။

ပြည်ထောင်စု NEP စီမံကိန်း (၂) မိုင်အတွင်းမှာ ကမ္ဘာ့ဘဏ်ချေးငွေနဲ့ ကျေးရွာပေါင်း ၁၄၆၀ ကို ဆိုလာစနစ်ပေါင်း ၂၄၁၀ နဲ့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ NEP (၂) မိုင်အတွင်းပါတဲ့ ကျေးရွာ ၁၂ ရွာ၊ ၅ မိုင် အတွင်းပါတဲ့ ကျေးရွာတစ်ရွာနဲ့ ၅ မိုင်အထက် ရွာပေါင်း ၆ ရွာကို ပြီးခဲ့တဲ့နှစ်က လျှပ်စစ်မီးလင်းပေးနိုင်ခဲ့ပါတယ်။ ကျေးလက်ရေရရှိရေးနဲ့ ပတ်သက်လို့ ရေတွင်းရေကန်ပေါင်း ၃၃၀ ကျော် တူးဖော်ပေးခဲ့ပြီး ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးအတွင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးကော်မတီတွေကို ကျွန်တော်တို့က ဖွဲ့စည်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ပတ်သက်တဲ့ စီမံကိန်းတွေ ဖော်ဆောင်ခြင်း၊ တိုးတက်ထွန်းကားမှုအတွက် လိုအပ်တဲ့ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း၊ လျှပ်စစ်၊ ရေ ရရှိရေး စသဖြင့် အားလုံးကို ဒီကျေးလက်ဒေသဖွံ့ဖြိုးရေးကော်မတီတွေကနေပြီး ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းဆန်ဆန် ဆောင်ရွက်နိုင်ဖို့ ဖွဲ့စည်းပေးထားပြီးဖြစ်ပါတယ်။

တိုင်းဒေသကြီးအတွင်း တည်ဆောက်ရေးလုပ်ငန်းတွေ လုပ်တဲ့နေရာမှာ ကျွန်တော့်အနေနဲ့ တစ်နှစ်ကို ဘတ်ဂျက်ငွေကျပ်ဘီလီယံ ၁၆၀ လောက်ကနေ စခဲ့တာက အခု ငွေကျပ်ဘီလီယံ ၂၀၀ အထိရရှိနေပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့က တည်ဆောက်ရေးလုပ်ငန်းတွေကို စနစ်တကျ တစ်နည်းအားဖြင့် သင့်တင့်လျောက်ပတ်သော အချိန်ကာလတစ်ရပ်အထိ အင်ဂျင်နီယာစံချိန်စံနှုန်းတွေနဲ့ပြည့်မီတဲ့ အဆောက်အဦတွေဖြစ်စေရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့ကနေပြီး Bago Region Construction Board ဆိုပြီး တစ်နည်းအားဖြင့် တတိယအဖွဲ့အစည်းဖြစ်တဲ့ တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်စေဖို့အတွက် BRCB(T)အဖွဲ့ကို ဖွဲ့ပြီး စနစ်တကျ အနီးကပ်ကြီးကြပ် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။



၁၁ - ၁- ၂၀၂၀ ရက်က ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့်အဖွဲ့ ရေတာရှည်မြို့နယ် ကြံသန္တယ်ကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ပေးစဉ်။

မေး ။ ။ ကျန်းမာရေးကဏ္ဍနဲ့ ဆောင်ရွက်နေမှုတွေကို သိချင်ပါတယ်ရှင့်။

ဖြေ ။ ။ ကျန်းမာရေးကဏ္ဍအနေနဲ့ ၁၆ခုတင်ဆံ့ တိုင်းရင်းဆေးရုံ သုံးရုံ၊ တိုင်းရင်းဆေးဌာနတစ်ခု၊ ခုတင် ၅၀ ဆံ့ ဆေးရုံ တစ်ရုံ၊ ၁၆ ခုတင်ဆံ့ဆေးရုံ ငါးရုံ တည်ဆောက်ပေးခဲ့ပါတယ်။ ကျန်းမာရေးနဲ့ကိစ္စတွေမှာ ဈေးတွေ၊ ကျောင်းတွေနဲ့ စားသောက်ဆိုင်တွေမှာ FDA ကနေပြီး ရှောင်တခင်စစ်ဆေးခြင်းကို Mobile Lab တွေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

မေး ။ ။ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုတွေကို ပြောပြပေးပါဦးရှင်။

ဖြေ ။ ။ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအနေနဲ့ နှစ်ပေါင်း ၅၀၀ ကျော်သက်တမ်းရှိတဲ့ ကမ္ဘောဇသာဒီနန်းတော်ကြီးရဲ့ ကျုံးကို စတင်တူးဖော်နေပါတယ်။ ကျုံးကို တူးဖော်တဲ့အပြင် မြို့ရိုးတွေကိုလည်း နဂိုမူလအတိုင်းဖြစ်ပေါ်ရေး ပြန်လည်ပြီး ဆောင်ရွက်နေပါတယ်။ နှစ် ပေါင်း ၅၀၀ ကျော်ပြီဖြစ်တဲ့အတွက် အင်မတန်ခက်ခဲတဲ့ အလုပ်ကြီးကို ဌာနဆိုင်ရာတွေနဲ့ ပြည်သူတွေ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ခရီးသွားလုပ်ငန်းတွေ တိုးတက်စေဖို့ ရွှေကျင်မြို့နယ် ကျိုက်ထီးရိုးဘုရားလေးက ဘုရားဖူးလုပ်ငန်း ပြန်လည်ဖော်ထုတ်ရေးကို အဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်ပြီး ဖော်ထုတ်တဲ့အခါမှာ ခရီးသွားလုပ်ငန်းတွေ စတင်အသက်ဝင်လျက်ရှိပါတယ်။ ထို့အပြင် ကျောက်ကြီးမြို့နယ်ရှိ ကြောင်ပြာဒေသဂဝံထုံးကျောက်တုံးတွေနဲ့ တည်ဆောက်ထားတဲ့ ရှေးမြို့ဟောင်းကို ခရီးသွားလုပ်ငန်းအဖြစ်ဖော်ဆောင်နိုင်ရေးကို ဆောင်ရွက်လျက်ရှိပါတယ်။

ရေတာရှည်မြို့နယ် နန်ချွန်ကျေးရွာမှာရှိတဲ့ ဒုတိယကမ္ဘာစစ်တုန်းက အသုံးပြုခဲ့တဲ့ ဘန်ကာတွေနဲ့ လေယာဉ်ပြေးလမ်းတွေကို ပြန်လည်ဖော်ထုတ်ပြီး ဒုတိယကမ္ဘာစစ်အထိမ်းအမှတ်ဥယျာဉ်(Second World War Memory Park) သဘောမျိုး ဖော်ဆောင်ပြီး ခရီးသွားလုပ်ငန်းထဲမှာ ထည့်သွင်းဖို့ ***အချပ်ပို (ဃ) သို့***



စစ်တောင်းမြစ်ကူးတံတား (၂) တည်ဆောက်မှုလုပ်ငန်းခွင်ကို တွေ့ရစဉ်။

*အချပ်ပို (ဂ) မှ*

စီစဉ်နေပါတယ်။ ပန်းတောင်းမြို့နယ် ရွှေဘုံသာမုနိဘုရားနဲ့ ဖိုးဦးတောင်ဘုရားအနီးမှာရှိတဲ့ နေရာတွေကို ရက္ခဗေဒဥယျာဉ်နဲ့ ပြည်မြို့မှာရှိတဲ့ အောင်မြင်ဗာဟုမှာရှိတဲ့ သစ်တောနယ်မြေတွေကို ခရီးသွားနယ်မြေအဖြစ်၊ ရွှေတောင်မှာရှိတဲ့ ရွှေနတ်တောင်ဘုရားဝန်းကျင်ဒေသကို ရက္ခဗေဒဥယျာဉ်အဖြစ် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကိုယ်ပိုင်သစ်တောတွေ ထူထောင်ခြင်း၊ ဒေသခံတွေအတွက် ဝါး၊ သစ် လက်မှုပစ္စည်းတွေ သင်တန်းပေးခြင်းလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

မေး ။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးရေးဆောင်ရွက်နေမှုကို သိပါရစေရှင့်။

ဖြေ ။ ။ တိုင်းဒေသကြီးအတွင်း FDA နဲ့ ဆက်စပ်တဲ့ စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ အော်ဂဲနစ်အသီးအနှံတွေ ပေါ်ထွန်းရေးကို စတင် စမ်းသပ်ဖော်ထုတ်နေပါတယ်။ ဒီလိုစိုက်ပျိုးရေးလုပ်ငန်းတွေ လုပ်တဲ့နေရာမှာ မူလကိစ္စဖြစ်တဲ့ လယ်ယာမြေအငြင်းပွားမှု ၁၈၂ မှုအနက် ၁၂၅ မှုကို ဖြေရှင်းပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့် မြေယာအငြင်းပွားမှုတွေက မကြာခင်ပြေလည်အောင် ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။ နောက် စားကျက်မြေတွေကို လွှတ်ကျောင်းစနစ်နဲ့ မဟုတ်ဘဲ စနစ်တကျ နေဗီယာမြက်စိုက်ပြီး တစ်ဦးချင်းတစ်ယောက် မွေးမြူတဲ့ပုံစံမျိုးနဲ့ မွေးမြူရေး၊ စိုက်ပျိုးရေး ပေါင်းစပ်စိုက်ပျိုးတဲ့နည်းနဲ့ စီမံကိန်းချမှတ် ဆောင်ရွက်လျက်ရှိပါတယ်။ Contract Farm လုပ်ငန်းတွေကို ပေါင်းစပ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မေး ။ ။ ပဲခူးတိုင်းဒေသကြီးအတွင်း မြို့တော်စည်ပင်သာယာရေးကဏ္ဍ ဆောင်ရွက်နေမှုကို သိချင်ပါတယ်ရှင့်။

ဖြေ ။ ။ စည်ပင်သာယာရေးကဏ္ဍမှာ မြို့ပြကျေးလက်လူထုအနေနဲ့ စည်ပင်သာယာရေးကဏ္ဍတွေနဲ့ တိုက်ရိုက်ထိတွေ့နေရတဲ့အတွက် ဈေးတွေနဲ့ ပတ်သက်ပြီး မီးလောင်သွားတဲ့ နတ်သံကွင်းဈေးနဲ့ သဲကုန်းမြို့နယ် အင်းမဈေးတွေကို အသစ်ပြန်လည်ဆောက်လုပ်ပြီး ဖွင့်လှစ်ဖို့ ဆောင်ရွက်နေပါတယ်။

ပဲခူးမြို့က လမ်းဆုံမြို့ဖြစ်တဲ့အတွက် အင်မတန်ကျပ်တည်းနေတဲ့ဘဝကနေ ပြုပြင်ပြောင်းလဲဖို့အတွက် ကလိလက်ကားဈေးကြီးကို ပဲခူးမြို့နဲ့ ခပ်လှမ်းလှမ်း မြို့ရှောင်လမ်းဆုံမှာ တည်ဆောက်လျက်ရှိပါတယ်။ ဒီဈေးကြီးပြီးပြီဆိုရင် လက်ကားကိစ္စတွေ အပါအဝင် လက်လီကိစ္စတွေကိုပါ လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ထို့အတူ မီးလောင်ပျက်စီးဆုံးရှုံးခဲ့တဲ့ တောင်ငူမြို့မဈေးကြီးကို စီမံကိန်းတွေချပြီး တစ်ဆင့်ပြီးတစ်ဆင့် ဒေသခံတွေနဲ့ ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါတယ်။



ပဲခူး- ရန်ကုန် ဆက်သွယ်သွားလာနိုင်မည့် မြို့ဦးကင်းတံတား တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

“ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းနဲ့ ပတ်သက်လို့ ဒီနှစ်အတွင်းမှာ တိုင်းဒေသကြီးအတွင်း ကွန်ကရစ်လမ်း အရှည်မိုင်ပေါင်း ၁၀၅ မိုင်ခန့် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကျောက်လမ်း ၁၃၆ မိုင်ခန့်၊ ဂဝံ လမ်းပေါင်း ၁၄၈ မိုင်ခန့်နဲ့ မြေသားလမ်း ၅၂ မိုင်ခန့်၊ ကျေးလက်တံတားပေါင်း ၁၆၀ နဲ့ ကျေးလက်ကုန်ထုတ်တံတားပေါင်း ၁၃၃ စင်း အရှည်ပေ ၁၂၀၄ ပေရှိတဲ့ တံတားတွေ ဆောက်လုပ်နိုင်ခဲ့ပါတယ် ”

မေး ။ ။ ဒေသခံတွေ အလုပ်အကိုင် အခွင့်အလမ်းရရှိရေး ဆောင်ရွက်နေမှုကို သိချင်ပါတယ်ရှင့်။

ဖြေ ။ ။ ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းနဲ့ ပတ်သက်လို့ ပဲခူးတိုင်းဒေသကြီးမှာ SME လုပ်ငန်းတွေကို တွန်းအားပေး ဆောင်ရွက်နေသလို Skilled Labor ကျွမ်းကျင်မှုသင်တန်းတွေ ဖွင့်လှစ်ပေးပါတယ်။ Human Resources (HR)တွေ မွေးထုတ်ပေးလျက်ရှိပါတယ်။ Bago Region Investment Committee ကနေပြီး စက်ရုံတွေ အထူးသဖြင့် တရုတ်နိုင်ငံ အပါအဝင် အနောက်နိုင်ငံတွေက လာရောက်ပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ အမြန်ဆုံးရင်းနှီးမြှုပ်နှံနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်တွင်းမှာ သက်မွေးပညာလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ ရွှေတောင်မြို့က ရက်ကန်းနဲ့ ပတ်သက်တဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ၊ ဖြူးမြို့မှာ နယ်စပ်ရေးရာဝန်ကြီးဌာနကနေ ဆောင်ရွက်ပေးတဲ့ အထည်ချုပ်လုပ်ငန်းတွေ၊ သင်တန်းကျောင်းတွေ ဖွင့်လှစ်ပေးတဲ့အပြင် စားသောက်ကုန်လုပ်ငန်းတွေကို ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်နိုင်အောင်အထိ တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။

စက်မှုနယ်မြေတွေနဲ့ ပတ်သက်လို့ SME လုပ်ငန်းတွေကို အထူးအလေးထားပြီး မြို့နယ်တိုင်းမှာ အကောင်အထည်ဖော်လျက်ရှိပါတယ်။ စက်မှုဇုန်လုပ်ငန်းတွေကနေ သင့်တင့်လျောက်ပတ်တဲ့ အခွန်တွေရရှိရေးကို ဆောင်ရွက်လျက်ရှိပါတယ်။ အခွန်တွေနဲ့ ပတ်သက်လို့ လယ်ယာကဏ္ဍ အခွန်ငွေတွေကို အပြည့်အဝ တဖြည်းဖြည်းနဲ့ တိုးတက်ကောက်ခံရရှိရေး လယ်ခွန်၊ မြေခွန်နဲ့ ဂရန်ခွန်တွေအပြင် ရေခွန် စသဖြင့် အခွန်တွေကို ပြည့်ဝစွာ ရရှိရေးအတွက် နိုင်ငံတော်သမ္မတရဲ့ လမ်းညွှန်ချက်နဲ့အညီ ဆောင်ရွက်လျက်ရှိပါတယ်။

မေး ။ ။ တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ဆောင်ရွက်နေမှုကို ရှင်းပြပေးပါဦးရှင့်။

ဖြေ ။ ။ တိုင်းဒေသကြီးအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပေါင်း ၈၃ ခုမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၅၈၄ ဒသမ ၆၆၆ သန်း ရင်းနှီးမြှုပ်နှံထားပါတယ်။ ပဲခူးမြို့ ကလိ(တပ်ကလေး) ကျေးရွာအနီးနဲ့ ပြည်မြို့အနီးမှာ စက်မှုလုပ်ငန်းတွေ၊ အိမ်ရာစီမံကိန်းတွေ၊ Town Plan တွေ ရေးဆွဲပြီး ဆောင်ရွက်လျက်ရှိပါတယ်။

Town Plan တွေက လူနေမှုစနစ်မှာ အရေးပါတဲ့အတွက် မြို့ပြစနစ်တွေကို တဖြည်းဖြည်းနဲ့ လိုက်လျောညီထွေမှုဖြစ်အောင်၊ စက်မှုဇုန်အသေးစားလေးတွေ၊ စက်မှုမြို့ငယ်လေးတွေ မြို့တိုင်းမှာ ပြောင်းရွှေ့ပြီးဖော်ဆောင်နိုင်အောင် သက်ဆိုင်ရာလုပ်ငန်းရှင်တွေနဲ့ စက်မှုဇုန်များ ဖော်ဆောင်ရေးကော်မတီက ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါတယ်။

မေး ။ ။ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေမှုကို သိချင်ပါတယ် ရှင့်။

ဖြေ ။ ။ သဘာဝဘေးနဲ့ ပတ်သက်လို့ ထန်းတပင်မြို့နယ်နဲ့ ရေတာရှည်မြို့နယ် အင်ဒိုင်း - နွေပင်ကျေးရွာမှာ စစ်တောင်းမြစ်ကမ်းပါးပြိုကျမှုနဲ့ ပတ်သက်လို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ က ရန်ပုံငွေကျပ်သန်းပေါင်း ၁၀၀၀ ကျော်သုံးစွဲပြီး ကမ်းပြိုကာကွယ်ရေးတွေ ဆောင်ရွက် လျက်ရှိပါတယ်။ ဆွာဆည်တမံကြီးကျိုးပေါက်မှုကြောင့် ပျက်စီးသွားတဲ့ ရွာတွေထဲမှာ ကျွန်းတောစုကျေးရွာရှိ အိမ်ခြေပေါင်း ၁၇၅ လုံးအတွက် နိုင်ငံတော်က ပံ့ပိုးတည်ဆောက် ပေးခဲ့ပါတယ်။ ဆွာမင်းလမ်းကျေးရွာမှာ အိမ်ခြေ ၁၉ လုံးနဲ့ ထပ်မံတည်ဆောက်ပေးခဲ့ပါတယ်။

မေး ။ ။ ဖြည့်စွက် ပြောကြားစရာရှိရင်လည်း ပြောကြားပေးစေလိုပါတယ်ရှင့်။

ဖြေ ။ ။ ကိုဗစ် - ၁၉ ရောဂါနဲ့ ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီး အတွင်းမှာ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီကို ဖွဲ့စည်းထားပြီး ခရိုင်၊ မြို့နယ်၊ ရပ်ကျေးအဆင့်အထိ ကော်မတီအသီးသီး ဖွဲ့စည်းထားပါတယ်။ တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံတွေက ပြန်လာတဲ့ ပြည်သူတွေကို ကြိုဆိုပို့ဆောင်မှုလုပ်ငန်းတွေ ကန့်သတ်စောင့်ကြည့်ရေးစခန်းတွေဖွင့်လှစ်ထားပြီး စောင့်ကြည့်ထားရှိတာတွေ ကျန်းမာရေးအထောက်အကူပြုပစ္စည်းထောက်ပံ့တာတွေ အများပြည်သူဖျားနာကုဆေးခန်းဖွင့်လှစ်တာတွေ ဆောင်ရွက်ပေးနေပါတယ်။ တခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ဝင်ရောက်လာတဲ့သူတွေကို ပဲခူးနဲ့ ဝေါမြို့မှာ ကျန်းမာရေးစစ်ဆေးမှုတွေ ဆောင်ရွက်ပေးနေပါတယ်။

တိုင်းဒေသကြီးအတွင်းရှိ စက်ရုံ၊ အလုပ်ရုံတွေကို အဖွဲ့နဲ့စစ်ဆေးပြီး စည်းကမ်းချက်နဲ့ ကိုက်ညီတဲ့ စက်ရုံတွေကို စနစ်တကျ ဖွင့်လှစ်စေပါတယ်။ ဥပဒေကြောင်းအရ ညမထွက်ရ အမိန့်ထုတ်တာတွေ၊ မလိုအပ်ရင် အပြင်မထွက်ကြဖို့ အပြင်ထွက်ရင် နှာခေါင်းစည်းတပ်ဖို့ ညွှန်ကြားတာတွေ၊ မကြာခဏ လက်ဆေးဖို့ စတဲ့ အသိပညာပေးမှုတွေကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ ဌာနဆိုင်ရာတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ ပရဟိတအဖွဲ့တွေနဲ့ ပူးပေါင်းပြီး ရောဂါကူးစက်ပြန့်ပွားမှု ထိန်းချုပ်ရေးတွေ လုပ်ဆောင်နေပါတယ်။ တစ်ဦးတစ်ယောက်ချင်းမှသည် ပြည်သူအားလုံး ပူးပေါင်းပါဝင်လာမှ ဒီကပ်ရောဂါကို ထိန်းချုပ်နိုင်မှာဖြစ်တဲ့အတွက် ပြည်သူအားလုံး ပူးပေါင်းပါဝင်ကြဖို့ ပြောကြားလိုပါတယ်။ ။



ရေတာရှည်မြို့နယ် ကျွန်းတောစုကျေးရွာ ရေဘေးသင့်ပြည်သူများအတွက် နေအိမ်အဆောက်အအုံသစ်များကို တွေ့ရစဉ်။